ဂု ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၂) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် ၊ ကြာသပတေး၊ (မတ် ၁၅ ၊ ၂၀၁၂)



TRI
MEN'S AND LADIES' WEARS




ကြားဖြတ်ရွေးကောက်ပွဲတွင် ကော့မှူးမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်တွင်ကျင်းပနေသော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတ်၁၂ရက်နံနက်က တစ်နာရီနီးပါး တက်ရောက်လေ့လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် မဲဆွယ်စည်းရုံးရေးရုပ်သံမိန့်ခွန်းရိုက်ကူးရန် နေပြည်တော်သို့ ရောက်ရှိနေခြင်းဖြစ်ပြီး မတ် ၁၄ရက် ညစနာရီသတင်းများအပြီးတွင် ၎င်း၏ရုပ်သံဟောပြောချက်ကို ထုတ်လွှင့်မည်ဖြစ်သည် ဓာတ်ပုံ-သီဟ(NHK)

## ဓမ္မကထိကများ နယ်လှည့်တရားဟောရာတွင် လိုက်နာရန် စည်းကမ်းချက်များထုတ်

**နေလင်းထွန်း**
**ရန်ကုန်၊ မတ်-၇**

နယ်လှည့်တရားဟောကြားသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ အနေဖြင့် ဓမ္မာစရိယအောင်မြင်ထားရန်နှင့် ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့်တို့နှင့် စပ်လျဉ်းသည့် လောကီလူမှုရေးကိစ္စများကို ထည့်သွင်းဟောကြားမှုမပြုရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

ဆဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ပါး စုံညီပန္နရသမအစည်းအဝေး ဆုံးဖြတ်ချက်အရ အချက်ကိုးချက်ပါ နယ်လှည့်ဓမ္မကထိကဂုဏ်အင်္ဂါအရည်အချင်းများကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ မထိပါး မပုတ်ခတ်ဘဲ ဟောကြားခြင်း၊ သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်တော်လာတရားတော်များကိုသာ ဟောကြားခြင်း၊ အနည်းဆုံးသိက္ခာဝါ၁၀ဝါရှိ၍ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသည့် သီလဝန္တပုဂ္ဂိုလ်ဖြစ်ခြင်း

စာ(၁၂)သို့

## ဒေါ်အောင်ဆန်းစုကြည် ယာဉ်တန်း ခဲဖြင့် ပစ်ခံရမှု ပြည်ထဲရေးက စစ်ဆေးပေးမည်ဟုဆို

**ဝေယံ**
**ရန်ကုန်၊ မတ်- ၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေး-နေပြည်တော် မဲဆွယ်စည်းရုံးရေးခရီးစဉ် အပြန်လမ်းခရီး မိုင်တိုင် ၈၅ မိုင် ၇ ဖာလုံနှင့် ၈၆ မိုင်အကြား ဒညင်းကုန်းကျေးရွာအနီးတွင် ခဲဖြင့်ပစ်ခတ်ခံရပြီး


စာ(၁၂)သို့

## မဲစာရင်းအချို့ မမှန်ကန်မှုနှင့် ပတ်သက်၍ ပါတီများ၏ တိုင်ကြားမှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် လက်ခံဆောင်ရွက်

**အားမာန်**
**ရန်ကုန်၊ မတ်-၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြေညာသော မဲစာရင်းများတွင် မမှန်ကန်မှုများရှိနေကြောင်း နိုင်ငံရေးပါတီများ၏ တင်ပြမှုများရှိလာသောကြောင့် မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန် သက်ဆိုင်ရာကော်မရှင်ရုံးများသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ညွှန်ကြားချက်ပေးပို့ထားကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့






## ကမ္ဘာကျော် ပိုးလမ်းမကြီး ဖောက်လုပ်မှု ဖြစ်ရပ်မှန်ရုပ်ရှင်ရိုက်ကူးမည်

**ထူးသန့်**
**နေပြည်တော်၊ မတ်-၅**

ဒုတိယ ကမ္ဘာစစ်ကာလအတွင်း ၁၉၄၂ ခုနှစ်နှောင်းပိုင်းတွင် အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဦးဆောင်ဖောက်လုပ်ခဲ့သည့် ကမ္ဘာကျော် ပိုးလမ်းမကြီး၏ ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်လမ်းကို တရုတ်နိုင်ငံယူနန်ရုပ်ရှင်ထုတ်လုပ်ရေးနှင့်ပူးပေါင်းကာ ပူးတွဲ ထုတ်လုပ်ပြသသွားရန်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

စာ(၁၂)သို့

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက 7Day Newsဂျာနယ် (၁၀)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

၇-၃-၂၀၁၂(နေပြည်တော်)

ဒီမိုကရေစီသည် တစ်ဦးတစ်ယောက်ပိုင်အဖြစ် အသုံးပြုရန်မဟုတ်။ ပြည်သူတိုင်း ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်သွားကြရပါမည်။
စတုတ္ထမဏ္ဍိုင်ကြီး၏ တာဝန်နှင့်ကျင့်စဉ်များအတိုင်း ကျင့်ကြံဆောင်ရွက်ပြီး ပြည်သူ့သဘောထားအား အလေးထားတင်ပြနိုင်သော၊ ပြည်သူ့အခွင့်အရေးအား ဦးစားပေးနိုင်သော၊ ပြည်သူ့လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးနိုင်သော မီဒီယာအဖြစ် 7Day News ဂျာနယ်မိသားစု အမြဲရပ်တည်သွားနိုင်စေရန် ဆန္ဒပြုလိုက်ပါသည်။

သူရဦးရွှေမန်း(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ)




7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012




## ၂၀၁၄တွင် အာဆီယံထိပ်သီးအစည်းအဝေး ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပေါင်း ၁,၀၀၀ ကျော် ကျင်းပပေးရမည်

**ထူးသန့်**
**နေပြည်တော်၊**
**မတ် - ၅**

မြန်မာနိုင်ငံက အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် ၂၀၁၄ ခုနှစ်တွင် အာဆီယံ ထိပ်သီးအစည်းအဝေး ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပေါင်း ၁,၀၀၀ ကျော်ကို လက်ခံကျင်းပပေးရမည်ဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားသည်။

အာဆီယံ ထိပ်သီးအစည်းအဝေး ကျင်းပချိန်တွင် အာဆီယံ ၁၀ နိုင်ငံသာမက အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အစည်းအဝေးများ၊ အရှေ့အာရှနိုင်ငံခေါင်းဆောင်များနှင့်အစည်းအဝေးများ၊ တစ်ဆက်တည်းကျင်းပရန်ရှိသည့်အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် EU, WTO, ADB အကြီးအကဲများပါ တက်ရောက်မည်ဖြစ်ကြောင်း မတ်လ ၅ ရက်တွင်ပြုလုပ်သောပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ထည့်သွင်းပြောကြားခဲ့သည်။

ထိုကဲ့သို့သော အစည်းအဝေးများအပြင် လာမည့် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်ပါ ရည်ရွယ်၍ မော်တော်ယာဉ် ၁၇၂ စီး ဝယ်ယူရန်လျာထားရခြင်းဖြစ်ကြောင်း ဦးတင်နိုင်သိန်းက ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် "ဖေဖော်ဝါရီ ၂၅၊ ၂၆ ရက် ASEAN LEM Retreat အစည်းအဝေး နေပြည်တော်မှာကျင်းပခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လောလောဆယ်တွင်လည်း ပြည်ထောင်စုအဆင့် ဝန်ကြီးများအဖွဲ့အစည်းများအတွက် သတ်မှတ်ယာဉ်များ လုံလောက်မှုမရှိသည့်အတွက် အခြားယာဉ်အမျိုးအစားများထုတ်ပေးထားရကြောင်း ယင်း၏ ဆွေးနွေးပြောကြားချက်များအရသိရသည်။

## အကြီးစားစီမံကိန်းအချို့တရုတ်၏ အထူးချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ ထိုချေးငွေကို အခြားကဏ္ဍအတွက် သုံးစွဲ၍မရ

**ထူးသန့်**
**နေပြည်တော်၊**
**မတ် - ၅**

အကြီးစားစက်မှုစီမံကိန်းအချို့မှာ တရုတ်နိုင်ငံ၏ အထူးချေးငွေဖြင့် ဆောင်ရွက်သောစီမံကိန်းများဖြစ်ပြီး ထိုစီမံကိန်းအတွက် ငွေများကို အခြားကဏ္ဍသို့ လွှဲပြောင်းသုံးစွဲရန်မဖြစ်နိုင်ပါကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးကပြောကြားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဗညားအောင်မိုး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၁-၂၀၁၂နှင့်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များတွင် စတင်မည့်အကြီးစားစက်မှုစီမံကိန်းများအားလုံး ရပ်ဆိုင်းထားသင့်ကြောင်း ဆွေးနွေးမှုနှင့် ပတ်သက်၍လည်း အဆိုပါစီမံကိန်းများသည် တရုတ်နိုင်ငံ၏အထူးချေးငွေဖြင့် ဆောင်ရွက်သောစီမံကိန်းများဖြစ်သည့်အတွက် အခြားလွှဲပြောင်းသုံးစွဲရန် မဖြစ်နိုင်ပါကြောင်း၊ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင် ဖက်စပ်ပိုင်၊ အများပိုင်အဖြစ် ကူးပြောင်းဆောင်ရွက်နိုင်သော စီမံကိန်းများဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည်။

ချေးငွေသက်တမ်း နှစ် ၂၀ ဖြင့် ဆောင်ရွက်မည့် အဆိုပါစီမံကိန်းများ၏ အရင်းကျေကာလမှာလည်း အနည်းဆုံး ခုနစ်နှစ်မှ အများဆုံး ၉ ဒသမ ၅ နှစ်အတွင်းဖြစ်ပြီး Internal Rate of Return မှာလည်း ၁၄ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၈ ဒသမ ၃ ရာခိုင်နှုန်းအတွင်းဖြစ်ပါကြောင်း စီးပွားရေးတွက်ခြေကိုက်မှု ရှိပါကြောင်းဖြင့် ဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။

ဒေသဖွံ့ဖြိုးရေးလမ်းများကိုလည်း သက်ဆိုင်ရာဒေသအစိုးရ (သို့မဟုတ်) ဒေသကသာ တာဝန်ယူဆောက်လုပ်ရခြင်းဖြစ်ပြီး နိုင်ငံတော်မှ မြေလမ်းတစ်မိုင်လျှင် ကျပ်ကိုးသိန်း၊ ကျောက်လမ်းတစ်မိုင်လျှင် ကျပ်သိန်း ၃၀ နှင့် ကတ္တရာလမ်းတစ်မိုင်လျှင် ကျပ်သိန်း ၆၀ နှုန်းဖြင့် ထောက်ပံ့ခွင့်ပြုခြင်းဖြစ်ကြောင်း အထောက်အပံ့များနှင့်ပတ်သက်၍ ဝန်ကြီးက ပြန်လည်ရှင်းလင်းခဲ့သည်။



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# 7Day News ၁၀ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ



၁၀နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားတွင် 7Day News အဖွဲ့သားများ အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်

**ရန်ကုန်၊ မတ်-၇**

7Day News ဂျာနယ် (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို မတ်လ ၇ ရက် ညနေခင်းက ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းပေါ်ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

၁၀ နှစ်ပြည့်အခမ်းအနားသည် ယခင်နှစ်များနှင့်မတူဘဲ 7Day News Hero Award သူရဲကောင်းဆုများ ရွေးချယ်ဆုချီးမြှင့်ခြင်း အစီအစဉ်တစ်ရပ် ပါဝင်ခဲ့သည်။ 7Day News Hero Award (၅) ဆုကို အယ်ဒီတာအဖွဲ့က နယ်ပယ်စုံမှဖြန့်ကြက်ရွေးချယ်ကာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ 7Day News ကို အစဉ်အမြဲ ကူညီပေးခဲ့ကြသည့် သတင်းရင်းမြစ်များ၊ စာမူရေးသားပေးပို့ကြသော ဆောင်းပါးရှင်နှင့် ကာတွန်းပညာရှင်များ၊ ကြော်ငြာများ ထည့်သွင်းနေကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများနှင့် လုပ်ဖော်ကိုင်ဖက်မီဒီယာလောကသားများတက်ရောက်ခဲ့ကြသည်။

7Day News ဂျာနယ်ကို ၂၀၀၂ ခုနှစ်၊ မတ်လ (၇) ရက်က စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ကာ ယနေ့ ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

**7Day News Hero ဆုရှင်များကို ရောဟသ်ာကုမ္ပဏီက တစ်ဆုလျှင် ကျပ်နှစ်သိန်းစီဖြင့် စုစုပေါင်းငါးဆုအတွက် ကျပ်ဆယ်သိန်း ထပ်ဆောင်းချီးမြှင့်မည်ဖြစ်သည်။ 7Day News မှ ချီးမြှင့်ငွေမှာ တစ်ဆုလျှင် ကျပ်သုံးသိန်းဖြစ်၍ တစ်ဆုလျှင် စုစုပေါင်း ကျပ်ငါးသိန်းရရှိမည်ဖြစ်သည်။**

# ကေအိုင်အိုနှင့် သုံးရက်ကြာဆွေးနွေးပြီးသော်လည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မရသေး

**အောင်သူရ**

**ရန်ကုန်၊**

**မတ် - ၁၂**

ကချင်အမျိုးသားအစည်းအရုံး (KIO)နှင့် ဦးအောင်သောင်း ဦးဆောင်သောပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့တို့ တတိယအကြိမ်သုံးရက်ကြာတွေ့ဆုံဆွေးနွေးခဲ့သော်လည်းအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမရရှိသေးကြောင်း သတင်းရရှိသည်။


အဆိုပါအဖွဲ့နှစ်ဖွဲ့သည် တရုတ်နိုင်ငံရွှေလီမြို့ Jing Cheng ဟိုတယ်တွင် မတ်လ ၈ ရက်မှ ၁၀ ရက်ထိ တွေ့ဆုံဆွေးနွေးခဲ့ပြီး အချက်ငါးချက်ကိုသာနှစ်ဖက်သဘောတူ ထုတ်ပြန်နိုင်ခဲ့သည်။

ထိုအချက်များထဲတွင် စစ်ပွဲများနှင့်ပတ်သက်၍ နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးမှုများ၏ ရလဒ်အဖြစ် တစ်ဖက်နှင့်တစ်ဖက် စစ်ရေးအရှိန်များလည်း လျော့နည်းလာမည်ဟု ယုံကြည်ပါသည်နှင့် ပြဿနာဖြစ်ပွားနိုင်သော ဒေသများရှိနှစ်ဖက် တပ်စခန်းများကိုစွကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုရသည်အထိ ဆွေးနွေးပြီး ရရှိပြီးသော သဘောတူညီချက်များကို ရက်သတ်မှတ်၍ ဆောင်ရွက်သွားရန်ဖြစ်သည်ဟု ပါရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် ကေအိုင်အိုမှ အပစ်အခတ်ရပ်ဆိုင်းရေးကိုအရင်မလုပ်ဘဲ နိုင်ငံရေးကို အရင် ဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်ဟုလည်း ကေအိုင်အို၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အစိုးရသစ် တက်လာပြီးနောက် သမ္မတဦးသိန်းစိန်က ကချင်လွတ်လပ်ရေးတပ်မတော်နှင့် မြန်မာတပ်မတော်တို့ကြား ဖြစ်ပွားနေသည့် တိုက်ပွဲများ ထိုးစစ်များရပ်ရန် ကာကွယ်ရေးဦးစီးချုပ်ထံ စာရေးသားပေးပို့ခဲ့သည်။

စာ(၁၂)သို့






7 DAY NEWS JOURNAL
Vol.11, No.2 ▪ MARCH 15 , 2012

CRIME မှုခင်းသတင်း CORNER

## ရန်ငြိုးရန်စဖြင့် သတ်ခြင်းအား မှော်ဝင်ပြီး သတ်မိတာပါဆိုသူကို ထောင် ၁၀နှစ်ချမှတ်

ကျော်ဇေယျ

နေပြည်တော်၊ မတ်- ၆

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် မယားညီအစ်ကိုအချင်းချင်း မှော်ဝင်သလိုဖြစ်ပြီး ဓားဖြင့် ထိုးသတ်ခဲ့သည်ဟုဆိုကာ လူသတ်သည်အထိ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သောဖြစ်စဉ်တစ်ခု ၂၀၁၂ဖေဖော်ဝါရီ ၂၂ရက်တွင်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ၂၀၁၁ စက်တင်ဘာ ၁၇ရက် ညနေ ၅း၃၀ အချိန်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ မြောက်ကျောင်းစုရွာနေ ဒေါ်စိန်စိန်သည်နေအိမ်၌ရှိနေစဉ်ခင်ပွန်းဖြစ်သူဦးတင်စိုးမှာမိုးရွာနေသည့်ကြားထဲမှ စက်ဘီးစီး ထီးဆောင်းလျက် အရက်သောက်ရန်ဟုဆိုကာ အပြင်ထွက်သွားပြီး နာရီဝက်ကျော်အကြာ ကျော်လှိုင်နှင့်လူတစ်ဦးနေအိမ်သို့ရောက်ရှိလာသည်။ ၎င်းတို့က ဦးတင်စိုးမှာ လမ်း၌လဲကျနေကြောင်း၊ သမီးဖြစ်သူ ထက်ထက်ကခေါ်ခိုင်းကြောင်း ဆိုလာ၍ သွားကြည့်ရာ ဦးတင်စိုးမှာ ထီး၊ ဖိနပ်၊ စက်ဘီးတို့တခြားစီဖြစ်ပြီး လမ်းပေါ် လဲကျနေကြောင်း တွေ့ရသည်ဟုဆိုသည်။

ထို့ကြောင့် မေးမြန်းကြည့်ရာ ဒဏ်ရာများဖြင့်လဲကျနေသူ ဦး တင်စိုးက ၎င်းအား ကျော်လှိုင်က ဓားဖြင့်ထိုးကြောင်း၊ ထိုသို့ဓားဖြင့်ထိုးစဉ်အနားတွင်လူခြောက်ဦးခန့်ရှိကြောင်းပြော၍ ဦးတင်စိုးအား ဆေးရုံသို့ ပို့ဆောင်စဉ် ရရှိထားသောဒဏ်ရာများကြောင့် လမ်း၌ သေဆုံးသွားခဲ့ရာ ရဲစခန်းသို့ သွားရောက် အမှုဖွင့်ခဲ့သည်။ အမှုအား စစ်ဆေးစဉ်ကာလတွင် ပြစ်မှုကျူးလွန်သူ ကျော်လှိုင်က ၎င်းသည် လွန်ခဲ့သော ၄၊ ၅ နှစ်ကတည်းက မှော်ဝင်နေပြီး လုပ်မိလုပ်ရာလုပ်မိကြောင်း ထွက်ဆိုကာကွယ်ခဲ့သည်။

နေပြည်တော် ခရိုင်တရားရုံးမှ ပြစ်မှုကြီးအမှတ် (၇၅/၂၀၁၂)ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(လူသတ်မှု)အရစစ်ဆေးဆောင်ရွက်ချိန်တွင် အမှန်မှာ ရန်ညှိုးရန်စနှင့် မကြည်လင်မှုများရှိနေ၍ ဓားဖြင့် သေစေလောက်အောင် ဒဏ်ရာများ ရရှိစေကာ သတ်မိကြောင်းပေါ် ပေါက်လာ၍ ၂၀၁၂ဖေဖော်ဝါရီ၂၂ရက်တွင် ပြစ်မှုကျူးလွန်သူ ကျော်လှိုင်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀နှစ် ချမှတ်ခဲ့ကြောင်းသိရသည်။

နေပြည်တော် ခုတင် ၁,၀၀၀ ဆံ့ဆေးရုံ၏ မှုခင်းဆေးစာအမှတ် (1901/NGH/11) အရ ဦးတင်စိုး (၅၂ နှစ်)သည် ဓားဖြင့် အထိုးခံရ၍ ဝမ်းဗိုက်ပေါက်ပြဲအူထွက်ဒဏ်ရာတစ်ချက်နှင့် ညာရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်တို့ရရှိထားပြီးယင်းမှာသေစေရန် လုံလောက်သော အမျိုးအစားဖြစ်ကြောင်းလည်းသိရသည်။




# သမ္မတ စပ်ရွှေသိုက်၏အုတ်ဂူ ပြုပြင်ထိန်းသိမ်းရန်လိုနေ

မောင်ထီလာ

ညောင်ရွှေ၊ မတ်- ၆

မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတလည်းဖြစ်၊ ညောင်ရွှေစော်ဘွားကြီးလည်းဖြစ်သည့် သမ္မတ စပ်ရွှေသိုက်အုတ်ဂူမှာ ညောင်ရွှေမြို့ဝင်းရပ်ကွက်တွင် သံဝင်းထရံခတ်ထားပြီး ခြုံနွယ်ပိတ်ပေါင်းဖြင့် ပြည့်နေကြောင်း သတင်းရရှိသည်။


သမ္မတ စပ်ရွှေသိုက်အုတ်ဂူ

စပ်ရွှေသိုက်၏ အုတ်ဂူမှာ ညောင်ရွှေမြို့သူ၊ မြို့သားများ သာသိပြီးညောင်ရွှေမြို့သို့ အလည်အပတ်လာသူများမှာ ဆိုင်းဘုတ်မရှိ၍ မသိဘဲဖြစ်နေကာ ညောင်ရွှေစော်ဘွားကြီး၊နိုင်ငံတော်၏ ပထမသမ္မတ အုတ်ဂူကို တစ်နှစ်တစ်ခါသာ ဆွေတော်မျိုးတော်များက လာရောက်ဂါရဝပြုပြီး ခြုံပုတ်များကို ရှင်းလင်းကြသည်ဟု သိရသည်။

ညောင်ရွှေမြို့၌ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာနိုင်ငံ၏ ပထမသမ္မတ စပ်ရွှေသိုက်၏အုတ်ဂူကို မြန်မာသိ၊ ကမ္ဘာသိဖြစ်ရန်၊ အများပြည်သူများ သိရှိစေရန်နှင့် နိုင်ငံတော်၏ အကြီးအကဲ၊ နိုင်ငံတော်၏ အဓိပတိတစ်ဦး၏အုတ်ဂူကိုနိုင်ငံတကာအဆင့်မီ သမိုင်းဝင်အုတ်ဂူအဖြစ် ပြန်လည်ဆောက်လုပ်သင့်နေပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ ပထမသမ္မတ စပ်ရွှေသိုက်၏ အုတ်ဂူဘေးတွင် စပ်ရွှေသိုက်၏ မဟာဒေဝီခင်နန်းရီ၏ အုတ်ဂူနှင့် စပ်ရွှေသိုက်နှင့် မဟာဒေဝီဟိန်းခင်တို့၏ သားတော် စပ်ဆေဟုန်ဖ (စင်မြီ)တို့၏ အုတ်ဂူတို့လည်း ရှိပြီး အုတ်ဂူများ၏အောက်ခြေတွင်ကမ္ပည်းကျောက်စာများလည်းရှိသည်။

စပ်ရွှေသိုက်ကို ၁၈၉၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၂၄ ခုနှစ် စက်တင်ဘာလ ၁ရက်တွင် ညောင်ရွှေမြို့ကို ဆက်ခံစိုးစံတော်မူခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပထမသမ္မတအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက် အသက်၆၆ နှစ်တွင် ကွယ်လွန်ခဲ့သည်။ မြန်မာနိုင်ငံတော်၏ ပထမသမ္မတစပ်ရွှေသိုက်၏ အုတ်ဂူကို ညောင်ရွှေမြို့ဝင်းရပ်ကွက်တွင် ဘုံငါးဆင့်မှန်စီရွှေချအုတ်ဂူဖြင့် ဆောက်လုပ်ထားသည်။ နိုင်ငံတော်သမ္မတ စပ်ရွှေသိုက်မှာ မဟာသီရိသုဓမ္မ၊ အဂ္ဂမဟာသရေစည်သူ ဘွဲ့များချီးမြှင့်ခံခဲ့ရသည်။

# မဲဆောက်ရှိ အလုပ်ရှင်အချို့ ပုတ်ပြတ်ခိုင်းစေမှုကြောင့် မြန်မာလုပ်သားများ နစ်နာ

ရိုးကျော်

ရန်ကုန်၊ မတ်-၅

**ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အလုပ်ရှင်အချို့က နေ့စားအလုပ်သမားငှားရမ်းမည့်အစား အလုပ်ပြီးသည်အထိ တာဝန်ယူရသည့် ပုတ်ပြတ်စနစ်ဖြင့် ပြောင်းလဲခိုင်းစေလာခြင်းကြောင့်မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအတွက် အချိန်နှင့်လုပ်အား နစ်နာမှုများရှိနေကြောင်း အလုပ်သမားရေးရာအဖွဲ့များကပြောသည်။**



ထိုင်းနိုင်ငံ၊ မဲဆောက်မြို့အခြေစိုက် ရခိုင်အလုပ်သမား လှုပ်ရှားမှုအဖွဲ့တာဝန်ခံ ကိုထက်ခေါင်က “ပုတ်ပြတ်ခိုင်းတဲ့အတွက် အလုပ်သမားတွေ အချိန်ပိုတွေ လုပ်ရတယ်။ အိုဗာတိုင် (အချိန်ပိုကြေး)မရှိဘူး။ ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုပြီး လုပ်ကြတော့ နားချိန်မရကြဘူး”ဟု ဆိုသည်။

နေ့စားဆိုလျှင် လုပ်သားများက တစ်နေ့ သတ်မှတ်ထားသည့် ငွေကြေးပုံမှန်ရရှိသော်လည်း ပုတ်ပြတ်စနစ်သို့ ပြောင်းလိုက်သောကြောင့် အလုပ်ရှင်သတ်မှတ်ထားသောပမာဏကိုပြည့်မီမှသာလုပ်ခအပြည့်ရကြသည်။ဥပမာ-အထည်ချုပ်စက်ရုံတွင် အထည် ၅၀ပြီးမှ ဘတ် ၁၀၀ သတ်မှတ်မှုမျိုးဖြစ်လာသည်။

ပုတ်ပြတ်ခိုင်းစေခြင်းများကို အထည်ချုပ်စက်ရုံ၊ ကြွေပန်းကန်စက်ရုံ၊ အိမ်သုံးပစ္စည်း စက်ရုံများနှင့် စိုက်ပျိုးရေး လုပ်ငန်းအချို့တို့တွင် အများဆုံးပြောင်းလဲ ကျင့်သုံးလာသည်။

“အလုပ်ရှင်တွေက နေ့စားသတ်မှတ်ငွေကို မပေးချင်တဲ့အတွက်၊ ဥပဒေအရ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့အတွက် ပုတ်ပြတ်ခိုင်းလာကြတာ”ဟု ကိုထက်ခေါင်က ပြောသည်။

ထိုင်းနိုင်ငံ အလုပ်သမားဥပဒေအရ မဲဆောက်မြို့မှ အလုပ်သမားတစ်ဦးလျှင် တစ်နေ့အနိမ့်ဆုံး လုပ်အားခ ၁၆၂ ဘတ်သတ်မှတ်ထားသော်လည်း အလုပ်သမားအများစုမှာ ပျမ်းမျှတစ်နေ့ ဘတ် ၈၀ မှ ဘတ် ၁၀၀ အထိသာ (မြန်မာငွေ ၂,၅၉၀ ကျပ်ဝန်းကျင်)ရရှိကြောင်းသိရသည်။

အမျိုးသမီး အလုပ်သမားများကို ကူညီမှုများပေးနေသည့် မြန်မာအမျိုးသမီးသမဂ္ဂ အထွေထွေအတွင်းရေးမှူး မနိုးနိုးထက်စံက “နေ့စားပဲဖြစ်ဖြစ်၊ ပုတ်ပြတ်ပဲဖြစ်ဖြစ် ဘာပဲခိုင်းခိုင်းဘယ်တုန်းကမှ လုပ်အားခ အပြည့်မပေးကြဘူး”ဟု ပြောသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ်များ ပြုလုပ်ရချိန်ဖြစ်၍ ထိုင်းဘတ်ငွေတစ်သောင်းကျော်အထိ မိမိဘာသာ ကုန်ကျခံနေရသည့် အချိန်လည်း ဖြစ်သည်။ သို့သော် ကုန်ကျ စရိတ်များကြောင့် လုပ်အားခများတိုး မြှင့်ပေးရန် အလုပ်ရှင်များကိုတောင်းဆိုရာမှ ယခုကဲ့သို့ ပုံစံပြောင်းခိုင်းစေခံရခြင်းများ ဖြစ်လာကြောင်း ကိုထက်ခေါင်က ရှင်းပြသည်။

ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင်မြန်မာအလုပ်သမားဦးရေ တစ်သိန်းမှ နှစ်သိန်းဝန်းကျင်အထိရှိပြီး ယခုကာလအတွင်း အလုပ်သမားအသစ်များ ထပ်မံဝင်ရောက်လာသည်ကို တွေ့ရကြောင်း ကိုထက်ခေါင်ထံမှသိရသည်။

ထိုင်းနယ်စပ်မဲဆောက်မြို့ရှိ အလုပ်သမားများသည် လုပ်အားခနည်းပါးမှုများကြောင့် ထိုင်းနိုင်ငံအတွင်းပိုင်းရှိ ဘန်ကောက်နှင့် မဟာချိုင်ဒေသများသို့ပြောင်းရွှေ့လုပ်ကိုင်ခြင်းများ ရှိလာကြောင်း ဘန်ကောက်မြို့ အခြေစိုက်မြန်မာအလုပ်သမားများအသင်းတာဝန်ခံ ဦးကျော်သောင်းက ပြောသည်။

လွန်ခဲ့သည့်တစ်လခန့်က မြဝတီမြို့တွင် စက်မှုဇုန်များ အကောင်အထည်ဖော်မည်ဆိုသည့်သတင်းကြောင့် မြန်မာအလုပ်သမားအတွက် လုပ်အားခတိုးပြီး သတ်မှတ်ရန် ထိုင်းအစိုးရက လှုံ့ဆော်မှုမျိုး ရှိခဲ့သည်။ အလုပ်သမားများ မပြန်ဘဲပိုမိုတိုးလာသည့်အတွက်အလုပ်သမား အခွင့်အရေးတိုးမြှင့်ပေးခြင်းမရှိတော့သည်ကို တွေ့ရကြောင်း မနိုးနိုးထက်စံက ပြောကြားသည်။


ဓာတ်ပုံ - အောင်သူရ

# မတည်ငွေကြောင့် အရန်ဆန်ဝယ်ယူရေးအခက်အခဲ ကြုံတွေ့လာနိုင်

**ပြည်သိမ်း**

**ရန်ကုန်၊ မတ် - ၁၀**

အရန်ဆန်ဝယ်ယူရေးအတွက်နိုင်ငံတော်မှ ချထားငွေ ၁၀ ဘီလီယံသာရှိသဖြင့် ရှေ့တွင် ငွေကြေးအခက်အခဲ ကြုံတွေ့ရနိုင်ကြောင်း နိုင်ငံတော် အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောကြားသည်။

နိုင်ငံတော် အရန်ဆန်ဝယ်ယူရာတွင် ဗဟိုသမဝါယမအသင်းမှ ငွေကျပ် ၁၀ ဘီလီယံ၊ ပုဂ္ဂလိကကဏ္ဍဖြစ်သည့် အများပိုင်ကုမ္ပဏီမှ ငွေကျပ် ၁၀ ဘီလီယံနှင့် နိုင်ငံတော်မှ ငွေကျပ် ၁၀ ဘီလီယံ မတည် တည်ထောင်ခဲ့သည်။ သို့သော် လက်ရှိအချိန်ထိ ဗဟိုသမဝါယမအသင်းမှ ငွေကျပ် ၁၀ ဘီလီယံမှာ မရှိသေးဘဲ အများပိုင်ကုမ္ပဏီလည်း ဖွဲ့စည်းပိုင်ခါင့်မရရှိသေးသည့်အတွက် ပုဂ္ဂလိကကဏ္ဍမှလည်း ငွေကြေးမရရှိနိုင်သေးကြောင်း ဦးချစ်ခိုင်ကဆိုသည်။

“ငွေရေးကြေးရေးက ဒီ ၁၀ ဘီလီယံပြီးရင် လောလောဆယ် အနေအထားမှာ ရှေ့ဆက်ဖို့ မလွယ်ဘူး”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အများပိုင်ကုမ္ပဏီ တည်ထောင်ရန်အတွက် တည်ထောင်သူ ၄၀ ရာခိုင်နှုန်းက စုထားသည့်လေးဘီလီယံသာရှိပြီး ကျန် ၆၀ ရာခိုင်နှုန်းမှာ ကုမ္ပဏီမှတ်ပုံတင်မကျသေးသဖြင့် ရှယ်ယာများရောင်းချနိုင်ခြင်းမရှိသေးကြောင်းလည်းသိရသည်။

ထို့အပြင် လက်ရှိ မိုးစပါးအတွက် အရန်ဆန် ဝယ်ယူမှုတွင်လည်း ကော်မတီမှ ငွေကျပ် ၅ ဒသမ ၄ ဘီလီယံကျော်ကို သုံးစွဲခဲ့ပြီဖြစ်ကြောင်းလည်းသိရသည်။

## ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ရန် စစ်ဆေးမှုများပြုလုပ်

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၁၀**

ကယားပြည်နယ်တွင်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖွင့်လှစ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက လေ့လာမှု၊ စစ်ဆေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

“လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းပြီ။ ငြိမ်းချမ်းရေးလည်း ရပြီဆိုတော့ နှစ်နိုင်ငံသဘောတူညီချက်ရဖို့ပဲ ကျန်တော့တယ်။ ထိုင်းဘက်က သဘောတူရင်ဖွင့်လို့ရပါပြီ”ဟုပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကပြောသည်။

ယခုအခါ မယ်စဲ့၊ မယ်စဲနန် ဒေသများသို့ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ လေ့လာမှုများပြုလုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ကယားပြည်နယ် အခြေစိုက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)နှင့်ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးအဖွဲ့တို့သည် မတ်လ ၇ ရက်က လွိုင်ကော်မြို့တွင် တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေး၊ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူခဲ့ကြသည်။

မကြာသေးခင်က တနင်္သာရီတိုင်းဒေသကြီး မောတောင်ဒေသတွင်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖွင့်လှစ်ရန်ပြင်ဆင်နေပြီး ဧပြီလဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်နေပြီဖြစ်သည်။

ယခင်အစိုးရလက်ထက်က ပိတ်ထားခဲ့သော ထိုင်း-မြန်မာနယ်စပ်ရှိမြဝတီ-မဲဆောက် ကုန်သွယ်ရေးစခန်းအားပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကချင်ပြည်နယ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေး စခန်းအား ယခုအချိန်ထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။



## ဘဏ်ချေးငွေဆပ်ရန် ဝေါမြို့နယ်မှ လယ်သမားအချို့ နွားထုတ်ရောင်းနေရ

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ မတ် - ၁၀**

စပါးနှင့် ပဲမျိုးစုံဈေးကျခြင်းနှင့် အထွက်လျော့ခြင်းကြောင့် လယ်သမားများမှာ လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးယူထားသော အကြွေးအား ပြန်ဆပ်ရန် လယ်ယာလုပ်ငန်းတွင် အသုံးပြုနေသည့် မိမိပိုင် ကျွဲ၊ နွားများအား သားသတ်သမားထံ ရောင်းချနေရကြောင်း သတင်းရရှိသည်။

"မနေ့က ကျွန်တော်တို့ရွာက ဦးမင်းအောင်၊ ဦးကျော်တင့်နိုင်နဲ့ ဦးအေးသိန်းတို့ အစိုးရကြွေးဆပ်ဖို့၊ နွားသတ်သမားကို သွားရောင်းတယ်။ သုံးသိန်းလောက်တန်တဲ့ နွားတစ်ရှဉ်းကို တစ်သိန်းခွဲပဲရတယ်" ဟု ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာမှ တောင်သူ ဦးသန်းအေးကပြောသည်။

ယခုနှစ် ပဲစိုက်ပျိုးချိန်တွင် ရာသီဉတုကြောင့် ငမြှောင်တောင်ပိုးကျခဲ့ပြီး ယခင်က တင်းတစ်ရာခန့်ထွက်သော လယ် ၁၀ ဧကမှာ ယခုနှစ်တွင် တင်း၂၀ သာရရှိကြောင်း ပဲခူးတိုင်းဒေသကြီးကရင်စုကျေးရွာမှ တောင်သူဦးအောင်တင်ဦးက ပြောသည်။

"ပိုးကျလို့ ဆေးဖျန်းတာလေးငါးသိန်း ကုန်သွားတယ်။ ရတဲ့ပဲကို အခုဈေးနဲ့ရောင်းရင် ဆေးဖိုးလောက်ပဲရမယ်။ အစိုးရကြွေးကိုတော့ ကျွဲရောင်းပြီး ဆပ်ဖို့ လုပ်ထားတယ်"ဟု ကရင်စုကျေးရွာမှ တောင်သူ ဦးအောင်တင်ဦးကပြောသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးချိန်တွင် ရေကြီးခဲ့သဖြင့် စပါးစိုက်ပျိုးသော နေရာဒေသအလိုက် တောင်သူများမှာ အနည်းဆုံးတစ်ကြိမ်မှ သုံးကြိမ်ထိ လယ်ကွင်းများ ရေနစ်မြုပ်ခဲ့ကြပြီး အထွက်နှုန်းပါကျဆင်းခဲ့သည်။

အထူးသဖြင့် ထိုအခြေအနေအား ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၊ ဧရာဝတီတိုင်း ဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင် အဓိက တွေ့ကြုံခဲ့ရသည်။

တောင်သူများမှာ ၂၀၁၀ မိုးစပါးရိတ်သိမ်းချိန်တွင် ဂီရိမုန်တိုင်းကြောင့် စပါးများ မိုးမိ၍ အရည်အသွေး ကျဆင်းခြင်း၊ ပဲရိတ်သိမ်းရာသီတွင် အချိန်အခါမဟုတ်သော မိုးကြောင့် ပဲများပျက်စီးခဲ့ရပြီး ၂၀၁၁ မိုးစပါးရာသီတွင် ရေကြီးခြင်း၊ စပါးပေါ်ချိန်တွင် ဈေးကျခြင်း၊ ပဲစိုက်ချိန်တွင် ပိုးကျခြင်း၊ ဈေးကျခြင်းတို့မှာ ၂နှစ်ဆက်တိုက်ကြုံတွေ့နေရသည်။

ယခုနှစ် မိုးစပါးပေါ်ချိန်တွင် ရာသီဉတုကြောင့် မိုးစပါး တင်းသန်းပေါင်း ၁၂၂သန်း လျော့ကျခဲ့သည်ဟု သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

အချို့သော လယ်သမားများမှာ အကြွေးမဆပ်နိုင်သဖြင့် မိမိပိုင် ကျွဲနွားများကို ရောင်းချကာ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြပြီ ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

သက်ဆိုင်ရာ အစိုးရက ယခုနှစ်တွင် မိုးစပါးအတွက် ချေးထားသောငွေအားမတ်လကုန်တွင်ပြန်ဆပ်ရန် တစ်လနောက်ဆုတ်ပေးသော်လည်း လယ်သမားများမှာ ဆပ်ရန်ခက်ခဲနေကြသည်။

အစိုးရကြွေးဆပ်ရန် ခက်ခဲနေသကဲ့သို့ အထူးပြုကုမ္ပဏီများထံမှချေးယူထားသော ငွေများကိုလည်းဆပ်ရန်ရှိနေသည်။ တောင်သူများထံမှ အကြွေးပြန်လည်ရရှိမှုမှာ ၅၀ ရာခိုင်နှုန်းခန့်သာ ရှိသေးသည်ဟုအထူးပြုကုမ္ပဏီလုပ်ကိုင်နေသူ ဒေါက်တာစိုးထွန်းက ပြောသည်။

ထိုကဲ့သို့ အခြေအနေအား သိရှိရန်ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းမှတောင်သူ ၁၂ဦးသည် မတ်လ ၉ရက်တွင် ရန်ကုန် မြို့သို့လာရောက်၍ သတင်းထောက်များနှင့် တွေ့ဆုံရှင်းပြခဲ့ကြသည်။

## အချိန်အခါမဲ့ ရွာသွန်းမည့်မိုးအတွက် နေပြည်တော်တွင် သတိပေးချက်ထုတ်ပြန်

**ထူးသန့်**　　**နေပြည်တော်၊ မတ်-၁၀**

ပြည်သူလူထုအတွက် ကျန်းမာရေးနှင့်လယ်ယာထွက်ကုန် အလေအလွင့်များဖြစ်ပေါ်နိုင်သည့် အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်ခြေရှိသောကြောင့် နေပြည်တော်ကောင်စီနယ်မြေတွင် သတိပေး ချက်များ ထုတ်ပြန်ထားသည်။

နေပြည်တော်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးရုံးများတွင် ထိုကဲ့သို့ သတိပေးချက်များ ထုတ်ပြန်ထားခြင်းဖြစ်ပြီး ယခုလ ၁၀ ရက်မှ ၁၄ ရက်အတွင်းအချိန်အ ခါမဟုတ် မိုးရွာသွန်းမှုများ ဖြစ်ပေါ် နိုင်ကြောင်း ဖော်ပြထားပြီး အခြားအသေးစိတ် အချက်များကိုမူ ဖော်ပြထားခြင်း မရှိကြောင်း သိရှိရသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးကလည်း "မြို့နယ်အုပ်ချုပ်ရေးရုံးကတယ်လီဖုန်းနဲ့ညွှန်ကြားလာလို့ချက်ချင်းပဲကြော်ငြာဘုတ်မှာ ရေးပြီးထုတ်ပြန်လိုက်တာ"ဟု ပြောကြားသည်။

အချိန်အခါမဟုတ်မိုးရွာသွန်းမှုနှင့်ပတ်သက်၍ လယ်သမားတစ်ဦးဖြစ်သူဦးကျော်ဝင်းက "အခုတလော ရာသီဉတုက ပုံမှန်မဟုတ်ဘူး။ မိုးရွာလိမ့်မယ်လို့တော့ ထင်နေတယ်။ အဲဒါကြောင့်လည်း အကျိုးအမြတ်မရနိုင်ပေမယ့် မတ်ပဲကို ချက်ချင်းပဲရုပ်သိမ်းလိုက်တယ်။ မတ်ပဲက မိုး မိရင်လုံးဝသွားပြီ"ဟု၍ ပြောဆိုသည်။ အလားတူပင် ရာသီဉတု အပူအအေးမမျှတ၍ ကလေးသူငယ်များ ကျန်းမာရေး ထိခိုက်လျက်ရှိကြောင်းလည်း ဒေသခံပြည်သူများက ပြောဆိုကြပြီး ကလေးများ ရုတ်တရက် အပူရှိန်တက်ပြီး ဖျားနာခြင်း၊ (ဒေသအခေါ်) ကျောက်ပေါက်ခြင်းများ ကြုံတွေ့ခံစားနေရခြင်းနှင့်ပတ်သက်၍ လည်း "ပြီးခဲ့တဲ့ အပတ်က မိုးတစ်ညရွာလိုက်သေးတယ်။ ကလေးတွေ ဖျားကြ၊ နာကြတယ်။ သေပျောက်တာတော့ ကျွန်တော့်ဝန်းကျင်မှာ မရှိသေးပါဘူး"ဟု၍ ဒေသခံ မိခင်တစ်ဦးက ရှင်းပြသည်။

## ဆီးဂိမ်းမတိုင်မီ အင်တာနက်မြန်နှုန်းကို တိုးမြှင့်သွားမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၉**

ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများကို ၂၀၁၃ တွင် မြန်မာနိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) မတိုင်မီ ကာလအတွင်း လက်ရှိအသုံးပြုနေသည့် မြန်နှုန်း 3.5 G မှ 5 G နှင့်အထက် တိုးချဲ့သွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှစုံစမ်းသိရှိရသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနပြည်ထောင်စု ဝန်ကြီးကလည်း ပြီးခဲ့သည့်လ နောက်ဆုံးပတ်က နေပြည်တော်ခရိုင်တွင် ကျင်းပပြုလုပ်ခဲ့သည့် အိုင်စီတီဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့ပြီးဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှသိရသည်။

အဓိက ရည်ရွယ်ချက်မှာ လက်ရှိပြည်တွင်းတွင် အသုံးပြုနေရသည့် အင်တာနက်အမြန်နှုန်းများသည် ဆီးဂိမ်းကာလအတွင်း အလုပ်မဖြစ်နိုင်သောကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှုစနစ်ကို အမှန်တကယ် တိုးချဲ့မြှင့်တင်ရန်လိုအပ်လာပြီဖြစ်သောကြောင့်လည်းကောင်း ယခုကဲ့သို့ ဆောင်ရွက်ရန်ပြင်ဆင်နေခြင်းဖြစ်ကြောင်း ရန်ကုန် အခြေစိုက် ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုမှ ထုတ်ကုန်မန်နေဂျာ တစ်ဦးက ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြောကြားသည်။

လက်ရှိတွင်ပြည်တွင်း၏အင်တာနက်ဆက်သွယ်မှု စနစ်များကို ဝန်ဆောင်မှုပေးနေသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့အနေဖြင့် လာမည့် ၂၀၁၃ ဆီးဂိမ်းမတိုင်မီအတွင်း အင်တာနက်ဆက်သွယ်မှုစနစ်များကို မြှင့်တင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှန်တကယ်လိုအပ်လာမည့် အင်တာနက်မြန်နှုန်းပမာဏမှာ 5 G မျှသာမဟုတ်ဘဲ ယင်းပမာဏထက် အဆပေါင်းများစွာ ပေးနိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီးပြည်တွင်းအိုင်တီလုပ်ငန်းရှင်တစ်ဦးက "တကယ်တမ်းဆီးဂိမ်းလုပ်လာရင် ဖိုက်ဂစ်လောက်နဲ့က မရဘူး။ နိုင်ငံခြားမှာ၊ အိမ်နီးချင်းမှာတွေတောင် ဘန်းဝှစ်ပမာဏက တစ်ရာနီးပါးရှိတယ်။ တစ်ရာကျော်တယ်။ ဒါပေမဲ့ သေသေချာချာလေး လုပ်မှရမယ်။ ဆီးဂိမ်းဆိုတော့" ဟု သုံးသပ်ပြောကြားသည်။

ယခုလက်ရှိအချိန်ထိတွင်မူ ပြည်တွင်း၏ အင်တာနက်အမြန်နှုန်းများသည် ယင်းကိုမှီခိုပြီး လုပ်ကိုင်နေကြရသည့် စီးပွားရေးလုပ်ငန်းများက အမှန်တကယ်လိုအပ်သည့် အနေအထားတွင် မဟုတ်သေးဘဲ အိမ်နီးချင်း နိုင်ငံများနှင့်ယှဉ်လျှင်ပင် နိမ့်ကျနေသေးကြောင်း ပြည်တွင်းရှိကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောဆိုကြသည်။

## အလျင်အမြန် မီးငြိမ်းသတ်ထိန်းချုပ်စနစ် မီးသတ်စခန်းများတွင် ကျင့်သုံးမည်



မင်္ဂလာဈေးမီးတွင် မီးငြိမ်းသတ်နေသည့် မီးသတ်ယာဉ်များ

ဓာတ်ပုံ - အောင်အောင်

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်- ၁၁**

ရန်ကုန်တိုင်းအတွင်းရှိ ၂၇ ခုတွင် မီးငြိမ်းသတ်ထိန်းချုပ်စနစ် ယခုမတ်လအကုန် စတင်ကျင့်သုံးတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှူးရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

သတ်မှတ်ထားသည့်မီးသတ်စခန်း ၂၇ ခုအားဆက်သွယ်ရေးကေဘယ်လ်ကြိုးတို့ဖြင့် ချိတ်ဆက်ပြီး မီးလောင်ရာမြေပုံကိုဖက်စ်ဖြင့် စခန်းအားလုံးဆီသို့သတင်းပို့ကာ မီးလောင်သည့်နေရာနှင့်အနီးဆုံး စခန်းမှချက်ချင်းထွက် ငြိမ်းသတ်နိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

"မီးငြိမ်းသတ်ထိန်းချုပ်စင်တာ နေရာကနေ မီးသတင်းဝင်လာပြီဆိုရင် ဘယ်နေရာဆိုတာကို သိပြီးတာနဲ့ မြေပုံကိုစခန်းတွေအားလုံးဖြန့်လိုက်လို့ရတယ်။ အနီးဆုံး ဘယ်စခန်းက ထွက်ငြိမ်းဆိုတာကို အဲဒီစင်တာကနေ အမိန့်ပေးလိုက်လို့ရတယ်။ စခန်းကနေ ဘယ်နှစီးထွက်ပေါ့" ဟု တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှူးရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါထိန်းချုပ်စနစ်ကို မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ စီစဉ်ညွှန်ကြားမည်ဖြစ်ပြီး သတ်မှတ်ထားသည့် မီးသတ်စခန်း ၂၇ ခုမှာ မြို့တွင်းရေယာ အပါအဝင် သန်လျင်၊ ထောက်ကြန့်တို့လည်း ပါဝင်သည်ဟု ဆိုသည်။ အဆိုပါစီမံချက်ကို ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ စတင်လုပ်ဆောင်ခဲ့သည်။

## ရန်ကုန်တွင် ပထမဆုံး သရီးဒီရုပ်ရှင်ရုံဖွင့်

**အေးသူစံ**

**ရန်ကုန်၊ မတ်-၈**

ရန်ကုန်မြို့တွင် ပထမဆုံးသရီးဒီရုပ်ရှင်ရုံကိုပြည်လမ်းရှိ တော်ဝင်စင်တာ၌ မတ်လဆန်းက စတင်ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

ယင်းသရီးဒီရုပ်ရှင်ရုံကို မတ်လ ၁ ရက်ကတော်ဝင်စင်တာတွင် Avatar 3Dဇာတ်ကားဖြင့်စတင်ပြသခဲ့ပြီး လတ်တလောတွင် ပရိသတ်အများစုစိတ်ဝင်စားနေသောရုပ်ရှင်ရုံလည်းဖြစ်သည်။ ယင်းရုပ်ရှင်ရုံကို တစ်ရက်လျှင် ပွဲချိန်လေးချိန်ဖြင့်ပြသနေပြီး လက်မှတ်နှုန်းထားမှာ ကျပ် ၂,၅၀၀ နှင့် ၃,၅၀၀ တို့ဖြစ်သည်။ ကြည့်ရှုသူပရိသတ်များသည် ဇာတ်ကားများကို သရီးဒီရုပ်ရှင်ကြည့်မျက်မှန်များတပ်ကာ ကြည့်ရှုကြရပြီး ထိုင်ခုံပေါင်း၁၀၁ ခုံဆံ့ရုပ်ရှင်ရုံဖြစ်သည်။

"ခုလောလောဆယ်တော့ ဖုန်းနဲ့ကြိုတင်ဘွတ်ကင်လုပ်တာ တွေအရမ်းများနေလို့ဖုန်းဘွတ်ကင်ကိုရပ်ထားရတယ်။ ရုံက တစ်ရာကျော်ပဲဆံ့တော့ဖုန်းနဲ့ဘွတ်ကင်လုပ်ပြီး လာမကြည့်တဲ့သူတွေရှိတဲ့အခါ ဈေးဝယ်ရင်း တကယ်ကြည့်ချင်တဲ့ပရိသတ်အတွက်အခက်အခဲဖြစ်လို့ပါ။ နောက်တော့ရုံကိုထပ်ချဲ့ဖို့ အစီအစဉ်ရှိပါတယ်။ အခုလက်ရှိမှာ ပွဲ ချိန်က ၉ခွဲ၊ ၁၂ခွဲ၊ ၃ခွဲနဲ့ ၆ ခွဲပွဲ။ ကြားရက်မှာဆိုကိုးခွဲပွဲကို အခမဲ့ပြသပေးနေပါတယ်" ဟု သရီးဒီရုံ၏ တာဝန်ခံမန် နေဂျာက ပြောသည်။

ယင်းသရီးဒီရုံတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဆင်ဆာအဖွဲ့မှခွင့်ပြုထားသော ပြည်ပရုပ်ရှင်ဇာတ်ကားများကိုပြသလျက်ရှိပြီး Avatar ဇာတ်ကားအပြီး Clash of Titan ဇာတ်ကားကိုပြသလျက်ရှိသည်။ ယင်းအပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီး ပါက Journey to the Earth နှင့် Step Up 3 ဇာတ်ကားများ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ "နေပြည်တော်မှာတော့ ပထမဆုံး သရီးဒီရုံရှိတာပေါ့။ အဲဒီရုံတော့ မကြည့်ဖူးဘူး။ တော်ဝင်စင်တာသရီးဒီရုံက တော့ကြည့်ရတာ အဆင်ပြေတယ်။ ရုံကနည်းနည်းတော့ ကျဉ်းပါတယ်။ သရီးဒီဆိုတာကြည့်ဖူးတယ်ရှိအောင် သွားကြည့်တာပါ" ဟု Avatar ဇာတ်ကားကြည့်ရှုခဲ့သူတစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# တစည ပါတီ ကိုယ်စားလှယ်လောင်းတစ်ဦးကို သွေးနှော နိုင်ငံသားစွပ်စွဲချက်ဖြင့် ပယ်ဖျက်

အိဖြူလွင်

ရန်ကုန်၊ မတ် - ၁၀

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းထားသူ ဒေါ်စန္ဒာမြင့်အား ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ မွေးဖွားစဉ် သွေးနှောသည့်နိုင်ငံသားစွပ်စွဲချက်ဖြင့်ပယ်ဖျက်လိုက်ကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကပြောကြားခဲ့သည်။


ဓာတ်ပုံ-ဝေယံ
**ပယ်ဖျက်ခံရသည့် တစည ကိုယ်စားလှယ်လောင်း ဒေါ်စန္ဒာမြင့်**

ဒေါ်စန္ဒာမြင့်သည် ၂၀၁၀ ပြည့်နှစ်တွင် လမ်းမတော်မြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကော်မရှင်၏ စိစစ်အတည်ပြုချက်ရရှိ၍ ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်ပြီး ယခု ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ရန် ကိုယ်စားလှယ်အမည်စာရင်း တင်သွင်းခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်က မိဘများ မှတ်ပုံတင် အမှတ်ကွဲလွဲနေမှုနှင့် ပတ်သက်၍ စွဲချက်တင်ခဲ့ပြီး တိုင်းကော်မရှင်က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ အခန်း-၅၊ ပုဒ်မ-၁၀ အရ ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ရန်ကုန်တိုင်းဒေသကြီး ကော်မီတီ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဒေါ်စန္ဒာမြင့်နှင့် ၎င်း၏ မိဘများသည်မြန်မာနိုင်ငံတွင်ပင် မွေးဖွားပြီး နိုင်ငံသားလက်မှတ် ကိုင်ဆောင်သူများ ဖြစ်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ အခန်း-၂၊ ပုဒ်မ-၇ အရ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများဖြစ်သည်ဟု ဒေါ်စန္ဒာမြင့်ကပြောကြားခဲ့သည်။

ဒေါ်စန္ဒာမြင့်က ယခုဖြစ်ရပ်သည် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ အခွင့်အရေးနှင့် လူ့အခွင့်အရေးများ၊ ဂုဏ်သိက္ခာများကို ထိခိုက်နစ်နာမှုဖြစ်သည်ဟု ပြောကြားခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယခုဖြစ်ရပ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်စဉ်းစားဆုံးဖြတ်နိုင်ရန် တင်ပြထားပြီးဖြစ်ပြီး နိုင်ငံတော်သမ္မတနှင့် အခြေခံဥပဒေခုံရုံး၊ လူ့အခွင့်အရေးကော်မရှင်ထံ တင်ပြသွားမည်ဟု ပြောကြားခဲ့သည်။

## သဘော်သား ကားသွင်းခွင့် စလစ်တစ်စောင် ၆၅ သိန်းခန့် ဈေးပေါက်နေ

ပြည်သိမ်း

ရန်ကုန်၊ မတ်-၈

ဘဏ်တွင်ဒေါ်လာတစ်သောင်းရှိသည့်သဘော်သားကားတင်သွင်းခွင့် စလစ်တစ်စောင်ကို အများဆုံးကျပ် ၆၅သိန်းဖြင့်သာ ပြင်ပဈေးကွက်တွင် အရောင်းအဝယ်ရှိကြောင်း ကားတင်သွင်းသည့် လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

ကားဟောင်းလဲလှယ်သည့် စလစ်တစ်စောင်မှာ လက်ရှိပြင်ပဈေးကွက်တွင် ကျပ်သိန်း ၁၄၀ထိဈေးရှိသည်။ သဘော်သားများ ကားတင်သွင်းခွင့် စလစ်များမှာ CIF ဆိပ်ကမ်းရောက် ကားတန်ဖိုး ကန်ဒေါ်လာ ၅,၀၀၀ သတ်မှတ်ထားခြင်း၊ ၂၀၀၇ခုနှစ် အထက်မော်ဒယ်များကိုသာ တင်သွင်းခွင့်ရခြင်း၊ သဘော်သားအများစုမှာ CIF တန်ဖိုးနှင့် ကညန အခွန်များပေးဆောင်ရန် အခက်အခဲတို့ကြောင့် ယခုကဲ့သို့ စလစ်များ ဈေးမရခြင်းဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းသူလုပ်ငန်း ရှင်တစ်ဦးက ဆိုသည်။

"သဘော်သားကားက ပါမစ်ကြေးတင်မလာဘူး။ ကြားမှာ သယ်ယူပို့ဆောင်မှုစရိတ်တွေနဲ့ လုပ်ထုံးလုပ်နည်း အခက်အခဲတွေကြောင့်ပါ"ဟု အထက်ပါပုဂ္ဂိုလ် ကရှင်းပြသည်။

သဘော်သားများ ကားတင်သွင်းခွင့်ကို အစီး ၃,၀၀၀ ခွင့်ပြုထားပြီး လက်ရှိအချိန်တွင် လူပြည့်သွားပြီဖြစ်သဖြင့် ပါမစ်ကို ရပ်နားထားသည်။ ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသူများ ကားတင်သွင်းခွင့်ပြုထားမှု၌လည်း CIF တန်ဖိုးများနေခြင်း၊ တင်သွင်းခွင့်ပြုထားမှု မော်ဒယ်မြင့်နေခြင်းတို့ကြောင့် အခက်အခဲများရှိကြောင်းသိရသည်။

လက်ရှိ ကားဟောင်းလဲလှယ်ခွင့်တွင် လိုင်စင်ချပေးထားမှုမှာ ကားအစီးရေ ၃၀,၀၀၀ နီးပါးရှိသည်။ ယင်းတို့ထဲတွင် အများစုမှာ ကိုယ်ပိုင်ကားများသာဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012



## ၂၀၁၂ မတ်၁၄မှ ၂၀ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်း နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၁ ပေ မှ ၁ ပေခွဲခန့်အထိသာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ မတ်လ(၁)ရက်နေ့မှ(၇)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများနဲ့တောင်ပိုင်းစွန်းဒေသတွေမှာ မိုးရေချိန် ၀. ၂လက်မ မှ ၁. ၈ လက်မအထိ မိုးအနည်းငယ်ထစ်ချုန်းရွာသွန်းခဲ့ကြတာကလွဲရင်၊ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမိုးရွာသွန်းမှုလျော့နည်းနိုင်ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများနဲ့ တောင်ပိုင်းစွန်းဒေသ များမှာ (၁)ရက်မှ(၂)ရက်ခန့် မိုးအနည်းငယ်ထစ်ချုန်း ရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ အများအားဖြင့် သာယာပါ့မယ်။

**နေ့အပူချိန်များ**

မတ်လဆန်းမှစတင်ကာ နွေရာသီကာလကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် ညအပူချိန်များအစား နေ့အပူချိန်များနဲ့ အစားထိုးထုတ်ပြန်ကြေငြာတော့မှာဖြစ်ပါတယ်၊လာမယ့်မတ်လကစတင်ပြီး နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့မြင့်တက်လာတော့မှာဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့တောင်ပိုင်းဒေသများမှာ သိသိသာသာ အပူချိန်များ တက်လာနိုင်ပါတယ်။ လာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ နေ့အပူချိန်များ အနေနဲ့ကတော့ ကချင်ပြည်နယ်အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း။ ချင်းပြည်နယ်တောင်ပိုင်းဒေသတွေမှာ ၂၀C မှ ၂၅Cခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဒေသတွေမှာ ၃၀ C မှ ၃၃ C ခန့်၊၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ မြေလတ်ပိုင်းနဲ့မြစ်ဝကျွန်းပေါ် ဒေသတွေမှာ ၃၆ C မှ ၃၇ C ခန့်၊ မြေလတ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာတော့ ၃၈ C မှ ၃၉ Cခန့်၊ ရှိနိုင်ပါတယ်။ တောင်ပိုင်း ဒေသတွေမှာ ဖြစ်မြဲအောက်လျော့ပြီး အပူလျော့နိုင်ပါတယ်။

**မြူအခြေအနေ**

မတ်လပထမ(၁၅)ရက်ခန့်အထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာ နံနက်ပိုင်းအချိန်အခါများမှာ မြူများကျဆင်းနိုင်ပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ(၂)ရက်မှ(၃)ရက်ခန့်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတွေမှာ (၁)ရက်မှ (၂)ရက်ခန့် နံနက်ပိုင်းအချိန်အခါများမှာ မြူများဆိုင်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင်လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီ မြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်နဲ့ဘင်္ဂလားပင်လယ်ပြင်တို့တွင် အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ ခန့်မှန်းရပါတယ်။

**၂၀၁၂ အတွက် အရေးကြီးသောအခြေအနေ**

လက်ရှိဖြစ်ပေါ်နေတဲ့ လာနီညာရာသီဥတုဟာ မတ်လအကုန်မှာ ပြီးဆုံးတော့မယ်လို့ ခန့်မှန်းရပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ ၂၀၁၂ ခုနှစ်ဟာ နေအမည်းစက်အများဆုံးနှစ် ဖြစ်နေပါတယ်။ နေအမည်းစက်အများဆုံးနှစ်တွေမှာ အယ်လ်နီညိုနှစ်ဖြစ်လာပါက အလွန်ပူပြင်း ခြောက်သွေ့တတ်တဲ့အတွက် ၂၀၁၂ ရဲ့ လက်ကျန်ကာလတွေမှာ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုကို စောင့်ကြည့်ဖို့ အရေးကြီးနေပါတယ်။

လက်ရှိအချိန်မှာ မြန်မာနိုင်ငံအတွင်းမိုးရွာသွန်းမှုလျော့နည်းမှုဟာ အောက်တိုဘာလ နောက်ဆုံးပတ်မှ ယနေ့အထိဖြစ်ပေါ်နေခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတွင်းရှိမြစ်ကြီးများ၊ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအချို့နဲ့ တစ်ပြည်လုံးရှိလယ်ယာစိုက်ကွင်းတွေမှာ မြေဆီလွှာအစိုဓာတ်ရရှိမှုအခြေအနေတွေမှာ ရေအဝင်လျော့နည်းနေတဲ့အတွက် ကဏ္ဍအသီးသီးမှာ ရေနည်းမှုအခြေအနေကို ကြုံတွေ့နေရပြီဖြစ်တဲ့အတွက် ကြိုတင်ကာကွယ်မှုတွေ လုပ်ဆောင်ကြဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ၁၉၉၀ လက်ကျန် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပြန်လည်ဖွဲ့စည်းမည်

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၇**

၁၉၉၀ ရွေးကောက်ပွဲတွင် ၁၁ နေရာအနိုင်ရခဲ့သော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က တရားဝင်ပါတီမှတ်ပုံတင်ထားပြီးပြန်လည်တည်ထောင်ခွင့်ရပါက ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်တွင် ပါတီပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း ယင်းပါတီ၏ ယာယီဥက္ကဋ္ဌ ဦးသာဘန်းကပြောသည်။

"ပါတီကတော့ မြောက်ပိုင်းက မြို့နယ်တွေမှာ တည်ထောင်ထားဖို့ ရည်ရွယ်ထားပါတယ်။ အရင် ရွေးကောက်ပွဲ တုန်းက ဘာလို့မဝင်တာလဲဆိုတော့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရတဲ့ လူတွေ မလွတ်သေးလို့ပါ။ အခု အထိုက်အလျောက်လွတ်လာတော့ ပါတီမှတ်ပုံတင်ဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းပါတီ မှတ်ပုံတင်ထားခြင်းသည် ၂၀၁၅ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် တင်ထားခြင်းဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲတွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ရခိုင်ပြည်နယ်မြောက်ပိုင်း ၁၁ နေရာ အနိုင်ရရှိခဲ့သည်။

ယင်းပါတီက တရားဝင်မှတ်ပုံတင်ပြီး ပြန်လည်တည်ထောင်ခွင့်ရပါက ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီနှင့် ပူးပေါင်းရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြောင်းသတင်းရရှိသည်။

# လိုင်းကားစီးရာတွင် ကတ်စနစ်ဖြင့် ငွေပေးနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊မတ်-၁၀**



ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းများတွင် လာမည့် ဧပြီလမှစတင်ကာiPay ဟူသော ကဒ်စနစ်ဖြင့်အသုံးပြုကာငွေပေးသွင်းစီးနင်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယာဉ်လိုင်းများပေါ်တွင် အသုံးပြုနိုင်မည့် အဆိုပါiPay Card စနစ်ကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကစ္စနဒီကုမ္ပဏီကရောင်းချပေးမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှတာဝန်ရှိဖြစ်သော စီမံကိန်းမန်နေဂျာ ဦးအောင်ကျော်က 7Day News သို့ပြောသည်။

ယင်းကဲ့သို့ မြို့တွင်းပြေးဆွဲနေသည့် ယာဉ်လိုင်းများကို အဆိုပါ iPay ကဒ်စနစ်ဖြင့် စီးနင်းနိုင်ရန် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်မှာ ယာဉ်စီးနင်းသူများငွေစကျူအကြွေပြဿနာအဆင်ပြေစေရန်၊ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ရသင့်ရထိုက်သည့် အကျိုးအမြတ်များရရှိစေရန်နှင့် နိုင်ငံတကာနှင့်အညီ ပိုမိုအဆင့်မြင့်လာစေရန်အတွက်ဟုသိရသည်။

iPay Card စနစ်ကို အသုံးပြုပြီး ယာဉ်လိုင်းများကို စီးနင်းလိုသူများအနေဖြင့် ယင်း ယာဉ်စီးကဒ်များကို ရန်ကုန်မြို့တွင်း ဘတ်စ်ကားဂိတ်များ၊ ဌာနခွဲဂိတ်များ၊ အဝေးပြေးဂိတ်များ၊ စူပါမားကတ်များနှင့် iPay Station များတွင် ဝယ်ယူနိုင်မည်ဖြစ် သည်။

ကစ္စနဒီ ကုမ္ပဏီအနေဖြင့် iPay Station များကို ယခုလက်ရှိတွင် ရွှေဂုံတိုင်၊ လှော်ကား၊ တညင်းကုန်းနှင့် စော်ဘွားကြီးမြို့နယ်များရှိကားဂိတ်များအနီး တွင် တည်ဆောက်ထားပြီးဖြစ် သည်။

စတင်ပြီးချိန်မှ လအနည်းငယ်အချိန်အထိ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းများတွင် ဦးဆုံးအသုံးပြုသွားမည်ဖြစ်ပြီးနောက်ပိုင်းတွင်အဝေးပြေးယာဉ်လိုင်းကြီးများတွင်ပါ တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ပေးသွားမည်ဟု ယင်းကုမ္ပဏီမှသိရသည်။

အဆိုပါယာဉ်စီးကဒ်များဖြင့် ပထမဦးဆုံးအသုံးပြုနိုင်မည့် ယာဉ်လိုင်းလမ်းကြောင်းများမှာ ရန်ကုန်(ဆူးလေ)-အင်းစိန် လမ်းကြောင်းများဖြစ်သည်။

ကစ္စနဒီကုမ္ပဏီအနေဖြင့် အသုံးပြုလိုသည့်ယာဉ်လိုင်းတိုင်းကို အရေအတွက် ကန့်သတ်မထားပဲ အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်သည်ဟုအထက်ပါတာဝန်ရှိသူက ဆိုသည်။

iPay ကဒ်ဖြင့် ယာဉ်စီးနင်းလိုက်ပါလိုသူများအနေဖြင့် ကဒ်ဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ငွေကျပ် ၅၀၀ မှစတင်ကာ အနည်းဆုံး ထည့်သွင်းနိုင်ပြီး အများဆုံး ကျပ်တစ်သိန်းထက်မပိုပဲ ထည့်သွင်းအသုံး ပြုနိုင်မည်ဖြစ်သည်။

ကဒ်အတွင်းထည့် သွင်းထား သောငွေလက်ကျန်မှာ ကျပ်တစ်ရာအောက်ဖြစ်ပါက သုံးစွဲနိုင်မည်မဟုတ်ကြောင်း သိရသည်။

အဆိုပါ iPay Card များကို ကဒ်တစ်ကဒ်လျှင် စတင်ရောင်းချသည့် ကာလမှ နှစ်လအတွင်းတွင် ကျပ်သုံးရာဖြင့်သာ ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါကာလကျော်လွန်ပါက ကဒ်တစ်ကဒ်၏ တန်ဖိုးမှာ ကျပ်ငါးရာမှ တစ်ထောင်အတွင်းရှိမည်ဖြစ်သည်။

အသုံးပြုသူများအနေ ဖြင့် ယင်းကဒ်ကို မိမိစီးနင်းနေကျ ခရီးစဉ်အကွာအဝေးအတိုင်း ယာဉ်လိုင်းများမှ သတ်မှတ်ထားသော ယာဉ်စီးခအတိုင်းသာ ပေးချေရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစနစ်ကို တပ်ဆင်ထားသော ယာဉ်များအားလုံးတွင် အချိန် ၀. ၁ စက္ကန့်မျှသာပေးပြီး ငွေပေးချေစီးနင်းနိုင်ပြီး အသုံးပြုသူများအနေဖြင့် လည်း မိမိ၏ကဒ်နံပါတ်၊ လက်ကျန်ငွေပမာဏနှင့်စီးနင်းသည့် ယာဉ်နံပါတ်များကို စစ်ဆေးနိုင်မည်ဖြစ်သည်ဟု သိရသည်။

"ကဒ်တစ်ကဒ်ကို တစ်ဦးသာသုံးစွဲခွင့်ရှိပါတယ်။ ကိုယ့်ကဒ်နဲ့ သူများကသုံးလို့မရပါဘူး။ကိုယ်သုံးစွဲတဲ့ကဒ်ရဲ့ လုံခြုံမှုအတွက်လည်း လျှို့ဝှက်ကုဒ်နံပါတ်စနစ်တွေကို ထည့်သွင်းပေးထားပါတယ်" ဟု အထက်ပါစီမံကိန်းမန်နေဂျာက ဆက်လက်ပြောသည်။

ရန်ကုန်မြို့တွင်းတွင် မကြာမီအချိန်အတွင်း အသုံးပြုနိုင်တော့မည့် အဆိုပါ iPay ယာဉ်စီးကဒ်နှင့်ပတ်သတ်ပြီး အင်းစိန်-ရွာမမှ ဆူးလေသို့ပြေးဆွဲနေသည့် မထသ ၄၈ ယာဉ်လိုင်းမှ လုပ်သက် ၁၀နှစ်ရှိယာဉ်မောင်းတစ်ဦးက "ဒီလိုမျိုး ကဒ်စနစ်နဲ့ကားတွေစီးလို့ရတော့မယ်ဆိုတာကောင်းပါတယ်။ ကျွန်တော်တို့အပိုင်းကပြောရရင် ယာဉ်နောက်လိုက်တွေတော့နည်းနည်းအလုပ်ရှုပ်သက်သာမယ်။ ဒါပေမဲ့ လိုင်းကားတွေဒီထက်ပို များဖို့လိုတယ်။ ဒီစက်တပ်ထားတဲ့ကားကို စီးတဲ့ ကဒ်ပိုင်ရှင်က ကားက အရမ်းကိုလူကျပ်နေရင် ဘယ်လိုလုပ်ပြီး သုံးရတာအဆင်ပြေမလဲ။ ဒါကိုယာဉ်လိုင်းတွေက ထည့်စဉ်းစားပေးသင့်တယ်" ဟု ၄င်း၏အမြင်ကိုသုံးသပ်ပြောဆိုသည်။

# ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်ဇာတ်ရုပ်အတွက် လျှောက်လွှာများ ခေါ်ယူမည်

**အေးသူစံ**

**ကောလင်း၊ မတ်- ၇**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်နေရာဖြစ်သော ဗိုလ်ချုပ်ကတော်ဒေါ် ခင်ကြည်၏ ဇာတ်ရုပ်တွင် သရုပ်ဆောင်ရန် လျှောက်လွှာများခေါ် ယူသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဗိုလ်ချုပ်ကတော် ဒေါ် ခင် ကြည်ဇာတ်ရုပ်အတွက်လည်း ဗိုလ်ချုပ်လိုပဲ သတင်းစာထဲမှာ လျှောက်လွှာပုံစံထည့် ပြီးခေါ် ယူသွားမှာပါ။ ဗိုလ်ချုပ်ဇာတ်ရုပ်အတွက် မတ်လ ၁၅ရက် ရွေး ချယ်ပွဲမတိုင်မီတစ်ရက်၊ နှစ်ရက်အလိုလောက် သတင်းစာထဲကနေဗိုလ်ချုပ်ကတော်နေရာအတွက် သရုပ် ဆောင်တွေကို ခေါ် ယူတော့မှာပါ။ လိုအပ်တဲ့အသေးစိတ်အချက်အလက်တွေကိုတော့ ဒီရက်ပိုင်းတွင်း ထုတ်ပြန်သွားဖို့ ရှိပါတယ်" ဟု အထက်ပါ တာ ဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဒေါ် အောင်ဆန်းစုကြည်သည် အဆိုပါဗိုလ်ချုပ်ရုပ်ရှင် ဇာတ်ကားအတွက် အဓိက သရုပ်ဆောင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ် ကတော် ဒေါ် ခင်ကြည်တို့နေရာတွင်သရုပ်ဆောင်ရန် ပြင်ပမှ သရုပ်ဆောင်များကို ရွေးချယ်ရန် အခြားဇာတ်ရုပ်များအတွက်မူ ပြည်တွင်းအနုပညာရှင်များ သုံးစွဲနိုင်ကြောင်း ဆန္ဒပြုထားသည်။

"ဒါ ဒေါ် စုရဲ့ ဆန္ဒပေါ့။ ဒီကားက ကမ္ဘာကို သွားမယ့်ကားဖြစ်တယ်။ ဒီကားနဲ့ မြန်မာသရုပ်ဆောင်တွေကို ကမ္ဘာကိုသိစေချင်တယ်။ ကမ္ဘာကသိလို့ မြန်မာသရုပ်ဆောင်တွေကိုသဘောကျရင် ကမ္ဘာကိုလှမ်းမယ့်ကားတွေ ထပ်ရိုက်နိုင်မယ်။ ဒါကြောင့်လည်း ဗိုလ်ချုပ်နဲ့ ဒေါ် ခင်ကြည်ကလွဲရင် အနုပညာလောကက ပထမအဆင့်အနေနဲ့ အောင်မြင်နေတဲ့ မင်းသားတွေ၊ အဲဒီကမှတစ်ဆင့် တခြားသရုပ်ဆောင်တွေကို ထည့်ရိုက်ပါလို့ ဒေါ် စုက ပြောထားပါတယ်" ဟု ၄င်းကပြောပြသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အကောင်းဆုံးဝန်ဆောင်မှုပေးသူ

သန်းဌေး

အဝေးက လှမ်းကြည့်လိုက်လျှင် ညိုမှောင်သော မျက်နှာပြင်ထက်က သွားဖြူဖြူဖွေးဖွေးလေးများကိုသာ လှမ်းမြင်နေရသည်။ ခန္ဓာကိုယ်၊လက်ဟန်အမူအရာက ကားရှုပ်ရှုပ်၊ လမ်းမလယ်တွင် အကပညာသည်တစ်ဦး ဖြေဖျော်နေသကဲ့သို့ဖြစ်နေ၏။

လမ်းသွားလမ်းလာ၊ ဆိုက္ကား၊ ဘတ်စ်ကားနှင့် အငှားယာဉ်စီးသူပါမကျန် ကိုယ်ပိုင်ယာဉ်ပေါ်မှ လူတိုင်းလိုလိုပါ သူ့ကို သတိပြုမိကြသည်။ သူ့ကို မြင်ဖူးသူတိုင်းက "ဒီကောင်လေး တော်တော် အလုပ်လုပ်တယ်"ဟူ၍ မှတ်ချက်ပြုကြသည်။

အရပ်ထောင်ထောင်မောင်းမောင်းနှင့် ယာဉ်ထိန်းရဲဝတ်စုံကို စနစ်တကျဝတ်ဆင်ထားပုံက သပ်ရပ်ခံ့ညားသည်။ ကားလမ်းပေါ်က ကားမျိုးစုံကို လိုအပ်သလို ကိုယ်နေဟန်အပြည့်ဖြင့် လမ်းညွှန်ပေးနေသည့် အဆိုပါယာဉ်ထိန်းရဲတစ်ဦးကိုရန်ကုန်မြို့က ယာဉ်အသုံးပြုသူတော်တော်များများက သတိထားမိကြသည်။

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် လင့်လမ်းဘတ်စ်ကားမှတ်တိုင်အနီး ဓမ္မစေတီလမ်းဆုံတွင် နေပူမရှောင်၊ မိုးရွာမရှောင် မတ်မတ်ရပ်လျက် ကျရာတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။ အနီးအနားမှဖြတ်သွားသူတိုင်းကို မအားလပ်အောင်လမ်းညွှန်ပေးရင်းက အပြုံးလက်ဆောင်ပါ ထပ်ဆောင်းပေးနေခြင်းက လူအများက သူ့ကိုသတိထားမိစေခြင်း၏ အကြောင်းရင်းလည်းဖြစ်၏။

ထိုရဲတပ်သားလေးမှာ ခင်မြင့်မောင်(ခေါ်)မြင့်မောင်ဖြစ်ပြီး ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အောင်တိုင်ကျေးရွာသား ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်သည်။ ရူပဗေဒဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သော်လည်း သူဝါသနာပါရာ ရဲတပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နေခဲ့ခြင်းဖြစ်သည်။ ယခု သူတာဝန်ကျသည့်နေရာသို့ ၂၀၁၀ နှစ်ကုန်ပိုင်းက စရောက်ခဲ့ခြင်းဖြစ်သည်။ ထိုနေရာမရောက်မီ ရန်ကုန်မြို့ရှိ မီးပွိုင့်အချို့တွင်လည်း တာဝန်ချထားခံခဲ့ရသည်။ သို့သော် ထိုနေရာများတွင် သူမပျော်ခဲ့။

"မပင်ပန်းပါဘူး။ အခုလိုမတ်တတ်ရပ်လုပ်နေရတာကို ဝါသနာပါတယ်"ဟု ထိုရဲဘော်ကဆိုသည်။ ထို့ကြောင့်လည်း မရပ်မနား လှုပ်ရှားနေရအောင် ယာဉ်ကြောရှုပ်သည့် ထိုလင့်လမ်းထောင့်နေရာက သူ့အကြိုက်ဖြစ်နေတော့သည်။

ထိုနေရာတွင် တာဝန်ချထားခံရပြီး သိပ်မကြာခင်မှာ နေပြည်တော်ရဲတပ်ရင်းသို့ပြောင်းရွှေ့တာဝန်ချထားခြင်းလည်း ခံခဲ့ရသေးသည်။ သို့သော်လည်း ကံကောင်းစွာဖြင့် သူ့အထက်အရာရှိမှ သူ့အား လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားကြောင်း ထောက်ခံချက်ပေးလိုက်ခြင်းကြောင့် ယာဉ်ထိန်းရဲပြန်ဖြစ်ခွင့်ရပြီး ယာဉ်ကြောရှုပ်သည့် ယင်းနေရာ၌သာ ဆက်လက်တာဝန်ယူစေသည်။

ထိုအခါကျမှ သူတာဝန်ယူနေသော လမ်းဆုံတွင် သူ့ကိုမတွေ့ရသော ဖြတ်သွားသူတိုင်းက ပိုသတိထားမိလေသည်။

"အဲဒီရဲဘော်လေး တစ်ခါပျောက်သွားသေးတယ်။ နေပြည်တော်ပါသွားတယ်ဆိုတာ ပြန်လာမှသိရတာ။ အဲဒီတုန်းက အဲဒီနေရာက ဖြတ်သွားရင် တော်တော်အဆင်မပြေတာ။ ဒါကြောင့် သူ့ကိုသတိရနေကြတာ" ဟု အငှားယာဉ်ယာဉ်မောင်းတစ်ဦးကဆိုသည်။

အလုပ်ကိုသာ မနားတမ်းလုပ်သလောက် စကားနည်းသော သူ့ထံမှ ကြားရသော ခဲခဲယဉ်းယဉ်း တစ်ခွန်းတည်းသော စကားမှာ "ကားကျပ်နေတယ်ဆိုရင် ရှင်းလင်းပေးဖို့က ကျွန်တော့်တာဝန်ပါ။ ကားတွေကိုပရမ်းပတာ မမောင်းစေချင်ဘူး။ ယာဉ်တိုက်မှုဖြစ်ရင် နှစ်ဦးနှစ်ဖက်နစ်နာဆုံးရှုံးမှုဖြစ်မှာ မလိုလားပါဘူး"ဟူ၍ပင်။

သူတာဝန်ကျရာနေရာတွင် ယာဉ်စည်းကမ်းဖောက်သော ယာဉ်များအား သတိပေးစကားပြောသကဲ့သို့ သူ့အနီးအနားတွင် ယာဉ်တိုက်မှု ကြုံလာပါကလည်း အတတ်နိုင်ဆုံး နှစ်ဦးနှစ်ဖက် ပြေလည်စေရန် ညှိနှိုင်းပေးလေ့ရှိကြောင်း ကိုယ်တွေ့ကြုံသူများက ပြောသည်။

"ဟုတ်တယ် သူ့ကို သတိထားမိတယ်။ မျက်နှာချိုချိုနဲ့ သူ လမ်းကြောပြပုံက ဒူးလေးညွတ်ညွတ်ပြီးတော့။ အဲဒီလမ်းက ဖြတ်တိုင်း သူ့ကို တကူးတကကြည့်ရတာ။ တစ်ခါတလေ မတွေ့ရင်တောင် နေပူမိုးရွာမရှောင် အလုပ်လုပ်ရလို့ နေမကောင်းဖြစ်နေတာလားလို့တောင် စိတ်ပူမိတယ်။ အလုပ်ကို ပျော်ပျော်ရွှင်ရွှင် လုပ်တတ်တာကိုသဘောကျလို့ပါ"ဟု သူ့ဝန်ဆောင်မှုကို နှစ်ခြိုက်သော ယာဉ်မောင်း အမျိုးသမီးတစ်ဦးက မှတ်ချက်ပေးသည်။

အလုပ်ချိန်အတွင်း သူ၏အဖော်မွန်ဖြစ်သည့် ရေသန့်ဘူးလေးများက လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်ချုံလေးထဲတွင်ဖြစ်သည်။ ချွေးတစိုစိုဖြင့် နေပူကျဲကျဲအောက်တွင် လမ်းရှင်းပေးနေရင်းက ချုံထဲရှိ ရေဘူးထဲမှ ရေကို အပြေးအလွှား မော့လိုက်ရသေးသည်။ ပြီးနောက် ခန္ဓာကိုယ် လှုပ်ရှားမှုသာမဟုတ်၊ ဝီစီကိုလည်း တရှီရှီမှုတ်သေး၏။


ဖြတ်သွားဖြတ်လာ ကားသမားတို့က ငွေစနှင့် စားစရာတို့ကို သူ့အနီး ပစ်ချပေးသွားသည်ကိုလည်း တွေ့ရသည်။

"အဲဒီကောင်လေးက ရစ်တာ၊ ညစ်တာမလုပ်ဘဲ သူ့အလိုလိုလူတွေက ပေးကြတာ။ သူ အလုပ်အရမ်းလုပ်တာရော၊ မျက်နှာချိုတာရောကြောင့် လူတွေက ချစ်တာ။ ပြီးတော့ သူများတွေလို ရဲအိမ်လေးထဲ ဝင်ထိုင်နေတာမျိုးလည်း မရှိဘူး"ဟု အငှားယာဉ်မောင်းတစ်ဦးက ချီးကျူးစကားဆိုသည်။

ထိုရဲဘော်ရသည့်ငွေစတို့က ကြည်ဖြူစွာဖြင့် ပေးကမ်းချီးမြှင့်မှုဖြစ်၏။ ထို့ကြောင့်လည်း ထိုရဲဘော်၏ တာဝန်ကျေပွန်မှု၊ အပြုံးနှင့် ဝန်ဆောင်မှုက ၎င်း၏ အဖွဲ့အစည်းပုံရိပ်ကိုပါ မြှင့်တင်ပေးသလို ရှိသည်။

ဒုတပ်ကြပ် ခင်မြင့်မောင်ကဲ့သို့ ယာဉ်အသုံးပြုသူတို့ကို မေတ္တာအပြည့်ဖြင့် ဝန်ဆောင်မှုပေးသည့် ယာဉ်ထိန်းရဲဝန်ထမ်း အလွန်ရှားပါသည်ဟုသာ လူတိုင်းက မှတ်ချက်ပြုကြလေသည်။




ဒီတစ်ပတ်တော့ ဝိုက်ဖီက လက်သုပ်စာတစ်မျိုးကို စီစဉ်ထားပါတယ်။

ထူးထူးခြားခြား ပိန္နဲသီးကို နူးညံ့အောင်ပြုတ်ပြီး သုပ်တဲ့ အရသာရှိတဲ့ လက်သုပ်စာတစ်မျိုးပဲ ဖြစ်ပါတယ်။ ပိန္နဲသီးသုပ်အတွက် လိုအပ်တာတွေက ပိန္နဲသီးတစ်စိတ်ပဲဖြစ်ပါတယ်။

ပထမဆုံး ပိန္နဲသီးစိတ်ကို နူးညံ့နေအောင် ပြုတ်ပါမယ်။ ပိန္နဲသီးနူးသွားရင် ပြုတ်ထားတဲ့ ပိန္နဲသီးစိတ်ကို ပါးပါးလေးလှီးရင်လှီး၊ ဒါမှမဟုတ် လက်နဲ့အဖတ်လေးတွေဖြစ်အောင် နွှာလိုက်ပါ။ ပြီးရင် ကြက်သွန်ဖြူဆီချက်နဲ့ နှမ်းလှော်၊ ဆားတို့နဲ့ နယ်ဖတ်ပြီး သုပ်ရုံပါပဲ။ ဒါကတော့သက်သတ်လွတ်စားလို့ရတဲ့ပုံစံပါ။ ချဉ်ချဉ်စပ်စပ် စားချင်တယ်ဆိုရင်လည်း ငရုတ်သီးဆီချက်နဲ့ ငံပြာရည်အနည်းငယ်ထည့်ပြီး သံပရာရည်ညှစ်ပြီး စားလို့ရပါတယ်။

ဈေးဝယ်ထွက်မယ်

## ရဟန်းခံ၊ ရှင်ပြု၊ အလှူပွဲတွေအတွက် ပစ္စည်းစုံလင်တဲ့နေရာ





ဓာတ်ပုံ - ဝေယံ

အိမ့်ဖြူလွင်

သီးနှံပေါ်တဲ့ရာသီ၊ ငွေရွှင်တဲ့ရာသီဖြစ်တာကြောင့် ဒီလိုအချိန်မှာ အလှူအတန်းပွဲတွေ များလှပါတယ်။

ရှင်ပြု၊ ရဟန်းခံ၊ နားသစတဲ့ ဘာသာရေးနဲ့ဆိုင်တဲ့ အလှူတန်းပွဲတွေကလည်း ခုလိုအချိန်ခါရာသီမှာကျင်းပလေ့ရှိကြသလိုအလှူဒါနရက်ရောတဲ့ ဆင်းရဲချမ်းသာမခွဲခြားတဲ့ အစဉ်အလာဓလေ့များအရလည်း ငွေကြေးတတ်နိုင်သူများရော မတတ်နိုင်သူများပါ ပါဝင်နိုင်တဲ့စုပေါင်း အလှူပွဲများလည်း ပြုလုပ်လေ့ရှိပါတယ်။

ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ့်ကဏ္ဍကိုလည်း ရဟန်းခံ၊ ရှင်ပြုစတဲ့ အလှူပွဲတွေမှာ မပါမဖြစ်သုံးရတဲ့ အဆင်တန်ဆာတွေ သက်နှန်းပရိက္ခရာတွေအစုံအလင်ကိုတစ်နေရာတည်းမှာအစုံအလင် ရနိုင်တဲ့ နေရာကို ရွေးချယ်ထားပါတယ်။

စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012



# ရှမ်းရွာလေးကအဘွားအို

ယုဇနကိုကို

ဂုန်လျှော်ဖျင်ပိုင်းတို့ကိုစပ်ကာ ချုပ်ထားသော ဂုန်နီစဖြင့် ဖုံးအုပ်ထားသည့် ပစ္စည်းတစ်ခုက နေအိမ်ထောင့်ကျကျတွင် နေရာယူထားသည်။ ထိုဂုန်နီစအောက်က အရာဝတ္ထုက သူကိုယ်တိုင်ကြိုတင်ပြင်ဆင်ထားသည့် ခေါင်းတလားတစ်ခုပင်ဖြစ်သည်။

ထိုခေါင်းတလားကြီးအတွင်းသို့လည်း သူကိုယ်တိုင် အသေအချာ ဝင်လဲလျောင်းပြီး ကြည့်ခဲ့ပြီးဖြစ်သည်။

ခေါင်းတလားကြီး၏အရောင်မှာ အနီရောင်တောက်တောက်ဖြစ်သည်ကို ယင်းကိုဖုံးလွှမ်းထားသည့် ဂုန်နီအိတ်၏ လက်တစ်ဝိုင်းစာပေါက်ပြဲနေသည့် နေရာမှ တွေ့မြင်နေရသည်။

ကျကျနန ပြင်ဆင်ထားသည့် အနီရောင်ရဲရဲ ထိုခေါင်းတလားကြီး၏ ပိုင်ရှင်မှာအသက် ၇၆ နှစ်ရှိပြီဖြစ်သည့် ဒေါ်အဲအီဆိုသူဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးအလွန် လေးနာရီနီးပါး ကားဖြင့်မောင်းနှင်ရသော မန်ကပ်ဆိုသောကျေးရွာလေးမှာထိုအဘွားအိုနေထိုင်ရာ ရွာငယ်လေးဖြစ်သည်။

ရှမ်းတရုတ်စပ်အဘွားဒေါ်အဲအီ၏ အက်ကွဲကြမ်းတမ်းနေသော လက်အစုံက သူဖြတ်သန်းလာရသည့် ဘဝကိုထင်ဟပ်နေပါသည်။

အဘွားအို၏ထူးခြားချက်က အသက်အရွယ်နှင့်မလိုက်လွန်းလှအောင် အလုပ်များ လုပ်ခြင်းဖြစ်သည်ဟု အိမ်နီးနားချင်းရွာသားများက မှတ်ချက်ပေးကြသည်။

အဘွားအိုထံတွင် ထိုကဲ့သို့သူ၏အသက်အရွယ်နှင့်မမျှအောင် အလုပ်များလုပ်နေရခြင်းအကြောင်းရင်းတစ်ခုရှိပါသည်။

မိသားစုဆွေမျိုးများစွာရှိသော်လည်း ပေတစ်ရာပတ်လည်ရှိ ခြံကျယ်ကြီးထဲတွင် တစ်ဦးတည်းနေထိုင်ရသည့် အချိန်များကို အလုပ်လုပ်ရင်းကုစားနေခြင်းပင်ဖြစ်သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ကွယ်လွန်သွားခဲ့သည့် သားကြီးဖြစ်သူနှင့် အကြောင်းတစ်စုံတစ်ရာကြောင့် အကျဉ်းကျခံနေရသည့် သားငယ်ဖြစ်သူတို့ကို လွမ်းဆွတ်မျှော်လင့်နေရသည့် နေ့ရက်များစွာကို အလုပ်များများလုပ်ရင်းကျော်ဖြတ်နေခြင်းဖြစ်သည်။

ထိုပေတစ်ရာပတ်လည်ခြံကျယ်ကြီးထဲတွင် သားသမီးဆွေမျိုးတစ်ဦးတစ်ယောက်မျှ အတူတူမရှိနေသော်လည်း အသက် ၁၁ နှစ်အရွယ်ရှိပြီဖြစ်သည့် အမွေးစုတ်ဖွားခွေးဖြူလေး တစ်ကောင်ကိုတော့ အဘွား ပိုင်ဆိုင်ထားသည်။

စာ(၄၀)သို့






## အယ်ဒီတာထံ ပေးစာ

### ကျူရှင်မသင်၊ စားသောက်ဆိုင်သာဖွင့်ချင်သည်

ဖေဖော်ဝါရီလပိုင်းရက်တွေဟာမုံရွာမြို့ပေါ်ကတက္ကသိုလ်ဆရာ၊ ဆရာမတွေအတွက် အရုပ်ဆိုးအကျည်းတန်သွားပါတယ်။

"ကျူရှင်ရှိတဲ့နေရာတွေကိုလိုက်စစ်ဆေးနေတယ်။ ကျူရှင်သင်ရင်အဖမ်းခံရမယ်"လို့အသံတွေထွက်လာလို့ပဲဖြစ်ပါတယ်။ ဆရာ၊ ဆရာမ အယောက်တစ်ရာကို သွားမေးရင် အားလုံးက "လခသာ လုံလောက်ရင် ကျူရှင်လုံးဝမသင်ချင်ပါဘူး။ ကျူရှင်သင်ရတာ အရမ်းပင်ပန်းတယ်။ အချိန်ကုန်တယ်။ မိသားစုကိစ္စတွေလစ်ဟင်းတယ်။ ဝင်ငွေလုံလုံလောက်လောက်ရဖို့ ကျူရှင်များများရရေးကိုသာ အာရုံစိုက်နေရတာမို့ သုတေသနလုပ်ငန်းတွေကိုစိတ် မဝင်စားတော့ဘူး"လို့ ပြောမှာသေချာပါတယ်။

အခုတော့ပြဿနာရဲ့ဇစ်မြစ်ကိုမသုံးသပ်ဘဲ ဆရာ၊ဆရာမတွေကို အရေးယူမယ်ဆိုလို့ ကျိုးလန့်စာစားဖြစ်ကုန်ပါတယ်။ တံခါးတွေပိတ်ပြီး စာသင်ကြရတယ်။ လူအစောင့်တွေထားထားရတယ်။ စက်ဘီး၊ ဆိုင်ကယ်တွေကို ကျူရှင် နဲ့မနီးတဲ့နေရာမှာထားခိုင်းရတယ်။ ကျူရှင်ကိုလာရင် ကျူရှင်ရှိမှန်းမသိအောင် အုပ်စုဖွဲ့မလာဖို့၊ အုပ်စုဖွဲ့မပြန်ဖို့မှာကြရတယ်။ ကျူရှင် သင်လို့ရတဲ့ဝင်ငွေနဲ့သာ လည်ပတ်နေကြရတာမို့ မလွတ်မလပ်လုပ်နေကြရသော်လည်းပဲ ဘယ်သူမှ မသင်ဘဲ မနေနိုင်ကြဘူး။ ဖြစ်ခါမှ ဖြစ်ရော အရဲစွန့်သင်နေကြရတယ်။

ဆရာ၊ ဆရာမအများစုက ကျောင်းသား၊ ကျောင်းသူတွေကို အတင်းအကျပ် ကျူရှင်မယူမနေရလုပ်တာမျိုးလည်း မဟုတ်ကြပါဘူး။ ကျောင်းသား၊ ကျောင်းသူ တွေကိုယ်တိုင်က ကျူရှင်တက်ဖို့ဆန္ဒရှိကြတာပါ။ ကျူရှင်သင်လို့တိုက်ကြီးဆောက်ရလောက်အောင် အလျင်အမြန် ချမ်းသာသွားတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမဆိုတာမရှိသလောက်ရှားပါတယ်။ ကျောင်းသား၊ကျောင်းသူတွေအပေါ်ကို မဟုတ်တာလုပ်တဲ့၊ ကျင့်ဝတ်မညီတဲ့ဆရာ၊ ဆရာမ စုန်းပြူးတွေလည်းရှိမှာပါ။ ဒါပေမဲ့ နည်းမယ်ထင်ပါတယ်။ အများစုက စားဝတ်နေရေးဖူလုံအောင်၊ မိသားစုရပ်တည်နိုင်အောင် မတတ်သာလို့ ကျူရှင်ပြနေကြရတာပါ။ ဒါကို သက်ဆိုင်ရာအားလုံးက ဝိုင်းပြီးစဉ်းစားပေးကြဖို့လို မယ်ထင်ပါတယ်။

ဒီနေရာမှာမုံရွာကိုအခြေခံပြီး နည်းနည်းပြောချင်ပါတယ်။ ကျူရှင်မြို့ပေါ်ရှိ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေနေထိုင်ရာဝန်းကျင်မှာ ထန်းရည်၊ ခေါင်ရည်၊ ဘီယာ၊ အရက်မျိုးစုံ အလွယ်တကူရတဲ့ စားသောက်ဆိုင်တွေအများကြီး ရှိပါတယ်။ တရားဝင်ရောင်းကြသလို တရားမဝင်လည်း ရောင်းနေကြပါတယ်။ ပြီးတော့မနက်ခုနစ်နာရီလောက်ကနေ ညနေဆယ်နာရီလောက်အထိ ကြိုက်တဲ့သူ လာဝယ်၊ လိုသလောက်ရောင်းကြပါတယ်။ သောက်တဲ့သူကလည်း အင်မတန်ပေါပါတယ်။ အများစုက တက္ကသိုလ်ကျောင်းသား၊ကျောင်းသူတွေပါပဲ။ အခုဆိုရင် ကျောင်းသားတွေရဲ့ စည်းရုံးမှု၊ အလွယ်တကူရရှိနိုင်မှု၊ ကိုရီးယားပုံစံ အတုခိုးမှုတွေကြောင့် ကျောင်းသူတွေကလည်း ကျောင်းသားတွေနဲ့အပြိုင် လိုက်ပြီးသောက်နေကြပါပြီ။ ဘီယာ၊ အရက်မျိုးစုံရောင်းတဲ့ ဆိုင်ပိုင်ရှင်တွေမှာ အလျင်အမြန် ဟည်းဟည်းထကြီးပွားချမ်းသာသွားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆရာမတွေလည်း ဖမ်းဆီးစစ်ဆေးမှုမခံရတဲ့ ဘီယာ၊ အရက်မျိုးစုံရောင်းလို့ရနိုင်မယ့် စားသောက်ဆိုင်ဖွင့်ရင်ကောင်းမလားလို့ စဉ်းစားနေကြရပါပြီ။ **တက္ကသိုလ်ဆရာတစ်ဦး**

## စာ-၉၊ ရဟန်းခံ ရှင်ပြု၊ အလှူပွဲတွေအတွက် ပစ္စည်းစုံလင်တဲ့နေရာ မှ

အလှူတစ်ခုပြုမယ်။ ဒါမှမဟုတ် စုပေါင်းအလှူတစ်ခုမှာ ပါဝင်ဖို့ရှိတယ်ဆိုရင် မောင်ရင်လောင်းရဟန်းလောင်းများ အတွက် လိုအပ်တဲ့အဆင်တန်ဆာတွေ နားသမယ့်မိန်ကလေးတွေအတွက် လိုအပ်တဲ့ဝတ်စုံနဲ့အဆင်တန်ဆာတွေအားလုံးနဲ့တူတူသက်န်းပရိက္ခရာအစုံအလင်ကိုဒီဆိုင်မှာ ရနိုင်တယ်လို့သိရပါတယ်။

လိုအပ်တဲ့ဝတ်စုံတွေပစ္စည်းတွေအားလုံးကိုရှင်လောင်း၊နားသအရေအတွက် ၁၀၀၀ ခန့်ထိကို စီစဉ်ပေးနိုင်ပြီး တတ်နိုင်တဲ့ ငွေကြေးပမာဏနဲ့ အဆင်ပြေအောင်လည်း စီစဉ်နိုင်ပါတယ်လို့ ဆိုပါတယ်။

ရှင်ပြု၊နားသ အလှူပွဲတွေမှာ သုံးတဲ့ဝတ်စုံတွေ စလွယ် စည်းခုံ၊ ဥဿျောင်၊ လက်ဝတ်တန်ဆာတွေအားလုံးနဲ့တူတူ၊ လိုအပ်သော သက်န်းပရိက္ခရာတွေကို အရေအတွက်အများအပြား လိုချင်သူများအတွက် ငှားရမ်းတဲ့ အစီအစဉ်ရော ကိုယ်ပိုင်ဝတ်ချင်သူများအတွက် ပိတ်သားနဲ့ အမျိုးအစား ကောင်းမွန်မှုပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိတဲ့ပစ္စည်းတွေကို ရနိုင်တာပါ။

အလှူပွဲတွေပြုလုပ်မယ် ဆိုရင်တော့ တစ်နေရာတည်းမှာ အဆင်ပြေမယ့် အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် ဘုတာရှေ့က မဟာတော်ဝင်ကို ဈေးဝယ်ထွက်ကြည့်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။




## ပါရမီများကို တူးဖော်ခြင်း...

အရင့်အရင်တုန်းက ကျင့်ကြံခဲ့တဲ့တရား၊ အားထုတ်ခဲ့တဲ့တရားကို ဟိုးဘဝပေါင်းများစွာကလည်း ကျင့်ခဲ့ဖူးမှာပဲ။ အားထုတ်ခဲ့ဖူးမှာပဲ။ အဲဒီ တုန်းက ပေါ်ခဲ့တဲ့ အသိဉာဏ်တွေကို မောဟက၊ အဝိဇ္ဇာက အထပ်ထပ် ပြန်ဖုံးပါတယ်။ အားထုတ်တုန်းက ရှိခဲ့ပေါ်ခဲ့တဲ့ အသိဉာဏ်တွေကို အားမထုတ်ဘဲ နေတဲ့အခါမှာ အဝိဇ္ဇာက ပြန်ဖုံးလိုက်ပါတယ်။ အဲဒီလို အဝိဇ္ဇာက အထပ်ထပ်ပြန်ဖုံးနေတော့ ပါရမီတွေ အသိဉာဏ်တွေ ဘယ်ပျောက်လို့ပျောက်မှန်းမသိ၊ ဘယ်ရောက်လို့ရောက်မှန်းမသိဖြစ်နေပါတယ်။ အခု ဘဝမှာ ကျင့်ကြံပွားများ အားထုတ်နေတာက ဒီပါရမီတွေကိုပြန်ပြီးတူးဖော်နေကြတာပဲဖြစ်တယ်။

ပါရမီဆိုတာ သူများက လုပ်ပေးရမှာမဟုတ်ဘူး။ သူများက ဖြည့်ပေးနိုင်တာမဟုတ်ဘူး။ အလိုလိုနေရင်းနဲ့ ပါရမီတွေပြည့်လာတာလည်း မဟုတ်ပါဘူး။ ကိုယ်တိုင်ဆည်းပူးမှ ဖြည့်ကျင့်မှ ပြည့်မယ့်ပါရမီ၊ ကျင့်ကြံပွား များမှ ရရှိလာတဲ့ ပါရမီဖြစ်တယ်။ မကျင့်ဘဲနဲ့ ဘယ်သူမှ ပါရမီဆိုတာ ရမှာမဟုတ်ဘူး။ အခု ကျင့်ကြံပွားများ အားထုတ်ခြင်းဟာလည်း

အရင်တုန်းက ရှိပြီးသားပါရမီတွေ၊ ဘဝအဆက်ဆက်မှာ ကျင့်ကြံအားထုတ်ခဲ့တဲ့ ကောင်းမှုပါရမီတွေကို ပြန်လည်ရရှိဖို့ပဲဖြစ်တယ်။ တရားအလုပ် အားထုတ်တဲ့အခါမှာလည်း ဒီသဘောတရားလေး အမြဲတမ်း ခေါင်းထဲထည့်ထားသင့်တယ်။ ဝီရိယမလျှော့သင့်ဘူး။ ကြိုးစားအားထုတ်တယ်။ ကျင့်ကြံတယ် မရဘူးဆိုပေမယ့် တစ်ချိန်မဟုတ်တစ်ချိန်မှာ ရလာမှာဖြစ် တယ်။

ရည်ညွှန်း-'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာအရှင်ပညိသာရ

## ရန်ကုန်သင်္ကြန်နှင့် နှစ်ပေါင်းနှစ်ဆယ်ကျော် ကင်းကွာခဲ့သော သံချပ်အလှပြယာဉ်ဖျော်ဖြေပွဲ ပြန်လုပ်မည်

**အေးသူစံ**

**ရန်ကုန်၊**
**မတ်-၁၀**

ရန်ကုန်မြို့သင်္ကြန်ကာလနှင့် နှစ်ပေါင်းနှစ်ဆယ်ကျော် ကင်းကွာခဲ့သော သံချပ်အလှပြယာဉ်ဖြင့် သံချပ် အငြိမ့်ဖျော်ဖြေပွဲကိုမတ်လကုန်ပိုင်းတွင်ကျင်းပရန်စီစဉ်နေကြောင်း စီစဉ်သူတစ်ဦးဖြစ်သူ ဇာဂနာကပြောသည်။ ရန်ကုန်သင်္ကြန်တွင် ၁၉၈၈ နောက်ပိုင်းမှစကာ ပျောက်ကွယ်ခဲ့သော သင်္ကြန် သံချပ်အလှပြယာဉ်ဖြင့် ဖျော်ဖြေပွဲကို ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။



"သံချပ်အတွက် ဒါရိုက်တာမောင်သီက အဓိကတာဝန်ယူထားတယ်။ ကိုမေတ္တာ၊ ကိုဗေလုဝ၊ ကိုကုသိုလ်နဲ့ ကိုအရိုင်းတို့ခေါင်းဆောင်တဲ့ သံချပ်အဖွဲ့လေးဖွဲ့ဖွဲ့ထားတယ်။ အငြိမ့်ကိုလည်း လွတ်လပ်ရေးနေ့ညက လုပ်တဲ့အငြိမ့်လိုပဲ သီးလေးသီးနဲ့ မြပုဏ္ဏမာနှစ်ဖွဲ့ ပေါင်းလုပ်မယ်။ သီးလေးသီးနဲ့ ဂေါ်ဇီလာ၊ ကင်းကောင်၊ ငှက်ပျောကြော်၊ အရိုင်း၊ ဖိုးဖြူနဲ့ ကျွန်တော်အားလုံး ဆယ်ယောက်ပေါ့။ လောလောဆယ်ဆယ်တန်းစာမေးပွဲပြီး တစ်ကြိမ်လုပ်မယ်။ သင်္ကြန်အကြို ဧပြီ ၁၂ ရက်နေ့ တစ်ကြိမ်လုပ်မယ်။ သင်္ကြန်သံချပ်ကားကြီးနဲ့ ပြည်သူ့ရင်ပြင်မှာ သံချပ်ရော၊ အငြိမ့်ရောယိမ်းတွေပါပါမယ်"ဟု ဇာဂနာက ပြောသည်။

ယင်းဖျော်ဖြေပွဲကို အများပြည်သူအား လက်မှတ်ဖြင့်ရောင်းချပြသမည်ဖြစ်ပြီးရရှိသောငွေကြေးများကိုဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးအတွက် ရန်ပုံငွေသုံးစွဲသွားမည် ဟုသိရသည်။ သံချပ်အလှပြယာဉ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို မတ်လ ၁၀ ရက်မှစကာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ ရုံးခန်းတွင် ပြုလုပ်နေပြီဖြစ်သည်။

"သင်္ကြန်တွင်းမှာပါ လုပ်ချင်တာပေါ့။ ဒါပေမဲ့ ပါဝင်တဲ့အနုပညာရှင်တွေက သင်္ကြန်တွင်း အလုပ်လက်ခံထားပြီးဖြစ်နေကြတယ်"ဟု ဇာဂနာက ပြောသည်။ သံချပ်များတွင်လက်ရှိ ခေတ်ကာလကို ထင်ဟပ်သော လမ်း၊ ကျောင်း၊ လျှပ်စစ်မီး၊ ဆေးရုံ၊ ရွေးကောက်ပွဲ စသည် အကြောင်းအရာတို့ပါဝင်မည်ဟုသိရသည်။

## ပြည်သူ့အကျိုးပြု အသင့်ဆောက်လုပ်နိုင်သော အဆောက်အအုံပုံစံများ အခမဲ့လှူဒါန်းမည်

**မေဝင်းမွန်**

**ရန်ကုန်၊ မတ် –၈**

မြန်မာနိုင်ငံဗိသုကာအသင်းမှပြည်သူ့အကျိုးပြု အသင့်ဆောက်လုပ်နိုင်သောအဆောက်အအုံပုံစံများကို မြန်မာနိုင်ငံနေရာအနှံ့ဒေသများမှ လိုအပ်သောမည်သူမဆိုကို အခမဲ့လှူဒါန်းမှုပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဗိသုကာအသင်းမှသတင်း ရရှိသည်။

ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ ဇရပ်၊ ဗိမာန်၊ ကုဋီစသည့်ဘာသာ ရေးဆိုင်ရာအဆောက်အအုံများ၊ ဆေးပေးခန်း၊ သားဖွားခန်း၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မီးကင်း၊ ဈေး၊ လူနေအိမ်၊ ယင်လုံအိမ်သာစသည့်ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာအဆောက်အအုံများ၊ ဇရပ်၊ ကားမှတ်တိုင်၊ အများသုံးအိမ်သာ၊ ယာယီဈေးဆိုင်ခန်း၊ ရွှေ့ပြောင်း ဈေးဆိုင်ခန်းများစသည့်လူမှုရေး အဆောက်အအုံများ၊ လူနေအိမ်များ၊ တန်ဖိုးနည်းအိမ်များ၊ ကျေးလက်နေအိမ်ပုံစံများကို အခမဲ့လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

အသင့်ဆောက်လုပ်နိုင်သောအများပြည်သူသုံးဗိသုကာဒီဇိုင်းလှူဒါန်းခြင်းကိုယခုလ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့်မြန်မာနိုင်ငံဗိသုကာအသင်း ၁၀နှစ်ပြည့်အထိမ်းအမှတ်ပွဲတွင် လှူဒါန်းမည်ဖြစ်သည်။ မြန်မာ့ဗိသုကာသမိုင်း၊ ခေတ် အဆက်ဆက်မှမြန်မာဗိသုကာလက်ရာများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ နည်းပညာများပြသမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲများလည်း ပါဝင်သည့်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမတွင် ပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဗိသုကာအသင်းကြီး ၁၀ နှစ်ပြည့်ပြပွဲကို ပြီးခဲ့သည့် နှစ်ဒီဇင်ဘာလကတည်းက ကျင်းပရန်စီစဉ်ခဲ့သော်လည်း ယခုလတွင်မှကျင်းပနိုင်ခြင်းဖြစ်သည်။

## မြို့သုံးမြို့တွင် အိန္ဒိယရုပ်ရှင်ပွဲတော်ကျင်းပမည်

**ရန်ကုန် ၊**
**မတ် –၆**

ရန်ကုန်၊ မန္တလေးနှင့်ပြင်ဦးလွင်မြို့သုံးမြို့တွင် ၂၀၁၂ခုနှစ်အတွက်အိန္ဒိယရုပ်ရှင်ပွဲတော်ကိုနာမည်ကျော်အိန္ဒိယရုပ်ရှင်ငါးကားဖြင့် ယခုလအတွင်း ပြုလုပ်မည်ဟု အိန္ဒိယသံရုံးက သတင်းထုတ်ပြန်သည်။

ရန်ကုန်မြို့ရှိအိန္ဒိယသံရုံးနှင့် မန္တလေးမြို့ရှိအိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ရန်ကုန်ရှိနေပြည်တော်ရုပ်ရှင်ရုံတွင် ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိပြသမည်ဖြစ်သည်။ မန္တလေးရှိ မြို့မရုပ်ရှင်ရုံတွင် ယခုလ ၁၉ရက်မှ ၂၃ ရက်အထိနှင့်ပြင်ဦးလွင်ရှိ ချယ်ရီလွင်ရုပ်ရှင်ရုံတွင် ယခုလ ၂၅ရက်မှ ၂၉ရက်အထိ ပြသမည်ဖြစ်သည်။

သိပ္ပံမေတ္တာဘွဲ့ ဟာသ စသည့် ရသစုံခေတ်ပြိုင်အိန္ဒိယရုပ်ရှင်ဇာတ်ကားများဖြစ်သော 3 Idiots၊ Krrish၊ Pokkiri၊ Om Shanti Om၊ Aladin ဇာတ်ကားများ ပြသမည်ဖြစ်ပြီး Anjana Anjani ရုပ်ရှင်ကားကို မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင်သာ ပြသမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# ဒုတိယအကြိမ်မြောက်ကားပြပွဲ ပထမ အကြိမ်လောက် ရောင်းအားမကောင်း

**အေးမြတ်သူ**
**ရန်ကုန်၊**
**မတ်-၉**

ရန်ကုန်မြို့၊ တပ်မတော် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သောဒုတိယအကြိမ် Yangon Expo & Car Show ပြပွဲတွင် ပထမအကြိမ်ကို မမီဘဲ ကားရောင်းအားကျခဲ့ ကြောင်း ကားအရောင်းပြခန်းအချို့မှ သိရသည်။

ဒုတိယအကြိမ်ကျင်းပခဲ့သော ပြပွဲလေးရက်အတွင်း ပြခန်းတစ်ခုလျှင် လူစီးကားအစီးရေ ၁၀ စီးခန့်သာ ရောင်းချခဲ့ရပြီးယခင် ပထမအကြိမ်ပြပွဲ၌ ပြခန်းတစ်ခုလျှင် အစီးရေ၄၀ ခန့်ရောင်းချခဲ့ရသည်။ ယခုပြပွဲတွင်သိန်းနှစ်ရာနှင့် သုံးရာကြားရှိကားများသာ အဝင်များခဲ့ကြောင်း သိရသည်။

“အရင်ပွဲလောက်သိပ်မများဘူး။ ဟိုပွဲကပထမဆုံးဆိုတော့ဝင်ကြတာပေါ့။ ဒါက ဒုတိယအကြိမ်ဆိုတော့ သိပ်မဝင်ကြဘူး” ဟု S.C.E Automobile မှ Customer Service မန်နေဂျာ ကိုကျော်စွာကပြောသည်။

KSMT မှ တာဝန်ရှိသူကလည်း “MCC ပွဲတုန်းက လူပိုစိတ်ဝင်စားတယ်။ နေရာအနေအထားနဲ့လည်းဆိုင်မယ်။ ဒီမှာက အဲဒီလောက်လူသိပ်မလာဘူး။ အရင်ပွဲလောက်တော့ ဒီပွဲကမရောင်းရဘူး”ဟု ပြောသည်။

“ရောင်းအားအနေနဲ့ မင်းဓမ္မနဲ့ တပ်မတော်ပွဲနဲ့ ကွာခြားမှုတော့ မရှိဘူး။ မင်းဓမ္မပွဲဆိုတော့ ပထမဆုံးစလုပ်တဲ့ပွဲဆိုတော့ ထူးခြားတာပေါ့။ ဒီ့ပြင် ကုမ္ပဏီတွေတော့ မသိဘူး။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ သိပ်ကွာခြားမှုမရှိဘူး။ ဒီတုန်းကလည်း တော်တော်ကြီးရောင်းရပါတယ်။ ဒီမှာလည်း ရောင်းရပါတယ်”ဟု OAC မှ Supervisor ကိုချိုငြိမ်းချမ်းကပြောသည်။

“ကုမ္ပဏီကြော်ငြာတဲ့သဘောနဲ့ ဝင်ပြရင်း မဆိုးပါဘူး။ တစ်နေ့သုံးလေးစီးတော့ ထွက်ပါတယ်။ သုံးရက်ကို ရှစ်စီးထွက်သွားပြီ။ ကြို့ပွဲပွင့်ကတော့ နှစ်စီးရောင်းရပါတယ်။ ဆယ်စီးလောက်ရောင်းပြီးသွားပြီ။ အခုဝင်တာများတာက သုံးရာပတ်ချာလည်လောက်လေးတွေ အဝင်များတယ်” ဟု SKK Business Group မှ အမှုဆောင်အရာရှိချုပ် ကိုချမ်းကျော်ကျော်ကပြောသည်။

မော်ဒယ်မြင့် တိုယိုတာ၊ ဟွန်ဒါ၊ ပါဂျဲရိုး၊ မတ်ခ်တူး စသောအမှတ်တံဆိပ်များမှ အင်ဂျင်ပါဝါ ၁၃၀၀၊ ၁၄၀၀၊ ၂၀၀၀၊ ၂၅၀၀စီစီ ကားများ ဝယ်ယူသူ များပြားခဲ့ပြီး မော်ဒယ်အားဖြင့် ၉၉ နှင့် ၂၀၀၀ ဝန်းကျင်ရှိကားများကို ဝယ်ယူမှုများပြားခဲ့သည်။ အချို့ဝယ်ယူသူများအနေဖြင့် တက္ကစီကားများအဖြစ် လုပ်ငန်းလုပ်ကိုင်မည့်သူများဝယ်ယူကြသည်ဟုသိရသည်။

## မျက်နှာဖုံး-မဲစာရင်းအချို့ မမှန်ကန်မှုနှင့်ပတ်သက်၍ ပါတီများ၏တိုင်ကြားမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လက်ခံဆောင်ရွက် မှ

“သက်ဆိုင်ရာ ကော်မရှင်တွေကိုရော၊ နိုင်ငံရေးပါတီတွေကိုရောမတ်လ၈ရက်မှာအကြောင်းကြားစာ ပေးပို့ထားပါတယ်” ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဌာန ညွှန်ကြားရေးမှူး ဦးသောင်းလှိုင်က မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်ရန်ညွှန်ကြားစာပေးပို့ထားကြောင်း ပြောသည်။ ထုတ်ပြန်ထားသော မဲစာရင်းနှင့်ပတ်သက်၍ နိုင်ငံရေးပါတီအချို့က တိုင်ကြားမှုများရှိခဲ့ပြီး၊ အဆိုပါ တိုင်ကြားမှုများကို ချက်ချင်းလက်ခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

“မဲစာရင်းတွေကိုလည်း သက်ဆိုင်ရာကိုယ်စားလှယ်လောင်းတွေကို တစ်စုံစီ အခမဲ့ ကူးခွင့်ပေးထားတော့ မဲစာရင်းနဲ့ ပတ်သက်လို့မမှန်ကန်စရာ အကြောင်းသိပ်မရှိဘူး။ မမှန်ကန်ဘူးလို့ ထင်ရင် ဒါက မမှန်ကန်ဘူးလို့ သူတို့က သက်သေပြပေါ့။ အဲဒီလိုသာ ပြောရင် ကော်မရှင်အဆင့်ဆင့်က မပါရမယ့်ဟာကို ပါရမယ့်ဟာ လို့တော့ ဘယ်သူမှ မပြောဘူး။ ပြင်ပေးမှာပဲ။ ကျွန်တော်တို့ဘက်ကတော့ အချိန်နဲ့ တစ်ပြေးညီ တိတိကျကျလုပ်ပေးနေပါပြီ။ ဥပမာဆိုပါစို့ မောင်ဖြူဆိုတာ မရှိဘူးဆိုရင် ကော်မရှင်က လိုင်းလေးတားလိုက်ရင် ပြီးသွားပြီ။ မဲစာရင်းမှာ မပါသေးတဲ့လူဆိုလည်း အချက်အလက်နဲ့ တင်ပြရင် ပါသင့် ပါထိုက်တဲ့သူဆိုရင် ပါမှာပဲ။ အဲဒီကိစ္စကို ကော်မရှင်ခွဲအဆင့်ဆင့်ကိုလည်း ညွှန်ကြားပြီးပြီ။ ပါတီတွေကိုလည်း ပြောပြီးပြီ”ဟု ဦးသောင်းလှိုင်က မတ်လ၁၂ရက်တွင်ပြောသည်။

မတ်လ၈ရက် ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ပေးပို့သော ညွှန်ကြားချက်တွင် “သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့်မိမိတို့၏မဲဆန္ဒနယ်အလိုက် ထုတ်ပြန်ကြေညာထားသော မဲစာရင်းများတွင် မဲဆန္ဒရှင်များထပ်နေခြင်း၊ပါဝင်သင့်သူ(အသက်ပြည့်သူ)များ မပါဝင်သေးခြင်း၊ ပြောင်းရွှေ့/ကွယ်လွန်သွားသူများကို မနုတ်ပယ်ရသေးခြင်း၊ အသစ်ပြောင်းရွှေ့ရောက်ရှိလာသူများကို ဥပဒေနှင့်အညီထည့်သွင်းပေးခြင်းတို့ကိုဖော်ပြပါဥပဒေပုဒ်မ၁၉၊နည်းဥပဒေ၁၃၊၁၄တို့နှင့်အညီတိကျစွာလိုက်နာဆောင်ရွက်၍ပြည့်စုံမှန်ကန်သည့် မဲစာရင်းဖြစ်စေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားပါသည်”ဟု ဖော်ပြထားသည်။

လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉တွင် မဲစာရင်း၌ ပါဝင်ခွင့်ရှိလျက် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင် ထိုအမည်များကို နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းရမည်ဟု ဖော်ပြထားပြီး နည်းဥပဒေ၁၃တွင် မဲစာရင်း၌ မဲပေးခွင့်ရှိသူများ၏ အမည်များ အစုအဝေးလိုက် ကျန်ရစ်ခဲ့လျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့သို့ ရွေးကောက်ပွဲမကျင်းပမီ ၇ရက်ထက်နောက်မကျစေဘဲ နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် မဲစာရင်း မှားယွင်းမှုများရှိလျှင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် မြို့နယ်ကော်မရှင်ရုံးများသို့ သွားရောက်တင်ပြနိုင်သည်ဟု ဆိုသည်။ မဲစာရင်းအချက်အလက် မှားယွင်းပါက ပြင်ဆင်ရန်အချိန် ၇ ရက်ပေးထားခြင်းမှာ မဲဆန္ဒရှင်များအတွက်ဖြစ်ပြီး၊ နိုင်ငံရေးပါတီများအတွက်မဟုတ်ဘဲ၊ မမှန်ကန်မှုများရှိပါက သက်ဆိုင်ရာကော်မရှင်များသို့တင်ပြပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၂၀၁၀ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မူလမဲစာရင်းများကို အခြေခံပြီး ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်ပြည့်စုံသော မဲစာရင်းများ ပြုစုရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက မတ်လ ၈ ရက်တွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူများ စာရင်း (မဲစာရင်း)ကို ဖေဖော်ဝါရီ ၂၉ ရက်မှ စတင်၍ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးရှိ ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကြေညာထားပြီးဖြစ်သည်။

မဲဆန္ဒနယ်အချို့၌ တွေ့ရသောမဲစာရင်းမမှန်ကန်မှုများတွင် မှတ်ပုံတင်နံပါတ်မှားယွင်းနေခြင်း၊ နေရပ်လိပ်စာမရှိသော်လည်းမဲပေးရမည့် စာရင်းထဲပါနေခြင်း၊ ကွယ်လွန်ပြီးသူများမှာမဲပေးရမည့်စာရင်းတွင်ပါဝင်နေခြင်း၊ မဲပေးရမည့်သူအချို့မှာ မဲစာရင်း၌ ပါဝင်လာခြင်းမရှိခြင်း၊ လူတစ်ဦးတည်း မှတ်ပုံတင်တစ်ခုထက်မက ပိုရှိနေခြင်း၊ မဲပေးရမည့်သူမှာ အမှန်နေထိုင်နေသည့်ကျေးရွာတွင်းမဟုတ်ဘဲအခြားကျေးရွာမဲစာရင်း၌ပါဝင်နေခြင်း၊ မဲပေးမည့်သူ၏ ဖခင်နှင့် မိခင်အမည် မှားယွင်းနေခြင်း၊ တစ်ဦးတည်းမှ အမည်ထပ်နေခြင်း စသည်တို့ဖြစ်ကြောင်း နိုင်ငံရေးပါတီများမှတာဝန်ရှိသူများကပြောသည်။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည် ယာဉ်တန်း ခဲဖြင့် ပစ်ခံရမှု ပြည်ထဲရေးက စစ်ဆေးပေးမည်ဟုဆို မှ

ယာဉ်တန်းထဲမှ အဆို တော် လင်းလင်းပါသော စတုတ္ထမြောက်ယာဉ်ကို ထိမှန်ကာ ကား၏နောက်လက်ယာဘက်မှန်ကွဲခဲ့ကြောင်းသိရသည်။

ဇန်နဝါရီ ၅ ရက် ည ၈ နာရီမိနစ် ၂၀အချိန်က ဖြစ်ပွားခဲ့ရသော အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီး ဌာနက ထိုကဲ့သို့ ပစ်ခတ်ခံရခြင်းမှာ ပထမဆုံးမဟုတ်ကြောင်း၊ ယခင်ကလည်း သံရုံးကားနှင့် လူကြီးယာဉ်တန်းများကိုပါ ထိုနေရာတွင် ပစ်ခတ်ခံရဖူးကြောင်း၊ ယခုအခါ အမှုမှန်ပေါ်ပေါက်စေရန် သေသေချာချာ သွားရောက်စစ်ဆေးသွားမည်ဟုပြောဆိုခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးခွန်သာမြင့်က အတည်ပြုပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေး-နေပြည်တော် မဲဆွယ်စည်းရုံးရေးခရီးစဉ်ကို ယခုလ ၅ ရက်နှင့် ၆ ရက်တို့တွင် သွား ရောက်ခဲ့ပြီး နေရာလေးနေရာတွင် မိန့်ခွန်းလေးကြိမ်ပြောကြားခဲ့သည်။

## မျက်နှာဖုံး-ကမ္ဘာကျော် ပိုးလမ်းမကြီး ဖောက်လုပ်မှု ဖြစ်ရပ်မှန်ရုပ်ရှင်ရိုက်ကူးမည် မှ

အိန္ဒိယနိုင်ငံ လီဒိုမြို့မှ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ကိုဖြတ်၍ တရုတ်နိုင်ငံ ချုံကင်းအထိ ဖောက်လုပ်ထားသော အဆိုပါလမ်းမကြီးမှာမိုင် ၂၀၀၀ခန့်ရှည်လျား၍ ကမ္ဘာကျော် လမ်းမကြီးတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ဖြစ်ရပ်မှန်ရုပ်ရှင်ရိုက်ကူးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း “မကြာခင်မှာ သဘောတူစာချုပ် ချုပ်ဆိုသွားဖို့ရှိပါတယ်”ဟု ဦးကျော်ဆန်းက ယနေ့ ကျင်းပပြုလုပ်သောပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

အလားတူပင် မြန်မာနိုင်ငံ ပျူခေတ်ကာလအတွင်း တရုတ် ဟန်မင်းဆက်နှင့် သံတမန်အဆက်အသွယ်ရှိခဲ့ပုံ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကို ယူနန်တီဗီနှင့် ပူးတွဲထုတ်လုပ် ဖြန့်ချိပြသရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းမီဒီယာများအတွက် ရုပ်သံထုတ်လွှင့်ခွင့်လည်း ရရှိမည်ဖြစ်ပြီး ပြည်ပမီဒီယာများနှင့် ဆောင်ရွက်ရာတွင်မူ နှစ်ဖက် ပူးတွဲထုတ်လုပ်ခြင်း၊ နှစ်နိုင်ငံ အပြန်အလှန်ပြသခြင်း၊ ထည့်ဝင်ထားသော အရင်းအနှီးအပေါ် မူတည်၍ အကျိုးအမြတ်ခွဲဝေခံစားခြင်းစသည့်မှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးကျော်ဆန်းကပြောသည်။

ပြည်တွင်း ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် Forever မီဒီယာ၊ Sky Net မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ FM အသံလွှင့်လိုင်းပေါင်းခြောက်လိုင်းကို ထုတ်လွှင့်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ နှစ်စဉ် ကျင်းပလျက်ရှိသည့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများတွင် လူမျိုးစုပေါင်း ၁၀၀ ကျော်ပါဝင်သည့် တိုင်းရင်းသားအားလုံးအတွက် တန်းတူယှဉ်ပြိုင်နိုင်သည့် ပြိုင်ပွဲတစ်ရပ်ကျင်းပရန်ခက်ခဲကြောင်း၊ အဆိုပါတိုင်းရင်းသားများ ရိုးရာအလိုက်ယှဉ် ပြိုင်မှုများကို အမှတ်ပေးရန် နှိုင်းယှဉ်ရန်၊ အရှုံးအနိုင်ခွဲခြားရန်မှာလည်း မဖြစ်နိုင်သကဲ့သို့ဖြစ်လည်း မဖြစ်သင့်ကြောင်းဖြင့် ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ ဆွေးနွေးမှုကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

## မျက်နှာဖုံး-ဓမ္မကထိကများ နယ်လှည့်တရားဟောရာတွင် လိုက်နာရန် စည်းကမ်းချက်များထုတ် မှ

စသည့် ဂုဏ်အင်္ဂါအရည်အချင်း များနှင့်ကိုက်ညီရန် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

“နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ မဟောရဘူးလို့ ပြောထားတယ်။ ဓမ္မာစရိယအောင်ထားရမယ်”ဟု ဓမ္မာစရိယ အောင်မြင်ထားသော ရဟန်းပျိုတစ်ပါးကမိန့်ကြားသည်။

တရားဟောဓမ္မကထိက ပုဂ္ဂိုလ်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆက်စပ်ကြည့်ရှုနိုင်မှသာလျှင် သင်္ဂါယနာ ခြောက်တန်တင် ပိဋကတ်တော်နှင့် လျော်ညီစွာ တရားဟောနိုင်မည်ဖြစ်၍ အရည်အချင်းကို (ဓမ္မာစရိယ)တန်းအောင်ဖြစ်သင့်သည်ဟု ထည့်သွင်းဖော်ပြရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို မကြည့်ရှုနိုင်သူများမှာမူ ထေရဝါဒပိဋကတ်တော်နှင့် မညီညွတ်ဆန့်ကျင်သည့်အချက်များကို ဟောကြားမိပါက တရားနာပရိသတ်များ အမြင်မှား၊ အယူမှား ဖြစ်သွားနိုင်သောကြောင့် ပရိယတ္တိစာပေ မကျွမ်းကျင်သူများကို တရားဟောခွင့် တားမြစ်ပိတ်ပင်ရခြင်းဖြစ်ကြောင်း နယ်လှည့်ဓမ္မကထိက ဂုဏ်အရည်အချင်း သတ်မှတ်ချက်တွင် ဖော်ပြထားသည်။

မြို့နယ်သံဃနာယကအဖွဲ့များအနေဖြင့် တရားပွဲများ ခွင့်ပြုရာတွင် စီစစ်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ညွှန်ကြားချက်များ ပေးပို့အကြောင်းကြားထားကြောင်း သိရသည်။

## စာ-၃၊ ကေအိုင်အိုနှင့် သုံးရက်ကြာဆွေးနွေးပြီးသော်လည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မရသေး မှ

ကချင်အမျိုးသားအစည်းအရုံး(KIO)နှင့် ဦးအောင်သောင်း ဦးဆောင်သောပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးအဖွဲ့တို့သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၉ရက်၊ ၂၀၁၂ဇန်နဝါရီ၁၈-၁၉ရက်တို့တွင် တွေ့ဆုံခဲ့ပြီး ထိုဆွေးနွေးမှုများတွင် စစ်ရေးအရှိန်လျှော့ရန်သာ သဘောတူခဲ့ကြသည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.2 • MARCH 15 , 2012



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အစားအသောက်များမှ မဖြင့်နိုင်သော လူသတ်ကောင်များ

ဒေါက်တာစိုးသိမ်း

လူ့ခန္ဓာကိုယ်သည် ဒြပ်စင် (Element) ပေါင်း ၃၃ မျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ခန္ဓာကိုယ်အတွက် အကျိုးပြုသော ဒြပ်ပေါင်းများ (Compounds) နှင့်သတ္တုဓာတ်များ (Minerals) ကို အစားအသောက်များ စားသောက်ခြင်းဖြင့် အစာလမ်းကြောင်းမှတစ်ဆင့် ရရှိပါသည်။

အမှန်ဆိုရသော် ဓာတုဒြပ်ပေါင်းအတော်များများသည် အဆိပ်အတောက်ပစ္စည်းများ (Toxic Materials)များပင်ဖြစ်သည်။ လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုသောဒြပ်ပေါင်းများမှာမူ အရေအတွက်အားဖြင့် နည်းပါးပါသည်။ ဥပမာအားဖြင့် ရေ၊ အငန်ဓာတ်ပါသော အိမ်သုံးဆား (Sodium Chloride)၊ အချိုဓာတ်ပါသကြားတွင်ပါဝင်သော ဂလူးကို့စ် (Glucose)၊ အချဉ်ဓာတ်ရှိ စားသောက်ဖွယ်ရာများတွင် ပါရှိသော Citric Acid နှင့် Acetic Acid ဓာတ်၊ ခါးသောအစားအစာများတွင်ပါဝင်သော Alkaloid ဓာတ်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများတွင်ပါဝင်သည့် Lactose ဓာတ်၊ ဆန်၊ ဂျုံ၊ ပြောင်းတို့မှ ရရှိသော ကစီဓာတ် (Carbon hydrate)၊ အသား၊ ငါး၊ ဥနှင့်ပဲအမျိုးမျိုးမှ ရရှိသော အသားဓာတ် (Protein) အစရှိသည်တို့ဖြစ်ပါသည်။

လူ၏ ခန္ဓာကိုယ်အတွင်းသို့ အကျိုးပြုဒြပ်ပေါင်းများကို အစာလမ်းကြောင်းမှတစ်ဆင့်ရရှိသလို အကျိုးမပြုသော ဒြပ်ပေါင်းများကိုလည်း ယင်းအစာလမ်းကြောင်းမှပင်အများဆုံးရရှိသည်။

အကျိုးပြုသည့်ဒြပ်ပေါင်းများကိုရရှိလျှင် ကျန်းမာရေးအတွက် လွန်စွာအထောက်အကူပြုသလို အကျိုးမပြုသည့် ဒြပ်ပေါင်းများ ရရှိပါက ကျန်းမာအသက်ရှည်ရေးအတွက် အလွန်ဒုက္ခပေးပါသည်။

ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိလာသည့် အကျိုးမပြုသော ဒြပ်ပေါင်းများသည် ခန္ဓာကိုယ်က အလိုမရှိသည့် အဆိပ်ပစ္စည်း (Toxic Materials) ဖြစ်သဖြင့် ယင်းအဆိပ်တွေကို အသည်းက ချေဖျက်ပေးရသည်။ အသည်းကလည်း နိုင်သလောက်ဝန်ကိုသာ ချေဖျက်ပေးနိုင်သဖြင့် အဆိပ်တွေများလာလျှင် မချေဖျက်ပေးနိုင်တော့ချေ။ ထိုရောအခါ အသည်းကလပ်စည်း (Cell)များတွင် ကင်ဆာဝေဒနာဖြစ်ရပါတော့သည်။

ထို့အတူပင် ယင်းအဆိပ်ဓာတ်များသည် အစာလမ်းကြောင်းတစ်လျှောက်ရှိ လည်ချောင်း၊ အစာအိမ်နှင့် အူ စသည့် အင်္ဂါအစိတ်အပိုင်း (Organ) အမျိုးမျိုးကို ဖြတ်သန်းသွားသဖြင့် ထိုအင်္ဂါအစိတ်အပိုင်းတို့သည် အကာအကွယ်မဲ့ (Exposure) သွားကာ အဆိပ်ဓာတ်များနှင့်ထိတွေ့မှု (Contact) ဖြစ်ပြီး အင်္ဂါအမျိုးမျိုးတွင် ကင်ဆာဝေဒနာ အမျိုးမျိုးကို ဖြစ်ပွားစေပါတော့သည်။

အကျိုးမပြုဘဲ အန္တရာယ်ပေးသည့် ဒြပ်ပေါင်းများ အစာလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သည့်ဥပမာသာဓကများကိုတင်ပြပါမည်။

အစားအသောက်ဆိုးဆေး (Edible Dye)မဟုတ်ဘဲ ဈေးပေါပြီး လူကိုဒုက္ခပေးသည့် အဝတ်အထည်ချည်မျှင်ဆိုးဆေး (Textile Dye)များဖြင့် ပြုပြင်စီမံထားသော မှျစ်၊ အသားကင်အမျိုးမျိုး၊ ဝက်သားတုတ်ထိုး၊ ဝက်ဆီဖတ်ကြော်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ ဆတ်သား ဆိတ်သား-အမဲခြောက်၊ အအေးဖျော်ရည်အမျိုးမျိုး၊ ဆီးထုပ်၊ ယိုစုံအမျိုးမျိုး၊ လက်ဖက်၊ ငရုတ်ဆီ၊ ငရုတ်အရောင်တင်မှုန့် အစရှိသည်တို့ဖြစ်ပါသည်။ မှတ်မိသလောက်သာ ဖော်ပြထားခြင်းဖြစ်ဖြစ်ပါသည်။ ယင်းပစ္စည်းများမှာ 'ပြောမဆုံးပေါင် တောသုံးတောင်' ဆိုသလို များပြားလှပါသည်။ အမျိုးအမည်အမျိုးမျိုးကို စာရှုသူများ ဉာဏ်ဗဟုသုတဖြင့် ဆင်ခြင်ကြည့်ကြစေလိုပါသည်။

ဤသည်မှာ ဆိုးဆေးကိစ္စကိုသာပြောနေရင်းဖြစ်ပါသည်။ ဆိုးဆေးမဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိနိုင်သည့် အခြားအန္တရာယ်ပြု ဒြပ်ပေါင်းများအကြောင်းကိုဆက်လက်၍ ဖော်ပြပါဦးမည်။

စာ(၁၄)သို့

## ရေခဲကမ္ဘာတွင် လည်ပတ်သူများ အပူချိန်အပြောင်းအလဲအတွက် လုံလောက်စွာ အနားယူရန်လို

ဝတ်ရည်အောင်၊ အေးမြတ်သူ

ရန်ကုန်၊ မတ် - ၅

ရေခဲကမ္ဘာသို့ သွားရောက်လည်ပတ်သူများသည် အပူချိန်ပြောင်းလဲမှုအား ခံနိုင်ရည်ရှိစေရန် လုံလောက်သော အနားယူမှုလိုအပ်ကြောင်း ကျွမ်းကျင်ဆရာဝန်များထံမှသိရသည်။

ရေခဲရုပ်တုများထားရှိသည့် အပူချိန် အနုတ် ၁၀ ဒီဂရီစင်တီဂရိတ်အထိ ထားရှိထားခြင်းဖြစ်ပြီး အပြင်အပူချိန်သည် ၃၀ ဒီဂရီစင်တီဂရိတ်ကျော်ခန့် ရှိနေရာ နောက်တဖြည်းဖြည်းပိုမိုပူလာမည်ဖြစ်၍ လုံလောက်သော အပူချိန်ပြောင်းလဲချိန်မရှိဘဲ ပူပြင်းသောနေရောင်အောက်မှ အအေးခန်းအတွင်း ဝင်ရောက်ခြင်း၊ အအေးခန်းအတွင်းမှ နေပူရှိန်အောက်သို့ ပြန်ထွက်ခြင်းများသည် ဦးနှောက် သွေးကြောပြတ်ခြင်း၊ အပူဒဏ်ကို မခံနိုင်ခြင်းများဖြစ်ပွားနိုင်ကြောင်း ဒေါက်တာထွန်းသိန်းကပြောသည်။

"အပြင်ကို ပြန်မထွက်ခင်နဲ့ ရုပ်တုတွေထားတဲ့ အအေးခန်းထဲ မဝင်ခင် အပူချိန်ထိန်းညှိတဲ့အခန်း (အပြင်အပူချိန်ထက် တစ်ဝက်ခန့် အပူချိန်လျှော့ထားသည့်အခန်း) မှာ နားနေဖို့သတိပေးမေတ္တာရပ်ခံတဲ့စာတွေချိတ်ဆွဲထားပါတယ်။ ဝန်ထမ်းတွေက လိုက်ပြီး အတိအကျ လူတိုင်းကို မဖြစ်မနေ နေဖို့တော့ လိုက်စစ်ဆေးတာမျိုး မရှိဘူးပေါ့" ဟု ရေခဲကမ္ဘာမှ စီမံကိန်းအင်ဂျင်နီယာ ဦးသောင်းဌေးကပြောသည်။ အဆိုပါအခန်းထဲတွင် ၁၅ မိနစ်ခန့် နားနေရန်သတိပေးစာတန်းများ ချိတ်ဆွဲထားသော်လည်း အချို့မှာ အခန်းထဲကထွက်လာပြီး ချက်ချင်း အပြင်ပြန်ထွက်သည့်အခါ အပူဒဏ်မခံနိုင်သည့်အတွက် မူးမော်ခြင်းများဖြစ်ပေါ်လေ့ရှိကြောင်း သွားရောက်ခဲ့သူများထံမှသိရသည်။

"တချို့အသက်ကြီးတဲ့သူတွေကျတော့ သူတို့က အထဲက အအေးဒဏ်ကို မခံနိုင်မှန်းသိတယ်။ အဲဒီခါကျတော့ သူတို့က အပြင်မှာ ပဲနေခဲ့တယ်။ နောက် ၃ နှစ် အောက်ကလေးတွေကျတော့လည်း ကျွန်တော်တို့က အင်္ကျီတွေ ပေးတယ်လေ။ သုံးနှစ်အောက်က ၁၂ နှစ်၊ ၁၅ နှစ်နဲ့တော့ မတူဘူးပေါ့။ သူတို့က အအေးဒဏ်ကို မခံနိုင်တဲ့အတွက် အထဲမှာ သိပ်ကြာကြာမနေဘူး။ မိဘတွေကလည်း သူတို့ကို ထွေးပွေ့ထားတော့ ပြဿနာမရှိပါဘူး။ အခုချိန်ထိ တော့ ရုတ်တရက် အပူချိန်ပြောင်းလဲခြင်းကြောင့်ဖြစ်တဲ့ လူနာတော့ မရှိသေးပါဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရေခဲကမ္ဘာထဲတွင် လာရောက်လည်ပတ်ကြသူများအား အပူချိန်ကွာခြားမှုကြောင့် အန္တရာယ်မဖြစ်စေရန် ကုမ္ပဏီဘက်မှ အပြင်အပူချိန်နှင့် လိုက်လျောညီထွေဖြစ်စေရန် အပူချိန်ထိန်းညှိသည့်အခန်းအပူချိန်အား တိုးခြင်း၊ လျှော့ပေးခြင်းနှင့်ဆေးကုသမှုရရှိရန် ဆေးခန်းဖွင့်လှစ်ထားကြောင်း အဆိုပါဆေးခန်းတွင် သူနာပြု ဆရာမတစ်ဦးအား အမြဲထားရှိကာ Home Medical Service (HMS) နှင့် တိုက်ရိုက်ချိတ်ဆက် ဆက်သွယ်ဆောင်ရွက်ထားပြီး လာရောက်လည်ပတ်သူများ အန္တရာယ်မဖြစ်စေရန် လုံလောက်သောနားနေမှုများပြုလုပ်ခြင်းများအား လိုက်နာဆောင်ရွက်သင့်ကြောင်း တာဝန်ရှိသူများက သတိပေးပြောကြားသည်။



ဓာတ်ပုံ - ဝေယံ



7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

## စာ-၁၃၊ အစားအသောက်များမှ မမြင်နိုင်သောလူသတ်ကောင်များ မှ

လက်ဖက်ရည်နှင့် နို့ထွက်ပစ္စည်း လောကအကြောင်းကိုပြောပါမည်။ ဤကိစ္စနှင့်ဆက်စပ်၍ စာရေးသူ၏အတွေးသည်လွန်ခဲ့သော ၂၅နှစ်ခန့်က ဖြစ်ရပ်တစ်ခုဆီသို့ ရောက်ရှိသွားပါသည်။ စာရေးသူစစ်တက္ကသိုလ်၊ ဓာတုဗေဒဌာနတွင် စတင်တာဝန်ထမ်းဆောင်စဉ်ကာလများဖြစ်ပါသည်။ ထိုစဉ်က မိမိ၏အထက်အရာရှိလုပ်ဖော်ကိုင်ဖက် နောင်တော်ကြီး စစ်တက္ကသိုလ် အမှတ်စဉ်(၈) ဆင်း စာပေထူးချွန်ဆု(သိပ္ပံ) ရရှိခဲ့သူသည် ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး ယာယီ ဒုဗိုလ်မှူးကြီးဘဝတွင်အသည်းကင်ဆာဖြင့် ကွယ်လွန်ခဲ့ရရှာပါသည်။ အဖိုးတန်ပညာတတ် ပုဂ္ဂိုလ်တစ်ဦး အကြွေစောခဲ့ရ၍ နှမြောတသ ယူကျုံးမရဖြစ်ခဲ့ရပါသည်။ နောင်တော်ကြီးသည် ဘဝကို အလွန်ရိုးသားစွာဖြတ်သန်းလာခဲ့သူဖြစ်သည်။ အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ ဘာအပျော်အပါးမှ မလိုက်စားချေ။

သို့သော် နောင်တော်ကြီးသည် လက်ဖက်ရည်နှင့် မလိုင်မုန့်ကို အင်မတန်ကြိုက်ရှာသည်။ သူမန္တလေးတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းသွားတက်တော့ သူနေသည့်အဆောင်အခန်း၌ နို့ဆီဘူးခွံတွေ၊ မလိုင်မုန့်ဘူးခွံတွေ တောင်လိုပုံနေသည်ဟု အခန်းနီးချင်းနေ စာရေးသူ၏ မိတ်ဆွေ တက္ကသိုလ်ဆရာကပြောပြပါသည်။

ထိုစဉ်က ပြည်တွင်းဖြစ် နို့ဆီတွေ စတင်ခေတ်စားချိန်ဖြစ်ပါသည်။ အချို့ နို့ဆီများတွင် တာရှည်အထားခံအောင် အဆိပ်အတောက်ဖြစ်ပြီး ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သည့် Formalin ခေါ် Formaldehyde ကို လောဘသား စီးပွားရေးလုပ်ငန်းရှင်အချို့က တရားမဲ့ ရောစပ်ထားကြောင်း သတင်းစကားများ ကြားသိခဲ့ရဖူးပါသည်။

ယင်း Formalin ခေါ် Formaldehyde ဒြပ်ပေါင်းကို ဆေးသုတေသနလုပ်ငန်းများအတွက် အသုံးဝင်သည့် သေဆုံးသွားသူများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုတာရှည်ခံအောင်ဆေးရည်စိမ်ခြင်း၊ နာရေးအသုဘများတွင် ကွယ်လွန်သူ၏ ရုပ်အလောင်းကို မပုပ်မသိုးအောင် ဆေးသွင်းခြင်းကိစ္စများ၌ အသုံးပြုလေ့ရှိပါသည်။

ထိုစဉ်က မန္တလေးလက်ဖက်ရည်လောကတွင် ဂယက်တစ်ခုရိုက်ခတ်သွားခဲ့ဖူးပါသည်။ "လက်ဖက်ရည်ဆို ရှယ်ပဲသောက်မယ်၊ ရိုးရိုးမသောက်ရဲဘူး။ အသည်းကင်ဆာဖြစ်မှာစိုးလို့"ဟု ပြောစမှတ်ပြုခဲ့ဖူးသည်ကို ယခုခေတ်လူငယ်များအား အသိပေးပြောလိုပါသည်။

ဖော်ပြပါ နောင်တော်ကြီးသည် လက်ဖက်ရည်နှင့် မလိုင်မုန့်ကို အလွန်ကြိုက်နှစ်သက်ကာ နှစ်ပေါင်းများစွာ သုံးဆောင်မှီဝဲခဲ့ရာ ၎င်းအစားအသောက်များတွင် ပါရှိနိုင်ခဲ့သည့် Formalin တန်ခိုးဖြင့် သက်ဆိုးမရှည်ခဲ့သည့် သာဓကကို တခုတ်တရဖော်ပြအပ်ပါသည်။

စကားစပ်သဖြင့် အရက်လောကကို ပြောပါဦးမည်။ လူတွေသောက်နေကြသော အရက်အမျိုးမျိုးမှာ အီသိုင်းအယ်လ်ကိုဟော(Ethyl Alcohol)ဒြပ်ပေါင်းဖြစ်သည်။ ၎င်းဓာတ်ပစ္စည်းသည် အဆိပ်အတောက်ပစ္စည်းစင်စစ်မဟုတ်သော်လည်း ခန္ဓာကိုယ်အတွက် လိုအပ်သော ဓာတ်ပစ္စည်းမဟုတ်သဖြင့် အသည်းက အလကားသက်သက် အလုပ်ပိုကာ ချေဖျက်ပေးနေရသည်။ ကြာလာတော့လည်း အသည်းက မနိုင်ဝန်ထမ်းနေရသည့် ဒုက္ခကြောင့် အသည်းကျုံ့ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းအဆီ ဖုံးခြင်း စသည့်ဝေဒနာများကို ခံစားရပါတော့သည်။

ပို၍ဆိုးသည်က တောအရက်များနှင့် အရက်တုများ၏ အန္တရာယ်ဖြစ်သည်။

အရက်တုကိစ္စ ပြောပါဦးမည်။ အရက်တွင်ပါသော Ethyl Alcohol နှင့် အနံ့အရသာခွဲမရအောင်တူသည့် အလွန်အဆိပ်ပြင်းသည့် ဓာတုပစ္စည်း Methyl Alcohol ၏ အန္တရာယ်မှာ လွန်စွာကြောက်မက်ဖွယ်ကောင်းပါသည်။ နည်းနည်းသောက်မိလျှင် မျက်စိကွယ်မည်၊ လေဖြတ်မည်။ အတော်အတန်သောက်မိလျှင် သေဆုံးမည်။ သတင်းစာနှင့် ဂျာနယ်များတွင် Methyl Alcohol ပါသည့် အရက်တုများ သောက်မိသဖြင့် လူရာနှင့်ချီ၍ သေဆုံးရသောသတင်းများကို မကြာခဏဖတ်ရသည်။

သီးနှံ ဟင်းသီးဟင်းရွက်လောကအကြောင်းပြန်၍ ကောက်ပါဦးမည်။ အဖေတို့၊ အမေတို့ပြောခဲ့ဖူးသည့် "အသီးအရွက်များများစား အားရှိတယ်"ဆိုသောစကားသည် ယခုခေတ်တွင် ရာနှုန်းပြည့်မမှန်နိုင်တော့ပေ။ ခေတ်ပြောင်းသွားခဲ့ပါပြီ။ သိပ္ပံပညာထွန်းကားလာခြင်း၊ လူတို့၏ အတတ်ကျူးလာခြင်းနှင့် မဆင်မခြင်စည်းမဲ့ကမ်းမဲ့ဆောင်ရွက်မှုများကြောင့် စိုက်ပျိုးရေးလောကတွင် အန္တရာယ်ကြီးလှသော ပိုးသတ်ဆေးများ (Insecticides နှင့် Pesticides) ကို ပရမ်းပတာသုံးလာကြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ယင်းပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရန် ပညာပေးညွှန်ကြားထားသော်လည်း တောင်သူ/စိုက်ပျိုးရေးသမား အတော်များများက စိတ်မဝင်စားကြချေ။ သူတို့ စိတ်ဝင်စားသည်က သီးနှံများ ရောင်းပန်းလှ ဈေးကောင်းရရေးသာဖြစ်သည်။ ပိုးသတ်ဆေးဖျန်းအပြီး သုံးပတ်အကြာမှ ဆွတ်ခူးရိတ်သိမ်းရမည်ဖြစ်သော်လည်း တောင်သူ/စိုက်ပျိုးရေးသမား အတော်များများက အသိပညာ၊ ဗဟုသုတ၊ မေတ္တာစေတနာ နည်းလှစွာဖြင့် ယင်းစည်းကမ်းကို မလိုက်နာကြချေ။

ထိုရောအခါ ဈေးကွက်သို့ ရောက်ရှိလာသော သီးနှံဟင်းသီးဟင်းရွက် အတော်များများတွင် အဆိပ်ဓာတ်များပါသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများ(Toxic Residues of Insecticides and Pesticides)ပါရှိနေပေသည်။ ၎င်းအန္တရာယ်ကိုမျက်စိဖြင့်လည်း မမြင်နိုင်၊ အနံ့အားဖြင့်လည်း မဆုံးဖြတ်နိုင်၊ အရသာအားဖြင့်လည်း မသိရှိနိုင်ပါပေ။ လူတွင် ၎င်းအန္တရာယ်ကို ရှာဖွေနိုင်သော ကိရိယာ (Instrument)မရှိပေ။ ဓာတ်ခွဲခန်း၌သာ ၎င်းအန္တရာယ်ကိုစစ်ဆေးအဖြေရှာနိုင်ပါသည်။

စာရေးသူမှာ နံနက် လမ်းလျှောက်ရင်း ကိုယ်တိုင်ဈေးဝယ်သူဖြစ်၍ ဈေးအတွင်းရှိ ချောချောလှလှဖွံ့ဖွံ့ထွားထွား ဟင်းသီးဟင်းရွက်များကိုမြင်တိုင်း ကြက်သီးတဖြန်းဖြန်းထပါသည်။ ဆရာကြီးရွှေဥဒေါင်း၏ စာရေးဟန်အတိုင်းပြောရပါလျှင် "ကျွန်ုပ်သည် ပိုးသတ်ဆေးဓာတ်ကြွင်းများ၏ အန္တရာယ်ကို လွန်စွာကြောက်လန့်လှပါသည်။ သင်တို့ ယခု ရောင်းချနေသော ချောချောလှလှဖွံ့ဖွံ့ထွားထွား ဟင်းသီးဟင်းရွက်များကို ကျွန်ုပ် စိုးစဉ်းမျှ အလိုမရှိပါ။ မီးယပ်ပိန် မီးယပ်ခြောက် ပိုးစားလောက်ကိုက်ဟင်းသီးဟင်းရွက်များကိုသာ ကျွန်ုပ်ရွေးချယ်ဝယ်ယူပါတော့မည်"ဟု ဆိုရမလိုဖြစ်ပါတော့သည်။

စာရေးသူသည် ထိုပိုးစားလောက်ကိုက် ဟင်းသီးဟင်းရွက်များကို ဈေးတွင် ခက်ခက်ခဲခဲ ရှာဖွေဝယ်ယူရပါသည်။ သို့သော်လည်း ချက်ပြုတ်အပြီး မသဒီလှသေးသဖြင့် ကောင်းစွာ မျိုမကျချေ။ အခွံပါသော အသီးများကိုတော့ အနည်းငယ်သဒီပါသေးသည်။ အခွံပါ အသီးအမျိုးမျိုးတို့သည်လည်း ယနေ့ခေတ်တွင် မယုံကြည်စိတ်မချရတော့ချေ။ အသီးအမျိုးမျိုးသည် အသိဉာဏ်နုနန့်နည်းသည့် လောဘသား စီးပွားရေးသမားအချို့၏ စည်းမဲ့ကမ်းမဲ့လုပ်ရပ်တွေကြောင့် မသန့်စင်တော့ကြောင်းကို အလျဉ်းသင့်၍ ဖော်ပြရပါဦးမည်။ အချို့ အုန်းသီး၊ ငှက်ပျောသီးဆိုင်ရှင်တို့သည် ငှက်ပျောသီးအစိမ်းများကို ဝယ်ယူစုဆောင်းထားပြီး အချိန်ကိုက် အမြန်မှည့်အောင် ရောင်းပန်းလှတွက်ခြေကိုက်အောင် ဆောင်ရွက်ကြပါသည်။ ပြုလုပ်ပုံမှာ ငှက်ပျောသီးအဖီးလိုက်၊ အခိုင်လိုက်ကို ဓာတုဗေဒပစ္စည်းတစ်မျိုးဖြစ်သည့် Ethylene Oxide အရည်တွင်စိမ်ပစ်လိုက်ခြင်းဖြစ်ပါသည်။ ဤ ဓာတုဒြပ်ပေါင်းမှာ ဆန်၊ ဂျုံ၊ ပဲများ သိုလှောင်ရာတွင် ပိုးမထိုးစေရန် အသုံးပြုသည့်ပိုးသတ်ဆေး တစ်မျိုးပင်ဖြစ်ပါသည်။ ကဲ. . စာရေးသူတို့ စားသုံးနေကြသည့် ဟင်းသီးဟင်းရွက်ကအစ သစ်သီးအဆုံး ဘယ်ဟာမှ မသန့်စင်တော့ချေ။

နိဂုံးချုပ်ပြောရလျှင် အစားအသောက်များမှ မမြင်နိုင်သောလူသတ်ကောင်များ၏ အန္တရာယ်ကို ပညာဗဟုသုတဉာဏ် မျက်စိဖြင့်ကြည့်၍ ဝေးစွာရှောင်ရှားကြစေလိုကြောင်း စေတနာကောင်းဖြင့်တင်ပြလိုက်ရပါသည်။

## အင်ဒိုနီးရှားတွင် $H_5N_1$ ကြောင့် ပဉ္စမမြောက်လူနာသေဆုံး

**ဂျကာတာ၊ မတ် - ၇**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည်ငှက်တုပ်ကွေးရောဂါဖြင့် ကွယ်လွန်သွားရာ သူမသည် ယခုနှစ်အတွင်း ယင်းတုပ်ကွေးကြောင့် ပဉ္စမမြောက် သေဆုံးသူလူနာဖြစ်လာကြောင်း အင်ဒိုကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ ယင်းဝန်ကြီးဌာန၏ တိရစ္ဆာန်မှ ကူးစက်သောရောဂါ များဆိုင်ရာ ဌာနအကြီးအကဲက "ကွယ်လွန်သူလူနာဟာ $H_5N_1$ ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းက စမ်းသပ်တွေ့ရှိခဲ့ပါတယ်။ ဒါဟာ ဒီနှစ်အတွင်း ငါးကြိမ်မြောက် သေဆုံးခြင်းဖြစ်ပါတယ်" ဟုပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ တရုတ်နိုင်ငံတွင် ငှက်တုပ်ကွေးဗိုင်းရပ်စ်ကြောင့် လူတစ်ဦးပထမဆုံးအကြိမ်သေဆုံးကြောင်း သတင်းထွက်ပေါ်ပြီးနောက် အာရှတွင် ငှက်တုပ်ကွေးနှင့်ပတ်သက်၍ စိုးရိမ်မှုများ တိုးပွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၃ နှင့် ၂၀၁၁ အတွင်း ငှက်တုပ်ကွေးကြောင့် လူ ၁၅၀ဦးသေဆုံးခဲ့ပြီးယမန်နှစ်ကလည်း လူကိုးဦးသေဆုံးခဲ့သည်။ ယခု နောက်ဆုံးသေဆုံးသည့်မိန်းကလေးမှာ ဘန်ကူလူမြို့မှ ကြက်၊ ဘဲမွေးမြူသူတစ်ဦးဖြစ်ကြောင်း သိရသည်။

—Ref: AFP

**မွန်မြတ်ဆေးခန်း** ဝိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၅၁၉၆၅၁၈

**ဂန္ဓဝင်ရွှေပုဂံ Travels & Tours** *exploring to the edge of the globe*

အမေရိကန် (၅၄ သိန်း) L A၊ နယူးယောက်၊ ဝါရှင်တန် | ဥရောပ (၃၉ သိန်း) ဆက်၍ အင်္ဂလန် (၄၈ သိန်း) | ဩစတြေးလျ (၃၈ သိန်း) မဲဘုန်း၊ ဆစ်ဒနီ၊ Gold Coast
ဂျပန် (၂၄ သိန်း) | ကိုရီးယား (၁၇ သိန်း) | ဒူဘိုင်း (၁၇ သိန်း)
ဟောင်ကောင် (၁၃ သိန်း) | ပီကင်း+ရှန်ဟိုင်း (၁၃ သိန်း) | ကမ္ဘောဒီးယား (၅.၅ သိန်း)
ဗန်ကောက် (၅.၅ သိန်း) | ဗန်ကောက်+ပူးခက် (၇.၈ သိန်း) | ချင်းမိုင်+ပူးခက် (၉.၈ သိန်း)
ဘာလီ (၁၀ သိန်း) | စင်္ကာပူ+မလေးရှား (၁၁ သိန်း) | သီရိလင်္ကာ (၁၁ သိန်း)
မလေးရှား (၆ သိန်း) | ဗန်ကောက်+စင်္ကာပူ+မလေးရှား (၁၃ သိန်း) | ရုရှား (၂၇ သိန်း)
အိန္ဒိယ သကြံန် (၉ သိန်း) | အိန္ဒိယ ဟိုတယ်တည်း/စား (၁၂ သိန်း) | ဗီယက်နမ် (၆.၅ သိန်း)

outboundgandawun@gmail.com,Hot Line:09-73003772
67, Baho Rd, Sanchaung. Ph : 519292,519293,519360,500191
87, 73 Rd,Bet 29&30 St, Mandalay. Ph:02-32020 web: myanmartraveal.org

Regional
7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# မြစ်သာစီမံကိန်း ရပ်နားပါက ယန္တရားများ ရွှေ့ပြောင်းစရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ် ကျပ်သိန်း နှစ်သောင်းကျော် ကုန်ကျမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ မတ်-၅**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင်ဆောင်ရွက်လျက်ရှိသော မြစ်သာရေလှောင်တမံစီမံကိန်း ရပ်နားမည်ဆိုပါက စက်ယန္တရား ၃၂၈ စီးအတွက် သယ်ယူရွှေ့ပြောင်း စရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ် စုစုပေါင်း ကျပ်သိန်း ၂၄,၆၀၀ ခန့် လေလွင့်ဆုံးရှုံးနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားသည်။

အဆိုပါစီမံကိန်းမှ အခြားနီးစပ်ဆုံး လုပ်ငန်းခွင်တစ်ခုသို့ သယ်ယူရွှေ့ပြောင်းလျှင်ပင် ယာဉ်တစ်စီးအတွက် ကျပ် ၂၅ သိန်းနှုန်းဖြင့် စုစုပေါင်း သိန်း ၈,၂၀၀ ခန့်၊ ရပ်နားထားမည်ဆိုပါက ပြုပြင်ထိန်းသိမ်းစရိတ်အဖြစ် ယာဉ်တစ်စီးလျှင် ပျမ်းမျှကျပ်သိန်း ၅၀ နှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း ၁၆,၄၀၀ ခန့် လေလွင့်ကုန်ကျမည်ဖြစ်ပါကြောင်း ယနေ့ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဦးမြင့်လှိုင်က ပြောကြားခြင်းဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းတစ်ဦးကမူ အထက်ပါ မြစ်သာစီမံကိန်းတွင် မြတ်အိန္ဒြေ၊ စိုးရတနာလင်း၊ သိဏ်း၊ အောင်ကျော်မြင့်နှင့် MPT ကုမ္ပဏီလီမိတက်တို့မှ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဌာနပိုင် ယာဉ်ယန္တရား အရေအတွက် အနည်းငယ်သာ ရှိသည်။

ထို့အပြင် အဆိုပါ ကုမ္ပဏီများနှင့် စာချုပ်ပါ သဘောတူညီချက်များအရ ယာဉ်ယန္တရားများ သယ်ယူရွှေ့ပြောင်း စရိတ်ရပ်နား၍ ပြုပြင်ထိန်းသိမ်းစရိတ်များကို သက်ဆိုင်ရာပိုင်ရှင်များကသာ ကျခံစေရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

"စီမံကိန်းတွေမှာ အပြင်က ယန္တရားတွေကို ငှားသုံးရတာ ၉၀ ရာခိုင်နှုန်းလောက်ရှိတယ်။ အဲဒီလိုငှားတဲ့နေရာမှာလည်း Work Done (လုပ်ငန်းပြီးမြောက်မှု) ကိုပဲ သတ်မှတ်တာ။ ပျက်လို့ပြင်တာ၊ ရွှေ့ပြောင်းတာတွေ မပါဘူး"ဟု ၎င်းကပင် ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို နိုင်ငံတော် နိုင်ငံသားများနှင့် လယ်သမားများ၏ အကျိုးအတွက်သာအသုံးပြုနိုင်ရေးကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသွားသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မုံရွာခရိုင်တွင်အများဆုံးဖြစ်ပွား

**မျိုးမင်းဦး**

**မုံရွာ၊ မတ် - ၆**


ဓာတ်ပုံ - အားမာန်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ရှစ်မြို့နယ်ရှိသည့်အနက် ၂၀၁၁ ခုနှစ်အတွင်း ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုအများဆုံးမှာ မုံရွာခရိုင်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မုံရွာမြို့ပေါ်မှာက နယ်ဒေသအသီးသီးက ဈေးဝယ်လာသူတွေရော တက္ကသိုလ် အစရှိတဲ့ ပညာသင်လာသူတွေရောကြောင့် တစ်နှစ်ထက်တစ်နှစ် ယာဉ်အစီးရေကတိုးပွားနေတယ်။မော်တော်ယာဉ်အစီးရေ များပြားလာတာနဲ့အမျှ ယာဉ်တိုက်မှုကလည်း တစ်နှစ်ထက်တစ်နှစ်ပိုများလာတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် မော်တော်ယာဉ်မတော်တဆမှု၊ ဆိုင်ကယ်မတော်တဆမှု၊ ကားနှင့်ဆိုင်ကယ်မတော်တဆမှု၊ အခြားယာဉ်များ မတော်တဆမှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ၂၀၁၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာခရိုင်သည် အများဆုံး၊ ရွှေဘိုခရိုင်သည် ဒုတိယအများဆုံး၊ စစ်ကိုင်းခရိုင်သည် တတိယအများဆုံး၊ ကသာခရိုင်သည် စတုတ္ထအများဆုံး၊ ကလေးခရိုင်သည် ပဉ္စမအများဆုံး၊ တမူးခရိုင်သည် ဆဋ္ဌမအများဆုံး၊ ခန္တီးခရိုင်သည် သတ္တမအများဆုံး၊ မော်လိုက်ခရိုင်သည် အဋ္ဌမအများဆုံးဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။

မုံရွာခရိုင်အတွင်း ယာဉ်မတော်တဆမှုကြောင့် မော်တော်ယာဉ်အမှု ၁၂၉ မှု၊ အခြားမော်တော်ယာဉ် မတော်တဆမှု ၁၁၅ မှု၊ ဆိုင်ကယ် ၉၁ မှု၊ မော်တော်ကားနှင့် ဆိုင်ကယ် ၇၅ မှု၊ စုစုပေါင်း ယာဉ်မတော်တဆမှု ၄၁၀ မှုဖြစ်ပွားခဲ့သည်။ ယာဉ်မတော်တဆမှုများကြောင့် ကျား ၃၄၇ ဦး၊ မ ၇၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ကျား ၂၃ ဦး၊ မ ခြောက်ဦး သေဆုံးခဲ့ကြောင်းသိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းယာဉ်မတော်တဆမှုအနည်းဆုံးဖြစ်ပွားခဲ့သော ဆိုင်ကယ် မတော်တဆမှု နှစ်မှု၊ ကားနှင့်ဆိုင်ကယ် ယာဉ်တိုက်မတစ်မှု၊ အခြားယာဉ်မတော်တဆမှုတစ်မှု၊ စုစုပေါင်းယာဉ်မတော်တဆမှု ငါးမှုဖြစ်ပွားခဲ့သည်။

## ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပခုက္ကူရွှေချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီး

**မောင်ထီလာ**

**ပခုက္ကူ၊ မတ်- ၆**

ပခုက္ကူမြို့တွင် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်က ရေဘေးဒဏ်ကြောင့်ပျက်စီးသွားသည့်ရွှေချောင်းတံတားအစား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းအဖွဲ့(၃)မှ ရွှေချောင်းတံတားအမှတ်(၁) ဆောက်လုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဟု သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)က ရွှေချောင်းတံတားအမှတ်(၁) ကို ယခုနှစ် ဖေဖော်ဝါရီလ ၇ ရက်က စတင်တည်ဆောက်ခဲ့သည်။ ပခုက္ကူရွှေချောင်းတံတားအမှတ် (၁)မှာ အရှည်ပေ ၉၀၀ ၊ အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်နှင့်သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်ကိုယ်ထည်ဖြစ်ပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် ကွန်ကရစ်ယက်မနှင့်ကြမ်းခင်းဖြစ်သည်။

ပခုက္ကူရွှေချောင်းတံတား(၁)ကိုပခုက္ကူ- ရေစကြို-မုံရွာကားလမ်းမကြီးပေါ်တွင်တည်ဆောက်နေခြင်းဖြစ်သည်။ အင်ဂျင်နီယာများ၊ ကာယဉာဏလုပ်သားများက စက်ယန္တယားကြီးဖြင့် နေ့ညအချိန်ပြည့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများမှာ၅၅ ဒသမ ၂၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ် မိုးမကျခင်ကာလအမီ အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။





7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် အရည်အသွေးလျော့နည်းသည့် မီးသတ်ပစ္စည်းများကြောင့် မီးလောင်ဆုံးရှုံးမှုပိုများဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၉**

မုံရွာမြို့ပေါ်ရပ်ကွက်များတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၌ မီးငြိမ်းသတ်ရေးအတွက် ထားရှိသော မီးသတ်ပစ္စည်းများနှင့် စက်သုံးဆီလုပ်ငန်းသုံးပစ္စည်းများမှာ အရည်အသွေးလျော့နည်းသောကြောင့် မအူစက်သုံးဆီဆိုင်တန်း မီးလောင်မှုတွင် မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားခြင်းဖြစ်ကြောင်း မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှူးဦးဇင်မင်းထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ရေနံထွက်ကုန်ပစ္စည်း တင်သွင်း၊ တင်ပို့၊ ဖြန့်ဖြူး၊ ရောင်းချထိန်းသိမ်းကြီးကြပ်မှုကော်မတီ အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

"မအူစက်သုံးဆီတန်း မီးလောင်မှုကို ပြန်လည်သုံးသပ်ရင် မီးသတ်ဆေးဘူးတွေ ရှိပါလျက်နဲ့မီးငြိမ်းသတ်လို့မရတဲ့အတွက်မီးလောင်မှု အသေးစားကနေကြီးမားတဲ့ မီးလောင်ဆုံးရှုံးမှုဖြစ်ခဲ့ရတာပါ။ ဆီဆိုင်မှာအသုံးပြုတဲ့ဆီပိုက်၊ ဆီဂေါက်တွေနဲ့ ဆီတိုင်ကီတွေက အရည်အသွေးက သိပ်မကောင်းဘူး။ အရေးအကြောင်းနဲ့ မီးလောင်ပြီဆိုတာနဲ့ ဆီပိုက်ကပိတ်မရတာတွေ၊ ဆီစုပ်တဲ့စက်တွေကလည်း ဓာတ်ဆီအင်ဂျင်၊ ဒီဇယ်အင်ဂျင် ဆိုပေမယ့် စနစ်တကျတပ်ဆင် အသုံးပြုတာတွေ မဟုတ်ဘူး။ မီးဘေးကာကွယ်ရေးပစ္စည်းတွေထားပေမယ့် အရည်အသွေးညံ့ပြီး သုံးမရတာတွေရှိသလို မီးသတ်ဆေးဘူးအသုံးပြုပြီး ဆေးပြန်မထည့်ပေးမှာစိုးပြီးမီးသတ်ဆေးဘူး မငှားတာတွေကြောင့် မီးလောင်မှုပိုများတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းမှူး ဦးဇင်မင်းထွန်းကပြောသည်။



ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တိုင်းမှာ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများသည်ထိရောက်သောမီးငြိမ်းသတ်ပေးနိုင်သည်ဆိုသော်လည်း အများစုမှာအရည်အသွေးနိမ့်ပြီး ဈေးသက်သာသောမီးသတ်ဆေးဘူးများသာထားရှိကြောင်း သိရှိရသည်။ အရည်အသွေး နိမ့်ကျသော မီးသတ်ဆေးဘူးများသည်သတ်မှတ်သက်တမ်းကျော်လွန်ပါက မီးငြိမ်းသတ်၍မရတော့ဘဲ ဓာတုပစ္စည်းများ အလိုအလျောက်ပျက်ပြယ်လေ့ရှိကြောင်း သိရှိရသည်။

စက်သုံးဆီဆိုင်များမီးလောင်ကျွမ်းမှုဖြစ်ပွားချိန်တွင်ရေဖြင့် မီးငြိမ်းသတ်ပါက မီးလောင်အားပိုမိုကောင်းမွန်စေပြီးမီးသတ်ဆေးဘူး၊ သဲ၊ ရေစိုအဝတ်ဖြင့်ငြိမ်းသတ်ရန် လိုအပ်သည်။စက်သုံးဆီအရောင်း ဆိုင်တာဝန်ခံမှ အခြေခံဝန်ထမ်းအထိ အခြေခံမီးသတ်ပညာအား သိရှိနားလည်ရန် လိုအပ်ပြီး မီးလောင်ကျွမ်းချိန်တွင် မီးငြိမ်းသတ်မှုမရှိဘဲ ရှောင်တိမ်းသွားသော မအူ စက်သုံးဆီဆိုင်တာဝန်ခံကြောင့် ဆီဆိုင်လုပ်သားနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားလာခြင်း ဖြစ်သည်။ စက်သုံးဆီအငွေ့သည်ပေ ၇၀ ပတ်လည်ပျံ့နှံ့လွယ်သည့်အတွက် စက်သုံးဆီထားရှိသောနေရာသို့ အပူလှိုင်းဖြစ်စေသော မော်တော်ယာဉ်အိပ်ဇောအငွေ့များမှတစ်ဆင့်မီးလောင်မှုကိုဖြစ်ပွားနိုင်ရာ မုံရွာ-မန္တလေးကားလမ်းမကြီးဘေးဝဲယာ ဖွင့်လှစ်ထားရှိသော မအူစက်သုံးဆီတန်းသည် ပုဂ္ဂလိကစက်သုံးဆီဆိုင်များ သတ်မှတ်ချက်နှင့်အညီဖွင့်လှစ်ရန် လိုအပ်ကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဦးဇင်မင်းထွန်းက ရှင်းလင်းပြောကြားသည်။

"အပူပိုင်းဒေသ ဖြစ်တဲ့အတွက် ရာသီအပြောင်းအလဲနဲ့အပူချိန် မြင့်တက်ချိန်မှာ စက်သုံးဆီထည့်သွင်းမှုကို သတိပြုသင့်ပါတယ်။ အပူထဲကမောင်းလာတဲ့ဆီဘောက်ဆာကားမှာလည်း အပူရှိန်ကရှိနေတာ။ ဆိုင်ထဲက ဆီပီပါကလည်း သဘာဝအပူရှိန်ကရှိပြီးသားပါ။ ဆီထည့်တော့မယ့် ပီပါတွေကို ရေလောင်းပြီးမှ ဆီသယ်ကားကိုလည်း အေးအောင်နားပြီးမှထည့်သင့်တာပေါ့။ ဒီနေ့ခေတ်မှာ အချိန်နဲ့အမျှ အရေးကြီးသူတွေကြောင့် အလျင်စလိုဆီထည့်တဲ့အတွက် မီးလောင်မှုတွေဖြစ်ခဲ့တာပါ။ ပလတ်စတစ်ပုံးထဲထည့်ရင် ပလတ်စတစ်ပုံးကိုမထည့်မီ ရေဆေးထည့်ဖို့ လိုသလိုတစ်နေကုန်စီးနေတဲ့ဆိုင်ကယ်ထဲဆီထည့်ရာက မီးလောင်တာကိုပြီးခဲ့တဲ့နှစ်တုန်းကကြုံခဲ့ဖူးတယ်။ ပုဂ္ဂလိကဆီဆိုင်တွေမှာ သဲအိတ်တွေထက် သဲပုံး၊ သဲကျင်းတွေထားဖို့လိုသလို ရေအလွယ်တကူ ရဖို့လည်း လိုအပ်ပါတယ်။ ဆီဆိုင်ဝန်ထမ်းတွေအားလုံး အခြေခံမီးငြိမ်းသတ်တဲ့နည်းပညာတွေတတ်ထားသင့်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ်ဖေဖော်ဝါရီလ ၂၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်အချိန်တွင် မုံရွာမြို့ မအူစက်သုံးဆီအရောင်းဆိုင်တန်းအတွင်း ငွေမြင့်မိုရ်စက်သုံးဆီ အရောင်းဆိုင်၌ဆီထည့်သွင်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျပ် ၁၉၉ သိန်းဖိုးဆုံးရှုံးခဲ့သည့်နောက်ပိုင်း စက်သုံးဆီအရောင်းဆိုင်များ မီးလောင်ဆုံးရှုံးမှုမဖြစ်ပွားစေရေး အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် မွန်းလွဲ ၁ နာရီအချိန် မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။




## ရခိုင်ပြည်နယ်မြို့ ရှစ်မြို့တွင် ဂျီအက်စ်အမ် စခန်း ၁၈ ခု တည်ဆောက်မည်

**မာန်ယုကျော်** **စစ်တွေ၊ မတ်- ၆**

ရခိုင်ပြည်နယ်အတွင်း ယခုလအတွင်းချပေးမည့်ချပေးမည့် တန်ဖိုးနည်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း ပထမနှစ်၏ ပထမအဆင့်တွင် ပြည်နယ်အတွင်း မြို့ရှစ်မြို့၌ ဂျီအက်စ်အမ်စခန်းသစ် ၁၈ ခု တည်ဆောက်ပေးသွားမည်ဖြစ်ပြီး လိုင်း ၆၀,၀၀၀ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်အတွင်း ဂျီအက်စ်အမ်လိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း ပထမနှစ်တွင် ပြည်နယ်အတွင်းရှိ မြို့ပေါင်း ၁၆ မြို့တို့၌ ဂျီအက်စ်အမ်စခန်းသစ် ၄၉ ခုတည်ဆောက်ပြီး ဂျီအက်စ်အမ် လိုင်း ၁၅၇,၀၀၀ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အလားတူ အဆိုပါစီမံကိန်း၏ ပထမနှစ်အတွင်း ပထမအဆင့်တွင် စစ်တွေမြို့၊ မြောက်ဦးမြို့၊ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့၊ အမ်းမြို့၊ သံတွဲမြို့၊ တောင်ကုတ်မြို့နှင့် ဂွမြို့များ၌ ဂျီအက်စ်အမ်စခန်းသစ်များ တပ်ဆင်ပေးသွားဖြစ်ကြောင်း သိရသည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်း ခန့်ဆောင်ရွက်ပြီးစီးလျက်ရှိနေပြီဖြစ်ကာ ယခုလအတွင်း ဝန်ဆောင်မှုစတင်ပေးဆောင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012



# ကသာမြို့ အမှတ် (၂) ရပ်ကွက်နှင့် မြို့မဈေးကြီး မီးလောင်ဆုံးရှုံးမှု ဖြစ်ပွား

**နိုင်ကြီး၊ စိုင်းလှူမင်း**

**ကသာ၊ မတ်-၉**

ကသာမြို့တွင် မတ်လ ၇ ရက် နံနက် ၃း၄၅ အချိန်က အမှတ်(၂) ရပ်ကွက်ရှိ နေအိမ်ဆိုင်ခန်းများ နှင့်မြို့မဈေးကြီးတစ်ခုလုံး လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ဟိန္ဒူဘုရားကျောင်းပိုင် နံကပ်နှစ်ထပ်တိုက် အောက်ထပ်ခန်းအမှတ်(၄)တွင်ငှားရမ်းဖွင့်လှစ်ထားသော ပန်တော်ဦး မုန့်မျိုးစုံဆိုင်သည် ဆိုင်ပိတ်ချိန်မှစ၍ မီးပိတ်ထားခြင်းမရှိဘဲ လျှပ်စစ်မီးချောင်းမီးထွန်းခဲ့ရာမှ မီးချောင်း၏ ချုပ်မှ အပူချိန်လွန်ကဲပြီး စတင်လောင်ကျွမ်းခဲ့ကာ ထိုမှတစ်ဆင့် မြို့မ ဈေးကြီးကို ကူးစက်လောင်ကျွမ်းခဲ့ကာ အမှတ်(၂)ရပ်ကွက်ရှိ လူနေအိမ် ၁၁ လုံးနှင့် ဟိန္ဒူဘာသာရေး အသင်းပိုင်အဆောက်အဦ ၃ လုံး ဈေးရုံပေါင်း ၂၀ ရှိ ဈေး ဆိုင်ခန်းပေါင်း ၃၄၇ ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး ကာလတန်ဖိုး ကျပ် ၆၇,၁၃၅,၀၀၀ ပျက်စီး ဆုံးရှုံးခဲ့သည်ဟုဆိုသည်။

နံနက် ၃း၄၅ အချိန်မှ စတင်လောင်ကျွမ်းခဲ့မှုသည် အပြင်းထန်ဆုံး လောင်ကျွမ်းခဲ့သဖြင့် ဈေးဆိုင်ခန်းပိုင်ရှင်များ ပစ္စည်းဆုံးရှုံးမှုများပြားခဲ့သည်ဟုဆိုသည်။ ထိုမီးလောင်ကျွမ်းမှုအား ကသာမြို့နယ်၊ မီးသတ်စခန်းမှ မီးသတ်ယာဉ် ၃ စီး၊ ကောလင်းမြို့နယ်မှ မီးသတ်ယာဉ် ၁ စီး၊ အင်းတော်မြို့နယ်မှ မီးသတ်ယာဉ် ၁ စီး၊ ဗန်းမောက်မြို့နယ်မှ မီးသတ်ယာဉ် ၁ စီး၊ ထီးချိုင့်မြို့နယ်မှ မီးသတ်ယာဉ် ၁ စီး၊ မော်လူးမှ မီးသတ်ယာဉ် ၁ စီး၊ ကုမ္ပဏီများမှ ရေဘောက်ဆာ ကား ၉ စီး၊ ကသာစည်ပင်မှ ရေဘောက်ဆာကား ၁ စီး၊ ခမရ ၃၀၉ မှ ရေဘောက်ဆာကား ၁ စီး၊ ဆုထူးပန်ဆောက်လုပ်ရေး ကုမ္ပဏီမှ ရေကား ၁ စီး၊ ကသာသစ်ထုတ်လုပ်ရေးဒေသရုံးမှ ရေဘောက်ဆာကား ၁ စီး စုစုပေါင်း မီးသတ်ရေယာဉ် ၂၁ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ ဒေသခံပြည်သူလူထု၏ ရေစုပ်စက်ပေါင်းများစွာဖြင့် ဧရာဝတီမြစ်အတွင်းမှ ရေများစုပ်ယူကူညီပေးမှု၊ လူထုအင်အားများစွာဖြင့် ဝိုင်းဝန်းငြိမ်းသတ် ကူညီမှုတို့ကြောင့် နံနက် ၇ နာရီတွင် မီးညွန့်ကျိုးသွားခဲ့ပြီး နံနက် ၈ နာရီတွင် မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။

ကသာမြို့ အမှတ်(၄)ရပ်ကွက်တွင် နေထိုင်သူ အသက် ၈၀ ကျော်အရွယ် အဘွားအိုတစ်ဦးမှာ မီးလောင်ကျွမ်းနေသည်ကိုကြည့်ရှုပြီး နှလုံးထိခိုက်သေဆုံးသွားကြောင်းသိရသည်။

ကသာမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ (၁၉၈၂ ခုနှစ်) က မီးလောင်ကျွမ်းမှုကြီးဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ယခု မီးလောင်ကျွမ်းမှုနှင့်ဆိုလျှင် နှစ်ကြိမ်မြောက်ကြီးမားသော ဆုံးရှုံးနစ်နာမှုဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် အသက် ၁၈ နှစ်အထက် ကျား ၃၈ ဦး၊ မ ၄၂ ဦး၊ ၁၈ နှစ်အောက် ကျား ၇ ဦး၊ မ ၁၀ ဦး စုစုပေါင်း ၉၇ ဦးတို့ မီးဘေးဒုက္ခခံစားခဲ့ရသည်။ မီးဘေးဒုက္ခသည်များကို ကသာမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ မဟာလေးထပ်ဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လိုအပ်သည်များကို ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကြီးကြပ်ကူညီစောင့်ရှောက်လျက်ရှိသည်။ မီးလောင်ကျွမ်းမှုစတင်ဖြစ်ပွားသည့် ဆိုင်ခန်းပိုင်ရှင်အား ကသာရဲတပ်ဖွဲ့စခန်းမှ (ပ) ၇၃/၂၀၁၂ ဥပဒေပုဒ်မ ၂၈၅ဖြင့်စုံစမ်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ကသာခရိုင်ရှိ မြို့နယ်လေးမြို့နယ်တွင် တန်ဖိုးနည်းဂျီအက်စ်အမ် အသုံးပြုခွင့်ရမည်

**နိုင်ကြီး(ကသာ)**

**ကသာ၊ မတ်-၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် တန်ဖိုးနည်း ဂျီအက်စ်အမ်တယ်လီဖုန်း အသုံးပြုခွင့်ရရှိတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဝန်းသို၊ အင်းတော်၊ ကသာမြို့နယ်များတွင် တာဝါတိုင်များ တပ်ဆင်ပြီးစီးသွားပြီဖြစ်ကာ ထီးချိုင့်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ဗန်းမောက်မြို့နယ်တို့တွင် လမ်းဆက်သွယ်ရေး အဆင်မပြေမှုတို့ကြောင့် တာဝါတိုင်တပ်ဆင်နိုင်ခြင်းမရှိသေးသည့်အတွက် ယခင်က ဂျီအက်စ်အမ်မိုဘိုင်းဖုန်း အသုံးပြုခွင့်မရခဲ့ကြောင်း သိရသည်။

ကသာခရိုင်တွင် ဂျီအက်စ်အမ်ဖုန်း အသုံးပြုခွင့်ကို ယခုမှ ပထမဦးဆုံးအကြိမ်ရရှိလာခြင်းဖြစ်သည်။

## အခွင့်အရေးလုပ်ငန်းလိုင်စင် ၁၂ မျိုး လေလံရောင်းချမှု ၂၀၁၁ ထက် ကျပ်သိန်း ၂၀၀ ကျော် တိုးမြင့်ရရှိ


**စိုင်းလှူမင်း**

**ပင်လည်ဘူး၊ မတ်-၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အခွင့်အရေးလုပ်ငန်းလိုင်စင် ၁၂ မျိုးကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမှုကို ဖေဖော်ဝါရီ ဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ရာ ယမန်နှစ်က ထက် ကျပ်သိန်း ၂၃၄ ဒသမ ၇၅ တိုးမြင့်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အခွင့်အရေးလိုင်စင် ၁၂ မျိုးကို ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၂၉၅ ဒသမ ၇၅ သာရရှိခဲ့ပြီး ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၅၃၀ ဒသမ ၅၀ ရရှိခဲ့ကြောင်း သိရသည်။

အခွင့်အရေးလိုင်စင်များမှာ မြို့ပေါ်အမဲလိုင်စင်၊ မြို့ပေါ် ဝက်လိုင်စင်၊ မြေလင်း(ကျေးလက်) ဝက်လိုင်စင်၊ မြို့မအပေါင်ဆိုင်လိုင်စင်၊ ဆိပ်တော်ကြီးကူးတို့လိုင်စင်၊ တောင်ဒွန်းကူးတို့လိုင်စင်၊ မြေသာကူးတို့ လိုင်စင်၊ နောင်မူးကူးတို့လိုင်စင်၊ ဈေးကောက်လိုင်စင်၊ စက်ဘီးရပ်နားစခန်းလိုင်စင်၊ မြို့ဝင်ဘီးကောက်လိုင်စင်တို့ဖြစ်ပြီး လုပ်ငန်းရှင်များက အသီးသီး လေလံဆွဲဝယ်ယူရရှိသွားသည်။



## အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဖရဲစိုက်တောင်သူများ စိုးရိမ်

**မောင်ကံ** **မောင်တော၊ မတ်-၂**

မတ် ၂ ရက်က မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဖရဲစိုက်တောင်သူများ စိုးရိမ်နေကြကြောင်း ဖရဲစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"ဒီနှစ်တောင်သူတွေကိုအများဆုံးဒုက္ခပေးတာကမိုးဖြစ်နေပါတယ်။ မိုးတွင်းစပါးစိုက်ချိန်ကလည်း မိုးကြီးလို့ တောင်သူတွေမှာ စပါးခင်းတွေ ရေလွှမ်းပြီး စပါးအထွက်တစ်ခေါက် လျော့ခဲ့ပါပြီ။ အခု ဆောင်းသီးနှံစိုက်ချိန်မှာလည်း မိုးကအချိန်အခါမဟုတ် လိုက် ရွာနေတော့ တောင်သူတွေ ထပ်ပြီး ဒုက္ခရောက်ပါပြီ။ မိုးဆက်ရွာရင်တော့ ဖရဲစိုက်တောင်သူတွေ အထိနာမှာ ဖြစ်ပါတယ်" ဟု မောင်တောမြို့နယ် မြို့သူကြီးကျေး ရွာမှ ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဖရဲခင်းများမှ ဖရဲသီးများကို ခူးဆွတ်ကာ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်ဖြစ်ပြီး မောင်တောနယ်စပ်မှလည်း ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ စတင်တင်ပို့ချိန်ဖြစ်သည့်အတွက် မိုးဆက်လက်ရွာပါက ဖရဲသီးများရေဝင်ကာ ဈေးကွက်လိုအား ကျဆင်းမည်ဖြစ်ကြောင်း ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။

## ကားလမ်းပေါ်ရှိ အင်ဂျင်ဝိုင်ကွက်ကြောင့် ဘီးချော်ကာ ယာဉ်တိုက်မှုဖြစ်

**သန်းအောင်**

**ကလော၊ မတ်-၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ကလောမြို့နယ်၊ ဟဲဟိုးရဲစခန်းအပိုင် မိုင်တိုင်အမှတ် ၈၇/၄ နှင့် ၈၇/၅ အကြား သီခေါင်တောင်အပေါ်ကွေ့တွင် မိန်းကလေးနှစ်ဦး စီးလာသော ဆိုင်ကယ် တစ်စီးနှင့် နီဆန်းအမျိုးအစား ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးတို့ ဖေဖော်ဝါရီ ၂၂ ရက်နံနက် ၁၁ နာရီအချိန်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားရာနေရာတွင် မည်သည့် ယာဉ်တစ်စီးမျှ မတွေ့ရှိရသဖြင့် အောင်ပန်းယာဉ်ထိန်းရဲအား ဆက်သွယ်ကာ ၁၂ ဘီးယာဉ်အား တားဆီးပေးကာ အကူအညီတောင်းခံ စစ်ဆေးခဲ့ကြသည်။

အောင်ပန်းယာဉ်ထိန်းရဲက အဆိုပါ၁၂ဘီးယာဉ်အားတားဆီးစစ်ဆေးရာ ယာဉ်မောင်းဖြစ်သူ ကိုအောင်သူက ဒဏ်ရာရရှိသွားကြသော မိန်းကလေး နှစ်ဦးအား အောင်ပန်းဆေးရုံသို့ တင်ပို့ပေးရန်အတွက် ဆိုင်ကယ်နှင့်တကွ တင်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အောင်ပန်း ယာဉ်ထိန်းရဲက ဆိုင်ကယ်မောင်းသူ မနန်းအိရွှေ (၁၉ နှစ်)၊ ရွှေဘုံသာရပ်၊ ရွှေညောင်မြို့နေသူနှင့် မအိဖြူထွန်း(၂၀နှစ်) ကွက်သစ်ရပ်ကွက် ရွှေညောင်မြို့နေသူတို့ နှစ်ဦးအား အောင်ပန်းဆေးရုံသို့ တင်ပို့၍ ဆေးကုသခံယူစေခဲ့ရာ ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းသူ အိဖြူထွန်းမှာ ဒဏ်ရာပြင်းထန်သဖြင့် တောင်ကြီး စပ်စံထွန်းဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူစဉ်သေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားရခြင်းမှာ ဆိုင်ကယ်က ၁၂ ဘီးကားအား ကျော်တက်စဉ် ကားလမ်းပေါ်တွင် ဖိတ်စဉ်နေသော အင်ဂျင်ဝိုင်ကွက်တစ်ခုအား ဆိုင်ကယ်ဖြင့် နင်းမိရာမှ ဆိုင်ကယ်ဘီးချော်ပြီး ၁၂ ဘီးယာဉ်၏ နောက်ဘီးနှင့် ပွတ်တိုက်မိကာ ဆိုင်ကယ်တိမ်းမှောက်၍ ဒဏ်ရာရရှိခြင်းဖြစ်ကြောင်းသိရသည်။

ယင်းကိစ္စအတွက် ၁၂ ဘီးယာဉ်မောင်းဖြစ်သူ ကိုအောင်သူ (၃၄ နှစ်)၊ အေးသာယာနေသူနှင့် ဆိုင်ကယ်မောင်းသူ မနန်းအိရွှေ၊ ရွှေညောင်မြို့နေသူ တို့ ၂ ဦးအား ဟဲဟိုး ရဲစခန်း (ပ) ၁၄/၂၀၁၂ ပုဒ်မ၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

March24th စပြီ
ဒီ-ဂျေ Training မှ
D-J
ကွန်ပြူတာ မသိ/မတတ်သေးသူ
-အသက်(၄၀)နှစ်အထက် လူကြီးသီးသန့်သင်တန်း
-(နွေရာသီ) ကလေးများအတွက်အခြေခံသီးသန့်သင်တန်း
• အခြေခံကွန်ပြူတာနှင့် အခြေခံ A⁺ အပါအဝင် စာစီစာရိုက်နည်း၊မိမိဖိုင်များသိမ်းဆည်းခြင်း၊ မှတ်တမ်းရေးခြင်း၊ မိမိဓါတ်ပုံများသိမ်းဆည်းခြင်း၊ CD ထည့်သွင်းခြင်းများပါ **သီးသန့်** သင်တန်းဖြစ်ပါသည်။ ***တစ်တန်းလျှင် (၅) ဦးသာ- တစ်လ ၃၀၀၀၀ ကျပ်***
ဖုန်း-၀၉-၄၉၃ ၄၂၇၁၄၊ ၀၉-၄၉၃ ၄၀၄၉၅၊
အမှတ်(၂၂) ၊ရွှေလဝင်းလမ်း(ရှမ်းလမ်းမှတ်တိုင်အနီး)၊စမ်းချောင်းမြို့နယ်။

ဆရာဝန်များ ဦးစီးသည့်
ထူးချွန်သူများမွေးထုတ်ပေးနေသော(၁၆)နှစ်မြောက်
ပုလဲ စံပြဘော်ဒါ
Since 1996
ထူးချွန်အောင်မြင်စေရန်မိမိတို့ လေ့ကျင့်ခဲ့သည့်
ပုံစံအတိုင်း တစ်နှစ်ပတ်လုံးလေ့ကျင့်ပေးသည်။

၇၇ (၄ဝါလမ်း)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊
ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၁-၆၃၈၀၅၀

Special Teaching & Guide
- Grade 9 (အင်္ဂလိပ်စာ၊ သင်္ချာ၊ ကျက်စာ)
- ကျက်နည်း၊ လေ့လာ၊ ဖြေဆိုနည်း
- အမှတ်ပေးစည်းမျဉ်းနှင့်အညီ
- ဂုဏ်ထူးမှတ်ရရန် နွေရာသီမှ စသင်မည်။
Grade (4,5,6,7,8,9) ၂ ချိန်ကျောင်းများသာ
Tr.Paing Paing
Ph: 09-731-40 987

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

## မြစ်ရေနည်းချိန် ရေလမ်းကြောင်းကျပ်ခြင်း၊ သဲသောင်များပေါ်ထွန်းခြင်းများကြောင့် ဝါးဖောင်လုပ်ငန်းများ အရှုံးပေါ်

**စိုင်းလှူမင်း**

**ရန်ကုန်၊ မတ်-၆**

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာမှ စတင်၍ ဧရာဝတီမြစ်ရေ နည်းပါးကာ သောင်ထွန်းမှုများ ဖြစ်ပေါ်ခြင်းကြောင့် ဝါးဖောင်များ ဈေးကွက်သို့ ဝင်ရောက်မှုနည်းပါး ကာ ဝါးဈေးမြင့်တက်လျက်ရှိသည်။

ဝါးဖောင် မျှောချလုပ်ငန်းလုပ်ကိုင်သူများမှာ လမ်းဂိတ်များခြင်း၊ ကြန့်ကြာခက်ခဲမှုနှင့် အန္တရာယ်ရှိမှု များပြားသဖြင့် လုပ်ငန်းလုပ်ကိုင်သူနည်းလာကြောင်း မြတောင်ကျေးရွာ ဝါးဖောင်လုပ်ငန်းလုပ်ကိုင်သူ ဒေသခံများထံမှ သိရသည်။



ဓာတ်ပုံ - စိုင်းလှူမင်း

“ကျွန်တော်တို့လုပ်ငန်းက အသက်အန္တရာယ်နဲ့ရင်းပြီးလုပ်ရတာ၊ ဧရာဝတီမြစ်ရေနည်းပါးချိန်မှာ ပိုပြီးတော့ ဂရုစိုက်ရတယ်။ သောင်တွေ၊ ငုတ်စူးတွေနဲ့ငြိလို့ကတော့ ပစ္စည်းလည်းဆုံးရှုံး၊ လူလည်းဒုက္ခရောက်နိုင်တယ်။ ကချင်ပြည်နယ် ရွှေလီမြစ်ဝကနေ မင်းကွန်းဆိပ်ရောက်တဲ့အထိ အနည်းဆုံး ၁၅ ရက်ကနေ ရက် ၂၀ အထိ စုန်မျှောရတယ်။ ကျွန်တော်တို့မှာ အထက်ပိုင်းကနေ ဝယ်ခဲ့ရတဲ့ဈေး၊ အလုပ်သမားခ၊ စားစရိတ်၊ ဂိတ်ကြေး၊ အားလုံးနုတ်လိုက်တော့ နည်းနည်းပါးပါး မြတ်တဲ့အခါလည်းမြတ်၊ ရှုံးတဲ့အခါလည်း ရှုံးပေါ့။ ဂိတ်တွေက ရွှေလီမြစ်ဝကနေ မင်းကွန်းအထိ လမ်းခရီး ဂိတ်တွေက ၃၀၀ ကျော်မယ်ထင်တာပဲ။ ပိုဆိုးတာက ထီးချိုင့်မြို့ တစ်ဖက်ကမ်းသစ်တောစစ်ဆေးရေးဂိတ်မရောက်ခင် မြစ်အလယ်ခေါင်မှာ ထီးချိုင့်ဘက်မှာရှိတဲ့ အဖွဲ့စုံတွေက ခရီးလမ်းကြန့်ကြာအောင် စစ်ဆေးရှာဖွေတာတွေရှိလို့ ငွေ ကြေးပေးရတာတွေလည်း များလွန်းပါတယ်” ဟု မြတောင်ကျေးရွာမှ ဝါးဖောင်လုပ်ငန်း လုပ်ကိုင်သူဒေသခံအချို့ကပြောသည်။

ဖောင်မျှောဝါးဈေးသည် ယခင်နှစ်ပေါက်ဈေးထက် ဝါးအလုံး ၁၀၀ လျှင် ၅,၀၀၀ကျပ်နှုန်း တက်သွား၍ ယခုလက်ရှိပေါက်ဈေးမှာ တင်းဝါးသေး (အတို) ဝါးအလုံး ၁၀၀ လျှင် ၂၅,၀၀၀ ကျပ် တင်းဝါးကြီး (အတို)ကို ဝါးအလုံး ၁၀၀ ကို ၃၀,၀၀၀ ကျပ်၊ နောက်မြီးမသိမ်းတင်းဝါး (အရှည်) အလုံး ၁၀၀ ကို ၄၀,၀၀၀ ကျပ်မှ ၄၅,၀၀၀ ကျပ်၊ ဝါးဖြူ(အတောင်) ၂၀ အရှည် အလုံး ၁၀၀ ကို ၆၀,၀၀၀ ကျပ်ရှိသည်။ ပွင့်လင်းရာသီရောက်လေ ဧရာဝတီမြစ်ရေပိုပြီး နည်းပါးလာသလို ရေလမ်းကြောင်း ကျပ်လာပါက ဝါးဖောင်များမှာလည်း အဝင်နည်းလာကာ ဝါးရှားလာနိုင်၍ သက်ဆိုင်ရာမှ မလိုအပ်ဘဲ စစ်ဆေးရေးလမ်းဂိတ်များ မထားစေလိုကြောင်း ဝါးဖောင်လုပ်ငန်းလုပ်ကိုင်သူများ ကပြောသည်။

## မီးလောင်မှုကို သွားရောက်ကူညီစဉ် မီးသတ်ယာဉ် တိမ်းမှောက်ရာမှ သေဆုံးဒဏ်ရာရမှုဖြစ်ပွား

**စိုင်းလှူမင်း**

**ကသာ၊ မတ်-၉**

ကသာမြို့ အမှတ်(၂) ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားရာသို့ ဝန်းသိုမြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ သွားရောက်ကူညီပေးစဉ် မီးသတ်ယာဉ်တိမ်းမှောက်မှုကြောင့် အရန်မီးသတ်တပ်ဖွဲ့(၂) ဦးသေဆုံး၊ ၃ ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

ယခုလ ၇ ရက် နံနက် ၄ နာရီအချိန်တွင် မီးလောင်မှုဖြစ်ပွားနေသည်ကို ဝန်းသိုမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ရင်းမှူးဦးစက်မောင်ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်လေးဦးတို့သည် သတင်းကြားကြားချင်း တာဝန်သိတတ်သော စိတ်ဓာတ်ဖြင့် ၇၉ မိုင်ဝေးကွာသော ကသာမြို့သို့ ဒေါင်ဇန်းအမျိုးအစား ၆ ဘီးယာဉ်ဖြင့် သွားရောက်ခဲ့သည်။ နံနက် ၉ နာရီအချိန် ထီးချိုင့်မြို့နယ် မဟာဗျူဟာလမ်း မိုင်တိုင်အမှတ် ၁၃၃/၃ နှင့် ၁၁၄/၀ ကြားအရောက်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီး ယာဉ်ပေါ်ပါသူ မြို့နယ်အရန်မီးသတ် ဦးကိုလေး(၅၀နှစ်)၊ မင်းမင်းအောင်(၂၅ နှစ်)တို့နှစ်ဦးမှာ နေရာတွင် သေဆုံးခဲ့ပြီးအရန်မီးသတ်ဒုတပ်ရင်းမှူးဦးစက်မောင်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကာ ရန်မျိုးအောင်နှင့် ယာဉ်မောင်းဝေယံလင်းတို့မှာလည်း ဒဏ်ရာအသီးသီးရရှိခဲ့သည်။

၎င်းတို့အားအင်းတော်မြို့နယ် ဒါနသုခလူမှုကူညီရေးအသင်းမှ ကားဖြင့် သွားရောက်ခေါ်ဆောင်၍ အင်းတော်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ကာ ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

## ၇၅ ကျပ်နှုန်းဖြင့် ဓာတ်အားသုံးစွဲခ ပေးဆောင်ရပါက သက်ဆိုင်ရာမြို့နယ် အင်ဂျင်နီယာရုံးတွင် ၃၅ ကျပ်နှုန်းရရှိရန် လျှောက်ထားနိုင်

**စိုင်းလှူမင်း**

**ကောလင်း၊**

**မတ်-၆**

စီးပွားရေးလုပ်ငန်းရှင်ကြီးများမဟုတ်သော အလင်းရောင်အနည်းငယ်သာ အသုံးပြုပြီး အိမ်နှင့် တွဲဖက်ဖွင့်ထားသည့် ကွမ်းယာဆိုင်၊ ကုန်စုံဆိုင်နှင့် မုန့်ဆိုင်များသည် စည်းကြပ်ကောက်ခံလျက်ရှိရာ ဓာတ်အားသုံးစွဲခ ၇၅ကျပ်နှုန်း ပေးဆောင်နေရပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်ဆက်သွယ်၍ ၃၅ကျပ်နှုန်းဖြင့် ပြောင်းလဲကောက်ခံပေးရန် လျှောက်ထားနိုင်ကြောင်း ကောလင်း၊ဝန်းသိုမြို့နယ်အင်ဂျင်နီယာမှူးများထံမှ စုံစမ်းသိရသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ယခုနှစ်ဇန်နဝါရီ ၁ ရက်မှစ၍ ဓာတ်အားခနှုန်းထားသစ်များ သတ်မှတ်ကောက်ခံမှုတွင် အစိုးရဌာနများ၏ ဓာတ်အားသုံးစွဲမှု တစ်ယူနစ် ၃၅ ကျပ်၊ အများပြည်သူများ၏ ဓာတ်အားသုံးစွဲမှုများတွင် အထွေထွေ အိမ်သုံး၊ အိမ်သုံးပါဝါနှင့် လမ်းမီးများအတွက် တစ်ယူနစ် ၃၅ ကျပ်၊ စက်မှုလက်မှုသုံးစီးပွားရေးလုပ်ငန်းသုံးတစ်လုံးတစ်ခဲတည်းနှင့် ယာယီသုံးစွဲခြင်းများမှာ တစ်ယူနစ်လျှင် ၇၅ ကျပ်၊ နိုင်ငံခြားငွေဖြင့် ဓာတ်အားသုံးစွဲသူများ တစ်ယူနစ်လျှင် ကန်ဒေါ်လာ ဝ ဒသမ ၁၂ နှုန်းဖြင့် ကောက်ခံမှုအား ကြိုတင်အသိပေး ကြေညာခဲ့ပြီးဖြစ်သည်။

ဓာတ်အားဖြန့်ဖြူးရောင်းချမှုတွင် တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်ထက်လျှော့၍ အိမ်သုံးမီတာများအတွက် တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပြီး စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းမရှိဘဲ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ဓာတ်အားအများအပြားသုံးစွဲလိုသူများအတွက် အိမ်သုံးပါဝါမီတာတပ်ဆင်ခွင့်ပြုထားကာ တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့် ဓာတ်အားကောက်ခံမည်ဖြစ်သည်။

အိမ်သုံးမီတာဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုများသော အရောင်းဆိုင်ကြီးများ၊ စီးပွားရေးလုပ်ငန်းအတွက် တိုက်ရိုက်အသုံးပြုလုပ်ငန်းများဖြစ်သော ကွန်ပျူတာဂိမ်းဆိုင်၊ အလှပြင်ဆိုင်၊ မိတ္တူကူးဆိုင် စသည့်လုပ်ငန်းများမှ တစ်ယူနစ်လျှင် ၇၅ ကျပ်နှုန်းဖြင့် ကောက်ခံပြီး အဆိုပါဓာတ်အားသုံးစွဲသူများအနေဖြင့် အိမ်သုံးသီးသန့်အတွက် ဓာတ်အား ၃၅ ကျပ် နှုန်းဖြင့် ခွဲခြားပေးဆောင်လိုပါက လုပ်ငန်းဆောင်ရွက်ရန် သီးခြားမီတာ တပ်ဆင်ခွင့်လျှောက်ထားရမည်ဖြစ်ကြောင်းနှင့်လျှောက်ထားမှုမှန်ကန်ပါက မီရာလမှစတင်ပြောင်းလဲကောက်ခံပေးသွားမည်ဖြစ်သည်။

ထိုအိမ်ဆိုင်များကို စည်းကြပ်ကောက်ခံမည့်ဓာတ်အားခနှုန်းထားသစ်အရ ၇၅ ကျပ်နှုန်း ကောက်ခံပါက မီးသုံးစွဲသူများ နစ်နာမှုမကျေနပ်မှုများဖြစ်ပေါ်လာနိုင်သဖြင့် နေအိမ်နှင့် တွဲ၍ဖွင့်လှစ်ထားပြီးအလင်းရောင်အနည်းငယ်သာ သုံးစွဲသော ကွမ်းယာဆိုင်၊ မုန့်ဆိုင် စသည့်အိမ်ဆိုင်ငယ်ကလေးများကို မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူးများ ကိုယ်တိုင် အဖွဲ့ဖြင့် ရပ်ကွက်/ကျေးရွာဒေသများရှိ ဓာတ်အားသုံးစွဲသူများထံသို့ကွင်းဆင်းစစ်ဆေးပြီး အိမ်သုံး နှုန်းထား ၃၅ ကျပ်နှုန်းဖြင့် စည်းကြပ်ကောက်ခံဆောင်ရွက်နေကြောင်း စုံစမ်းသိရသည်။

**TRADEMARK CAUTION**

Rohto Pharmaceutical Co., Ltd.,, a Company incorporated in Japan at 8-1, Tatsuminishi 1-chome, Ikuno-ku, Osaka-shi, Osaka 544-8666, Japan is the Owner and Sole Proprietor of the following Trademarks:-

**အက်နက်(စ်)**

**Reg: 4/1922/2012**

**ရိုတို**

**Reg: 4/1921/2012**

In respect of : Int'l class 3 : “Bleaching preparations and other substances for laundry use; cleaning, polishing, scouring and abrasive preparations; soaps; perfumery, essential oils, cosmetics, hair lotions; dentifrices”.

Int'l class 5 : “Herbal medicine; eye drops; pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings; material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides”.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 15.March.2012

**ပြင်ဦးလွင်မြို့၊အနီးစခန်း(အ.ထ.က) ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

ပြင်ဦးလွင်မြို့၊ အနီးစခန်း(အ.ထ.က) ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို (၂၀၁၂)ခုနှစ်၊ ဧပြီလ(၄)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီတွင် အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား /ကျောင်း သူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူတော်ငွေများ ဆက်သွယ် လှူဒါန်း နိုင်ကြပါရန် နိုးဆော် အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် -**

| | | | |
|---|---|---|---|
| ဦးအောင်မြင့် | 0947110960 | ဦးလှမျိုးအောင် | 092031304 |
| ဦးမြင့်လွန်း | 0947130281 | ဦးကျော်သူဆွေ | 0943129372 |
| ဦးဌေးမြင့် | 0947138011 | ဦးညည်မွန် | 092045069 |
| ဦးဆလိုင်းမြင့်ဖေ(ရန်ကုန်) | 095180988 | ဒေါ်စုစု | 0947129650 |
| ဦးမင်းသီဟန်(မန္တလေး) | 0947117819 | ဒေါ်တင့်တင့်အေး | 085-50379 |
| ဒေါ်ဇီဇဝါမြင့်(မန္တလေး) | 095000066 | ဒေါ်တင်မျိုးသူ | 092043431 |
| ဒေါ်ရှိမာ(နေပြည်တော်) | 095136342 | ဒေါ်ဝင်းလှဲ့လှဲ့ | 085-50103 |


**HAPPY PEST KILLER**

**ဟက်ပီး ပိုးမွှားနှိမ်ဆေးသည် . . .**

- ဆေးဂန္ဓမာ (Pyrethrum) ဖြစ်၍ အန္တရာယ်မဖြစ်နိုင်ပါ။
- ဓာတ်ပြုကွဲမှုမြန်ဆန်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေပါ။
- ကြမ်းခင်း၊ နံရံ နှင့် ပရိဘောဂများကို အရောင်လွင့်ခြင်းမဖြစ်စေပါ။
- ဂျပိုး၊ ခြ၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ မွှား၊ သန်း - အိမ်မွေးတိရစ္ဆာန်တွင် စွဲကပ်သောပိုးမွှားများ - အပင်ရှိပိုးမွှားများ ကိုထိရောက်စွာ နှိမ်နင်းနိုင်ပါသည်။
- အနံ့အသက်၊ အရောင် စွန်းပေခြင်း မရှိပါ။



Super Market စတိုးဆိုင် ကုန်မာဆိုင် များတွင်ရရှိနိုင်ပါသည်။

အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။

ဖုန်း - ၀၁-၅၅၄၈၂၂၊ ၂၀၉၂၉၀၊ ၀၉-၇၃၀၂၇၇၃၃၊ ၀၉-၅၁၅၄၃၀၀၊ ၀၉-၅၁၅၄၆၀၀

# ထိုင်းရှိမြန်မာလုပ်သားများ ယာယီနိုင်ငံကူးလက်မှတ် နောက်ဆုံးရက်တိုး၍ အသက်ရှူချောင်

**မြတ်စုမွန်**

**ရန်ကုန်၊ မတ်-၁၁**

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ် သက်တမ်းတိုးရမည့် ကာလကို နောက်ထပ် လေးလ(ဇွန်လကုန်အထိ) သက်တမ်းတိုးလိုက်သဖြင့် အလုပ်သမားများ ပိုမိုအဆင်ပြေသွားစေကြောင်း အလုပ်သမားကူညီရေးအဖွဲ့များနှင့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများက ပြောသည်။

"နောက်ဆုတ်လိုက်တော့ အလုပ်သမားတွေအတွက် ပိုက်ဆံရှာချိန် ပိုရသွားတာပေါ့။ သူတို့မှာ မရှိ၊ ရှိတာရှာပေးရ၊ ပေါင်နှံချေးငှားပေးရတာဆိုတော့ ရှာဖို့ဖွေဖို့ အချိန်ပိုရသွားတယ်" ဟု ထိုင်းနိုင်ငံရှိ မြန်မာအရေးပူးတွဲလှုပ်ရှားမှုကော်မတီဥက္ကဋ္ဌဦးမိုးကြိုးက ပြောသည်။

ထိုင်း၊မြန်မာနှစ်နိုင်ငံ အစိုးရသဘောတူညီချက်အရ ယာယီနိုင်ငံကူးလက်မှတ်အတွက် တရားဝင် ကုန်ကျစရိတ်မှာ ထိုင်းဘတ်ငွေ ၅၀၀ သတ်မှတ်ထားသော်လည်း လက်တွေ့ကုန်ကျစရိတ်မှာ အနည်းဆုံး ထိုင်းဘတ်ငွေ ၅,၅၀၀ မှ ၁၀,၀၀၀ ကျော်အထိ ပေးနေရသဖြင့် အလုပ်သမားများအတွက် အခက်ကြုံနေရခြင်းဖြစ်ကြောင်းသိရသည်။ (ယခုလ၁၀ ရက်ပေါက်စျေးအရ ငွေလဲနှုန်းမှာ ထိုင်းတစ်ဘတ်လျှင်မြန်မာငွေ ၂၆ ကျပ်ရှိသည်။)

ထိုင်းနိုင်ငံ အလုပ်သမားဥပဒေအရ မဲဆောက်မြို့မှ အလုပ်သမားတစ်ဦးလျှင် တစ်နေ့အနိမ့်ဆုံး လုပ်အားခ ၁၆၂ ဘတ် သတ်မှတ်ထားသော်လည်း အလုပ်သမားအများစုမှာ အလုပ်ရှင်၏ ဥပဒေ မလိုက်နာမှုများကြောင့် ပျမ်းမျှတစ်နေ့ ဘတ် ၈၀ မှ ဘတ် ၁၀၀ အထိသာ (မြန်မာငွေကျပ် ၂,၅၉၀ ဝန်းကျင်)ရရှိကြောင်း အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအား ကူညီပေးနေသည့် မြန်မာအမျိုးသမီး သမဂ္ဂမှ သိရသည်။

ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ယူရေးကိစ္စအတွက် အလုပ်သမား အကျိုးဆောင်တရားဝင်ပုဂ္ဂလိကကုမ္ပဏီပေါင်း ၅၆ ခု ရှိသည်။

ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ယာယီပတ်စ်ပို့လုပ်သူများမှာ မြဝတီရုံးတွင်လုပ်လျှင် ထိုင်းဘတ်ငွေ ၅,၅၀၀၊ ရနောင်းမြို့တွင် ထိုင်းဘတ် ၇,၀၀၀ နှင့် တာချီလိတ်တွင် ထိုင်းဘတ် ၉,၀၀၀ အသီးသီးပေးရကြောင်းလည်း ဦးမိုးကြိုးထံမှ သိရသည်။

အဆိုပါ စျေးနှုန်းမှာ အလုပ်သမား တစ်ဦးချင်းစီအတွက် ခရီးစရိတ်၊ ပတ်စ်ပို့လုပ်ခနှင့် နေ့လယ်စာတစ်နပ်စာပါဝင်သောနှုန်းထားများဖြစ်သည်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂၀၀၄ ခုနှစ်ကတည်းက အလုပ်လုပ်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ကိုစိုင်းစံမြင့်ကလည်း "အခု သက်တမ်းတိုးပေးတယ်ဆိုတာ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ ရုံးတွေက မနိုင်လို့ သက်တမ်းထပ်တိုးလိုက်တဲ့ သဘောပါ။ မလုပ်ရသေးတဲ့အလုပ်သမားတွေ ရှိသေးတယ်"ဟုပြောသည်။

"အခုလို တိုးပေးလိုက်တဲ့အတွက် စစ်ဆေးတာကြုံရင်တောင် ပတ်စ်ပို့လျှောက်ထားဆဲဆိုတာ ပြန်ဖြေလို့ ရသွားတယ်။ သက်တမ်းကုန်ထားတဲ့ အလုပ်သမားကတ်တွေမှာ နောက်ထပ် သက်တမ်း လေးလရှိသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"ဟု ၂၀၀၆ ခုနှစ်ကတည်းက ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့လာရောက်အလုပ်နေသည့် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

၎င်းက ဆက်လက်၍ "လေးလပြည့်သွားလို့မှ ပတ်စ်ပို့ လုပ်မထားသေးဘူးဆိုရင်တော့ ဖမ်းတော့မယ်လို့ ကျွန်တော် ထင်တယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၈ သတ်မှတ်ရက်ကုန်ပြီး နောက်နေ့မှာ အဖမ်းအဆီး ကြမ်းလိုက်လို့ လူတော်တော်ပါသွားသေးတယ်" ဟုပြောသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် ရနောင်းမြို့များတွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများ ဖွင့်လှစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၀၉ ခုနှစ်၊ ဇူလိုင်မှ ၂၀၁၂ ဖေဖော်ဝါရီအထိ လာရောက်လျှောက်ထာသူများ စာရင်းကို ယာယီပတ်စ်ပို့များ ထုတ်ပေးရေးရုံး၏ အင်တာနက်ဝက်ဘ်ဆိုက် www.wntglobalissue. com. တွင် ဖော်ပြထားသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

City Mart Holding Co., Ltd
- ယာဉ်မောင်း ကျား (၁၀) ဦး
- သန့်ရှင်းရေးဝန်ထမ်းများ မ (၁၀) ဦး

အမှတ် (၁-၁၁)၊ ပဒုမ္မာကွင်း အရှေ့ဘက်ခြမ်း၊ ဗားကရားလမ်း၊ စမ်းချောင်းမြို့နယ်။

-------------------------

- ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး
- ရုံးဝန်ထမ်း (word,excel) ကျား (၂) ဦး
- အထွေထွေဝန်ထမ်း ကျား (၄) ဦး

**ဖုန်း - ၀၉၇၃၀၂၇၇၃၃**

-------------------------

ဝန်ထမ်း (မ) အလိုရှိသည်။ သင်ကြားရေး (မ) အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သော ဝန်ထမ်းများ အလိုရှိပါသည်။(အသက် ၃၅ နှစ်အောက်)

**Tel: 0973049543**

-------------------------

Geo Asia Industry and Mining Co., Ltd

(1) Civil Engineer ကျား (၁) ဦး AGTI Civil နှင့် B.E (Civil) လုပ်ငန်းအတွေ့အကြုံ (၅) နှစ်

(2) Electrical Engineer ကျား(၁)ဦး B.tech (EP), AGTI (EP) Generator မီးစက်များပြုပြင်/ ပြင်ဆင်ရန်နှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ အထူးကျွမ်းကျင်သူ

(3) Security
- လုံခြုံရေးအရာရှိ ကျား (၃) ဦး
- လုံခြုံရေးကြီးကြပ်ရေးမှူး ကျား (၄) ဦး
- လုံခြုံရေးဝန်ထမ်း ကျား (၁၀၀) ဦး(အကျင့်စာရိတ္တကောင်းရမည်။ အတွေ့အကြုံ (၂) နှစ်ရှိရမည်)

အမှတ် (၅၃၁)၊ အခန်း (၃၀၅)၊ တတိယထပ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရဲတံခွန် တာဝါ၊ ကြည့်မြင်တိုင်မြို့နယ်။

-------------------------

Super Luck စားသောက်ဆိုင်
- အကြော်ဆရာ ကျား (၁) ဦး
- ရှမ်းအစားအစာ (၁) ဦး
- မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ (၁) ဦး
- မြန်မာထမင်းဟင်း (၁) ဦး

**ဖုန်း - ၀၉၇၃၀၁၆၄၀၄**

-------------------------

**Yangon Real Estate Co.,Ltd**

(၁) စာရင်းစစ် မ (၂) ဦး
(၂) စာရင်းကိုင် မ (၂) ဦး
(၃) Marketing ကျား/မ(၁၀) ဦး
(၄) ဒရိုင်ဘာ ကျား (၂) ဦး

(၁၅-၃-၂၀၁၂)နောက်ဆုံးထား၍ အမှတ် (S-2)၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၉၄၃၁၁၁၀၀၁**

-------------------------

Nexus System Technologies Co.,Ltd

အင်္ဂလိပ်၊ မြန်မာစာ စာစီစာရိုက်ကျွမ်းကျင်ပြီး B.A (Eng) ဖြင့်ဘွဲ့ရထားသူ (၃) ဦး၊ Web Developer (PHP,CCS, HTML, MS SQL) (၁၀) ဦး

အမှတ် (၂၃/ ၂၈)၊ အင်းယားမြိုင်လမ်း။ **ဖုန်း - ၅၃၂၀၇၈**

-------------------------

စိုးစံ(လင်း) အိမ်ခြံမြေအကျိုးဆောင်

၁။ Computer Operator မ (၂) ဦး (ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်)

အမှတ် (၇၀)၊ ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။

**ဖုန်း - ၅၁၀၆၀၀၊ ၅၁၀၉၅၀**

-------------------------

**ပန်းလေပြည်အထည်ချုပ်**

- အထည်ချုပ်ဒီဇိုင်းပညာရှင် (အချိန်ပြည့်၊ အချိန်ပိုင်း) ကျား/မ (၁)ဦး(ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ ၂ပုံ၊ မှတ်ပုံတင်မိတ္တူ။ (၇) ရက်အတွင်း လျှောက်ထားနိုင်သည်)

အမှတ်(၅၅၇)၊(၁၆/၃) ရပ်ကွက်၊ အာဇာနည်လမ်း၊ VIP (2) ရွှေပြည်သာမြို့နယ်။

**ဖုန်း - ၀၉၈၆၂၁၂၈၃**

-------------------------

A well established medical equipment is looking for highly moivated engineer to fill in the service engineer post.

1) Posess Bachelor degree in engineering (electronics)
2) Have good command of both written & spoken English
3) Be willing to travel within Myanmar and abroad
4) Be self-votivated and have good interpersonal skill
5) Be under 30 years of age

interested person can submit their C.V along with recent photograph and contact number to the following address.

Shwe Padauk Condominium #2C, No. 99A, Myay Nu Street, Sanchaung Township, ph- 532225 Ext. 835, 525748 (within 10 days of this advertisement)

-------------------------

(၁) Assistant Manager (၁) ဦး (စက်ရုံထုတ်လုပ်မှုပိုင်းတွင် အတွေ့အကြုံအနည်းဆုံး (၃) နှစ် ရှိရမည်။ အသက် ၄၀-၄၅ နှစ်အတွင်း (ကျား) ဦးစားပေးမည်။ စက်ရုံသို့သွားလာရေး လွယ်ကူပြီး အနားနီးသူ ဦးစားပေးမည်)

(၂) Operator, Supervisor (ကျား)

မှတ်ချက်။ (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)နေ့များတွင် နံနက် (၉ နာရီမှ ၁၂ နာရီ)အတွင်းလာရောက်လျှောက်ထားနိုင်သည်။

**ဖုန်း - ၀၉၇၃၁၅၃၆၁၅**

-------------------------

Exotic Myanmar Travels & Tours

(1) International Ticketing Reservation (1 pax)
(2) Driver (1 pax)

#225, Room No.1502, 15th floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp, Yangon.

**Ph: 95-1-392886**

-------------------------

**Sky View Restaurant**

စားဖိုမှူး (1 Male)

(သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ်၊ ညှိနှိုင်းလစာ၊ နှစ်ပတ်အတွင်းလာရောက်လျှောက်ထားနိုင်သည်။)

#225, Room No.1504, 15th floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp, Yangon.

**Ph: 95-1-392886**

-------------------------

Corporate Management And Consultants

Marketing Executive (မ ၂ ဦး) အသက် ၃၅ နှစ်အောက်၊ လစာအပြင် bonus ပေါင်းပေးမည်။ ၁၄-၃-၂၀၁၂ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

Room No. 1401, 14th floor, Olympic Tower, Corner of Mahabandoola St.& Bo Aung Kyaw St, Kyauktada Township, Yangon

**ဖုန်း - ၀၁- ၃၉၂၉၁၇**

-------------------------

အယ်ဒီတာ (၄) ဦး
ဂရပ်ဖစ် (၂) ဦး
ကားဒရိုင်ဘာ (၂) ဦး
အရောင်းစာရေး (၁၀) ဦး

**ဖုန်း - ၅၃၅၃၈၆**

-------------------------

1. Sales Supervisior ကျား (၃) ဦး၊ 2. Sales Leader ကျား (၃) ဦး၊ 3. Sales Men/ girl ကျား (၅) ဦး၊ 4. Sales Helper ကျား (၅) ဦး၊ Promotion Girl (၂၀) ဦး။ **Century Beverage Co.,Ltd.**

**PH: 01-614031 ~4**

-------------------------

**အလိုရှိသည်**

Secretary - မ ၁ ဦး

(၂၅-၃၅ နှစ်)၊ ဘွဲ့ရ၊ အင်္ဂလိပ်စာအရေး၊အဖတ်၊အပြောကျွမ်းကျင်သူဖြစ်ရမည်။

Royal Marine Engineering Co., Ltd

တိုက်(၂၂)၊ ဒုတိယထပ်၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။

-------------------------

သင်တန်းဆရာ/ဆရာမအမြန်အလိုရှိသည်

Business Management, Human Resource Management, Marketing Management

**ဖုန်း-၃၈၆၆၉၃**

-------------------------

**အမြန်အလိုရှိသည်**

မြန်မာ/တရုတ် အစားအစာအဆင့်မီမီ ချက်ပြုတ်နိုင်သူ - ၃၅ နှစ်အထက်၊ အိမ်ထောင်ရှိသူ။ လစာကောင်းကောင်းရမည်။

joekso@yahoo.com

**ဖုန်း-၀၉-၅၅-၃၆-၉၉၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Maintenance Engineer - M 2 Posts
2. Store Keeper - M/F 3 Posts
3. Driver - M 3 Posts

NIBBAN ELECTRIC & ELECTRONICS

**ဖုန်း-၃၈၉၅၂၃၊ ၅၈၅၁၀၃**

-------------------------

၁။ Furniture Sale & Marketing - မ ၇ ဦး၊ ၂။ လိုက်ကာ Sale & Marketing - မ ၁၀ ဦး၊ ၃။ ယာဉ်မောင်း - ကျား ၃ ဦး(ကားကြီးနှင့်ကားလေးမောင်းနိုင်သူ)၊ ၄။ Graphic Designer - ကျား၊ မ ၃ ဦး

Vanda Living Mall

**ဖုန်း-၆၆၄၆၇၅**

-------------------------

UNDP-Myanmar တွင် Monitoring & Evaluation Specialist (NO-C) ရာထူး လျှောက်ထားလိုပါက အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်ရှိ ၎င်း အဆောက်အအုံ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါသည်။

(မတ် ၁၉၊ ၂၀၁၂)

နောက်ဆုံးလျှောက်ထားရန်။

-------------------------

1. Sales - M/F 5 Posts, 2. Marketing - M/F 10 Posts , 3. Setting - M 5 Posts, 4. အရောင်တင် - M 5 Posts

Diamond & Me

**ဖုန်း-၂၁၆၆၇၂၊ ၂၁၆၆၇၁**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ACOZOL-G Cream
အောကိုဇော - ဂျီခရင်(မ်)
ဘက်တီးရီးယားနှင့် မှိုရောဂါ အမျိုးမျိုးကြောင့်
ဖြစ်ပေါ်သော အရေပြားရောင်ရမ်းခြင်းနှင့်
ယားနာခြင်းအမျိုးမျိုး တို့အတွက် အကောင်းဆုံး လိမ်းဆေး
For Dermatomycosis
ACOZOL-G Cream
Acozol-G Cream လိမ်းဆေးတွင် Econazole nitrate, Gentamicin sulphate နှင့်
Triamcinolone acetonide တို့ ပေါင်းစပ်ထုတ်လုပ်ထားပါသည်။
ဘက်တီးရီးယား နှင့် မှိုရောဂါများ၊ ဓွဲကပ်ခြင်းကြောင့်ဖြစ်သော အရေပြားရောင်ရမ်းခြင်း၊ မတ်မတည့်ခြင်းကြောင့် ဖြစ်သော အရေပြားရောင်ရမ်းနာ၊ နင်းရှနာ၊ ပွတ်တိုက်မှုကြောင့်ဖြစ်သော အနာနှင့် အနီးလောင်နာများ၊ ခြေထောက်မှိုစွဲနာ၊ လက်သည်းမှိုစွဲနာ၊ ဦးရေပြားတွင် ဒက်ပေါက်ခြင်း၊ အရေပြားပေါ်တွင် အရည်ကြည်ဖုပေါက်ခြင်း နှင့် မှိုစွဲခြင်း၊ ဘက်တီးရီးယားပိုး တွယ်ကပ်ခြင်း စသော အရေပြားရောဂါ အမျိုးမျိုးကို ထိရောက်လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်။
Further information available on request.
No. 408/410, Mahabandoola St. # 07-00 ,Kyauktada Tsp, Yangon. Tel : (95-1) 391644~50
PACIFIC
Manufactured under License by Korea Pharma Co.Ltd, Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.


CASIO
AE-2000W
AE-1000W
MULTI WINDOW BIG DISPLAY
LED LIGHT
DIGITAL CLOCK HANDS
1/100-SEC STOPWATCH
5 ALARMS
STAINLESS STEEL BEZEL
TIME ZONE WORLD MAP
AE-2000W-1AV 200m WR
AE-1000W-1BV 100m WR
ထူးခြားမြင့်စုံသော
လုပ်ဆောင်ချက်များနှင့်
သက်တမ်းတာရှည်ခံနိုင်သည့် အရည်အသွေး
10 year battery life
10-year battery life
Multi time
5 alarms
Countdown timer
LED light
World time
1/100-sec. stopwatch
Full auto-calendar
AE-2000WD-1AV
AE-1000W-1AV
AE-1000WD-1AV
CASIO COMPUTER CO.,LTD. Tokyo,Japan
CASIO COMPUTER CO., LTD. Tokyo, Japan
ထိပ်တန်း နာရီစတိုး
Distributor :
Marco Worldwide Sdn Bhd
Malaysia Tel : 00-603-4043 3111
E-mail : marcoww@marco.com.my
au@marco.com.my
အမြို့မြို့အနယ်နယ်တိုင်းရှိ နာရီဆိုင်တိုင်းနှင့် စတိုးဆိုင်ကြီးများတွင် ရရှိနိုင်ပါသည်။


mistral
AUSTRALIAN HERITAGE ... SINCE 1968
အမေရိကန်နိုင်ငံမှ Honeywell နှင့် ဩစတြေးလျနိုင်ငံမှ
mistral တံဆိပ် Evaporative Air Cooler များသည်
Honey Comb Filter ပါရှိပြီး Pressure Pump နည်းစနစ်
အသစ်သုံးထားသည့်အတွက် ရိုးရိုးရေဖြင့်ပင်
အခန်းတွင်းအအေးဓါတ်ကိုခံစားရရှိစေပြီး
ရေခဲ၊ ရေခဲရေနှင့်ရေခဲခြောက်တို့ကိုအသုံး
ပြုပါက အခြားပုံမှန် Air Cooler များထက်
အေးမြလတ်ဆတ်သောလေကိုရရှိစေပါသည်.
ကျပ် 99,000/- မှစ၍အမျိုးအစား
အလိုက်ဝယ်ယူရရှိနိုင်ပါပြီ...
Honeywell
Brand From USA
mistral MAC 70 7 litre water tank 75 W Gift Thermos Mug
mistral MAC 1801 6.5 litre water tank 65 W Gift Thermos Mug
mistral MAC 200 20 litre water tank 230 W Gift Khind Electric Iron
khaitan
Made In India
Honeywell CS10XE 10 litre water tank 100 W Gift Khind Electric Iron
Honeywell CL 20AE 20 litre water tank 230 W Gift Khind Electric Iron
Honeywell CL 60PM 60 litre water tank 220 W Gift Khind Electric Iron
အိန္ဒိယနိုင်ငံမှနှစ်ပေါင်း (၃၀)ကျော် ပန်ကာသန်းပေါင်းများစွာ ထုတ်လုပ်သည့်အတွေ့အကြုံရှိသော khaitan (ခေတန်) တံဆိပ်တစ်ခါဝယ်အမြဲသုံးမော်တာအာမခံ (၅ နှစ်) ပေးထားသည့် Ceiling Fan အရောင်မျိုးစုံနှင့် Design မျိုးစုံကို သင်တို့၏ အိမ်၊ ရုံး၊ စားသောက်ဆိုင်၊ ဆေးရုံ၊ ဟိုတယ်များအတွက် အနည်းဆုံးဈေး(26000 Ks) မှစ၍အမျိုးအစားအလိုက် ဝယ်ယူရရှိနိုင်ပါပြီ...
လက်လီ/ လက္ကားဖြန့်ချီရေး
Elantra (Off White) ELGY 48" Power 75
Zolta Dlx (White / Brown) ZTBR 48" / 56" Power 50W
Flamingo (White & Decoration Light) FLOW 56" Power 72/ 80W
Air Flow Super ( White / Off White) AFOW 48" / 56" Power 72/ 80W
Magnate Gr Dlx (Green / Gold Flash/ Warm Silver) MGDX 48" / 56" Power 72/80W
KHIND - mistral Digital World ➡ အမှတ်-၂၀၄၊ စက်ရုံလမ်း၊ (MOB ဘဏ်ဘေး)၊ မင်္ဂလာဈေးအနီး၊ တာမွေမြို့နယ်။ Ph : 01-205130, 9000007, 9000255, 9000256
KHIND Electro World ➡ အမှတ်-၁၁၀၊ (၂၆)လမ်း၊ (၈၂ x ၈၃ လမ်းကြား)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ Ph : 09-73036548, 09-73050013
အရောင်းကိုယ်စားလှယ်များ ➡ ရန်ကုန်-စိန်ဂေဟာ(All Branch)/Capital /United Living Mall/Super One/Asia Light (အောင်ဆန်းကွင်း)/လမ်း၃၀-Super Top/King Ruby/Triple Five/အေးလျှပ်စစ်/ပုလဲမေတ္တာ/နိုင်လျှပ်စစ်/၂၉ လမ်း-New Light/ရတနာထိုက်/နေပြည်တော်-ဒေလီယာ/Capital/မန္တလေး-ငွေကျားတိုက်/မကွေး-ရွှေဧရာ/အောင်ပန်း-ကြယ်တံခွန်/ပဲခူး-ထိပ်တန်း/စိန်ဟင်း/ဇော်/ပေါ်တော်မူ/တောင်ကြီး-ဖက်ရှင်စတိုး/မယ်ဆိုင်/လားရှိုး-ကျားခေါင်း/ကလေး-ထွန်း/ဦးတင်မြင့်/ထားဝယ်-ရှိန်း/မြိတ်-မြိတ်Shopping Mall/မြစ်ကြီးနား-ကြည်/ဖားကန့်-A1/ဘားအံ့-အတ္တရံ/တောင်ငူ-တော်ဝင်ရတနာ/ကိုလင်းလင်း/ဖန်းမော်-ဦးဝင်းနိုင်/သံဖြူဇရပ်-ကိုဖိုးထူး/ပျော်ဘွယ်-မိုးပဒေသာ/ကျောက်မဲ-Eagle Store/မြင်းခြံ-ပဒေသာ/လှိုင်ကော်-လှိုင်ဆမ်ဆစ်စသည့်ဆိုင်များအပြင်မြန်မာတစ်ပြည်လုံးရှိအရောင်းကိုယ်စားလှယ်ဆိုင်(၂၅၀)နီးပါးတွင်ဝယ်ယူရရှိနိုင်ပါသည်။

# Education

7DAY NEWS JOURNAL

Vol.11, No.2 • MARCH 15 , 2012


## တက္ကသိုလ်နှင့် ကောလိပ်များ ကိုယ်တိုင်စီမံအုပ်ချုပ်ခွင့်ရမည်ဟုဆို

**သီဟ**

**နေပြည်တော်၊ မတ်-၁**

လက်ရှိတွင် ကောလိပ်၊ တက္ကသိုလ် များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကွပ်ကဲမှုအောက်တွင် ရှိမည်ဖြစ်သော်လည်း တစ်ချိန်တွင် မိမိတက္ကသိုလ်နှင့် မိမိစီမံအုပ်ချုပ်ခွင့်ရှိစေရန် ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ပြောကြားသွားသည်။

အလားတူ အခြေခံပညာ စာသင်ကျောင်းတိုင်းတွင် စာကြည့်တိုက်များ ရှိရမည်ဖြစ်သကဲ့သို့ ကောလိပ်၊ တက္ကသိုလ်များအားလုံးတွင်လည်း သမားရိုးကျ စာကြည့်တိုက်များသာမက နိုင်ငံတကာ အဆင့်မြင့်တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသည့် အွန်လိုင်းစာကြည့်တိုက်များလည်း ရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သမ္မတကပြောကြားသွားသည်။

“အသိပညာအခြေခံတဲ့ စီးပွားရေးစနစ်ကို မျှော်မှန်းဆောင်ရွက်နေတဲ့ ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံတကာ တက္ကသိုလ်ကြီးတွေနဲ့ ချိတ်ဆက်ပြီး ဆရာ၊ ဆရာမများရဲ့ အရည်အချင်းကို မြှင့်တင်ပေးသွားမှာဖြစ်ပါတယ်”ဟု သမ္မတကပြောကြားသွားသည်။

သမ္မတ ယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၇ရက်မြောက်နေ့တွင် အထူးမိန့်ခွန်းပြောကြားရာ၌ အထက်ပါအကြောင်းအရာများအား ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ထိုင်းနိုင်ငံတွင် မဟာဘွဲ့တက်ရန် ကျောင်းသား ၁၂၀ကို ပညာသင်ဆုပေးမည်

**နေလင်းထွန်း**



ပညာသင်ယူပြီးချိန်မှာ မြန်မာနိုင်ငံကို ပြန်လာပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အလုပ်လုပ်ကိုင်ဖို့ ခိုင်ခိုင်မာမာ စိတ်ပိုင်းဖြတ်ထားတဲ့ ဘယ်လိုပရော်ဖက်ရှင်နယ်မျိုးမဆို ပညာသင်ဆုချီးမြှင့်ဖို့ ကျွန်မတို့ ဆန္ဒရှိပါတယ်”ဟု နော်ဝေ သံအမတ်ကဆိုသည်။

ထိုင်းနိုင်ငံရှိ အာရှနည်းပညာအင်စတီကျုဒ်(AIT)တွင် မဟာဘွဲ့သင်တန်းတက်ရောက်ရန် သုံးနှစ်အတွင်းမြန်မာကျောင်းသားအယောက် ၁၂၀ ကို ပညာသင်ဆုပေးအပ်မည့် အစီအစဉ်အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် သူမက ပြောကြားခဲ့ခြင်းဖြစ်သည်။

“မြန်မာပြည်သူတွေအနေနဲ့ သူတို့ အနာဂတ်ကို ပုံဖော်ဖို့အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဖြစ်ဖို့အတွက် ပညာရေးက အဓိကကျတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ဆင်းရဲမွဲတေတဲ့ အခြေအနေက လူတွေ ရုန်းထွက်နိုင်ဖို့ ပညာရေးကလည်း မရှိမဖြစ်အရေးပါနေပါတယ်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် မြန်မာပြည်သူတွေအတွက် ဆယ်ဆပြန်လည် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်”ဟု နော်ဝေးသံအမတ်ကဆိုသည်။

ပြည်တွင်း၌ စစ်မှန်သော လမ်းကြောင်းသို့ ရွေ့လျားနေခြင်း၊ သမ္မတဦးဆောင်သော ဒီမိုကရေစီ အကူးအပြောင်းအတွက် ထင်ရှားသောပြုပြင်ပြောင်းလဲခြင်းတို့ ကို စတင်မြင်တွေ့ရခြင်းတို့ကြောင့် ပညာသင်ဆုပေးအပ်ရခြင်းဖြစ်ကြောင်း သူမကဆိုသည်။

နော်ဝေ နိုင်ငံခြားရေးဝန်ကြီးဌာန(NMFA)သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ နော်ဝေးသံရုံးမှတစ်ဆင့် အရည်အချင်းပြည့်မီသော မြန်မာကျောင်းသားများအား ယခုနှစ် ဩဂုတ်လစာသင်နှစ်မှစတင်၍ တစ်နှစ်လျှင် ကျောင်းသား ၄၀ ဦးခန့်ဖြင့် သုံးနှစ်ဆက်တိုက် ရွေးချယ်ပေးအပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

**စာ(၂၂)သို့**

**ပညာရေးသတင်းတိုများ**

### အွန်လိုင်းပညာသင်ဆုအကြောင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ် - ၉**

အင်္ဂလိပ်ဘာသာ သင်ကြားပို့ချနေသူများအတွက် အွန်လိုင်းပညာသင်ဆုအကြောင်း ဟောပြောဆွေးနွေးပွဲကို အမေရိကန်စင်တာ၌ မတ်လ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ Online Scholarship Program for English Teachers အမည်ဖြင့် ဟောပြောပွဲကို ညနေ ၄ နာရီခွဲမှ ၆ နာရီထိ ပြုလုပ်မည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

### ပညာရေးပြပွဲ ကျင်းပမည်


**ရန်ကုန်၊ မတ် - ၉**

ပြည်တွင်း၊ပြည်ပပညာရေးအခွင့်အလမ်းများအကြောင်း လေ့လာနိုင်မည့် Global Education Show ၂၀၁၂ ကို မတ်လ ၂၃ မှ ၂၅ ရက်ထိ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ နံနက် ၉ နာရီမှညနေ ၅ နာရီထိကျင်းပပြုလုပ်မည့်ပညာရေးပြပွဲသို့ပညာရေး စိတ်ဝင်စား လေ့လာလိုသူများ တက်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

### ပညာရေးပွဲတော်ကျင်းပမည်

**ရန်ကုန်၊ မတ် - ၉**

ပြင်သစ်ယဉ်ကျေးမှုဌာနတွင် ပညာရေးပွဲတော်တစ်ခုကို မတ်လ ၂၃ ရက်တွင် ညနေ ၄နာရီမှ ည၁၁နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ တေးဂီတ၊ အကအစီအစဉ်များ၊ စကားရည်လုပွဲနှင့် အခြားလှုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်ကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

## စာ-၂၁၊ ထိုင်းနိုင်ငံတွင် မဟာဘွဲ့တက်ရန် ကျောင်းသား ၁၂၀ကို ပညာသင်ဆုပေးမည် မှ

ပညာသင်ဆုအစီအစဉ်အတွက် အစိုးရဝန်ထမ်း၊ နိုင်ငံရေးပါတီများ၊ ပြည်သူ့အကျိုးပြုအဖွဲ့အစည်းများ၊ လူမျိုးစုအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများစသည့်နယ်ပယ်အသီးသီးမှ ထူးချွန်မြန်မာ ကျောင်းသားများအနေဖြင့် ဘွဲ့လွန်ပညာသင်ဆုအတွက် လျှောက်ထားနိုင်ပြီး မဟာဘွဲ့သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပြည်တွင်းတက္ကသိုလ်တစ်ခုတွင် ဒီဂရီဘွဲ့ရရှိ၍ ဘာသာရပ်များ၌ ပျမ်းမျှရမှတ် ၆၅မှတ်(GPA 2.75)စီဖြင့် အောင်မြင်ထားခြင်း၊ (သို့မဟုတ်)သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် အတွေ့အကြုံကောင်းများ ရှိထားခြင်း၊ ကျန်းမာရေးကောင်းမွန်၍ အချိန်ပြည့် မဟာဘွဲ့သင်တန်း တက်ရောက်နိုင်ခြင်း၊ အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်ထားခြင်း (IELTS Academic Writing Portion တွင် အနည်းဆုံး ၄.၅ (သို့) TOEFL အနည်းဆုံးရမှတ် ၅၀၀) စသည့် အရည်အချင်းနှင့် ပြည့်မီသူများအနေဖြင့် ပညာသင်ဆုအစီအစဉ်သို့ လျှောက်ထားနိုင်မည်ဖြစ်သည်။

"အခုမှ ကျောင်းပြီးထားတဲ့သူတွေလည်း လျှောက်လို့ရပါတယ်။ အကယ်ဒမစ် နောက်ခံမကောင်းတဲ့သူတွေလည်း လုပ်ငန်းခွင်အတွေ့အကြုံကောင်းရှိရင်လျှောက်လို့ရပါတယ်။ အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲတွေ မဖြေဖူးရင်လည်း ကိုယ့်မှာ အဲ့လောက် အရည်အချင်းရှိတယ်လို့ ယုံကြည်ရင် ဝင်လျှောက်လို့ရပါတယ်။ ကျောင်းစစ်ပေးမှာဖြစ်ပါတယ်။ အောင်လက်မှတ်တွေ မူရင်းမရှိရင်လည်း ကော်ပီပေးထားလို့ရပါတယ်။ နောက်ပိုင်းမှာတော့ သေချာပေါက် မူရင်းတွေပြရမှာ ဖြစ်ပါတယ်။ AIT ကို အရင်က လျှောက်ထားခဲ့တဲ့ သူတွေရှိမယ်။ မနှစ်က လျှောက်ထားပြီး ကျောင်းဝင်ခွင့်ရထားတဲ့သူတွေရှိပါမယ်။ အဲ့လူတွေကို ပညာသင်ဆုအစီအစဉ်ထဲ ထည့်သွင်းစဉ်းစားပေးမှာဖြစ်ပါတယ်။ ပညာသင်ဆု လျှောက်ထားမယ့်အဆင့်အားလုံးအတွက် အခကြေးငွေလုံးဝမပါပါဘူး။ ငွေရေးကြေးရေး တစ်စုံတစ်ရာပေးဖို့ မလိုပါဘူး။ တခြား ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေကလည်း တစ်ဆင့်တင်လို့ရပါတယ်။ကိုယ်တိုင်လည်း တင်လို့ရပါတယ်။ တခြားကဆိုရင်တော့ အခကြေးငွေရှိမှာပေါ့။ ကျွန်တော်တို့ဆီ တိုက်ရိုက်တင်မယ် ဆိုရင်တော့ အခကြေးငွေ ဘာမှရှိမှာ မဟုတ်ပါဘူး"ဟု ပညာသင်ဆုအတွက် ဝန်ဆောင်မှုဆောင်ရွက်မည့် Network Activities Group မှ တာဝန်ရှိသူကပြောသည်။

နော်ဝေ ပညာသင်ဆုအစီအစဉ် လျှောက်ထားလိုသူများအနေဖြင့် ယခုလကုန် နောက်ဆုံးထား၍ အထက်ပါဝန်ဆောင်မှုတည်ရှိရာ ဒဂုံမြို့နယ်၊ ယောမင်းကြီးကွန်ဒို (ဖုန်း-၃၇၂၂၅၂၊ အီးမေးလ်-ait.myanmar2012@gmail. com)သို့ ဆက်သွယ်မေးမြန်းစုံစမ်း၍ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်လွှာအတွက် www.ait.asia/admissions/form.html တွင် လျှောက်လွှာပုံစံရယူဖြည့်သွင်းရမည်ဖြစ်ပြီး AIT ကျောင်းတွင် တက်ရောက်လိုသည့်အကြောင်းရင်း၊ မိမိ၏ ကာလတို၊ ကာလရှည် အနာဂတ်ရည်မှန်းချက်၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရေတို၊ ရေရှည်၌ မည်သည့်အခန်းကဏ္ဍ၌ မည်သို့ပါဝင်ဆောင်ရွက်သွားမည်ကို မြန်မာဘာသာဖြင့် စာစီစာကုံး သုံးမျက်နှာရေးသား၍ အဆိုပါရုံးသို့ လျှောက်လွှာပေးပို့ရမည်ဖြစ်သည်။

ပညာသင်ဆုအစီအစဉ်အတွက် ပြည်တွင်း၌ လူတွေ့အင်တာဗျူး ခေါ်ယူတွေ့ဆုံစိစစ်သွားမည်ဖြစ်ပြီး လစဉ် ထောက်ပံ့ငွေနှင့် နေထိုင်စားသောက်စရိတ်၊ ဗီဇာကြေး၊ ကျောင်းလျှောက်လွှာကြေး၊ ကျန်းမာရေးအာမခံကြေး၊ စာရွက်စာတမ်းမိတ္တူကူးခ၊ သုတေသနကုန်ကျစရိတ်များ၊ ရန်ကုန်နှင့် ဘန်ကောက်အသွားအပြန် လေယာဉ်လက်မှတ်ခများ၊ မဟာဘွဲ့အကြိုသင်တန်းများ၏ မှတ်ပုံတင်ကြေးနှင့် ကျူရှင်ခများ၊ မဟာဘွဲ့သင်တန်း ၂ နှစ် ပညာသင်စရိတ်တို့ကို ရွေးချယ်ခံသူများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာကျောင်းသားများအနေဖြင့်မဟာဘွဲ့သင်တန်းအတွက် AIT ရှိ Shool of Enviroment, Resources and Development (SERD)၊ School of Engineering and Technology (SET)နှင့် School of Management (SOM) တို့တွင် သင်ကြားနေသော ဘာသာရပ်များကို လေ့လာသင်ယူခွင့် ရရှိမည်ဖြစ်သည်။

ထို့ကြောင့် အင်ဂျင်နီယာ၊ သဘာဝပတ်ဝန်းကျင်၊ နည်းပညာနှင့် စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူမည့်ကျောင်း သားများအနေဖြင့် ပညာသင်ဆုလျှောက်ထားနိုင်မည်ဖြစ်သော်လည်း ဆေးပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဆက်ဆံရေး၊ မီဒီယာစသည့်ဘာသာရပ်များ လေ့လာသင်ယူလိုသူများအနေဖြင့် အခွင့်အလမ်းရရှိမည် မဟုတ်ပါ။

မြန်မာနိုင်ငံတွင် AIT ကျောင်းသားဟောင်း အမျိုးသား ၂၇၂ ဦး၊ အမျိုးသမီး ၃၁၁ ဦး စုစုပေါင်း ၅၈၃ ဦး ရှိနေပြီး အများစုသည် ဩစတြေးလျ၊ ကနေဒါ၊ဂျာမနီ၊ ဖင်လန်၊ပြင်သစ်၊ ဂျပန်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ပညာသင် ဆုရရှိခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

ယင်းကျောင်းတွင် မဟာဘွဲ့သင်တန်း လေ့လာတက်ရောက်ရန်နှစ်စဉ်ကျောင်းဝင်ခွင့်ရရှိသော ကျောင်းသားဦးရေမှာ အကန့်အသတ်ရှိနေ၍ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ယခုအခါ နော်ဝေပညာသင်ဆုအစီအစဉ်ကြောင့် မြန်မာကျောင်းသားအရေအတွက် ပိုမို၍ ကျောင်းဝင်ခွင့် ရရှိတော့မည်ဖြစ်သည်။

ပြောင်းလဲလာနေသော ခေတ်သစ်စီးပွားရေး၊ စီမံခန့်ခွဲမှုဘာသာရပ်များ အကြောင်းနှင့်
နိုင်ငံတကာပညာရေးလမ်းကြောင်းသစ်များဆွေးနွေးပွဲ



✓ အလုပ်အကိုင် အတွေ့အကြုံမလိုဘဲ တက်ရောက်နိုင်သည့် MBA
✓ LCCI Level 3 / CAT / ABE / ACCA Part 2 ပြီးဆုံးထားသူများ
ဒီဂရီနောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်မည့် အခွင့်အရေး
✓ အမေရိကန် တက္ကသိုလ်(၆)ခု၏ ဒုတိယနှစ်သို့ တက်ရောက်နိုင်မည့်
US Pathway Program

INFO Talk
17th March 2012 (Sat)
10:00 am - 12:00 noon
Summit Parkview Hotel

KAPLAN HIGHER EDUCATION ACADEMY
University College Dublin National University of Ireland,Dublin
Murdoch UNIVERSITY PERTH WESTERN AUSTRALIA
northumbria UNIVERSITY

CROWN EDUCATION
Call us: 09 732 732 77, 09 730 40 688



အမှတ် (၁၀၇ ၊ ၁၀၉)၊ ဒုတိယထပ်၊ အနော်ရထာလမ်း (ဗညဒိုးတန်းလမ်းထောင့်)၊ WWW တာဝါ၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

အမှတ်(၂၄၉)၊(2B,3B,5B,6B,7Bထပ်)၊ဗားဂရာလမ်းမကြီး၊ } ကပ်လျက်တိုက်၊
အမှတ်(၂၅၁)၊ (3A, 6B, 7B ထပ်)၊ဗားဂရာလမ်းမကြီး။
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm)ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ခုတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)၊ 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်သင်)ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
တနင်္လာ မှ သောကြာနေ့အထိ

| | |
|---|---|
| စဉ် (၁၉၉၅) ၁၉-၃-၂၀၁၂ | စဉ် (၁၉၉၈) ၂၆-၃-၂၀၁၂ |
| စဉ် (၁၉၉၆) ၂၀-၃-၂၀၁၂ | စဉ် (၁၉၉၉) ၂၇-၃-၂၀၁၂ |
| စဉ် (၁၉၉၇) ၂၁-၃-၂၀၁၂ | စဉ် (၂၀၀၀) ၂၈-၃-၂၀၁၂ |

(II) နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

| | |
|---|---|
| စဉ်(၂၀၀၁)၃၁-၃-၂၀၁၂(Sat & Sun) | စဉ်(၂၀၀၄) ၁၀-၄-၂၀၁၂ (Tue & Wed) |
| စဉ်(၂၀၀၂) ၇-၄-၂၀၁၂(Sat & Sun) | စဉ်(၂၀၀၅) ၅-၄-၂၀၁၂ (Thur & Fri) |
| စဉ်(၂၀၀၃)၃-၄၂၀၁၂(Tue & Wed) | |

(III) သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

| | |
|---|---|
| စဉ် (၂၀၀၆) ၃၁-၃-၂၀၁၂ (Sat) | စဉ် (၂၀၀၈) ၁-၄-၂၀၁၂ (Sun) |
| စဉ် (၂၀၀၇) ၇-၄-၂၀၁၂ (Sat) | စဉ် (၂၀၀၉) ၈-၄-၂၀၁၂ (Sun) |

(IV)နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ (တနင်္လာ မှ သောကြာနေ့အထိ)
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ် (V) သုံးနှစ်

| | |
|---|---|
| စဉ် (၂၀၁၀) ၂၂-၃-၂၀၁၂ | စဉ် (၂၀၁၂) ၉-၄-၂၀၁၂ |
| စဉ် (၂၀၁၁) ၂၉-၃-၂၀၁၂ | စဉ် (၂၀၁၃) ၂၆-၄-၂၀၁၂ |

(V) သားဖွားမီးယပ်(၃)လဒီပလိုမာ (Sat, Sun, Mon, Tue, Wed)

| | |
|---|---|
| စဉ် (၂၀၁၄) ၁၉-၃-၂၀၁၂ | စဉ် (၂၀၁၆) ၂-၄-၂၀၁၂ |
| စဉ် (၂၀၁၅) ၂၆-၃-၂၀၁၂ | စဉ် (၂၀၁၇) ၉-၄-၂၀၁၂ |

သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ

| | |
|---|---|
| (I) 7:00 am to 9:00 am | (IV) 11:00 am to 02:00 pm |
| (II) 8:00 am to 11:00 am | (V) 01:00 pm to 04:00 pm |
| (III) 9:00 am to 12:00 pm | (VI) 05:30 pm to 07:30 pm |

*မှတ်ချက် ။ ။ ရန်ကုန်တိုင်းအတွင်း အိမ်အရောက်သီးသန့်သင်တန်းများလည်း ရှိပါသည်။*

# Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.2 · MARCH 15 , 2012


## ချပေးမည့်တန်ဖိုးနည်းဂျီများ အင်တာနက်လိုင်းကို ဝယ်ယူသည့်ကုမ္ပဏီမှပင် လျှောက်ရမည်

**ယုဇနကိုကို**

**ရန်ကုန်၊မတ်-၉**

မကြာမီချထားပေးတော့မည့် ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် အင်တာနက်စနစ်ကို လျှောက်ထားရာတွင် ဝယ်ယူသည့်ပုဂ္ဂလိကကုမ္ပဏီများထံတွင်ပင် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ကျပ်နှစ်သိန်းတန် အဆိုပါဂျီအက်စ်အမ်ဖုန်းများကို အင်တာနက်လျှောက်ထားရာတွင် ယခင်ကထက် အချိန်ကုန်ပိုမိုသက်သာစေရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများတွင်သာ နေ့ချင်းပြီးလျှောက်ထားနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်းသိရသည်။

ထိုကဲ့သို့ မကြာမီချထားပေးတော့မည့် ယင်းဖုန်းများကို အင်တာနက်ချိတ်ဆက်ရန်အတွက် လျှောက်ထားရာတွင် တပ်ဆင်အသုံးပြုလိုသူများအနေဖြင့် မိမိဝယ်ယူသည့် ကုမ္ပဏီတွင်သာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ကျွန်တော်တို့ဆီမှာဝယ်ယူသွားတဲ့ ဖုန်းနံပါတ်တွေကိုသာ ကျွန်တော်တို့က အင်တာနက်လျှောက်ထားလို့ရအောင် ဝန်ဆောင်မှုပေးနိုင်မှာပါ။ တခြားကုမ္ပဏီတွေလည်း ဒီလိုအလားတူပဲဖြစ်ပါလိမ့်မယ်”ဟု Elite Tech နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းဆက်သွယ်ရေးကဏ္ဍတွင် ပထမဆုံး တန်ဖိုးအနည်းဆုံးဖြင့် အသုံးပြုလာနိုင်တော့မည့် အဆိုပါကျပ်နှစ်သိန်းတန် ဖုန်းများအတွက် အင်တာနက်လျှောက်ထားခွင့်ကိုပုဂ္ဂလိကကုမ္ပဏီများတွင်သာ အချိန်တိုအတွင်းလျှောက်ထားနိုင်မည်ဖြစ်သော်လည်း ထိုဖုန်းများကို စတင်ချထားပေးမည့် ယခုလ ၁၄ ရက်မှ အချိန်အနည်းငယ်အတွင်း အင်တာနက်စနစ်ကို ချက်ချင်းလျှောက်ထားနိုင်ဦးမည်မဟုတ်သေးကြောင်း သိရသည်။




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပြည်တွင်းနည်းပညာကုမ္ပဏီများ အကျိုးတူပူးပေါင်းဆောင်ရွက်ထားသည့် အဆိုပါတန်ဖိုးနည်းဖုန်းများကို မတ်လ ၁၄ ရက်တွင် ပြည်နယ်များတွင်စတင်ချထားပေးမည်ဖြစ်သည်။ မတ်လ ၂၈ ရက်တွင်မှ နေပြည်တော်နှင့် တိုင်းဒေသကြီး ခုနစ်ခုတို့တွင် ဒုတိယအသုတ်အနေဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

ရန်ကုန်နှင့် မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်းတွင်မူ လာမည့်ဧပြီ ၉ ရက်မှစတင်ကာ အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုလက်ရှိ ရောင်းချနေသည့် ကျပ်ငါးသိန်းတန်နှင့် ကျပ်တစ်ဆယ့်ငါးသိန်းတန် (ယခင်အစိုးရသတ်မှတ်စျေးနှုန်းများ) ဂျီအက်စ်အမ်ဖုန်းများ၏ အင်တာနက်တပ်ဆင်ခနှုန်းထားများမှာ ကျပ်တစ်သောင်းဖြစ်ပြီး ဝယ်ယူသည့်ဆိုင်များတွင် လျှောက်ထားနိုင်ခြင်းမရှိဘဲ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ထပ်မံလျှောက်ထားရခြင်းဖြစ်သည်။

## နိုင်ငံတကာသို့ ဖုန်းခေါ်ဆိုခများ လျှော့ချ

**ယုဇနကိုကို**

**လားရှိုး၊ မတ်-၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နိုင်ငံတကာသို့ ခေါ်ဆိုသည့် ဖုန်းခေါ်ဆိုခများကို လျှော့ချပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါလုပ်ငန်းမှ ယင်းကဲ့သို့ ပြည်တွင်းမှ နိုင်ငံတကာသို့ ခေါ်ဆိုသည့် ခေါ်ဆိုခနှုန်းထားများကို လျှော့ချပြင်ဆင်လိုက်ခြင်းကို မတ်လလယ်ခန့်တွင် စတင်မည်ဖြစ်ကြောင်းသိရသည်။

အဓိကရည်ရွယ်ချက်မှာ အခြားသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ နိုင်ငံကာသို့ ခေါ်ဆိုသည့် နှုန်းထားများကိုလည်း သက်သာစေအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လျှော့ချလိုက်သော ခေါ်ဆိုခနှုန်းထားများမှာ အာဆီယံနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများအတွက်ပထမတစ်မိနစ်ခေါ်ဆိုခကို ၁. ၂၀ ဒေါ်လာနှင့် ထပ်တိုး ၆ စက္ကန့်အတွက် ခေါ်ဆိုခ ၀. ၁၂ ဒေါ်လာ၊ အာရှတိုက်အရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများအတွက် ပထမတစ်မိနစ် ခေါ်ဆိုခ ၁. ၄၀ နှင့် ထပ်တိုး ၆ စက္ကန့်အတွက် ခေါ်ဆိုခ ၀. ၁၄ စီသာ ကျသင့်တော့မည်ဖြစ်သည်။

ထို့အပြင် အာရှတိုက်အလယ်ပိုင်းနိုင်ငံများသို့ ခေါ်ဆိုခများမှာ တစ်မိနစ်လျှင် ၁. ၈၀ ဒေါ်လာနှင့်ထပ်တိုးခြောက်စက္ကန့်လျှင်၀. ၁၈ ဒေါ်လာနှင့် ဥရောပ၊ အာဖရိက၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံများသို့ ခေါ်ဆိုလျှင်မူ တစ်မိနစ်ခေါ်ဆိုခ ၂. ၄၀ နှင့် နောက်ထပ် ခြောက်စက္ကန့်အတွက် ၀. ၂၄ ဒေါ်လာသို့ အသီးသီးလျှော့ချပြင်ဆင်လိုက်ပြီဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တရားဝင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် သမ္မတဦးသိန်းစိန်၏ သမ္မတသက်တမ်းတစ်နှစ်ပြည့်တွင် ပြောကြားခဲ့သော မိန့်ခွန်းအပြီးတွင် ၎င်းတို့ဝန်ဆောင်မှုပေးနေသော ဆက်သွယ်ရေးဆိုင်ရာ စျေးနှုန်းများကို တစ်ဆင့်ချင်းဆီ လျှော့ချပြင်ဆင်ပေးနေခြင်းဖြစ်သည်။










## ကုန်အမှတ်တံဆိပ်အများသိစေရန်သတိပေးကြေညာခြင်း

အိန္ဒိယနိုင်ငံ၊ Emami Tower 687, Anandapur, E M Bypass, Kolkata, West Bengal, Pin-700107 တွင်တည်ရှိသော EMAMI LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် စာတမ်းကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားသည့် တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပါသည်။

emami
With Activor Corp., USA
FAIR AND HANDSOME

**မှတ်ပုံတင်အမှတ် - ၄/၃၀၃၀/၂၀၁၀**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်စာတမ်းဖြင့် Advanced Whitening Refreshing Face Wash, Advanced Whitening Cream ,Advanced Whitening Regenerating Face Scrub , Advanced Whitening Friming Face Mask ,Advanced Whitening Soothing After-shave Balm , Advanced Whitening Oil Control Cream , Advanced Whitening Control Mattifying Moisturizer, Advanced Whitening Oil, Control Purifying Face Wash စသည့် မျက်နှာ၊ အသားအရေနှင့် ဆံကေသာကို ချောမွတ်ကောင်းမွန်စေသော Soaps, Perfumery, Essential Oils, Cosmetics, Hair Lotions , Dentifrices, Cream, Hair Oil, Fairness Cream, Shampoo, Talcum Powder စသည့် နိုင်ငံတကာပစ္စည်း အမျိုးအစား သတ်မှတ်ချက်ဇယား (Class 3) ပါ အလှကုန်ပစ္စည်းများကို အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့်ဖြန့်ဖြူး ရောင်းချလာသည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်ပြီး ကောင်းသတင်းဖြင့် သုံးစွဲသူများအကြား ရေပန်းစားလျက်ရှိပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်နှင့်စာတမ်းကို မူပိုင်ရှင်၏ အသားတံဆိပ်များရိုက်နှိပ်၍လည်းကောင်း၊ စာရွက်စာတမ်းများ၊ ပလပ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူးများ၊ ပါဆယ်ထုတ်များနှင့် ထုပ်ပိုးပစ္စည်းအရွယ်အစားအမျိုးမျိုးတို့တွင် ကပ်နှိပ်၊ ရိုက်နှိပ်ပြီး ထုတ်ပိုး၊ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်နှင့် စာတမ်းကို ခွင့်ပြုချက်မရရှိဘဲ၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခြင်းများမပြုလုပ်ကြစေရန်နှင့် ဤကဲ့သို့ပြုလုပ်ခြင်းများတွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီတရားစွဲဆိုအရေးယူခံရမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ယဉ်ယဉ်အေး B.A(Law), LL.B,LL.M**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၇၅၆၇)**
**အမှတ်-၁၆/က၊ မေခလမ်း၊ (၇) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၇၃၀၆၅၄၆၅**

## အများသိစေရန်သတိပေးကြေညာခြင်း

အိန္ဒိယနိုင်ငံ၊ Emami Tower 687, Anandapur, E M Bypass, Kolkata, West Bengal, Pin -700107 တွင်တည်ရှိသော EMAMI LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်စာတမ်းကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားသည့် တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပါသည်။

emami
With Activor Corp., USA
FAIR AND HANDSOME

**မှတ်ပုံတင်အမှတ် - ၄/၃၁၃၀/၂၀၁၀**

**EMAMI LIMITED** သည်ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ အမှတ် (၁၃) တွင် တည်ရှိသော **DKSH Services Ltd** ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် EMAMI Fair and Handsome ကုန်စည်တံဆိပ်နှင့် စာတမ်းအမှတ်အသားပါအလှကုန်ပစ္စည်းကို တရားဝင်ဖြန့်ဖြူးရောင်းချပိုင်ခွင့်ရှိသည့် တစ်ဦး တည်းသော မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားပါသည်။


**DKSH Services Ltd** သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်စာတမ်းပါ မျက်နှာ၊ အသား အရေနှင့် ဆံကေသာကို ချောမွတ်ကောင်းမွန်စေသော Soaps, Perfumery, Essential Oils, Cosmetics, Hair Lotions , Dentifrices, Cream, Hair Oil, Fairness Cream, Shampoo, Talcum Powder စသည့် အလှကုန်ပစ္စည်းများကို အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။


အထက်ပါ ကုန်အမှတ်တံဆိပ်နှင့် စာတမ်းပါအလှကုန်ပစ္စည်းကို မူပိုင်ရှင်၏တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမျှ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ ထိန်းသိမ်းသိုလှောင်ခြင်းတို့ မပြုလုပ်ရန် တားမြစ်ပါကြောင်းနှင့် ထိုသို့တားမြစ်ပါလျက် ကုန်စည်နှင့်အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပ၊ သုံးစွဲ၊ ဖြန့်ဖြူး၊ ရောင်းချ၊ ထားသို၊ ကြော်ငြာခဲ့သည်ရှိသော် တည်ဆဲဥပဒေများအရ တရားစွဲ၊ တားမြစ်၊ ပိတ်ပင်၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ယဉ်ယဉ်အေး B.A(Law), LL.B,LL.M**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၇၅၆၇)**
**အမှတ်-၁၆/က၊ မေခလမ်း၊ (၇) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၇၃၀၆၅၄၆၅**





# ငါးဒီတွေ ပေါ်ပြန်ပြီတဲ့

မောင်ထွန်းလွင်(မိုးလေဝသ)

## ပင်လယ်ဝရွာနှစ်ရွာက ဟောပြောပွဲ

ပင်လယ်ကမ်းခြေတစ်လျှောက် နာဂစ်ဒေသက မြို့ရွာတွေကို ရာသီဥတုနဲ့သဘာဝဘေးအကြောင်းတွေ အတော်များများ ဟောပြောဖြစ်ပါတယ်။ (၁၅-၂-၂၀၁၂) ရက်မှာတော့ ပင်လယ်ဝက တိုးမြစ်ဝမှာရှိတဲ့ တိုးစံပြကျေးရွာနဲ့ (၁၆-၂-၂၀၁၂) ရက်မှာတော့ ကဝက်ကျေးရွာတွေကို စာပေဟောပြောဖို့ရောက်ဖြစ်ခဲ့ပါတယ်။ ဆရာချစ်ဦးညို၊ ဆရာမောင်သာချိုတို့နဲ့ အတူသွားဖြစ်ခဲ့တာပါ။ ကျေးရွာလူထုရဲ့ အစီအစဉ်နဲ့ ကျင်းပတဲ့ ဟောပြောပွဲတွေဖြစ်ပါတယ်။ တိုးစံပြကျေးရွာမှာဆိုရင် တိုးတက်တဲ့ အမြင်ရှိပြီး စာပေဝါသနာပါတဲ့ ရွာခံလူငယ် လုပ်ငန်းရှင်တစ်ဦးတည်းက ဦးဆောင်ကာ အကုန်အကျခံ ကျင်းပတာဖြစ်ပါတယ်။ ဒီလူငယ်ပုဂ္ဂိုလ်က စာပေဝါသနာပါတဲ့အပြင် ရပ်ရေးရွာရေး တိုးတက်မှုကိုလည်း တစ်ပိုင်တစ်နိုင် လုပ်ထားတာတွေကို တွေ့ကြရပါတယ်။ ချီးကျူးသင့်တဲ့ နိုင်ငံသားကောင်းတစ်ဦးဖြစ်ပါတယ်။ ဒီရွာမှာ နာဂစ်တုန်းက ဆိုးဆိုးရွားရွားမဖြစ်ခဲ့ပေမယ့် အနီးအနားရွာတွေက သေဆုံးသူတွေ အများအပြားကတော့ သူတို့ရွာက ပင်လယ်ကမ်းခြေမှာ လာတင်နေခဲ့တာ အများကြီးပဲတဲ့။ ဒီရွာမှာ မုန်တိုင်းခို အဆောက်အအုံတစ်ခု ဆောက်လုပ်ထားတာကိုလည်း တွေ့ခဲ့ကြရပါတယ်။

ကဝက်ကတော့ ဂျပန်နိုင်ငံ၊ JICA က အကူအညီနဲ့ ဆွစ်ဇာလန်နိုင်ငံ NGO တစ်ခုတို့က ဦးဆောင်ပြီး ဆောက်လုပ်ထားတဲ့ အထက်တန်းကျောင်းကြီးတစ်ခုကို တွေ့ရတယ်။ ကျောင်းဆောင်၊ ကျောင်းခန်းမတွေ ပြည့်စုံတဲ့ အပြင် Solar Cell နဲ့ လျှပ်စစ်ဓာတ်ရအောင်လည်း ပြုလုပ်ပေးထားတာကြောင့် ခေတ်မီလှတဲ့ ကျောင်းကြီးတစ်ဆောင်ပါပဲ။ သင်္ဘောဆိပ်က ရွာထဲအဝင်လမ်းကပဲ ကွန်ကရစ်လမ်းဖြစ်တယ်။ ဒီရွာကလည်း တိုးတက်တဲ့ ခေတ်မီရွာတစ်ရွာလို့ ပြောရမှာဖြစ်ပါတယ်။

## ဒီနှစ်လည်း ငါးဒီတွေ ပေါ်ပြန်ပြီတဲ့

ဒီခရီးမှာ ထူးခြားတာကတော့ တိုးစံပြကျေးရွာမှာရော၊ ကဝက်ကျေးရွာမှာရော၊ ရေလုပ်သား ရွာခံတွေက ကျွန်တော့်ကို ပြောကြတာဖြစ်ပါတယ်။ သူတို့က ပြောကြပါတယ်။ ၂၀၀၈ ခုနှစ်တုန်းကနာဂစ်မုန်တိုင်းမဝင်မီတစ်လ၊ နှစ်လလောက်ကတည်းက သူတို့ရဲ့ ငါးဖမ်းရေပြင်မှာ ငါးဒီငါးတွေ မကြုံဖူးအောင် ပေါလာလိုက်တာ ဖမ်းလို့တောင် မနိုင်ပါဘူးတဲ့။ အားလုံး မကြုံစဖူးမို့ တအံ့တသြဖြစ်နေကြတုန်း နောက်တော့ နာဂစ်မုန်တိုင်း ဝင်လာတော့တာပါပဲတဲ့။ ဒါကို ရွာနှစ်ရွာစလုံးက ရေလုပ်သားတွေက ပြောကြတာဖြစ်ပါတယ်။ နောက်တော့ သူတို့ကဆက်ပြောကြပြန်ပါတယ်။ "ဒီနှစ်လည်း ငါးဒီတွေ ပေါ်နေပြန်ပြီ"တဲ့။

> သူတို့က ပြောကြပါတယ်။ ၂၀၀၈ခုနှစ်တုန်းက နာဂစ်မုန်တိုင်း မဝင်မီ တစ်လ၊ နှစ်လလောက်ကတည်းက သူတို့ရဲ့ ငါးဖမ်း ရေပြင်မှာ ငါးဒီငါးတွေ မကြုံဖူးအောင် ပေါလာလိုက်တာ ဖမ်းလို့တောင် မနိုင်ပါဘူးတဲ့။ အားလုံး မကြုံစဖူးမို့ တအံ့တသြဖြစ်နေကြတုန်း နောက်တော့ နာဂစ်မုန်တိုင်း ဝင်လာတော့တာ ပါပဲတဲ့။

## အသိတွေကြောင့် သတိတွေရှိနေကြတာမို့ ဝမ်းမြောက်မိပါတယ်

သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေမှာ အသိဆိုတာ အခြေခံလိုအပ်ချက်ပါ။ အသိမရှိဘဲ သတိမရှိနိုင်ပါဘူး။ သတိမရှိဘဲ ပူးပေါင်းပါဝင်မှုမရှိနိုင်ပါဘူး။ လူထုရဲ့ ပူးပေါင်း ပါဝင်မှုမရှိခဲ့ရင်လည်း သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေဟာ ဘယ်တော့မှ အောင်မြင်မှုမရှိနိုင်ပါဘူး။ ဒီတော့. . အဲဒီ အခြေခံ လိုအပ်ချက်တွေဖြစ်တဲ့ အသိတွေ၊ သတိတွေကို တိုးကျေးရွာနဲ့ ကဝက်ကျေးရွာက ဒေသခံပြည်သူတွေ ရှိနေကြတာမြင်ရလို့ ဝမ်းမြောက်မိတာ အမှန်ပါ။ ပင်လယ်ကမ်းခြေဆိုတာ မုန်တိုင်းဘေး၊ ဆူနာမီဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး စတဲ့ သဘာဝဘေးတွေ ကျရောက်နိုင်တဲ့ နေရာတွေမို့ ဒီလိုဒေသမျိုးမှာ နေထိုင်ကြတဲ့ ဒေသခံတွေဟာ သဘာဝဘေးတွေနဲ့ပတ်သက်လာရင် သိသင့်သိထိုက်တဲ့ ဗဟုသုတတွေရှိရမယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်လာရင် ယဉ်ကျေးမှု(Culture)တစ်ခုလို စွဲမြဲနေရမယ်။ မသိစိတ်ကကို လုပ်ဆောင်တတ်တဲ့ အကျင့်မျိုး ရှိနေတဲ့အထိ ဓလေ့တစ်ခုလို ဖြစ်နေရမယ်။ ဥပမာ-ဗုဒ္ဓဘာသာဘာဝင် မြန်မာလူမျိုး တစ်ယောက်ဟာ ဘုရားကျောင်းဝင်းထဲဝင်ရင် အလိုအလျောက် မသိစိတ်ကကို ဖိနပ်ချွတ်တာမျိုး၊ သက်ကြီးရွယ်အို လူကြီးသူမတွေရှေ့က ဖြတ်လျှောက်ရင် အလိုအလျောက် ခေါင်းငုံ့လျှောက်တာမျိုး။ ဒီလိုကို အကျင့်ပါနေဖို့ လိုတယ်လို့ သဘာဝဘေးကြောင့် ဆုံးရှုံးမှုကာကွယ်ရေး ပညာရှင်တွေကပြောကြပါတယ်။

## တိရစ္ဆာန်တွေဟာသဘာဝဘေးကို ကြိုတင်ပြောနိုင်သလား

မိုးလေဝသခန့်မှန်းတဲ့နေရာမှာရော၊ သဘာဝဘေးတွေ ကြိုတင်သတိပေးတဲ့နေရာတွေမှာရော တိရစ္ဆာန်တွေရဲ့ အခန်းကဏ္ဍဟာ မသေးလှပါဘူး။ သမိုင်းစဉ်တစ်လျှောက် ပြောကြဆိုကြ၊ ငြင်းကြခုံကြနဲ့ပဲ ဆိုပါတော့။ ဒါပေမဲ့ ရာသီဥတုကိုကြိုတင်သိနိုင်တဲ့နေရာ၊ သဘာဝဘေးကို ကြိုတင်အာရုံခံတဲ့နေရာမှာ အချို့တိရစ္ဆာန်တွေဟာ လူသားတွေထက် ပိုအစွမ်းထက်တယ်ဆိုတာ သိပ္ပံပညာရှင်တွေက လက်ခံထားကြပါတယ်။ ဥပမာ-ဆင်တွေဆိုပါတော့။ မြေငလျင်လှုပ်တော့မယ်ဆိုတာကို ဆင်တွေက လူတွေထက် ပိုပြီး ကြိုသိနိုင်ပါတယ်။ အကြောင်းကတော့ လူတွေနဲ့ ဆင်တွေမှာ အကြားအာရုံခံနိုင်စွမ်းမှာကွာခြားနေလို့ဖြစ်ပါတယ်။ လူတွေဟာ အသံလှိုင်းတွေကို အာရုံခံတဲ့နေရာမှာ တုန်နှုန်း ၃၂ မှ ၂၄၀၀၀ Vibration/sec ကိုသာ အာရုံခံနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် လူတွေဟာ သစ်ရွက်လေတိုးတဲ့ အသံတို့၊ ဝါယာကြိုးထဲစီးဆင်းနေတဲ့ လျှပ်စစ်စီးသံတွေကို မကြားနိုင်ခြင်းဖြစ်ပါတယ်။ ဆင်တွေကျတော့ တုန်နှုန်းအနိမ့်ဆုံး ၂၀ Vibration/sec အထိ အာရုံခံနိုင်စွမ်းရှိကြတယ်။ မြေငလျင်ကြီးတွေလှုပ်တဲ့အခါ တုန်ခါမှုလှိုင်းတွေကို တုန်ခါမှုနှုန်းနည်းတဲ့ ရှေ့ပြေးလှိုင်း(P wave)တွေက အရင်စထွက်လာပါတယ်။ နောက်မှ တုန်နှုန်းပိုမြင့်တဲ့ နောက်ဆက်တွဲလှိုင်း (S wave) တွေကထွက်လာပါတယ်။ လူတွေက P wave တွေကို အာရုံခံလို့ မရနိုင်ပါဘူး။ ဆင်တွေကျတော့ အာရုံခံလို့ရကြပါတယ်။ နောက်ပြီး ဆင်ရဲ့ကြီးမားလှတဲ့ နားရွက်ကြီးနှစ်ဖက်၊ မြေပြင်ပေါ်မှာ ထောက်ထားတဲ့ ခြေဖဝါးကြီးလေးခုကလည်း ဆင်တွေရဲ့ အာရုံခံစံနစ်တွေကို အထောက်အကူပြုနေကြတဲ့ အန်တန်နာကြီးတွေဖြစ်နေကြပြန်ပါတယ်။ နာဂစ်ဖြစ်ပြီး ကွင်းဆင်းလေ့လာတော့လည်း နာဂစ်ထိခိုက်ခံရတဲ့ ရွာတစ်ရွာကလည်းသူတို့ရဲ့အတွေ့အကြုံတွေကို ပြောပြကြပါတယ်။ အဲဒီ. . . နာဂစ်ဝင်မယ့်နေ့တုန်းက နာဂစ်မဝင်မီ နေ့လယ်ပိုင်းမှာ ရွာအပြင်မှာ လှန်(လွှတ်)ထားတဲ့ နွားတွေ၊ ကျွဲတွေဟာ လူတွေက လိုက်မကောက်(ပြန်မဖမ်း)ပါဘဲနဲ့ ညနေ အစောကြီးရွာထဲကိုတန်းစီပြီးပြန်ဝင်လာကြတယ်တဲ့။ သူတို့က ကြိုသိနေသလိုပါပဲတဲ့။

## ကမ္ဘာကျော် မုတ်သုံတို့၊ အယ်လ်နီညို-လာနီညာဖြစ်စဉ်တို့ကို စတွေ့ခဲ့ကြတာ ရေလုပ်သားတွေပါ

နာဂစ်တုန်းက ငါးဒီတွေပေါ်တာရော၊ အခုနှစ်မှာ ငါးဒီတွေ ပေါ်နေပြန်တာရော မှတ်ချက်ပေးဖို့ ကျွန်တော့မှာ အတွေ့အကြုံမပြည့်စုံတာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ် ငါးဒီတွေ ပေါ်လာတာနဲ့ မုန်တိုင်းအန္တရာယ်ရှိနေပြီဆိုတဲ့ အဆိုကို ထောက်ခံဖို့ခက်သလို၊ ကန့်ကွက်ဖို့လည်းမဝံ့ပါဘူး။ အကြောင်းကတော့ ကျွန်တော်တို့ မိုးလေဝသမှာ တိရစ္ဆာန်တွေက မိုးလေဝသကို ကြိုတင်ခန့်မှန်းနိုင်ကြတယ်ဆိုတဲ့အဆိုကိုလည်း သိပ္ပံပညာရှင်တွေက လက်ခံထားကြတဲ့အပြင် မိုးလေဝသပညာမှာ ရေလုပ်သား(တံငါသည်)တွေရဲ့ အခန်းကဏ္ဍကလည်း လေးစားလောက်တဲ့သမိုင်းတွေက ရှိနေလို့ဖြစ်ပါတယ်။ ဆိုကြပါစို့ဗျာ။ အိန္ဒိယသမုဒ္ဒရာထဲမှာ လားရာဘက် လုံးဝဆန့်ကျင်ဘက်နီးပါးဖြစ်နေကြတဲ့ လေနှစ်မျိုးကို နွေမှာတစ်မျိုး၊ ဆောင်းမှာတစ်မျိုး တိုက်နေတတ်တာကို စတွေ့ခဲ့ကြတာ အာရေဗျပင်လယ်ထဲက တံငါသည်တွေဖြစ်ပါတယ်။ အဲဒီလို ရာသီအလိုက် တိုက်တတ်တဲ့လေတွေကို ကနေ့တော့ နွေမုတ်သုံ၊ ဆောင်းမုတ်သုံဆိုပြီး နာမည်ကျော်ဖြစ်နေပါပကောဗျာ။ နောက်ပြီး အိန္ဒိယသမုဒ္ဒရာထဲမှာဖြစ်ပေါ်နေတဲ့ မုန်တိုင်းတွေရဲ့ တိမ်အစုအဝေး တိမ်စွယ်တန်းတွေဟာ ခွေနေတဲ့မြွေတစ်ကောင်နဲ့တူနေလို့ ဆိုင်ကလုန်းဆိုတဲ့ အမည်ပေးခဲ့တာလည်း တံငါသည်တွေပါပဲဗျာ။ နောက်ပြီးရှိပါသေးတယ်။ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကို ဖြစ်ပေါ်စေတတ်တဲ့ အယ်လ်နီညိုဖြစ်စဉ်၊ အေးပြီးစွတ်စိုတဲ့ရာသီဥတုကိုဖြစ်စေတတ်တဲ့ လာနီညာဖြစ်စဉ်၊ ဒါတွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ကျော်လောက်ကတည်းက ပထမဆုံး စတွေ့လာကြတဲ့သူတွေက တောင်အမေရိကတိုက်၊ အီကွေဒေါ်နဲ့ ပီရူးနိုင်ငံတွေက တံငါသည်တွေပါပဲ။ ဒီတော့ တံငါသည်တွေဟာ မိုးလေဝသမှာတော့ အစဉ်အလာရော၊ ပညာရော ရာဇဝင်ရှိတဲ့ သူတွေပါ။

## အကြံကောင်းတစ်ခု

ဒါကြောင့်. . တိုးနဲ့ ကဝက်ကျေးရွာများက ရေလုပ်သားကြီးတွေရဲ့ပြောစကားကို အလေးအနက်ထားမိပါတယ်။ ဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ သေချာပေါက်လုပ်သင့်တဲ့ အကြံကောင်းတစ်ခုတော့ စဉ်းစားမိပါတယ်။ အဲဒါတွေကတော့ တစ်-အထူးသဖြင့် ဧပြီလ ၁၅ ရက်မှ မေလ ၁၅ ရက် အတွင်း ဘင်္ဂလားပင်လယ်အော်မှာဖြစ်တဲ့ မုန်တိုင်းတွေကို အထူးဂရုစိုက်ပါ။ နှစ်-ဒီနှစ် သက်ဆိုင်ရာက ထုတ်ပြန်တဲ့ မုန်တိုင်းသတင်းကို သေသေချာချာ ဂရုစိုက်နားထောင်ပါ။ သုံး-မြန်မာနိုင်ငံကို အန္တရာယ်မရှိတဲ့ မုန်တိုင်းတွေဆို 'မုန်တိုင်းသတင်း'၊ အန္တရာယ်ရှိတဲ့ မုန်တိုင်းဆို **'မုန်တိုင်းသတိပေးချက်'**ဆိုပြီး ကြေညာတတ်တာကိုသိထားပါ။ လေး-မုန်တိုင်းသတင်းတွေ ကြေညာတဲ့အခါ အရောင်ငါးမျိုးခွဲပြီး ကြေညာတာကို သိထားပါ။ (အဝါရောင်-အန္တရာယ်မရှိသေး၊ လိမ္မော်ရောင်-မြန်မာနိုင်ငံဘက်ကို ဦးတည်လာနေ၊ **အနီ- မြန်မာ့ကမ်းရိုးကို ၁၂ နာရီအတွင်း ဖြတ်တော့မယ်**၊ အညို-ဖြတ်ကျော်နေပြီ၊ အစိမ်း-အန္တရာယ်ကင်းပြီ)။

အဲ. . မြန်မာ့ကမ်းရိုးတန်းကိုလည်းဖြတ်တော့မယ်၊ဖြတ်မယ့်နေရာကလည်း မိမိနေထိုင်ရာဒေသဖြစ်မယ် ဆိုလို့ကတော့ ကြိုတင်ကာကွယ်မှုကို မဖြစ်မနေလုပ်ဖို့ မမေ့ပါနဲ့လို့သာ။ ။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# မိဘများ တက္ကသိုလ်တက်ပါ

ရွှေဖြိုးမောင်



မိဘများသည် မိမိတို့၏ ရင်သွေးငယ်များ မူကြိုအဆင့်မှ အလယ်တန်း၊ အထက်တန်း အဆင့်အထိကိုယ့်မြို့၊ကိုယ့်ရွာ၊ကိုယ့်အိမ်မှာပင် ကြည့်ရှုစောင့်ရှောက်၊ မြေတောင်မြှောက်လျက် ပညာရေးအတွက် လုံးပန်းခဲ့ကြရသည်။ အနေနီးသဖြင့် သားသမီးတို့၏ အကျိုးအကြောင်း၊ အဆိုးအကောင်းကို မြင်တွေ့ကြားသိနေရသည်။ ထိုမှ တက္ကသိုလ်အဆင့်သို့ ရောက်သောအခါ မိဘအများစုမှာ မိဝေးဖဝေး မြို့ကြီးများသို့ဘွဲ့ ဒီဂရီအသီးသီး ရရှိစေရန် ရည်ရွယ်လျက် ပို့ကြရသည်။ ပထမနှစ်စတက်သည့် သားသမီးများအတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျောင်းအပ်နှံရေးကအစ အစစအရာရာ အဆင်ပြေနေရာကျစေရန် အနည်းဆုံး မိဘတစ်ဦး လိုက်လံပို့ဆောင်ကြရသည်။ တက္ကသိုလ်ရှိရာ မြို့များတွင် မြို့ခံအသိမိတ်ဆွေများရှိပါက သားသမီးများအား စောင့်ရှောက်ပါရန် အပ်နှံကြရသည်။ အဝတ်အစား အသုံးအဆောင်များအပြင် စက်ဘီးတတ်နိုင်သူက စက်ဘီး၊ ဆိုင်ကယ်တတ်နိုင်သူက ဆိုင်ကယ်၊ ဖုန်းတတ်နိုင်သူက ဖုန်းဝယ်ပေးခဲ့ကြရသည်။ စရိတ်စကအမျိုးမျိုးအတွက် လိုအပ်သမျှငွေကြေးကိုလည်း လုံလုံလောက်လောက် ထားခဲ့ကြရသည်။ အချို့မိဘများမှာ သားသမီးများ၏ လိုအင်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်သော်လည်း အချို့မိဘများမှာမူ ကိုယ်ပိုင်(သို့) ဘိုးဘွားပိုင်ပစ္စည်းဥစ္စာ ရတနာ၊ လယ်ယာကွဲနွားများအား ပေါင်နှံရောင်းချခြင်း၊ ဆွေမျိုးအသိုင်းအဝိုင်းမှ ထောက်ပံ့ခြင်းတို့ဖြင့် အတင်းဖျစ်ညှစ်၍ ဘွဲ့လေးတစ်ခုရပါစေတော့ ဆန္ဒဖြင့် ကျောင်းထားရသည်များလည်း ရှိပါသည်။ မလိုအပ်သည့် အပိုကိစ္စများအတွက် တစ်ပြားတစ်ချပ်မျှပင် အကုန်အကျမခံလိုသော၊ အကုန်အကျမခံနိုင်သော မိဘများလည်း ရှိပါသည်။

အဆောင်ပိုင်ရှင် မိတ်ဆွေတစ်ယောက်၏ ပြောပြချက်ကို ဖော်ပြလိုပါသည်။ ပထမနှစ်တက်ရန်ကျောင်းသားတစ်ဦးအဆောင်သို့ရောက်လာသည်။ မိဘတွေကဖားကန့်မှာ အလုပ်လုပ်နေတာမို့ လိုက်မပို့နိုင်သဖြင့် ဦးလေးဖြစ်သူက လိုက်ပို့သည်။ အဆောင်ပိုင်ရှင်ထံ သေချာစွာအပ်နှံထားခဲ့သည်။ အဆောင်နှင့် တက္ကသိုလ်က နီးတာကြောင့်တစ်ကြောင်း၊ အပြင်ထွက် အလည်အပတ်များပြီး ကျောင်းစာတွင် ပေါ့လျော့ကာ ယာဉ်အန္တရာယ်ဖြစ်မှာစိုး၍ တစ်ကြောင်း စက်ဘီး၊ ဆိုင်ကယ် ဝယ်ပေးမထားခဲ့ပေ။ တစ်ပတ်လောက် အကြာအဆောင်တွင်နေပြီး ထိုကျောင်းသားမနေနိုင်တော့ပေ။ မိခင်ထံဖုန်းဆက်၍ ဖုန်းနှင့်ဆိုင်ကယ်ဝယ်ရန် ပိုက်ဆံလှမ်းမှာသည်။ ငွေရောက်သည်နှင့် ၁၆ သိန်းတန် အိန္ဒိယနိုင်ငံထုတ် ဆိုင်ကယ်တစ်စီး၊ အင်တာနက်သုံးရသည့် ငါးသိန်းတန် ဂျီဖုန်းတစ်လုံး၊ တန်ဖိုးကြီးအဝတ်အစား အသုံးအဆောင်များ ဝယ်လာတော့သည်။ နောက်တစ်နေ့တွင် သူ့ခါးကိုဖက်၍ ဆိုင်ကယ်နောက်ခုံ၌ ကောင်မလေး တစ်ယောက်ပါလာလေသည်။ ထိုကျောင်းသား၏ ပထမနှစ်ဝက်လေးလအတွင်း ကုန်ကျစရိတ်စုစုပေါင်းမှာ ကျပ်သိန်းငါးဆယ်နီးပါးဖြစ်သည်။ ရိုးရိုးဝိဇ္ဇာ သိပ္ပံဘွဲ့တစ်ခုရရန် ထိုကျောင်းသားသည် ပညာသင်နှစ်လေးနှစ်စာအတွက် လေးလ ပေါင်းရှစ်ခါ၊ စုစုပေါင်း၃၂လတက္ကသိုလ်တက်ရမည်ဖြစ်သည်။

နောက်ထပ် အဖြစ်အပျက်တစ်ခုကို အဆောင်ပိုင်ရှင်က ပြောပြပါသေးသည်။ တက္ကသိုလ်ကျောင်းသားထားသော သူ၏အဆောင်သို့ ည ၈ နာရီခန့်တွင် တယ်လီဖုန်း ဝင်လာပါသည်။ အဆောင်နေ ကျောင်းသားတစ်ယောက်ထံ သူငယ်ချင်းကျောင်းသူတစ်ယောက်က ဖုန်းဆက်ခြင်းဖြစ်သည်။ ဘီ ယာဆိုင်ရှိသူမအား လာရောက်ခေါ်စေလိုကြောင်း ပြောပါသည်။ ဖုန်းဆက်ခံရသည့် ကျောင်းသားမှာ ထိုကျောင်းသူအား သွားရောက်ခေါ်ဆောင်၍ အဆောင်ပိုင်ရှင်ထံ မနည်းတောင်းပန်ကာ အပ်ခဲ့ရပုံကိုပြောပြပါသည်။ ထိုသို့သောကျောင်းသူမျိုး မည်မျှရှိမည်နည်း စဉ်းစားကြရပါမည်။ ထိုကျောင်းသူမျိုး ရှိသည်ဆိုသည်ကိုလည်း မိဘများသိရန် လိုပါသည်။

နောက်ထပ်ကျောင်းသူတစ်ယောက်ရှိပါသေးသည်။ ကျောင်းဖွင့်ရက် မတိုင်မီကတည်းက တက္ကသိုလ်ရှိရာ မြို့သို့ရောက်နေသည်။ ပါလာသော ငွေဖြင့်လည်ပတ်သွားလာသုံးဖြုန်းစားသောက်နေကာ အဓိက အရေးကြီးသည့် ကျောင်းအပ်ရန်ကိစ္စမေ့နေသည်။ သည်လိုနှင့် နောက်ဆုံး သတ်မှတ်ထားသည့်ကျောင်းအပ်ရမည့်ရက်ကိုကျော်လွန်သွားခဲ့သည်။ ထိုနှစ်အတွက် ကျောင်းနေခွင့် မရရှိတော့ပေ။ သူမ၏ မိဘများမှာ ဘာမျှ မသိရှာဘဲ ကျောင်းတက်နေသည်ဟုသာထင်နေကြရသည်။ မိဘများဘက်မှကြည့်လျှင် ရင်ကျိုးဖွယ်ရာပင် ဖြစ်ပါသည်။ ထိုထက်ဆိုးသည်မှာ မိဘများ မသိဘဲ ကျောင်းတက်ရင်း အိမ်ထောင်ကျနေသည့် လူငယ်ကျောင်းသား၊ ကျောင်းသူများပင် ရှိနေပါသည်။

ပုဂ္ဂလိက ဘော်ဒါဆောင်များ၏ ကျောင်းသား၊ ကျောင်းသူအကြိုက် စည်းကမ်းများကြောင့် မိဝေး ဖဝေးလူငယ်များမှာ အပြည့်အဝ လွတ်လပ်ကြသည်။ ကျောင်းတက်ချင်မှ တက်သည်။ သောက်ချင်တဲ့ အချိန်သောက်သည်။ မူးချင်တဲ့ အချိန်မူးသည်။ အဆောင်သို့ ပြန်ချင်တဲ့ အချိန်မှ ပြန်သည်။ ဘီယာ၊ အရက်များကလည်း အချိန်ပြည့် အလွယ်တကူဝယ်ယူရရှိနေသည်။ အခြားဆွဲဆောင်မှု အမျိုးမျိုးကလည်း လက်တစ်ကမ်းအကွာမှာ အဆင်သင့်ရှိနေသည်။ အချို့ ပုဂ္ဂလိက ဘော်ဒါဆောင်များက ကျောင်းသူ၊ ကျောင်းသားတွဲထားသည်များလည်း ရှိသည်။ အထူးသဖြင့် အဝေးသင်တက္ကသိုလ်ဖွင့်ချိန်တွင် အဆိုးဆုံးဖြစ်သည်။ အချို့ကျောင်းသားများက လေးငါးယောက်စုပြီး လုံးချင်းအိမ်ငှား၍ နေသည်များလည်း ရှိသည်။ ထိုအခြေအနေတွင် သူတို့ လုပ်ချင်ရာလုပ်၍ရသည်။ ထိုနေရာမျိုးသို့ ညအိပ်လိုက်သွားသောသူများရှိသည်ဆိုလျှင် မိဘများ ယုံနိုင်ကြပါမည်လားမသိ။ ထို့အပြင် ည ၈ နာရီ၊ ၉ နာရီကျော်သည်အထိ အဆောင်ပြင်ပတွင် နေခွင့်ပေးသော ပုဂ္ဂလိက အမျိုးသမီးဘော်ဒါဆောင်များလည်းရှိသည်။ ကျောင်းသားအဆောင်အများစုမှာ ၂၄ နာရီတံခါးမပိတ်သည်များလည်းရှိသည်။ ထိုသို့သော အဆောင်များကြောင့် တက္ကသိုလ်ကျောင်းသားအချို့သည် ညအချိန်မတော် လမ်းပေါ်ရောက်နေတတ်သည်။ ကျောင်းသူများရှိရာ အဆောင်များရှေ့တွင် အော်ဟစ်ဆူညံဂစ်တာခေါက် သီချင်းဆိုနေတတ်သည်။ ထို့ပြင် ကျောင်းသူအဆောင်ပိုင်ရှင်(သို့) အဆောင်မှူးများအား လှောင်ပြောင်ရန်စသည်များလည်း ရှိသည်။ ထိုကျောင်းသားများ၏ မိဘများတွင်မူ အတိုင်းအဆမဲ့ မျှော်လင့်ရည်မှန်းချက်များရှိမှာ သေချာပါသည်။

ဝက်လက်နယ်မှ မိဘတစ်ဦးက သူ၏သားအကြောင်းပြောပြပါသည်။ "ကျွန်တော့် သားတက္ကသိုလ်တက်နေတာ ခြောက်နှစ်ရှိပြီ။ တစ်တန်းကို ၂ နှစ်နှုန်းနဲ့။ ဒီနှစ်တောင် ကျွတ်ပါ့မလားမသိဘူး။ သူ့အတွက် ကျောင်းစရိတ်က တစ်နှစ်ကို ဆယ်သိန်းလောက်ကုန်တယ်။ လိုက်ပြီးတော့လည်း မကြည့်နိုင်ဘူး။ တစ်ခါတလေ စာမေးပွဲပြီးလို့ ရက်ရှည်လများ ကျောင်းပိတ်ရင်တောင် အိမ်ပြန်မလာတော့ဘူး။ ပိုက်ဆံလှမ်းပို့ရတယ်။ ကွန်ပျူတာသင်တန်းတွေ တက်နေတယ်ပြောတာပဲ။ ဘွဲ့လေးတစ်ခုလောက်တော့ ရစေချင်တာဆိုတော့ ဆက်ပြီး ထားနေရဦးမှာ"ဟု ဆိုပါသည်။ ထိုကျောင်းသားမျိုးအတွက် ကုန်ဆုံးသွားသော အချိန်များ၊ ငွေများသည် အလွန်ပင် နှမြောဖွယ်ကောင်းလှပါသည်။ မိဘများအနေဖြင့်လည်း ထိုက်သင့်သလောက် အကျိုးဖြစ်ထွန်းမှု မရှိဘူးဆိုလျှင် သားသမီးအပေါ် အလိုမလိုက်သင့်ဟု ထင်မြင်ယူဆပါသည်။ မုံရွာမှ မိတ်ဆွေတစ်ဦးကပြောပြပါသည်။ "ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်ပိုင်းညက မိန်းကလေးအဆောင်ရှေ့မှာ ကျောင်းသားတစ်ယောက်ဂစ်တာတီးသီချင်းဆိုလာတယ်။ သူဆိုနေတုန်း နောက်ထပ်တစ်ဖွဲ့ သီချင်းဆိုဖို့ ရောက်လာတယ်။ အဲဒီမှာ စကားများကြပြီး လက်လွန်သွားလို့ တစ်ယောက်တည်း အရင်လာတဲ့ ကျောင်းသားသေသွားခဲ့ရတယ်။ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံရတဲ့အခါ မိဘတွေအဖို့ သားသမီးတွေကို တက္ကသိုလ်ပို့ရတာ အဓိပ္ပာယ်မရှိဖြစ်သွားပါတယ်"

သုံးဘီးဆိုင်ကယ် မောင်းသူတစ်ဦးက "ကျွန်တော်ဗျာ၊ ခရီးသည်တွေတင်ပြီး မိုးခပ်ချုပ်ချုပ်အချိန်မှာ မောင်းလာတာ။ တက္ကသိုလ်နားလည်း ရောက်ရော၊ မျက်လုံးထဲ ပိုးကောင်ဝင်လို့ လမ်းဘေးချရပ်လိုက်တာ။ ကျွန်တော့်နောက်က ပါလာတဲ့ ကျောင်းသားဆိုင်ကယ်အုပ်စုထဲက တစ်စီးက မထိန်းနိုင်ဘဲ ကျွန်တော့်သုံးဘီးကို ဝင်တိုက်တယ်။ သူတို့က မူးနေတာ။ အဲဒါနဲ့ ကျွန်တော့်ကို ဝိုင်းထိုးကြတယ်။ ပါလာတဲ့ ခရီးသည်တွေကလည်းမိန်းမသားတွေချည်းဆိုတော့ ဘာမှပြန်မလုပ်နိုင်ဘူး။ ရုတ်တရက်ဆိုင်ကယ်နံပါတ်လည်း မမှတ်မိတော့ ဘာမှ ဆက်လုပ်လို့မရဘူးဖြစ်သွားတယ်"ဟုပြောပြပါသည်။ "ကလေးတွေက ဆေးတွေ သုံးကြတယ်ထင်ပါတယ်။ တစ်ခါတလေ လွတ်ထွက်နေကြတယ်။ မြို့ထဲက လမ်းတွေမှာဆိုဆိုင်ကယ်စီးရင် သူတို့နဲ့လွတ်အောင်ပဲ ရှောင်နေရတယ်။ ကိုယ်က မှန်ရဲ့သားနဲ့ သူတို့စည်းကမ်းမဲ့စီးလို့ အတိုက်ခံကြရသူလည်း မနည်းတော့ဘူး။ ကိုယ်က လမ်းတောင်းချင်လို့ဟွန်းတီးရင်တောင် မချေမငံပြန်ကြည့်ကြတယ်။ ပြန်ပြီးရန်မူချင်ကြတယ်။ ကျွန်တော်တို့မြို့မှာဆိုရင် မနှစ်က စက်တင်ဘာအဝေးသင်ချိန်ကစပြီး အခုအထိ ယာဉ်တိုက်မှုဖြစ်ပြီး သေဆုံးရတဲ့ ကျောင်းသား၊ ကျောင်းသူပေါင်း ငါးဆယ်ကျော်ရှိနေပြီ"ဟု ဆက်လက်၍ပြောပြပါသည်။

"အခုဖြစ်နေတာက သူများဆိုင်ကယ်ကောင်းကောင်းစီးရင် လိုက်စီးချင်ကြတယ်။ သူများဖုန်းကိုင်ရင် လိုက်ကိုင်ချင်ကြတယ်။ သူများသုံးဖြုန်းရင် လိုက်ပြီးသုံးဖြုန်းချင်ကြတယ်။ ဒီတော့ သူတို့အတွက် ငွေကဘယ်လောက်ပို့ပို့ အလျှင်မမီတော့ဘူး။ အဲဒီလိုအခြေအနေမှာ ကျောင်းသား၊ ကျောင်းသူတွေ လမ်းကြောင်းမှားကုန်ကြတယ်။ အဝတ်အစား၊ အပျော်အပါး၊ အဆင်တန်ဆာတွေနောက်ပဲ အပြိုင်လိုက်ဖို့ အားထုတ်နေကြတယ်။ ကျွန်မက ကျောင်းသူတွေနဲ့ အနေနီးတဲ့သူဆိုတော့ သူတို့အကြောင်းကောင်းကောင်း သိနေတယ်။ ကျွန်မမှာ ၁၀ တန်းအရွယ်သမီးတစ်ယောက်ရှိတယ်။ သူ့ကို တက္ကသိုလ်ပို့ရမှာ တော်တော်လေးစဉ်းစားနေရတယ်။ မိဘကွယ်ရာမှာ လုပ်ချင်တိုင်းလုပ်နေကြတဲ့ တက္ကသိုလ်ကျောင်းသူတွေက တော်တော်လေးများနေတယ်"ဟု လက်ထောက်ကထိက ဆရာမတစ်ဦးက ပြောပြပါသည်။ "ကျောင်းစာမှာတော့ လုံးဝကို အာရုံမစိုက်ကြဘူး။ ကိုယ်သင်နေရတဲ့ ဘာသာရပ်နာမည်ကိုတောင် မသိကြဘူး။ ဆရာ၊ ဆရာမ နာမည်လည်း မသိကြဘူး။ ဘွဲ့သာ ရသွားရော၊ ကိုယ်ရတဲ့ဘွဲ့ကို စာလုံးပေါင်းမှန်အောင် မရေးတတ်ကြဘူး။ ဘွဲ့ဝတ်ရုံကို မှန်အောင် မဝတ်တတ်ကြဘူး။ ကျောင်းပညာနဲ့ မဆိုင်တဲ့နေရာတွေမှာကျတော့ အရမ်းကို ကျွမ်းကျင်ကြတယ်" ဟု ဆက်ပြောပါသည်။

တက္ကသိုလ်ဝန်းကျင်မှာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အကြောင်းအရာအဖြစ်အပျက်များစွာ ရှိပါသည်။ ဒါတွေကို မိဘတွေသိအောင် ကြိုးစားသင့်ပါသည်။ ကိုယ့်သားသမီး တက္ကသိုလ်တက်တဲ့ဆီကို သားသမီးမသိအောင် လိုက်လံကြည့်ရှုလေ့လာသင့်ပါသည်။ ယနေ့ခေတ်ရဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် မိဘတွေရဲ့ အနီးကပ်လိုက်လံကြည့်ရှုစောင့်ရှောက်ထိန်းသိမ်းကွပ်ကဲမှုများလိုအပ်ပြီဟု ထင်ပါသည်။ ဒါကြောင့် စာရေးသူပြောချင်တာကတော့ "မိဘများ တက္ကသိုလ်တက်ပါ" ဟူ၍သာ . . . ။

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.2 • MARCH 15 , 2012

# ‘အဓိကအခက်အခဲကတော့ စားရေးသောက်ရေးကို နေ့စဉ် ပူပန်နေရတာပေါ့’

## ကချင်နှစ်ခြင်းခရစ်ယာန် အသင်းတော်(မြစ်ကြီးနား)မှ အတွင်းရေးမှူးဒေါက်တာဆမ်ဖွန်နှင့် တွေ့ဆုံခြင်း

**အေးမြကျော်**

ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော တိုက်ပွဲများမှာ ကိုးလကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကချင်ပြည်နယ်အတွင်း စစ်ဘေးကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသော စစ်ပြေးဒုက္ခသည်များကို တိုက်ပွဲများ စတင်ဖြစ်ပွားစဉ် ဇွန်လကတည်းက တတ်စွမ်းသမျှ ကူညီပေးနေသည့် ဘာသာရေးအဖွဲ့အစည်းမှာ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC)ဖြစ်သည်။ စစ်ပြေးဒုက္ခသည်များ၏ အခြေအနေ၊ အခက်အခဲနှင့် အကူအညီပေးရေးကိစ္စများကို သိရှိနိုင်ရန် KBCမှ အတွင်းရေးမှူး ဒေါက်တာဆမ်ဖွန်နှင့်တွေ့ဆုံဖြစ်ခဲ့ပါသည်။

ဒေါက်တာဆမ်ဖွန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံလာရောက်စဉ်က တိုင်းရင်းသားခေါင်းဆောင်များ၊ ပါတီ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ်ကတိုင်းရင်းသားလူမှုရေးအဖွဲ့အစည်း နှစ်ဦးထဲမှ တစ်ဦးဖြစ်သည်။ ဒေါက်တာဆမ်ဖွန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**စစ်ပြေးဒုက္ခသည်တွေမှာ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်တို့လို မြို့တွေမှာ နေထိုင်သူတွေနဲ့ တရုတ်မြန်မာနယ်စပ်က တောဘက် နယ်ဘက်တွေမှာ နေတဲ့သူတွေ ဘယ်လိုကွာခြားမှုရှိပါလဲ။**

အရမ်းကွာခြားတယ်။ အခုမြို့ဘက်မှာ WFP က အခြေခံစားနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆားပဲ၊ ထောက်ပံ့နေတော့ တော်တော်သက်သာရာရတယ်။ ဒါပေမဲ့ နယ်စပ်ဘက်မှာကျတော့ WFP က မရောက်နိုင်ဘူး။ နောက် UNOCHA(United Nations Office for the Coordination of Humanitarian Affairs) ကလည်း တိုက်ရိုက်သွားဖို့ ညှိနှိုင်းနေတယ်။ အခုထိတော့တိုက်ရိုက်မသွားနိုင်သေးဘူး။ အဲဒီဘက်မှာ အထောက်အပံ့မရဘူးပေ့ါ ။ ဒါကြောင့်နယ်စပ်ဘက်မှာအများစုရှိတဲ့ နယ်စပ်တစ်လျှောက်ကတော့ နေ့စဉ် နေ့တိုင်း ပူပင်သောကနဲ့ အသက်ရှင်နေကြရတာပေ့ါ။ ဆန်တွေ ကုန်သွားရင်လည်း စိတ်ညစ်ရတယ်။

**အင်တာနက်ဝက်ဘ်ဆိုက်တွေမှာ ပြည်ပက သတင်းတွေမှာ တိုက်ပွဲတွေကြောင့် ထွက်ပြေးတဲ့သူတွေကို တရုတ်ဘက်က လက်မခံဘူးဆိုတာတွေ သတင်းတွေမှာကြားရတယ်။ ဆရာတို့ မကြာခင်က နယ်စပ်ကပြန်လာတော့ ဘာတွေ သိခဲ့ရသေးပါလဲ။**

အခု ကြည့်နေရတဲ့ အခြေအနေကတော့ တရုတ်နယ်စပ်နားက နမ့်ခမ်းနားမှာပဲ။ နောင်သောင်းလို့ခေါ်တယ်။ အခု ဦးရေတစ်ထောင်ကျော်လောက် အဲဒီ တရုတ်ပြည် (တရုတ်နိုင်ငံ) ဘက်မှာ စုနေတာပေ့ါ။အဲဒါ တရုတ်နိုင်ငံက သက်ဆိုင်ရာ ပြည်နယ်တာဝန်ရှိသူတွေက ခဏခဏ စာရင်းလာကောက်ပြီးမှပြန်ပို့မလား တစ်နေရာရာ စုမလား ဆိုတာတော့မသိရသေးဘူး။ ယူနန်ပြည်နယ်ကပေ့ါ။

**ကချင်ပြည်နယ်အတွင်းက စစ်ပြေးဒုက္ခသည်ခုနစ်သောင်းကျော်ကို လက်လှမ်းမီသလောက် ကူညီပေးနေရာမှာ အဓိကကြုံနေရတဲ့ အခက်အခဲက ဘာတွေဖြစ်မလဲ။**

အဓိကအခက်အခဲကတော့ စားရေးသောက်ရေးကို နေ့စဉ်ပူပန်ရတာပေ့ါ။ အထူးသဖြင့် ကျောင်းသားတွေရှိတဲ့ မိသားစုတွေ ပိုစိတ်ဆင်းရဲရတာပေ့ါ။ ကလေးတွေက နေ့စဉ်နေ့တိုင်း တစ်ခုခုစားနေရမှ။ တစ်နေ့ နှစ်နပ်တည်းနဲ့တော့မလုံလောက်ဘူးပေ့ါ။ သူတို့မှာ ကိုယ်ပိုင် ပိုက်ဆံရှာဖို့ အချိန်မရှိဘူး။ ရွာမှာ ပြန်ရင်လည်း ဗုံးတွေက ကြောက်နေရတယ်ဆိုတော့ မပြန်ရဲကြဘူးပေ့ါ။

**စစ်ပြေးဒုက္ခသည်တွေ လတ်တလော နေရပ်ကို ပြန်ရေးဆိုတာရော ဖြစ်နိုင်ပြီလားရှင့်။**

မလွယ်ဘူး။ မလွယ်ဘူးဆိုတာ ပြန်လည်း အိမ်လည်း ဘာမှမရှိတော့ဘူး။ တိရစ္ဆာန်တွေ အိမ်မှာရှိတဲ့ ပစ္စည်းတွေလည်း ဘာမှမရှိတော့ဘူး ။ ပြန်လည်း စိတ်ညစ်စရာပဲ ကြုံရမှာ။

**အခု ကချင်နှစ်ခြင်းအသင်းတော်က ကူညီပေးနေတဲ့ မြစ်ကြီးနားတို့ ဝိုင်းမော်တို့က စခန်းတွေမှာ စစ်ပြေးဒုက္ခသည်ဦးရေ ထပ်တိုးလာတာမျိုးရှိလား။**

အခု လောလောဆယ်မှာ တော့တန့်နေတယ်။ တန့်နေတယ်ဆိုတာ။ အရင်တုန်းကတော့ နယ်စပ်ဘက်မှာရောက်နေတဲ့ ဆွေမျိုးတွေ မိသားစုတွေပြန်ပြီးမှ ဒီဘက်မှာ မြို့ကိုရောက်လာတဲ့သူလည်း ရှိတယ်။ တစ်ယောက် နှစ်ယောက်တိုးတာပေ့ါ။ အရင်တုန်းကတော့ နယ်စပ်ဘက်လည်း မရောက်။ မြို့လည်းမရောက်ကြားမှာနေတဲ့ သူတွေကလည်း ဒီပြန်လာတဲ့သူလည်းရှိတယ်။ အရမ်းကြီးတော့ အရင်တုန်းကလို အုပ်စုလိုက်မတိုးတော့ဘူး ။

**အရင့်အရင် တိုက်ပွဲတွေဖြစ်ခဲ့တုန်းက စစ်ပြေးဒုက္ခသည်မရှိခဲ့ဘူးလို့သိရတယ်။ အခု စစ်ပြေးဒုက္ခသည်ရယ်လို့ ရှိလာရတာ ဘာကြောင့်လို့ထင်ပါလဲ။**



တရုတ်–မြန်မာနယ်စပ် သွားလာရခက်ခဲသော နေရာရှိ စစ်ပြေးဒုက္ခသည်စခန်းကို တွေ့ရစဉ် ဓာတ်ပုံ-KBC

အဲဒါ သိပ်နက်နဲတယ်။ အခု ဘယ်ကချင်ကိုပဲ မေးမေး၊ ၁၉၆၁ ကနေ တိုက်ပွဲဖြစ်ခဲ့တာပေ့ါနော။ ၁၉၉၄ အပစ်အခတ်ရပ်ရေး သဘောတူညီသည်အထိ နှစ်ပေါင်း ၃၀ ကျော်က စစ်တွေဖြစ်ခဲ့တယ်။ ဒါပေမဲ့ စစ်ပြေးမရှိခဲ့ဘူး။ စစ်ပြေးရှိရင်တောင်မှ တစ်အိမ်နှစ်အိမ်လောက် ရွာမှာ မနေဘဲ မြို့ကိုတက်တဲ့ တစ်ယောက်စ နှစ်ယောက်စပဲရှိတယ်။ ပြီးရင်ပြန်လာနေကြတယ်။ ဒီလိုအုပ်စုလိုက်ပြေးတာမရှိဘူး။ ဒါပေမဲ့ ဒီတစ်ခါတော့ ကြောက်စိတ်ကြောင့်ဖြစ်မယ်လို့ထင်တယ်။ တကယ်တမ်း ရွာကိုဝင်ပြီဆိုရင်လည်း အရင်လိုနဲ့မတူဘူး။ အားလုံးက သေမှာကြောက်လို့ ရှောင်ပြေးသွားတာများတယ်။ မထင်ထားဘူး။ စစ်ပြေးဒုက္ခသည် တွေများလာတာ ကျွန်တော်တို့လည်း အံ့ဩမိတယ်။

**လက်ရှိအချိန်မှာ စစ်ပြေးဒုက္ခသည်တွေအတွက်ဆိုရင် ဘယ်အရာက သူတို့အတွက် အလိုအပ်ဆုံးဖြစ်မလဲ။ အရင်က ရာသီဥတုအေးတဲ့ဒဏ်ကို တော်တော်ခံလိုက်ရတယ် ကြားပါတယ်။ အခုရော ဘာတွေလိုအပ်နေပါသလဲ။**

ရာသီဥတုဒဏ်က ခံနိုင်တယ်။ ထင်းတွေရှိတော့ မီးလှုံလို့ရတာပေ့ါ။ စားရေးသောက်ရေးကတော့ ပိုအရေးကြီးတာပေ့ါ။ အလိုအပ်ဆုံးကတော့ ဆရာထင်တာတော့ နေစဉ်သုံး ဝင်ငွေရဖို့လည်း အရေးကြီးတယ်။ သူတို့ အခု တောင်ယာလည်း မလုပ်နိုင်ဘူးလေ။ ခြံလည်း မလုပ်နိုင်ဘူး။ နေ့စဉ်သုံးငွေရဖို့ကလည်း အဓိကဖြစ်တယ်။ အခုတော့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားနပ်ရိက္ခာအတွက်ကတော့ ယူအင်န်ကနေ တိုက်ရိုက်ဝင်ပြီးတော့ ပေးနိုင်ရင်တော့တစ်နည်းဖြေရှင်းနိုင်တာပေ့ါ။ မိသားစုဝင်ငွေရဖို့ကတော့ အနီးအနားမှာ၊ အခု လိုင်ဇာဘက်မှာဆိုရင် တောင်ယာတွေ ခုတ်နေကြပြီ။ အဲလိုမျိုးလည်း ရှိသလို တရုတ်ပြည်ဘက်မှာ နေ့စားတွေလုပ်တာတွေရှိတာပေ့ါ။ တရုတ်ပြည်မှာလည်း ဈေးနှိမ်တယ်။ အရင်တုန်းက တစ်ရက်ကို ၅၀၀ (ယွမ်) ပေးတာ၊ အခု ၂၀၀ (ယွမ်) ပဲ ပေးတော့တယ်။ လက်ခံတယ်။ ဒါပေမဲ့ မတရားခိုင်းတယ်။

**အကူညီပေးနေတဲ့ ဆရာတို့အနေနဲ့ အစိုးရဘက်ကိုရော၊ ကေအိုင်အိုဘက်ကိုရော နှစ်ဖက်လုံးကို ပြောချင်တာ တစ်ခုခုများ ရှိမလား။**

အခု အစိုးရနဲ့ ကေအိုင်အိုတို့အခုလုပ်မယ့်ဟာက နိုင်ငံရေးအရ ဖြေရှင်းမယ့်နည်းပေ့ါ။ ဒီနိုင်ငံရေးကိုပီပီပြင်ပြင် နှစ်ဖက်ညှိနှိုင်းပြီး ပြေလည်သွားဖို့ပဲ ပြောချင်တယ်။ စဖြစ်လာကတည်းကနေ ကချင်အဖွဲ့က အမြဲပြောတယ်။ ဒါ နိုင်ငံရေးပြဿနာဆိုတာ အမြဲပြောကြတယ်။ အစိုးရကလည်း ပင်လုံစိတ်ဓာတ်တွေ ပြောလာပြီဆိုတော့ နည်းနည်း နီးစပ်လာပြီလို့ထင်တယ်။ စိတ်ဓာတ်သာမက ပင်လုံမှာပါတဲ့ အကြောင်းအရာတွေကို ဆက်ပြီး ဆွေးနွေးမယ်ဆိုရင် မဖြစ်နိုင်စရာအကြောင်းမရှိဘူးလို့ထင်တယ်။

**စစ်ပြေးဒုက္ခသည်စခန်းတွေမှာ အမျိုးသမီးနဲ့ ကလေးတွေများနေရတဲ့အကြောင်းက ဘာကြောင့်ပါလဲ။**

စဖြစ်တုန်းက သူတို့ရဲ့ အိမ်ထောင်ဦးစီးတွေက အိမ်နဲ့နီးတဲ့ တောမှာ နေပြီးတော့ အိမ်ကို ပြန်ပြီး ကြက်စာလေး၊ ဝက်စာလေး သွားကျွေးတာတို့ လုပ်ကြတယ်။ တိုက်ပွဲတွေဖြစ်တော့ မြို့လည်း မရောက်၊ နယ်စပ်လည်း မရောက် တောမှာနေပြီး သူတို့ထဲက တချို့က အခု စခန်းတွေကို ရောက်လာကြတယ်။ တချို့က တော့ မြို့ထဲရောက်တဲ့သူရော၊ နယ်စပ်ရောက်တဲ့သူတွေရောက စစ်ကြောင်းကိုစိတ်ပူကြတာပေ့ါ။ ဒါကြောင့် ကလေးတွေနဲ့ မိန်းမတွေကို ကလေးတွေ ပညာရေးအတွက် ရည်ရွယ်ပြီး မြို့ကိုလွှတ်ကြတာပေ့ါ ။

**စစ်ပြေးဒုက္ခသည်ကလေးတွေရဲ့ ပညာရေးအခြေအနေကရော ဘယ်လိုရှိပါလဲ။ အခုကိုးလတောင်ရှိပြီဆိုတော့ သူတို့ပညာရေးတွေ ယိမ်းယိုင်သွားတာရှိလား။ စာမေးပွဲတွေကတော့ ဖြေပြီးသွားပြီပေ့ါ။**

အခု မြို့ထဲမှာ အစိုးရကျောင်းတွေမှာ စာမလိုက်နိုင်ကြဘူး။ ဒါကြောင့် ကျောင်းဆက်မတက်ချင်ကြတော့ဘူး။ ထို့နည်းတူ နယ်စပ်ဘက်က ကျောင်းတွေမှာလည်း ကေအိုင်အေကဖွင့်ထားတဲ့ ကျောင်းတွေမှာ တက်နေရတယ်ဆိုတော့ ဟိုဘက်မှာလည်း အင်္ဂလိပ်လိုတွေပါတော့ မလိုက်နိုင်၊ ဒီဘက်မှာလည်း မြန်မာစာတွေ မလိုက်နိုင်ကြဘူး။ဒါကြောင့် ဆရာတို့ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်က တရုတ်နယ်စပ်ဘက်မှာ၊ နွေရာသီမှာ လူငယ်တစ်ရာကျော်ကို နွေရာသီ စခန်းပုံစံမျိုးလုပ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာတွေသင်မယ်။ ကျောင်းစာမလိုက်နိုင်လို့ ကျောင်း မပျော်တဲ့ ကလေးတွေအတွက် အဲဒီအစီအစဉ် လုပ်နေတယ်။

**ကျေးဇူးတင်ပါတယ်။**

## လယ်ယာကဏ္ဍအတွက် အိန္ဒိယအစိုးရက ဒေါ်လာ၁၀သန်းတန်ဖိုးရှိ ပစ္စည်းကိရိယာများထောက်ပံ့

**မေဝင်းမွန်**

ရန်ကုန်၊ မတ် –၁၀

မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၁၀သန်းတန်ဖိုးရှိ လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို ကူညီပေးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှသိရသည်။

လယ်ထွန်စက် ၂၂၄စီး၊ စပါးရိတ်သိမ်းစက် ၂၆ ခု၊ ထွန်ယက်စက် ၁၅၆ ခုနှင့် စိုက်ပျိုးရေးဆိုင်ရာပစ္စည်းများကို မြန်မာနိုင်ငံအစိုးရသို့လွှဲပြောင်းပေးအပ်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးသုံး စက်ပစ္စည်းများလွှဲပြောင်းပေးအပ်ခြင်းကို မတ်လ ၉ ရက်နေ့က ပြုလုပ်ခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးအတွင်းဝန်မစ္စတာရန်ဂျန်မထိုင်းက စက်မှုဝန်ကြီး၌ာနပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းသို့လွှဲပြောင်းပေးအပ်ခဲ့သည်။

ၚင်းပြင်အိန္ဒိယနိုင်ငံအစိုးရက လယ်ထွန်စက်အစီး ၃၀၀၊ ကောက်ရိတ်ခြွေစက် ၁၅၀၊ ထွန်ယက်စက် ၂၈၈ ခုနှင့်လယ်ယာသုံးစက်ပစ္စည်း ၇၇၅ ခုကိုလည်း မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့အပြားရှိ တောင်သူလယ်သမားများအသုံးပြုနိုင်ရန် လက်ဆောင်ပေးအပ်ခဲ့ပြီးဖြစ်သည်ဟုဆိုသည်။

အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာ နိုင်ငံတို့သည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်အတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် နှစ်ဖက်ကတိပြုခဲ့ကြသည်။

စိုက်ပျိုးရေးစက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိန္ဒိယနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၁၀ သန်း အကူအညီပေးရေးစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကာ နည်းပညာနှင့်ငွေကြေး အကူအညီများကိုဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# 7Day News သူရဲကောင်းဆု




မြန်မာနိုင်ငံမှ သာမန်ပြည်သူများ ထဲတွင်မိမိရာကဏ္ဍမှ ကိုယ်ကျိုး မဖက်ဘဲ တာဝန်သိသိ သတ္တိရှိရှိ အများပြည်သူအကျိုးအတွက် အ နစ်နာခံ စွမ်းဆောင်ခဲ့ကြသော၊ တာဝန်ကျေသောပုဂ္ဂိုလ်များကိုယခုနှစ်(၂၀၁၁ခုနှစ်အတွက်စတင် ရွေးချယ်၍) မှစတင်၍ 7Day News သူရဲကောင်းဆု (7Day News Hero) ကို စတင် ရွေးချယ်ချီးမြှင့်လိုက်ပြီ ဖြစ်ပါ သည်။ ထိုအစီအစဉ်ကို စတင်ရန် 7Day News အယ်ဒီတာ အဖွဲ့က လွန်ခဲ့သည့် တစ်နှစ်ခန့်တွင် စဉ်း စားဆုံးဖြတ်ကာ၊ လက်တွေ့အ ကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါသည်။ သူရဲကောင်းဆုများ ကို 7Day News ဂျာနယ်အယ်ဒီ တာအဖွဲ့က နယ်ပယ်ပေါင်းစုံကို ဖြန့်ကျက်ကာ ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

ဆုပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘက်ပေါင်းစုံတွင် နိမ့်ကျနေသော မြန်မာနိုင်ငံတွင် သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင် များထပ်မံတိုးပွားလာရန်ဖြစ်သည်။ ထိုဆုကို 7Day News ဂျာနယ် က နှစ်စဉ်ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။

**7Day News Hero ဆုတံဆိပ်**

- ဆုတံဆိပ်အမြင့် - တစ်ပေ
- ဆုတံဆိပ်အလေးချိန် - နှစ်ကီလိုဂရမ်
- ဆုတံဆိပ်တန်ဖိုး -ကျပ်နှစ်သိန်းတစ်သောင်းခန့်
- ဆုတံဆိပ်အောက်ခြေကို သစ်မာသားဖြင့် ပြုလုပ်ပြီး 7အမှတ်တံဆိပ်ကို သတ္တုစပ်ဖြင့် ထုလုပ်ထားသည်။
- ဆုတံဆိပ် ဒီဇိုင်းဖန်တီးသူ - စောစည်သူမိုး
- ဆုရရှိသူများကို သီးခြားချီးမြှင့်ငွေ - တစ်ဆုလျှင် ကျပ်သုံးသိန်း(၂၀၁၁ သူရဲကောင်းဆုရရှိသောမီးသတ်တပ်ဖွဲ့ဝင်များအတွက်ကျဆုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၏ ကျန်ရစ်သူမိသားစုတစ်စုဆီလျှင် ကျပ် နှစ်သိန်းစီနှင့် ဒဏ်ရာရသူတစ်ဦးလျှင် ကျပ်ငါးသောင်းစီ ချီးမြှင့် ပါသည်)



ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတိုးနိုင်မန်းမှဆုချီးမြှင့်ပေးစဉ်

## လူထုအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးသော ပြည်သူ့ဝန်ထမ်း

ရန်ကုန်မြို့ ဓမ္မစေတီလမ်းနှင့် လင့်လမ်းထောင့်တွင် နေ့စဉ်တာဝန်ကျ နေသူ တစ်ဦးကို လူအများစု သတိထားမိကြမည်ထင်သည်။ သူကကြိုးမဲ့ ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ်(၂)နယ်မြေမှဒုတပ်ကြပ်ခင်မြင့် မောင်ဖြစ်သည်။

ယာဉ်ထိန်းရဲများကိုယာဉ်မောင်းသူများ သဘောကျရန်၊ အမြင်ကြည် ရန် မလွယ်ကူသော်လည်း ဒုတပ်ကြပ်ခင်မြင့်မောင်ကိုမူ ရန်ကုန်မြို့မှ ယာဉ်မောင်းအများစုက သဘောကျကြသည်။ သူ၏ ထူးခြားချက်မှာ အလုပ်ကြိုးစားခြင်းအပြင် ယာဉ်မောင်းများထံမှ ပိုက်ဆံတောင်းလေ့မရှိ ခြင်း၊ ယာဉ်မောင်းများကို ရစ်လေ့မရှိခြင်း၊ ယာဉ်မတော်တဆမှုများ ဖြစ် ပွားလျှင် ပြေလည်အောင် ဝင်ရောက်ကူညီဖြေရှင်းပေးခြင်း စသည်တို့ ဖြစ်၏။ ရိုးသားပြီး အလုပ်ကြိုးစားသော သူ့ကြောင့် ယာဉ်ထိန်းရဲများ အပေါ် လူထု၏အမြင်ကိုပင်ပြောင်းနိုင်အောင်စွမ်းဆောင် ရိုးသားကြိုးစား နိုင်ခဲ့သူဖြစ်သည်။ ထို့ ကြောင့် ဒုတပ်ကြပ်ခင်မြင့်မောင်ကိုပြည်သူလူထု အတွက် အကောင်းဆုံးဝန်ဆောင်မှုပေးသူအဖြစ် ၂၀၁၁ 7Day News သူရဲကောင်း ဆုကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။ ဆုကို ဒုတပ်ကြပ် ခင်မြင့်မောင်ကိုယ်တိုင် တက်ရောက်ရယူခဲ့သည်။




7Day News အယ်ဒီတာချုပ်ဦးသောင်းစုငြိမ်းမှ ဆုချီးမြှင့်ပေးစဉ်

## ကူးတို့ဆိပ်မီး ငြိမ်းသတ်ပေးသော ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ဝင်များ

၂၀၁၁ ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်တွင် အသေးစား ငလျင်တစ်ခု လှုပ် သကဲ့သို့ တုန်ခါသွားခဲ့သည်။ ရန်ကုန်တစ်မြို့လုံး ထိတ်လန့်ခဲ့ရသော မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မေတ္တာမွန်ဂိုဒေါင်များ မီးလောင် ပေါက်ကွဲမှုကြီးကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင် များက သက်စွန့် ဆံဖျားငြိမ်းသတ်ခဲ့ကြသည်။

ယမ်းစိမ်းများ၊ ဓာတုပစ္စည်းများသိုလှောင်ထားရာဂိုထောင် ပေါက် ကွဲမီးလောင်မှုဖြစ်၍ အန္တရာယ်များလှသော အခြေအနေတွင်ထိုမီးလောင် ပေါက်ကွဲမှုကြီးကြောင့် မီးသတ်တပ်ဖွဲ့ဝင်ငါးဦး အသက်စတေးခဲ့ရပြီး တပ်ဖွဲ့ဝင် ၃၈ ဦးမှာလည်း ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ အချိန်မရွေး ပေါက်ကွဲနိုင်ပြီး၊ မီးသတ်တပ်ဖွဲ့ဝင်များ အသက်အန္တရာယ်နှင့် နီးလှသော အဆိုပါမီးလောင်ကျွမ်းမှုကို ရန်ကုန်တိုင်းဒေသကြီးရှိမီးသတ် အရာရှိကြီး များအပါအဝင်မီးသတ်တပ်ဖွဲ့ဝင်အားလုံးက နာရီပေါင်းများစွာ ငြိမ်းသတ် ခဲ့ရသည်။ ၎င်းတို့၏ ရဲရဲဝံ့ဝံ့စွန့်စွန့်စား စားစွမ်းဆောင်မှုတို့ကြောင့် ၂၀၁၁ ခုနှစ် 7Day News သူရဲကောင်း ဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ဆုကို မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦး စီးမှူး ဦးကြည်ဝင်းက လက်ခံရယူခဲ့သည်။







ဂဂမျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးကိုကိုကြီးမှ ဆုချီးမြှင့်ပေးစဉ်

## ကချင်စစ်ဘေးဒုက္ခသည်များကို ကိုယ်ကျိုးစွန့် ကူညီခဲ့သူ

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်(ကေအိုင်အေ)တို့အကြားတိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ယခု ဆိုလျှင် ၉ လပြည့်ခဲ့ပြီဖြစ်သည်။ စစ်ဘေးကြောင့် နေရပ်စွန့်ခွာ ထွက် ပြေးခဲ့ရသူ ဦးရေသည်လည်း ပြည်နယ်တစ်ခုလုံးတွင် ခုနစ်သောင်းကျော် သွားပြီဖြစ်သည်။ ဦးမျိုးလတ်သည် ဗန်းမော်ခရိုင်၊ ဆမ်ဂန်ဒေသမှ ရွာသူ ရွာသားများကို ကူညီပေးခဲ့သူဖြစ်သည်။ စစ်ဘေးကို ကြောက်ရွံ့ပြီး နေရပ် ကိုစွန့်ခွာလိုသော ရွာသူရွာသားပေါင်း ၄၀၀ ကျော်ကို သူတစ်ဦးတည်း ကူညီရွှေ့ပြောင်းပြီး စာရေးသောက်ရေးကအစ တာဝန်ယူ ကူညီပေးနေ သည်မှာ ကိုးလတိုင်ခဲ့ပြီဖြစ်သည်။ တိုက်ပွဲများအကြား အဘိုးအို၊ အဘွားအို အရွယ်တွေကို ဆိုင်ကယ်နှင့် မောင်းပို့လို့ တစ်နည်း၊ ပခုံးထမ်းပို့လို့ တစ်ဖုံ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးခဲ့သူဖြစ်သည်။ ကချင်စစ်ဘေးဒုက္ခသည် များကို ကူညီနေရသည်နှင့် လားရှိုးမြို့တွင် နေထိုင်သော ဇနီးသည်မီးဖွား သည်ကိုတောင် မပြန်နိုင်ခဲ့ပေ။ ယင်းသို့ ကိုယ်ကျိုးစွန့် ကူညီခဲ့သောကြောင့် ဦးမျိုးလတ်ကို 7Day News Hero ဆုပေးရန် အယ်ဒီတာအဖွဲ့က ဆုံးဖြတ် ခဲ့ခြင်းဖြစ်ပါသည်။ ဦးမျိုးလတ်သည် မွန်ဂါ ခရမ်အသင်းတော်မှ ဓမ္မဆရာ တစ်ဦးဖြစ်ပါသည်။ ဆုကို ဦးမျိုးလတ်၏ ကိုယ်စား ရန်ကုန် ကချင် နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်မှ ဆရာနော်အောန်က ကိုယ်စားရယူခဲ့သည်။


မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်မှ ဆုချီးမြှင့်ပေးစဉ်

## ရွာသား ၃၀၀ကျော်၏ အသက်ကို လှေတစ်စီးဖြင့် ကယ်တင်ခဲ့သူနှစ်ဦး

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၉ ရက်ညက မုံရွာခရိုင်အတွင်း ပုံတောင် ပုံညာတောင်တန်းကြီးအား အခြေပြုပြီး ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ် နှင့် ဆားလင်းကြီးမြို့နယ်အတွင်းဖြတ်သန်းစီးဆင်းသော မြောက်ယမား ချောင်းရေကြီးမှုကြောင့် ယင်းမာပင်မြို့နယ် ရွှေပန်းခိုင် ကျေးရွာတွင် ရေများ အလုံးအရင်းနှင့် စီးဝင်ခဲ့သည်။

ထိုအချိန်တွင် ကျေးရွာရှိ ရွာသား ၆၀၀ ကျော်အနက်မှ အသက်အ ရွယ်ကြီးရင့်သူ၊ ကျန်းမာရေးမကောင်းသူနှင့် ကလေးသူငယ်များကို တစ်ရွာလုံးတွင် တစ်စီးတည်းသာရှိသော မိမိပိုင်လှေဖြင့် ကယ်တင်ခဲ့သူ များမှာ ရွှေပန်းခိုင်ရွာသား တူဝရီးနှစ်ယောက်ဖြစ်သည်။

မိမိပိုင် ပစ္စည်းများကို ဆယ်ယူရေးထက် တစ်ရွာတည်းသားများ၏ အသက်အန္တရာယ်ကို တာဝန်သိသိ ကယ်ဆယ်ခဲ့သည့် ထိုတူဝရီးနှစ်ဦး ဖြစ်သည့် ဦးအောင်နိုင်လင်းနှင့် တူ မောင်ထွန်းထွန်းဝင်းတို့အား 7Day News Hero များအဖြစ်ရွေးချယ်ခဲ့သည်။

7Day News Hero ဆုပူးတွဲရရှိသွားသော ဦးအောင်နိုင်လင်းနှင့် တူ မောင်ထွန်းထွန်းဝင်းတို့ နှစ်ဦးအနက်မှ ဦးအောင်နိုင်လင်းကသာ ဆု တက်ရောက်ယူနိုင်ခဲ့သည်။ ဆုငွေကိုမူ လက်ခံရရှိမည်ဖြစ်သည်။


ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်မှ ဆုချီးမြှင့်ပေးစဉ်

## လူအများစုစည်းမှုကို ပြသနိုင်ခဲ့သည့် ပရဟိတအလှူ ဦးဆောင်သူများ

လူတစ်ယောက် ငွေကျပ် ၁,၀၀၀ဆီ စုကာ ထမင်းစားရန်၊ မှေးစက်နား ခိုရန်၊ လုံလုံခြုံခြုံဝတ်စားရန်၊ ပညာသင်ရန်၊ ဆေးဝါးကုသရန်၊ လိုအပ် နေသူများ၊ အခက်အခဲတွေ့သူများအား ပူးပေါင်းလှူဒါန်းရန် အလို့ငှာ စုစည်းထားသော One More ပရဟိတအဖွဲ့ကို 7Day News Hero ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လူတစ်ဦးစီမှ ကျပ်တစ်ထောင် ဖြင့် စုဆောင်းရသမျှ ငွေကြေးတို့ကို အသုံးစရိတ်တစ်ပြားတစ်ချပ်မှ မနုတ်ဘဲ လှူဒါန်းမည့် အဖွဲ့အစည်းများ သို့တိုက်ရိုက်လှူဒါန်းခြင်းကြောင့် One More ဦးဆောင်သူများကို 7Day News အယ်ဒီတာအဖွဲ့က သူရဲကောင်းဆုပေးရန် ရွေးချယ်ခဲ့ခြင်းဖြစ် သည်။ One Moreအဖွဲ့ကို စေတနာရှင် ၉၀၅ဦးဖြင့် စတင်ခဲ့ကာ ယခု စေ တနာရှင် ၁၅၈,၃၃ဦးရှိပြီဖြစ်ကာ အလှူငွေမှာလည်း ၁၅,၈၃၃,၀၀၀ကျပ် ရှိပြီဖြစ်သည်။

အလှူရှင်များထံ စုဆောင်းရသမျှ ငွေစ၊ ကြေးစတို့ကို ကရုဏာနှင့် မေတ္တာဝတ်မွတ်နေသူများထံ အရောက်ပို့ပေးနေသော One More ဦးဆောင်သူများထဲမှ ဆရာမောင်သာချိုကဆုလက်ခံရယူပြီး ရရှိသည့် ဆုငွေကို One More အလှူငွေအဖြစ် ထည့်ဝင်မည်ဖြစ်သည်။




# ဉာဏ်ပညာထဲမှာ နှလုံးသားထည့် ပေါင်းဖို့

**မောင်သာချို**

(တစ်)

**ပညာပြည့်ဝ၊ နှလုံးလှသော် ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင် ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏။**

လူတိုင်းနှင့် ရင်းနှီးသည့် ကဗျာကောက်နုတ်ချက်ကလေးပဲ ဖြစ်ပါသည်။ စာမျက်နှာတစ်နေရာရာ ဒါမှမဟုတ် ရုံးခန်း၊ ဧည့်ခန်း၊ အစည်းအဝေးခန်းမ နံရံတစ်နေရာရာတို့၌ သည်ကဗျာ ကောက်နုတ်ချက်ကလေးကို အများပြည်သူ မြင်သာစေရန် သပ်သပ်ရပ်ရပ် ရေးသားချိတ်ဆွဲထားသည်များကို မကြာခဏတွေ့ရတတ်ပါသည်။ ငယ်ငယ်တုန်းကတော့ သည်ကဗျာ ကောက်နုတ်ချက်အတိုကလေး ပေါ်မှာ ဘာမှ အလေးအနက်မရှိလှ။ နောက်တော့ ကြီးလာလေလေ တစိမ့်စိမ့်တွေးမိလေလေ အောင်မြင်ခြင်း၏ သော့ချက်ကို ရိပ်စားမိလေ ဖြစ်လာရသည်ကို ဝန်ခံလိုပါသည်။

လောကကို လိုသလို ထုဆစ်ပိုင်းဖြတ်ပုံဖော်နိုင်ဖို့အတွက် နှစ်ခုပဲ လိုပါသတဲ့။ တစ်ခုက ပညာ။ တစ်ခုက လှသောနှလုံးသား။ ဒါက ကဗျာကောက်နုတ်ချက်၏ ဆိုလိုရင်း။

သည်ကဗျာ ကောက်နုတ်ချက်က မဃဒေဝ လင်္ကာသစ်ထဲက ကောက်နုတ်ချက်ဖြစ်ပါသည်။ ကဗျာစာဆိုက မန်လည်ဆရာတော် ဘုရား။ “မာန်မလုပ်ချင်ဘု၊ မာန်လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ နကို သက်ရှိပဲ” ဟု ဆရာတော် ကိုယ်တိုင် ဖွဲ့စပ်ဖူးခဲ့လေရာ ငယ်နာမည်ကို နသတ်ရုံနှင့် မာန်ဖြစ်သွားမည်ဟု ဆိုတာကတော့ ထင်ရှားပါသည်။

အဖသစ်ကုန်သည် ဦးထင်ညိုနှင့် အမိဒေါ်ဖြေတို့၏ သား။ မန်လည်မြို့ဇာတိ။ ရဟန်းအမည် ရှင်ဇဝန။ မြန်မာနှစ် ၁၂၀၃ တွင် မွေး၍ ၁၂၈၂ တွင်ပျံလွန်တော်မူ။ သက်တော် ၇၉ နှစ်ဝါတော် ၅၆ ဝါ။ အင်္ဂလိပ်အစိုးရ လက်ထက်၌အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်ကို အဆက်ကပ်ခံတော်မူခဲ့ရသူ။ မဃဒေဝလင်္ကာသစ်က ဆရာတော်၏ နာမည်ကျော်လက်ရာ။

အခု အထက်တစ်နေရာတွင် ကောက်နုတ်ဖော်ပြခဲ့သော ကဗျာတစ်ပိုင်းတစ်စက ထိုမဃဒေဝ လင်္ကာထဲက ကောက်နုတ်ချက်ဖြစ်ပြီး လူဆိုသည်မှာ ပညာတတ်နေရုံမျှနှင့်မပြီး။ စိတ်ထားကောင်းနေရုံမျှနှင့်လည်း မပြီး။ နှစ်ခုပေါင်းတော့မှ ဘဝကိုလိုသလိုပုံဖော်ထုဆစ်နိုင်မည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်ပေရာ လောကကို လွှမ်းခြုံကြည့်လိုက်တော့သည်အတိုင်းဖြစ်နေသည်ကို ထင်လင်းစွာ တွေ့မြင်ရပါသည်။

(နှစ်)

ဆိုကြပါစို့။ အယ်လ်ဘတ်အိုင်းစတိုင်း (Albert Einstein) ဂျာမနီနိုင်ငံ ဂူတင်ဘာ့ဂ်မြို့သား။ ရူပဗေဒဆိုင်ရာ နိုဗယ်ဆုရှင်၊ E=mc² ဟူသည့်စွမ်းအင်ဆိုင်ရာ ညီမျှခြင်း၏ ဖခင်၊ ၂၀ ရာစုနှစ်၏ စံပြလူသား (Man of The Century For 20th Century)၊ ရူပဗေဒပညာရပ်နယ်ပယ်မှာ ကြယ်ပွင့်ကြီးတစ်လုံး၊ ဒါက အယ်လ်ဘတ်အိုင်းစတိုင်း၏ ပညာဉာဏ်ကိစ္စ၊ ထား။

သူ့ပညာ ဉာဏ်ကိစ္စကို အသာထားကာ စိတ်နေစိတ်ထားကို လှမ်းကြည့်လိုက်တော့ နှလုံးသားအလှကလည်း ထင်းထင်းကြီး။ အဝတ်အစားကို ဘယ်တော့မှ တောက်တောက်ပြောင်ပြောင် ခံ့ခံ့ထည်ထည်နဲ့ ကိန်းကြီး ခန်းကြီးမဝတ်မဆင်ပါလေတဲ့။ ရိုးရိုးကုပ်ကုပ် စုတ်စုတ်ချာချာသာမန်နေ့စဉ်လူထုဘဝလိုသာ ဝတ်ဆင်ပါလေသတဲ့။ အစ္စရေး သမ္မတအဖြစ် ကမ်းလှမ်းလာတော့ သူ့အလုပ်မဟုတ်ဘူးဟုဆိုကာ ငြင်းဆန်ပါလေသည်။ ကိုယ်နှင့်မဆိုင်တာကိုဝင်မရှုပ်။ ဒေါ်လာ ၁,၅၀၀ တန် ချက်လက်မှတ်ကို ဖတ်လက်စစာအုပ်ညှပ်ဖို့လောက်သာစိတ်ဝင်စားလေသတဲ့။ ငွေက သူ့စိတ်ကို မလွှမ်းမိုးနိုင်။ သို့နှယ်ထို့နှယ်သော စိတ်ထားသဘောထား အလှများက သူ့ပညာဉာဏ်ကြီးမှုဆီမှာ သွားရောက်ပေါင်းစပ်လေသောအခါ ချစ်မြတ်နိုးဖွယ်ရာ အယ်လ်ဘတ်အိုင်းစတိုင်းအဖြစ် ကမ္ဘာကျော်သွားပါလေတော့သည်။

ထပ်ဆင့်၍ ဆိုကြပါဦးစို့။ အိန္ဒိယနိုင်ငံ၏ ၁၁ ဆက်မြောက် သမ္မတကြီးအဖြစ် ၂၀၀၂ မှသည် ၂၀၀၇ အထိ တာဝန်ထမ်းဆောင်သွားခဲ့လေသော အဗ္ဗဒူကလမ် (Abdul Kalam) ၏ အကြောင်း။ ပညာဉာဏ်နယ်ပယ်တွင် သူက သိပ္ပံနှင့် နည်းပညာသမား။ ဒုံးပျံ အင်ဂျင်နီယာ။ Anna University Chennai တွင် PH.D သင်တန်းများ ပို့ချပေးသူ။ ပညာကြီးသည်ကဖြင့် အများသိပြီးပင်ဖြစ်ပါသည်။

သူ့စိတ်နေသဘာဝကရော။ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ တွင် သမ္မတ သက်တမ်းကုန်ဆုံးတော့ နောက်တစ်နေ့ ဇူလိုင် ၂၅ မှာ သမ္မတ အိမ်တော်ပေါ်က ဆင်းသွားသည်။ သမ္မတအဖြစ် သေတ္တာနှစ်လုံးနှင့် ရောက်လာခဲ့ကာ ထိုသေတ္တာနှစ်လုံးနှင့်ပဲ ပြန်ဆင်းသွားလေသတဲ့။ သူ့ကိုယ်ပိုင်ပစ္စည်းက သူပိုင်ငွေကြေးနှင့် ဝယ်ယူထားသည့် စာအုပ်များသာ။ ဘဝတလျှောက်လုံး ဘာလက်ဆောင်ကိုမှ သူမယူ။ သူသမ္မတတာဝန်ထမ်းဆောင်နေစဉ် ၂၀၀၆ ခုနှစ် မေလကြီးထဲ ဆွေမျိုး ဉာတိစုစုပေါင်း ၅၂ ယောက်တို့ နယူးဒေလီသို့ရောက်လာကြလေသောအခါ သမ္မတအိမ်တော်၌မထားဘဲ နယူးဒေလီတစ်ဝိုက်က တည်းခိုခန်းများ၌သာနားခိုကြစေသည်။ အစိုးရကားကို မသုံး။ ကိုယ့်ကားနှင့်ကိုယ်သာ မြို့လုံးအနှံ့ လိုက်လံပို့ဆောင်ပြသကာ ကျွေးမွေးနေထိုင်စားသောက်စရိတ် ရူပီးငွေ သုံးသိန်းခွဲဝန်းကျင်ကို ကိုယ်ပိုင်ငွေကြေးများထဲမှသာ သုံးစွဲကျခံခဲ့သည်။ အော်. . ဤသို့ထိုသို့သော စိတ်နေစိတ်ထားအလှအပများက သမ္မတကြီး၏ဉာဏ်ပညာကြီးမှုဆီမှာသွားရောက်ပေါင်းစပ်လေသောအခါ ကမ္ဘာက ခေါင်းမော့ငေးကြည့်ရသည့် အဗ္ဗဒူကလမ်ဖြစ်သွားပါတော့သည်။

ထပ်ဆင့်၍ တစ်ဖန်ဆိုကြပါဦးစို့။ ဘီလ်ဂိတ် (Bill Gates) ကမ္ဘာကျော်မိုက်ကရိုဆော့ဖ်(Microsoft) ကွန်ပျူတာ ကုမ္ပဏီကို တည်ထောင်သူ ဘီလ်ဂိတ်။ ဉာဏသမား။ ဉာဏ်ဖြင့်အသက်မွေးဝမ်းကျောင်းသူ။ သူ့စိတ်ကတဲ့ရော။ သူပိုင်ဓနဥစ္စာ ဒေါ်လာ ၅၈ ဘီလီယံကို ပရဟိတကိစ္စများ ဆောင်ရွက်ရန်အတွက် ကမ္ဘာသို့လှူဒါန်းထားလေသတဲ့။ ပညာကောင်းကောင်းစိတ်ထားကောင်းကောင်းနှင့် ဘီလ်ဂိတ်ကို ကမ္ဘာက အလေးအနက်ထားတာ ဘာမှမဆန်း။

အိန္ဒိယနိုင်ငံ၏ နေတစ်ပွင့် လတစ်ပွင့် မဟတ္တမဂန္ဒီ(Gandhi) ဆိုလျှင်လည်း အင်္ဂလန်နိုင်ငံ၌ ဥပဒေပညာသွားရောက်သင်ယူခဲ့သူ ပညာတတ်။ သည်မျှအထိဖြင့်တော့ ဂန္ဒီဆိုတာ ဘာမှမဟုတ်။ သို့သော် သူက အကြမ်းမဖက်လမ်းစဉ်သမား။ သူ့တရားက ခန္တီတရား။ ရထားပေါ်သို့အတက် ဖိနပ်တစ်ဖက်ကျွတ်ကျသွားစဉ် နောက်တစ်ဖက်ကို ထပ်ချွတ်ချကာ ကောက်ရသောသူ တစ်ရန်အပြည့်စီးလို့ရဖို့ လုပ်ပစ်ခဲ့သူ။ မီးရထားကိုစတုတ္ထတန်းမရှိလို့ တတိယတန်းက စီးပါတယ်ဟုဆိုသူ။

ပြည်တွင်းဖြစ်ကိုသာ ခြုံးခြုံးခြုံ ချွေတာစွာဖြင့် ဝတ်ဆင်သူ။ သည်မှာတွင် မဟတ္တမဂန္ဒီ ဆိုသော နာမည်ကြီးက ကမ္ဘာပေါ်မှာ ဟိန်းသွားပါတော့သည်။


(သုံး)

ဆိုကြပါစို့။ ဆိုကြပါစို့ဟူသော စကားဖြင့် တစ်ယောက်ပြီး တစ်ယောက်ထုတ်ပြရသော်ပညာပြည့်ဝ နှလုံးလှသော သူတို့ဆုံးနိုင်ဖွယ်မမြင်ပါ။ ဒေါက်တာ နော်မန်ဗက်သွန်းလည်းပါနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း ပါနိုင်ပါသည်။ သခင်ကိုယ်တော်မှိုင်းလည်းပါနိုင်ပါသည်။ တဂိုးလည်း ပါနိုင်ပါသည်။

ထိုထိုသော ပုဂ္ဂိုလ်အပေါင်းတို့က ပညာတွင် နှလုံးသားထည့်ပေါင်းဖို့သာဓက ပြခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ဒါကိုလည်း ကုန်းဘောင်ခေတ် ရဟန်းစာဆိုတစ်ပါး ဖြစ်သော မန်လည်ဆရာတော်ဘုရားက ခပ်စောစောကတည်းကပင် လျှင် “ပညာပြည့်ဝ၊ နှလုံးလှသော်” ဟု ထည့်သွင်း စပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

စာမေးပွဲမှာ အမှတ်တွေ အများကြီးရဖို့၊ ဂုဏ်ထူးတွေ အများကြီးထွက်ဖို့ သင်တန်းဆင်းလက်မှတ်တွေ တစ်ခုပြီး တစ်ခုရဖို့ အမောတကော ကြိုးစားနေကြသော ခေတ်လူငယ်ရဲ့ အနေနှင့် စိတ်ကိုလည်း တန်ဆာဆင်ဖို့ မမေ့အပ်ကြောင်း တင်ပြလိုခြင်း ဖြစ်ပါသည်။ ။



## မုံရွေးကြေးမုံကျေးရွာအနီး အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ကို ဝင်တိုက်သည့်ယာဉ်မှ ရွှေထည်ပစ္စည်းများကို ပိုင်ရှင်ထံပြန်လည်အပ်နှံ

**မျိုးမင်းဦး**

**မုံရွာ၊ မတ် - ၆**

မုံရွာမြို့နယ်၊ မုံရွေးကြေးမုံကျေးရွာမြောက်ဘက်တစ်ဖာလုံခန့်အကွာ မုံရွာ-မန္တလေး ကားလမ်းမကြီးဘေးရှိ သစ်ပင်အား အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုတစ်ခု မတ်လ ၂ ရက် နံနက် ၁ နာရီခန့်အချိန်တွင် ဖြစ်ပွားခဲ့ရာ အဆိုပါမော်တော်ယာဉ်ပေါ်ရှိယာဉ်မောင်းအပါအဝင် သုံးဦးသေဆုံးခဲ့ပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိပြီးနောက် ယာဉ်ပေါ်တွင်ပါရှိသည့် ရွှေထည်နှင့် ငွေကြေးများအားပိုင်ရှင်ထံပြန်လည်အပ်နှံသည့်အခမ်းအနားကိုမတ်လ ၂ ရက်နံနက်၆နာရီအချိန် မုံရွာမြို့ချင်းတွင်းဆန်လှူအသင်းကြီးတွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

“ည ၁၂ နာရီအချိန်လောက်မှာ မန္တလေးကို လူနာပို့ပြီး မုံရွာကို ပြန်လာတော့ ယာဉ်တိုက်မှု မဖြစ်သေးဘူး။ သိပ်မကြာဘူး။ ယာဉ်တိုက်မှုဖြစ်လို့လူနာသယ်ပေးပါဆိုပြီး လာခေါ်လို့လိုက်သွားတော့ ကားပေါ်မှာ သုံးဦးကသေနေပြီ။ တစ်ဦးကပြင်းထန်ဒဏ်ရာရနေလို့မုံရွာဆေးရုံကြီးကို အရေးပေါ်ပို့ပေးခဲ့တယ်။ ကားပေါ်မှာပါလာတဲ့ရွှေထည်ပစ္စည်းတွေကိုတော့ မုံရွေးကြေးမုံနဲ့ ပုရစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးတွေက ထိန်းသိမ်းထားပြီး ရုပ်အလောင်းတွေလာသယ်ချိန်မှာ မူလပိုင်ရှင်လက်ကိုလွှဲပြောင်းပေးအပ်ခဲ့ပါတယ်”ဟု အဆိုပါယာဉ်တိုက်မှုတွင် ချင်းတွင်းဆန်လှူအသင်းကြီး လူမှုကူညီရေးလုပ်ကိုင် ဆောင်ရွက်ခဲ့သူ ဦးတင့်နိုင် (စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)ကပြောကြားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုတွင် ရေဦးမြို့မှ ယာဉ်မောင်း ဦးစိုးနိုင် မောင်းနှင်လာသော ဗင်ကားသည် မုံရွေး-ကြေးမုံကျေးရွာမြောက်ဘက် တစ်ဖာလုံခန့်အကွာ မုံရွာ-မန္တလေး ကားလမ်းဘေးသစ်ပင်အား ဝင်တိုက်ခဲ့ရာ ယာဉ်ပေါ်ပါ ဦးမြဒွေး၊ ဦးမြင့်ထွန်းတို့ သုံးဦး နေရာတွင် သေဆုံးခဲ့ပြီးဦးအီစွတ်အား မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်ပေါ်တွင်ပါရှိသော ရွှေဘူးအတွင်းမှ တွေ့ရှိရသော ရွှေလက်စွပ် ၁၄ ကွင်း၊ ရွှေဥတစ်လုံး၊ ရွှေဆွဲကြိုးခြောက်ကုံး၊ ငွေသား (ခန့်မှန်း) ကျပ် ၄၆ သိန်းခန့်အား တွေ့ရှိရသဖြင့် ကြေးမုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းထွန်း၊ ပုရစ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးဦးအိုင်ပီတို့မှ ရွှေနှင့် ငွေ မူလပိုင်ရှင်ဖြစ်သည့် သေဆုံးသူဦးစိုးနိုင်၏ဇနီး ဒေါ်လှလှဌေးအား ဒေသဆိုင်ရာ တာဝန်ရှိသူများရှေ့မှောက်တွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ယင်းယာဉ်တိုက်မှုကြောင့် သေဆုံးသွားသူသုံးဦး၏ ရုပ်အလောင်းများအား ၎င်းတို့နေရပ်ဖြစ်သည့် ရေဦးမြို့သို့ ချင်းတွင်းဆန်လှူအသင်းကြီး နာရေးနှင့် လူမှုကူညီရေးအသင်းယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး ရွှေထည်နှင့် ငွေသား မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မတ်လ ၂ ရက် နံနက် ၆ နာရီအချိန်တွင် မုံရွာမြို့ ချင်းတွင်းဆန်လှူအသင်းကြီး လူမှုကူညီရေးရုံးခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

ကျွန်တော်တို့ မြန်မာနိုင်ငံသည် မဏ္ဍိုင်လေးရပ်ဟု ပြောဆိုနေသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် သတင်းမီဒီယာဆိုသော တိုင်လေးတိုင်၊ ဒေါက်လေးဒေါက်ဖြင့် တွန်းတင်သည်လို့ ပြောလျှင်ပြော၊ ဆွဲတင် သည်ဟုဆိုချင်ဆိုမည်။ မည်သို့ပင်ဆိုစေ ဆင်းရဲမွဲတေမှုပြာပုံဘဝထဲမှ ရုန်းထွက်နိုင်အောင် ကြိုးစားနေကြပါသည်။ တစ်တိုင်ယိုင်လျှင် တစ်တိုင်က ကူလို့၊ တစ်တိုင်လဲလျှင်တစ်တိုင်က ဖေးမလို့ ဟန်ချက်ညီညီ အချိုးကျကျ ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ လျှောက်လှမ်းနေသော အချိန်ကာလဖြစ်ပါသည်။

ထိုမဏ္ဍိုင်လေးရပ်အတွင်းမှာ ရှိနေကြသော ပြည်သူလူထုတစ်ရပ်လုံး၏ ရပိုင်ခွင့် အခွင့်အရေးခံစားပိုင်ခွင့်၊ ခံစားစရာဆန္ဒကိုထုတ်ဖော်နိုင်ခွင့် စသည့်အခွင့်အရေးများသည် နှစ်ပေါင်းများစွာ ဖိနှိပ်မှုများစွာဖြင့် ငုပ်လျှိုးကွယ်ပျောက်နေခဲ့သည်မှာ ဆယ်စုနှစ်များစွာတိုင်ခဲ့ပါသည်။ ယခုဆိုလျှင် ထိုသို့မဟုတ်တော့ပါ။ ယနေ့အစိုးရသည်ပြည်သူအများ နားလည်ထားသောပြည်သူက ရွေးချယ်တင်မြှောက်၍ ပြည်သူကအုပ်ချုပ်သော ဒီမိုကရေစီအစိုးရဖြစ်နေပေပြီ။



# ပြည်သူ့ပစ္စည်း မဖျက်ဆီးပါနှင့်

မုန်လိုလု

ထိုအစိုးရသည် အုပ်ချုပ်ရေးကဏ္ဍ၌တစ်သွေးတစ်မိန့်တစ်အာဏာတစ်ပါတီစနစ်ဖြင့် အုပ်ချုပ်၍မရပါ။ ပြည်သူအများစုမှ ရွေးချယ်တင်မြှောက်ထားသောပါတီပေါင်းစုံမှ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ထို့ကြောင့် ပြည်သူအများ၏လိုအင်ဆန္ဒပြည်သူအများ၏ လိုလားချက် စသည်များကို အတတ်နိုင်ဆုံး အပြေလည်ဆုံးဖြစ်အောင်ကြိုးစား၍ ဖြည့်ဆည်းပေးရပေလိမ့်မည်။ သို့မှသာ ဒီမိုကရေစီအစိုးရဟု ခေါ်၍ရမည်မဟုတ်ပါလား။

ဥပဒေပြုရေးတွင်လည်း ပြည်သူအများ၏ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များ ဆုံးရှုံးမှု မရှိရလေအောင် တရားမျှတသော ဥပဒေများဖြင့် ခိုင်မာအောင်တည်ဆောက်ကာ ထိုဥပဒေအတိုင်း မျက်နှာကြီးသည် မျက်နှာငယ်သည်၊ မည်သူနှင့်ပတ်သက်၍ မည်သို့ ပြုလုပ်ရမည်ဆိုသည်မရှိတော့ပါ။ မှန်ကန်သောဥပဒေဘောင်အတွင်းမှသာ လူအများ၏ အထက်မှ ဥပဒေဖြင့် ပြည်သူကို ကာကွယ်ရပေလိမ့်မည်။ သို့မှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားထိုက်သောအစိုးရဖြစ်ပေမည်။

တရားစီရင်ရေးတွင်လည်း ယခင်အစိုးရလက်ထက်များတွင် မသမာမှုများဖြင့် ရောပြွမ်းနေသော လာဘ်စားမှုများ၊ တရားမျှတမှုမရှိသော စီရင်ချက်များဖြင့် မှန်ကန်သော တရားစီရင်ရေးကို မျက်ကွယ်ပြုခဲ့သည့် ဥပဒေဝန်ထမ်းများ များစွာရှိခဲ့သည်ကို မည်သို့မှ ငြင်းပယ်၍မရပါ။ ဥပဒေကို လက်တစ်လုံးခြား လုပ်စားသူနှင့် လက်တစ်လုံးခြား လှည့်လည်သူတို့သည် နရီစည်းဝါးကျစွာဖြင့် တရားရုံးပြင်ပတွင်တွေ့ဆုံ၍ မှန်ကန်သောပြည်သူအများစုကို သံတိုင်အတွင်းဆီသို့ တွန်းပို့ခဲ့ကြသည်မှာလည်း အမှန်ပင်။ ယခုတော့ ထိုစနစ်မျိုးမဟုတ်တော့ပါ။ မကြာမီရက်များအတွင်းမှာပင် တရားဥပဒေစိုးမိုးရေး၊ မျှတသော တရားစီရင်ရေးတို့အတွက် လာဘ်ငွေတောင်းခံသော ဥပဒေဝန်ထမ်းများကို သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များဖော်ပြခဲ့ပါသည်။ ထိုအကြောင်းကို သတင်းမီဒီယာများမှ တရားဝင်ဖော်ပြခဲ့သည်မှာ ပြည်သူအများအတွက် အားတက်စရာဖြစ်ခဲ့ရပါသည်။

ထိုသို့ မမှန်မကန် အုပ်ချုပ်သူလူတန်းစားများ ဥပဒေကို သွန်လိုသွန် မှောက်လိုမှောက်လုပ်ချင်သလိုလုပ်နေသော လူတန်းစားများနှင့် အကျင့်ပျက်လာဘ်စား၊ ဥပဒေကို လိုသလိုဆွဲယူ၍ ငွေများစွာကို အိတ်ထဲထည့်ခဲ့သော တရားဥပဒေနှင့် သက်ဆိုင်သူ အကျင့်ပျက်ဝန်ထမ်းများကို သတင်း မီဒီယာများက ခေတ်အဆက်ဆက် ဖော်ပြနိုင်ခွင့်ရှိသလောက်၊ သတင်းပေးနိုင်ခွင့်ရသလောက် ပြည်သူများကို သတင်းပေးခဲ့သည်မှာလည်းငြင်း၍မရနိုင်သောအချက်ဖြစ်ပါသည်။ စာပေသစ္စာဖြင့် သတင်းကို သတင်းလိုအမှန်အတိုင်း ရေးသားဖော်ပြခဲ့၍ သံတိုင်နောက်ကွယ်သို့ ရောက်ခဲ့သော သတင်းမီဒီယာသမားများ ယနေ့ထက်တိုင် ရှိနေပါသေးသည်။

မည်သို့ပင်ဆိုစေ ယနေ့သတင်းမီဒီယာသည် ပြည်သူများ၏ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်၊ ခံစားနိုင်ခွင့် အခွင့်အရေးများကို ဂျာနယ်မျက်နှာဖုံးများအထက်မှ ဖော်ပြနိုင်ခွင့်ရရှိခဲ့သည်ကိုပင် ကျေးဇူးတင်ရပေလိမ့်မည်။ ယနေ့ အစိုးရတစ်ရပ်လုံးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူအများ ဆင်းရဲတွင်းမှ လွတ်ကင်း၍ ဝင်ငွေထွက်ငွေမျှတစွာဖြင့် ဘဝရပ်တည်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများရေးတို့အတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အကြံပေးအဖွဲ့များဖြင့် ခေတ်သစ်တစ်ခေတ်နှင့် စနစ်သစ်တစ်ခု ထူထောင်နေကြသည်ဆိုသည်ကို ပြည်သူအများ စောင့်ကြည့်နေကြပေသည်။

ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ကိုလည်း အပီပြင်ဆုံးဖြစ်လာအောင် ကြိုးစားနေကြ၏။ လယ်လုပ်သူ လယ်ပိုင်ခွင့် အခွင့်အရေးနှင့် ထုတ်ကုန်များ၊ လယ်ယာထွက်ကုန် ပစ္စည်းများ မှန်ကန်သောဈေးနှုန်းများ ရရှိရလေအောင် ဝိုင်းဝန်းကြိုးစားအဖြေရှာနေခဲ့ကြပါသည်။ ဆင်းရဲမွဲတေမှု ပပျောက်ရေးဆိုသည့် ခေါင်းစဉ်အောက်မှ စနစ်သည် တစ်နှစ်ပင်ပြည့်တော့ပါမည်။ ယခုအချိန်ထိ ယိုင်နဲ့နဲ့သာ၊ ထူးခြားမလာသေး။ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားမှာ စိုးရိမ်မိပါသည်။ တစ်အိမ်ထောင် ငါးသောင်းနှုန်း ထုတ်ချေးပေးလိုက်သည်နှင့်ပြည်သူများ မချမ်းသာလာနိုင်ပါ။ ဆင်းရဲမွဲတေမှု ပပျောက်မသွားနိုင်ပါ။ ယနေ့အချိန်ထိ လုပ်ပိုင်ခွင့်များစွာတို့သည် လူချမ်းသာလက်များအတွင်း၌သာ ရှိနေပါသေးသည်။

ယခုဆိုလျှင် ကားဟောင်းများကို သက်ဆိုင်ရာဌာနသို့အပ်၍ ကားသစ်တင်သွင်းခွင့်ပါမစ်များကို ချပေးခဲ့သည်မှာ ပြည်သူများအသိပင်။ ထို့ကြောင့် ယခင်က ကျပ်သိန်း ၁,၂၀၀ တန် ကားတန်ဖိုးသည် ယခုဆိုလျှင် ကျပ်သိန်း ၃၀၀ ခန့်နှင့်ပင် စီးနိုင်ပြီမဟုတ်ပါလား။ ထိုစီမံချက်နှင့် ထိုလုပ်ရပ်သည် မှန်ကန်ပါသည်လို့ ပြောဆိုနိုင်သလိုတချို့ကားဟောင်းပိုင်ရှင်များသည် နောက်ကားတစ်စီး ဝယ်နိုင်ရန် ငွေမလောက်တော့သဖြင့် အခက်တွေ့ခဲ့ရတာတွေလည်းရှိခဲ့ပါသည်။ မည်သို့ဆိုစေ ထိုစီမံကိန်း စီမံချက်ကြောင့်ပင် ရန်ကုန်မြို့နေရာအနှံ့၌ Car Show Room ဟု ခေါ်သော ကားအရောင်းပြခန်းများသည် ဟိုမှသည်မှဖွင့်လှစ်လာခဲ့သည်မှာ အများအပြားပင် ဝမ်းသာစရာ မုဒိတာပွားနိုင်စရာပါ။ ဒါပေမဲ့ လူချမ်းသာတစ်ဦး၊ တစ်စုတစ်ဖွဲ့၊ ကုမ္ပဏီတစ်ခုစီးပွားရေးသည် ပြည်သူနှင့် မသက်ဆိုင်ပါ။ သက်ဆိုင်သည်ကတော့ ထိုအရောင်းခန်းမများသည် ပြည်သူအများ အသုံးပြုနေသော နေရာဌာနများကို မထိခိုက်စေရန် သတိထားရပေလိမ့်မည်။ ယခုတော့ ထိုသို့မဟုတ်ပါ။ တချို့နေရာများ၌ ပေါ်ပေါ်ထင်ထင်ပင် ပြည်သူအများ အသုံးပြုနေသောနေရာများကို သိမ်းပိုက်သွားကြပါသည်။ ဖျက်ဆီးပစ်လိုက်ကြပါသည်။ လက်တွေ့ သာဓကအနေဖြင့် ပြောပြရလျှင် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ရွာမကွေ့ကား မှတ်တိုင်နောက်ဘက်ရှိ မြေကွက်ကို ကားအရောင်းအဝယ်ပြခန်း ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် လွန်ခဲ့သော တစ်လခန့်မှစ၍ ပြုပြင်နေခဲ့သည်ကို ကျွန်တော်အပါအဝင် လူအများတွေ့ခဲ့ရပါသည်။ သူတို့ဘာသာ သူတို့ အရောင်းပြခန်းဖွင့်တာ မင်းနဲ့ ဘာဆိုင်တုန်းလို့မေးလျှင် သက်ဆိုင်ပါသည်ဟု ကျွန်တော် ဖြေပါမည်။

ယခင်က ထိုကားမှတ်တိုင်သည် အမိုးလေးနှင့်ဖြစ်သည်။ ပြည်သူအများ ကားစောင့်ရင်းဖြင့် နေပူလျှင် အရိပ်ခို၍ရခဲ့သည်။ မိုးရွာလျှင် မိုးခို၍ရခဲ့သည်။ ယခုတော့ ထိုကားမှတ်တိုင်ကို မည်သူက အမိန့်ပေး၍ မည်သူက ဖျက်ဆီးပစ်လိုက်သည်မသိပါ။ ထိုအမိုးလေးနှင့်မှတ်တိုင် ပျောက်သွား၏။ နဂိုရှိပြီးသား ပြည်သူအများကပိုင်သော ထိုနေရာလေးကို ထိုအရောင်းပြခန်းက သိမ်းပိုက်သွားခဲ့လေပြီ။ သူတို့တွေ ရောင်းနေသည်က သိန်း ၃၀၀၊ ၄၀၀ တန် အရောင်တွေဖိတ်ဖိတ်လက်လက် ထနေသော ကားများသာ၊ လာရောက်ဝယ်ယူကြသူများကလည်း ထိုကဲ့သို့ အရောင်လက်နေသော ကားများနှင့်ပင် သူတို့တွေ အဲကွန်းအခန်းထဲမှာ ဈေးစကားပြောနေသည့်အချိန်၌ ပြည်သူတွေကတော့ ငါးဆယ်ကျပ်တန်လေးတွေကိုင်လို့နေပူပူမှာဘတ်စ်ကားစောင့်နေကြပေလိမ့်မည်။ ထိုအဖြစ်တို့ကိုမြင်တွေ့နေရသောကြောင့် မတရားဆုံးရှုံးသွားသော ပြည်သူအများ၏ ပိုင်ဆိုင်ခွင့်ကို ပြည်သူ တစ်ယောက်အနေဖြင့် ပြန်လည်၍ တောင်းဆိုရပေလိမ့်မည်။

တာဝန်ရှိသူတွေ တာဝန်ယူပြီး ထိုနေရာလေးကို မှတ်တိုင်ပြန်ဆောက်ပေးကြပါ။ အရိပ်အမိုးလေးများဖြင့် ရန်ကုန်မြို့နေရာအနှံ့အပြားမှာ ဘတ်စ်ကားမှတ်တိုင်လေးများ အသစ်အသစ်ပေါ်လာသလို ရွာမကွေ့ကားမှတ်တိုင်လေးကိုလည်း အသစ်အသစ်သော တည်ဆောက်ပုံလေးဖြင့် မြင်ချင်တွေ့ချင်ပါသည်ဟုသာ ပြောလိုက်ရပါတော့သည်။ ။

JOKE

## အဆိုအမိန့်

၁။ အခွန်ကောက်ပြီး ကြွယ်ဝချမ်းသာအောင်လုပ်တဲ့ နိုင်ငံတစ်နိုင်ငံဟာ ရေပုံးထဲကို ဝင်မတ်တတ်ရပ်ပြီး လက်ကိုင်ကနေ ကိုယ့်ကိုယ်ကိုယ်ဆွဲတင်တဲ့လူတစ်ယောက်လိုပါပဲ။

(ဝင်စတန်ချာချီ)

၂။ ပီတာကို ဓားပြတိုက်ပြီး ပေါလ်ကိုပေးတဲ့ အစိုးရဟာ ပေါလ်ရဲ့ ထောက်ခံမှုကို အားကိုးနိုင်တာပေါ့။

(ဂျော့ချ်ဘားနက်ရှော)

၃။ ကျွန်တော် ဟာသတွေပြောနေတာမဟုတ်ပါဘူး။ အစိုးရကို စောင့်ကြည့်ပြီးတော့ အချက်အလက်တွေကို သတင်းပေးနေတာပါ။

(ဝီလ်ရော်ဂျားစ်)

၄။ လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်မှာ ဘယ်လိုလူမျိုးရဲ့ဘဝ၊ လွတ်လပ်ခွင့်နဲ့ပိုင်ဆိုင်မှုမှ မလုံခြုံဘူး။

(မာ့ခ်တွိန်း)

## မေ့မှာစိုးလို့

မာ့ခ်နှင့် မေရီတို့၏ အိမ်ထောင်သက်တစ်လျှောက်၌ မာ့ခ်က တစ်ကြိမ်တစ်ခါ အမှားကြီးကြီးကျူးလွန်ခဲ့ရာ နောက်ပိုင်းတွင် မာ့ခ်က တောင်းပန်ခဲ့ပြီး မေရီကလည်း ခွင့်လွှတ်ခဲ့သည်။

သို့သော် မကြာခဏဆိုသလိုပင် ယင်းအကြောင်းကို မေရီက ပြန်၍အစဖော်တတ်ရာမာ့ခ်မှာ ကျွဲမြီးတိုလာပြီး

"ဟန်နီ. . အဲဒီ့ကိစ္စကို မင်းမေ့ပျောက်ပြီး ခွင့်လွှတ်လိုက်ပြီလို့ ကိုယ်ထင်နေတာ"ဟုဆိုရာ မေရီကလည်း

"ဟုတ်ပါတယ်။ အဲဒါကို ကျွန်မ မေ့ပစ်လိုက်ပြီး ခွင့်လွှတ်လိုက်ပါပြီ။ ဒါပေမဲ့ ကျွန်မ အဲဒီလို ခွင့်လွှတ်လိုက်တာကို ရှင်မေ့သွားမှာစိုးလို့ ထပ်ခါထပ်ခါ ပြောနေရတာပါ"ဟု ဆိုပါလေတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL
# Business
Vol.11, No.2 • MARCH 15 , 2012

# ပြည်ပဈေးကွက်ဝင် ပဲသုံးမျိုး ဈေးကျဆင်းနေ



**ကိုကိုကြီး**

**ရန်ကုန်၊ မတ်-၈**

ပြည်ပဈေးကွက်သို့ အဓိကတင်ပို့သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ FOB တစ်တန်ပေါက်ဈေးသည်ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်းနေကြောင်း ပဲလုပ်ငန်းရှင်များက ပြောသည်။

"ပဲတွေက အရင်နှစ်နဲ့ကြည့်ရင် ၆၀ ရာခိုင်နှုန်းလောက်ပဲ ဈေးရတော့တယ်။ ၄၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားတယ်" ဟု ပဲလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပဲသုံးမျိုး၏Raw ဈေးကိုကြည့်ပါက မတ်ပဲသည် ပြီးခဲ့သည့်နှစ်တွင် ကျပ်ခြောက်သိန်းကျော်ရှိသော်လည်း ယခုနှစ်တွင် အဟောင်းဈေးသည် လေးသိန်းအောက်ထိ ထိုးကျသွားပြီး အသစ်သည် ၄၂၀,၀၀၀ ကျပ်သာ ပေါက်ဈေးရှိသည်။ ပဲစင်းငုံ တစ်တန်ပေါက်ဈေးသည် ပြီးခဲ့သည့်နှစ်က ခုနစ်သိန်းနီးပါးရှိပြီး ယခုနှစ်တွင် ငါးသိန်းနီးပါးသာရှိကြောင်း၊ ပဲတီစိမ်းသည်လည်း တစ်တန်လျှင် ဆယ့်တစ်သိန်းရှိခဲ့ရာမှ ခြောက်သိန်းသာ ဈေးရကြောင်းသိရသည်။

စာ(၃၄)သို့

## အင်ဒိုနီးရှားသို့ပို့သည့် ဆန်တွင် အရည်အသွေးမမီ ဆန်ပါဝင်သဖြင့် သင်္ဘော ဆိပ်ကမ်းကပ်ခွင့် နှောင့်နှေး

**ပြည်သိမ်း**

**ရန်ကုန်၊ မတ် - ၁၀**

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော်ဆန်စပါးရောင်းဝယ်ရေးအဖွဲ့သို့ မြန်မာနိုင်ငံမှ ဦးစွာတင်ပို့သည့် ဆန်တန်ချိန် ၅,၀၀၀ တွင် အရည်အသွေးမမီသည့် ဆန်အချို့ပါဝင်သဖြင့် ဆိပ်ကမ်းသို့ သင်္ဘောကပ်ခွင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ရကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှသတင်းရရှိသည်။

"၁၀ ရက်နေ့ ဆိပ်ကမ်းကပ်ခွင့်ရတယ်။ ဘယ်ကုမ္ပဏီက ဆန်ဖြစ်တယ်ဆိုတာကို နောက်တစ်ရက်၊ နှစ်ရက်လောက်မှသိရမယ်" ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းကဆိုသည်။

ယခု အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၅,၀၀၀ ကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ကြီးကြပ်ပြီး ကုမ္ပဏီများ စုပေါင်း၍ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ထိုအထဲတွင် အရည်အသွေးမမီသည့်ဆန်မှာ တန်ချိန် ၇၀၀ ခန့်ပါဝင်ခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဆန်စက်များတွင် ပိုက်ပေါ်လစ်ရှာ (ဆန်ပေါလစ်တိုက်သည့်စက်)ကိုမဖြတ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။

"စုပေါင်းပြီး ပို့တာ၊ ကိုယ့်ပစ္စည်းရဲ့အရည်အသွေးကိုမထိန်းလို့ အခုလို စစချင်း ပြဿနာကြုံရတာ။ ဒါတွေကိုကောင်း ဖို့ဆိုရင်တော့ ကိုယ့်အရည်အသွေးကို ကိုယ်အာမခံနိုင်မှရမယ်"ဟုမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဥက္ကဋ္ဌ ဦးချစ်ခိုင်ကဆို သည်။

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော် ဆန်စပါးဝယ်ယူရေးအဖွဲ့ (Perum Bulog)သည်မြန်မာနိုင်ငံမှ တန်းမြင့်ဆန်ကို တစ်နှစ်အတွင်း တန်ချိန်နှစ်သိန်းဝယ်ယူရန် ဇန်နဝါရီ ၂၈ ရက်က မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် ဦးစွာ တန်ချိန် ၅,၀၀၀ ကို ကန်ဒေါ်လာ ၄၄၀ ဖြင့် ဖေဖော်ဝါရီလအတွင်း စတင်ဝယ်ယူခဲ့သည်။ ဖေဖော်ဝါရီ ၂၂ ရက်တွင် သင်္ဘောတင်ပြီး မတ်လဆန်းတွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိခဲ့သည်ဟု စုံစမ်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက အင်ဒိုနီးရှားနိုင်ငံသို့ လစဉ် ဆန်တန်ချိန် ၁၅,၀၀၀ ခန့်တင်ပို့ရန်စီစဉ်ထားသည်။ ဝယ်ယူမည့်ဆန်များမှာ ညှော့မထအုပ်စုဝင် ၅ မှတ်၊ ၁၀ မှတ် စသည့် တန်းမြင့်ဆန်များဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၀ မှစ၍ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက် လျော့ကျခဲ့သဖြင့် မြန်မာနိုင်ငံမှ ဆန်အား ပြန်လည်ဝယ်ယူရခြင်း ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက်က မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် Perum Bulog ဥက္ကဋ္ဌ Mr. Sutarto Alimoeso ကပြောသည်။

အင်ဒိုနီးရှားအစားအစာအေဂျင်စီ Bulog ၏ အဆိုအရ အာဆီယံနိုင်ငံမှ ဆန်ပြန်ဝယ်ယူခြင်းမှာ ၁၀ နှစ်ကျော်အတွင်း ပထမဆုံး ပြန်လည်ဝယ်ယူခြင်းဖြစ်သည်ဟုသိရသည်။

မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ၂၀၀၁မှ ၂၀၀၆ခုနှစ်အထိ ဆန်တင်ပို့ခဲ့သော်လည်း နောက်ပိုင်းတွင် တင်ပို့နိုင်ခြင်းမရှိပေ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂,၁၂၅ တန်သာ တင်ပို့နိုင်ခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၇ | ၁၀၅၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆ | ၂၆. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၇ | ၁၂၈ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၂၅ | ၈၂၆ | ကျပ် |

၂၀၁၂ မတ် ၁၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၁၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၄၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၁၀၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၇၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၃၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၄ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၅၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၇၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၆၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၀၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၄၁၃၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၁၁. ၅၀၀ |
| ရေနံစိမ်း | စည် | ၁၂၅. ၉၈၀ |
| ငွေ | ၁ အောင်စ | ၃၄. ၂၁၂ |
| ကြေးနီ | ပေါင် | ၃၈၅. ၈၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၃၂၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မတ် ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# အောင်ဘာလေထီကို မူရင်းဈေး ၂၀၀ကျပ်ဖြင့် ရောင်းချသည့် ဆိုင် ၆၁ ဆိုင်ရှိ




**မေဝင်းမွန်**
**ရန်ကုန်၊ မတ် -၆**

အောင်ဘာလေသိန်းဆုဌာနမှ ရောင်းချပေးသည့်မူရင်းထီရောင်းဈေး ၂၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံ တစ်ဝန်း တွင်ဆိုင်ပေါင်း ၆၁ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းရရှိသည်။

အောင်ဘာလေထီကို မူရင်းဈေး ၂၀၀ ကျပ်ဖြင့်ထီထိုးလိုသူများ သိရှိစေရန်အတွက် အောင်ဘာလေသိန်းဆုဌာနခွဲမှအခမဲ့ထုတ်ဝေသည့် ထီပေါက်စဉ်များတွင် မြန်မာ တစ်နိုင်ငံလုံးရှိ ၂၀၀ ကျပ်တန်ထီဆိုင်ဖွင့်လှစ်ထားရာမြို့များ အလိုက်လည်းဖော်ပြထားသည်။ ယခင်ကဆိုင် ၂၀ကျော်ရှိရာမှဆိုင် ၄၀ကျော်၊ယခုဆိုင်၆၀ကျော်အထိ ဖွင့်လှစ်ထားကြောင်းသိရသည်။

အောင်ဘာလေ သိန်းဆုဌာခွဲမှ အခမဲ့ဖြန့်ဝေသည့်သိန်းထီပေါက်စဉ်များကို ထီဖွင့်ပွဲအပြီး လေးရက်အကြာတွင်ထုတ်ယူနိုင်ပြီး ဌာနမှ လွှင့်တင်ထားသည့် ဝက်ဘ်ဆိုက်တွင်လည်းဝင်ရောက်ကြည့်ရှု၍ ထီတိုက်နိုင်ကြောင်း သိရသည်။

ဈေးကွက်အတွင်းထီဈေးနှုန်းကြီးမြင့်သဖြင့် မူရင်းရောင်းဈေးအတိုင်းထီထိုးလိုသူများအတွက် ၂၀၀ ကျပ်တန်ထီအရောင်းဆိုင်များကို ရန်ကုန်၊ နေပြည်တော်၊ စစ်တွေ၊ ကျောက်ဖြူမြို့များတွင် ဖွင့်လှစ်ထားသည်ဟုဆိုသည်။

လက်ရှိ ထီဈေးကွက်တွင်အကွာရာ ၂၉ လုံးဖြင့် ရောင်းချလျက်ရှိပြီး ထီတစ်စောင်လျှင် ၃၀၀ မှ ၃၅၀ ကျပ်အထိ ရောင်းဈေးရှိကြောင်း သိရသည်။




## စာ(၃၃) - ပြည်ပဈေးကွက်ဝင် ပဲသုံးမျိုး ဈေးကျဆင်းနေ မှ

မတ်ပဲ FOB ပေါက်ဈေးသည် ၂၀၁၁ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၉၃၀ မှ ၉၅၀ ကြားသာဈေးရှိပြီး ၂၀၁၂ ခုနှစ်တွင် ကန်ဒေါ်လာ ၅၃၀ မှ ၅၅၀ သာ ဈေးရှိကြောင်းသိရသည်။ ပဲတီစိမ်းကန်ဒေါ်လာ ၆၈၀၊ ပဲစင်းငုံ (အသစ်) တစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ ရှိပြီး (အဟောင်း)သည် ကန်ဒေါ်လာ ၅၅၀ ရှိကြောင်းသိရသည်။

ပြည်ပပဲဈေးကွက်အရောင်းအဝယ်အတက်အကျသည် ဈေးကွက်ဝယ်လိုအားနှင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကြားတွင် ငွေလည်ပတ်မှုတို့ပေါ်တွင် မူတည်လျက်ရှိကြောင်း အခြားပဲလုပ်ငန်းရှင်တစ်ဦးကပြောသည်။

“ဒီနှစ်မှာ အဲဒါ(ငွေလည်ပတ်မှု)က တော်တော် အရေးကြီးတယ်။ ပြည်တွင်းပဲ လောကသားတွေလည်း ၂ နှစ်လုံးရှုံးတယ်။ ရှုံးတော့ဝယ်တဲ့အားလျော့ဝယ်တယ်။ ပြည်တွင်းက ပဲကိုစင်ကာပူကနေဝယ်ပြီး အိန္ဒိယကို ရောင်းတဲ့ ကုမ္ပဏီတွေမှာလည်း ၂နှစ်ပြန်ပြီး သုံးသပ်လိုက်တဲ့အခါ အမြတ်မရှိဘူးဆိုတော့ ဒီလုပ်ငန်းကို လျှော့မယ်ဆိုတဲ့သဘောဖြစ်လာတယ်။ ဒီတော့ ပစ္စည်းတွေက မရွေ့တော့ဘူး”ဟုဎင်းကပြောသည်။

“တောင်သူကလည်း ဒီဈေးနဲ့ဆိုရင် အရင်းနီးပါးလောက်ဖြစ်နေပြီ။ ကုန်သည်လည်း မြတ်လားဆိုတော့ သိပ်အကျိုးအမြတ်မရှိဘူး”ဟု ဎင်းကပြောသည်။

အထက်ပါ လုပ်ငန်းရှင်က “အရင်နှစ်က ပဲဈေးတွေကျတော့ ဒီဘက်ကရော ဟိုဘက်ကပါ ရှုံးကြတယ်။ ဒီတော့တချို့ကုန်သည်တွေက အရင်နှစ်ကုန်ပိုင်းမှာ ထပ်ကျမှာ ကြောက်လို့ရတဲ့ ဈေးနဲ့ရောင်းပစ်တယ်။ ရောင်းပြီးတော့ အကျိုးအမြတ်ရှိတဲ့ မြေတို့ကားတို့ဘက်မှာထည့်လိုက်တယ်။ သီးနှံပေါ်ချိန်လည်း ရောက်ရောတချို့ကုန်သည်တွေက အဲဒီထဲမှာ ငွေတွေမြုပ်နေတယ်။ တချို့ကျတော့လည်း လက်ကျန်အဟောင်းတွေ ကျန်နေတာ အများကြီးဆိုတော့ ထပ်မဝယ်နိုင်တော့ဘူး။ အဲဒီအချိန်မှာ တောင်သူကလည်း အရင်နှစ်က လှောင်ထားတာရှုံးတယ်၊ ဒီနှစ်တော့ မလှောင်ချင်တော့ဘူးဆိုပြီး ပေါ်ပေါ်ချင်း ရောင်းတော့တာပဲ”ဟုပြောသည်။

“အရင်တုန်းက ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ပြောင်းဖူး၊ ပဲပုပ်တို့စိုက်တယ်။ မတ်ပဲဈေးကောင်းတော့စပါးတောင်ဂရုစိုက်ပြီး မစိုက်တော့ဘူး။ အခုမတ်ပဲဝိုင်းစိုက်တာ၊ ဈေးပြိုသွားတော့ အခက်တွေ့ရော”ဟု ဎင်းလုပ်ငန်းရှင်က တောင်သူများ ကြုံတွေ့နေရသည့်အခြေအနေကိုပြောသည်။

ထို့ပြင် ၂၀၀၆ မှ ၂၀၁၁ ခုနှစ်အတွင်း ပြည်တွင်းပဲသုံးမျိုးကို အိန္ဒိယမှ အစိုးရပိုင်ကုမ္ပဏီများက တင်ဒါခေါ်ယူပြီး ဝယ်ယူလေ့ရှိသော်လည်း ၂၀၁၁ နောက်ပိုင်းတွင် ဝယ်ယူမှု လျော့နည်းလာကြောင်းသိရသည်။

“အိန္ဒိယကလည်း ခြောက်သိန်းပေါက်တယ်ဆိုရင် ငါးသိန်းရှစ်သောင်းလောက် ဆစ်တယ်။ ဈေးဆစ်တော့ မရောင်းနိုင်ဘူး။ ဆစ်တဲ့ဈေးနဲ့ ရောင်းမယ်လည်းဆိုရော နှစ်သောင်းခွာပြီး ထပ်ဆစ်တယ်။ ဆစ်လေကျလေ။ ဒါကပဲသုံးမျိုးလုံးဖြစ်နေတာ”ဟု ဎင်းကပြောသည်။

ယခုနှစ်တွင် ပြည်တွင်း ပဲသုံးမျိုးအထွက်ပမာဏသည် ၂၀ မှ ၂၅ ရာခိုင်နှုန်းကြား ကျဆင်းမှုရှိကြောင်း ပဲလုပ်ငန်းရှင်များက အတည်ပြုပြောသည်။

# 7DAY BOOK REVIEW

## မြို့ချစ်စိတ်နှင့် မြို့ချစ်သကောင့်သားများ




ဖေမြင့်၏ မြို့သံတွဲ၊ မင်းသိမ့်ဦး၏ ပြင်ဦးလွင်၊ မောင်ကိုကို၏ အမရပူရ၊ကြူးနစ်၏ မဂ်လာဒုံ-မှော်ဘီ-တိုက်ကြီး၊မြေလတ်မောင်မြင့်သူ၏ မြို့အောင်လံ၊နောင်ကျော်၏ ဒဂုံမြို့သစ်၊ကျော်ခန့်လူ၏ လှိုင်သာယာ၊ မောင်ခိုင်လတ်၏ မော်လမြိုင်ကျွန်း၊ မိုးလွင်ဟန်၏ ယုဇနဥယျာဉ်အိမ်ရာ၊ မောင်သွေးသစ်၏ မြစ်ကြီးနားမြစ်ဆုံ၊ တေဇဝင်း၏ မြစ်ကြီးနား၊ တိုးနှောင်မိုး၏ ပြည်၊ မောင်တင်ဆင့်၏ တောင်ကြီး၊ နိုင်မွန်အောင်သွင်၏ ကလော၊ ကြည်ဇော်ဝင်း၏ ဖားကန့်၊ လေးကိုတင်၏ ရန်ကုန်၊ မိုဃ်းဇော်၏ ရန်ကုန်၊ ဝင်းထွဋ်မှုဇော်၏ ရန်ကုန်၊ ခင်စောတင့်၏ မြောင်မြို့၊ သစ္စာနီ၏ မြောက်ဥက္ကလာ၊ မောင်နီဦး၏ မင်းဘူး၊ မိချမ်းဝေ၏ မြိတ်၊ တင်စိန်(ပထဝီ)၏ ဒလ၊ တင်နိုင်တိုး၏ အိုးသည်ကုန်း၊ အံ့မောင်၏ မုံရွာ၊ မြူမြူ၏ စမ်းချောင်းရပ်၊ သိမ်းတင်သား၏ ပုသိမ်နှင့် ကိုရွှေးရေးဖွဲ့သော မန္တလေးကို အခြေပြုသည့် မြို့သိမ်းကဗျာ စသည်ဖြင့် မြန်မာပြည်ရှိမြို့ကြီး၊ မြို့ငယ်များနှင့်သက်ဆိုင်သည့် ရသစာတမ်း ၂၈ ပုဒ်နှင့် ကဗျာတစ်ပုဒ်စုစည်းထားသောစာအုပ်ဖြစ်သည်။ အထူးသဖြင့် ရပ်ဝေးမြေခြားရောက်နေသော မြန်မာများအတွက် ဇာတိမြေကို အမှတ်ရလွမ်းဆွတ်စေမည့် ရသစာများဖြစ်သည်။ စာအုပ်အပြင်အဆင် ထူးခြား၍ The Bookhouse စာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## တစ်နှစ်ပြည့် Eternal Light မဂ္ဂဇင်း




ကျန်းမာရေး ပညာပေးနှင့် လူငယ်များအတွက် ရည်ညွှန်းသော Eternal Light မဂ္ဂဇင်းတစ်နှစ်ပြည့်အထိမ်းအမှတ်အထူးထုတ်အဖြစ် ထွက်ရှိလာသည့် စာအုပ်ဖြစ်သည်။ စာအုပ်တွင် ကောင်းသန့်၊ လင်းသိုက်ညွှန့် (မြန်မာ့မြေ)၊ လူထုစိန်ဝင်း၊ ပါမောက္ခခင်မောင်ဝင်း(အသည်း)၊ ဒေါက်တာစိုးလွင်၊ နန္ဒာသိန်းဇံ၊ ဦးခင်ဇော်(မရမ်းကုန်း)၊ ဒေါက်တာကျော်ကျော်၊ ဒေါက်တာလင်းထက်၊ ဂျူး စသည်ဖြင့် ကလောင်ရှင်များ၏ သုတ၊ ရသဆောင်းပါးများဖတ်ရှုရပါမည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်ပြောသော လူငယ်နှင့်စာပေ၊ စာပေမှာ မွေ့လျော်သူ ကိုကျော်သူ၊ စာပေမှာ မွေ့လျော်တယ်ဆိုတဲ့ ဖြူဖြူကျော်သိန်း၊ စာပေတွေနဲ့ လျှောက်လှမ်းနေတဲ့ရသ၊စာပေကအကျိုးပြုတယ်ဆိုတဲ့သံသာဝင်းစသည်ဖြင့်စာတည်းအဖွဲ့နှင့် တွေ့ဆုံမေးမြန်းမှုကို ဖတ်ရှုရပါမည်။ တစ်နှစ်ပြည့် အထူးထုတ်ပီပီ စာအုပ်အပြင်အဆင် ကောင်းကောင်းဖြင့် ဖတ်ရှုရပါမည်။

## သားကောင်တို့၏ ကွန်းခိုရာ (ဝင်းနိုင်ထွန်း)




၁၉၉၀ ခန့်ကစ၍ ကမ္ဘာတွင် ပြန့်ပွားကျယ်ပြောလာသော Trafficking ခေါ် လူကုန်ကူးမှုသည် ဖွံ့ဖြိုးမှုအားနည်းသေးသော နိုင်ငံများနှင့် တည်ငြိမ်မှု လျော့ရဲသော နိုင်ငံများမှ တစ်စထက်တစ်စ ပျံ့နှံ့ကူးစက်လာရာ ယခုအခါ အာဆီယံနှင့် တရုတ်နိုင်ငံ၌ အဓိက ကြီးထွားနေပါသည်။ ခေတ်ကာလအခြေအနေအရ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ထိတွေ့ဆက်ဆံမှု ထွေးရောယှက်တင် များပြားလာသည်မှစ၍ ရွှေ့ပြောင်းအလုပ်သမားများအရေးကိစ္စမှ လူကုန်ကူးမှုထိ ပူးတွဲပါလာပြီး အဓိကအားဖြင့် အမျိုးသမီးငယ်များနှင့် ကလေးငယ်များသည် အဓိက လူကုန်ကူးမှုပစ်မှတ်သဖွယ် ဖြစ်လာသည်။ ထိုအရေးကိစ္စများနှင့်ပတ်သက်၍ လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် တစ်စိုက်မတ်မတ် ရေးသားနေသည့် ကလောင်ရှင် ဝင်းနိုင်ထွန်း၏ ယခု စာအုပ်သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသော တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူတို့၌ ကြီးထွားကာ အမြစ်တွယ်နေပြီဖြစ်သည့် လူကုန်ကူးလုပ်ငန်းများအကြောင်း ကွက်ကွက်ကွင်းကွင်းရေးသားထားသည်။

ထူးခြားချက်တစ်ရပ်မှာ၍သို့ ရွှံ့ရှာစက်ဆုပ်ဖွယ် လူကုန်ကူးမှုကို ဖော်ပြထားရုံမက ပြည်ပသို့ထွက်ခွာမည့်သူများအတွက် ထိုလူကုန်ကူးမှုအား တားဆီးကာကွယ်နိုင်သော၊ ကြိုတင်လေ့လာသင့်သော လိုအပ်သည့်စာရွက်စာတမ်းကိစ္စနှင့် ဌာနဆိုင်ရာများထံ မည်သို့ဆက်သွယ်ရမည်ကိုစာအုပ်၌ဖော်ပြထားသည်။ သင်းစာပေက တန်ဖိုး ၁,၈၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။


# Knowledge ဗဟုသုတ

## ကြောင်တွေ တဂူးဂူးမြည်ကြတာဘာကြောင့်လဲ

တစ်စက္ကန့်လျှင် ၂၅ မှ ၁၅၀ ကြိမ်အထိ တုန်ခါနှုန်းဖြင့် လည်ချောင်းအတွင်းရှိ အာရုံကြောက အတက်အကျစည်းချက်ဖြင့် လည်ချောင်းသံတဂူးဂူးမြည်ခြင်းကို ကြောင်များစိတ်ကြည်နူး၍(သို့မဟုတ်)စည်းစိမ်တွေ့ချိန်တွင် ပြုလုပ်လေ့ရှိကြသည်ဟုသိရသည်။ လည်ချောင်းသံတဂူးဂူးမြည်ခြင်းကို အိမ်မွေးကြောင်များသာပြုလုပ်ကြခြင်းမျိုးမဟုတ်ဘဲ ကြောင်အရိုင်းမျိုးများအပြင် ကြောင်ကတိုးများ၊ မြွေပါများသည်လည်း ထိုသို့ပြုလုပ်ကြပြီး ခွေးအများ၊ ပူးများ၊ ရက်ကွန်းဝံများပါပြုလုပ်လေ့ရှိသည်ဟုဆိုသည်။

လည်ချောင်းသံဂူးဂူးမြည်ခြင်းကိုထိတ်လန့်ချိန်၊ ခြောက်လှန့်ခံရချိန်များတွင်ပါပြုလုပ်လေ့ရှိသည်ဟုသိရသည်။ လူများသည် တစ်စုံတစ်ခုလိုချင်လျှင်သော်လည်းကောင်း၊ စိတ်လှုပ်ရှားလျှင်၊ ပျော်ရွှင်လျှင်သော်လည်းကောင်းပြုံးခြင်းကို ပြုလုပ်လေ့ရှိသကဲ့သို့ပင် ကြောင်များလည်ချောင်းသံမြည်ခြင်းသည်လည်း ကျေနပ်နှစ်သိမ့်ခြင်းသဘောကိုဆောင်ကြောင်း ချီကာဂိုတက္ကသိုလ်၊ တိရစ္ဆာန်ဆေးကုသမှုဆိုင်ရာစင်တာမှ နည်းပြတစ်ဦးဖြစ်သူကယ်လီမော်ဂန်ကပြောကြားသည်။ *—Source:wikianswers.com*




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကျန်းမာရေးအညံ့ရှိတတ်သည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မူလစီစဉ်သည့်ကိစ္စများ ဆောင်ရွက်ရင်း တစ်စစ အနှောင့်အယှက်များလာကာ လမ်းသစ်သို့ဦးတည်ရမည်။ မနာလိုသူအတိုက်အခံများရှိသည်။ မေတ္တာရေးအနှောင့်အယှက်ရှိမည်။ အပေါင်းအသင်းကြောင့် နာမည်၊ သိက္ခာထိခိုက်မည်။ စကားအပြောအဆိုဆင်ခြင်ရမည်။ ရင်းနှီးထားသည့်ငွေကြေးများ ပြန်ဖော်ရန်ခဲယဉ်းသည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အထူးကောင်းမည်။ လုပ်သမျှ အောင်မြင်၍ စိတ်ကူးကောင်းများပေါ် ထွန်းနေမည်။ အားရပါးရ ရှေ့တိုးလုပ်ကိုင်ရင်း အိမ်တွင်းရေးပြဿနာများ၊ လူမှုရေးပြဿနာများဖြေရှင်းရမည်။ သံယောဇဉ်ကြီးခြင်း၊ အားနာခြင်း၊ သူတစ်ပါးအပေါ် ယုံလွယ်ခြင်းများကြောင့် ဖြစ်ပေါ်လာသောအမှားများကို ပြင်နိုင်ပါမှ တန်ရုံကျမည်။ ငွေကြေးကိစ္စ ကြားဝင်၍ တာဝန်ယူအာမခံပေးရတတ်သည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အနီးကပ်လူများ ဒုက္ခပေးတတ်သည်။ မည်သည့်အရာကိုမဆို အစီအစဉ်တကျလုပ်၍မရ၊ ကစဉ့်ကလျား၊ ဖရိုဖရဲကြားမှ လိုအပ်သည့်အခြေအနေများ ပုံဖော်ရမည်။ ငွေကြေးစီးပွားရေးကိစ္စများတွင် စိတ်တိုင်းမကျစရာများ အခက်အခဲများကြုံပြီးမှ အဆင်ပြေမည်။ ရုတ်တရက်ပေါ်လာသော စိတ်ကူးအကြံဉာဏ်များကို စနစ်တကျသုံးစွဲ၍ တိုးတက်မှုဖန်တီးနိုင်မည်။ အိမ်တွင်းရေးအညံ့ရှိသည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ပတ်ဝန်းကျင်နှင့် ထိတွေ့မှုကောင်းသည်။ အခက်အခဲကြားမှ တိုးတက်မည်။ ထူးခြားသောအောင်မြင်မှုများဖြစ်ပေါ်မည်။ ခရီးကိစ္စဆောင်ရွက် အဆင်ပြေမည်။ လူမျိုးခြားအကျိုးပေးမည်။ ပျို့ရွယ်သူများ မေတ္တာရေးအထူးကောင်းသည်။ နိုင်ငံရပ်ခြား၊ ရေခြားမြေခြားနှင့် ပတ်သက်သောကိစ္စရေးရာများ ဆောင်ရွက်၍ အကျိုးပေးမည်။ ခနဉစ္စာတိုးပွားခြင်း၊ ကောင်းသောကျော်ကြားမှုရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ငွေကြေးကုန်ကျမှုများခြင်း စတင်မှုကောင်းလင့်ကစား နိဂုံးမလှသောအနေအထားများ ဖြစ်ပေါ်မည်။ ခက်ခဲသောပြဿနာများကို ဖြေရှင်းအဆင်ပြေမည်။ မိမိစိတ်ကူးထားသည်များကို စနစ်တကျဆောင်ရွက်ပါ။ အခက်အခဲများ မည်မျှရှိစေ၊ အဆုံးတွင်အောင်မြင်မည်။ ထူးခြားသောကံ၊ အခွင့်အလမ်းများကို အသုံးချ၍ တိုးတက်မှုရမည်။ ပြည်ပနှင့်ပတ်သက်သော ကံ၊ လူမျိုးခြား အကျိုးပေးမှုအထူးကောင်း၏။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပြဿနာကာလဖြစ်သည်။ လူယုံဒုက္ခပေးမည်။ အတွင်းလူ သစ္စာဖောက်မှုကြောင့် စိတ်ရှုပ်ရမည်။ ယုံကြည်လွှဲအပ်ထားသော ငွေကြေးကို အလွဲသုံးစားပြုသူများတွေ့မည်။ မိမိအမည်ကို အသုံးချ၍ နာမည်သိက္ခာ ထိခိုက်အောင်လုပ်သူများနှင့်တွေ့မည်။ ငွေကြေးလက်လွှနိတတ်သည်။ အိမ်တွင်းရေး၊ မိသားစုရေးရာများတွင် စိတ်တိုင်းမကျ၊ ငြိငြင်စရာများတွေ့ကြုံရမည်။ အလောတကြီး ဆောင်ရွက်ခြင်းမပြုရ။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အခက်အခဲများ၊ အနှောင့်အယှက်များ ကျော်လွှားနိုင်သောကာလဖြစ်သည်။ မိမိအပေါ် ဒုက္ခပေးသူများကို ဖော်ထုတ်ဖယ်ရှားနိုင်မည်။ မတော်တဆထိခိုက်မှု ဂရုစိုက်ရမည်။ ရန်အတိုက်အခံနှင့်ယှဉ်၍ လုပ်ငန်းများလုပ်ရမည်။ အခက်အခဲများ ရင်ဆိုင်ဖြေရှင်းနိုင်မည်။ စိတ်ကူးများကို လက်တွေ့ချက်ချင်းလုပ်ဆောင်ရန်မသင့်သေး။ ညာခြေညာလက်များတွင် မတော်တဆထိရှမှု အန္တရာယ်ဖြစ်တတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်ချမ်းသာစရာများ ဆက်တိုက်ဖြစ်ပေါ်မည်။ ခရီးဝေးသွားရန် ကြံရွယ်မှုများအောင်မြင်မည်။ လူမျိုးခြားအကျိုးပေးမည်။ စာရင်းဇယားများနှင့် အရေးကြီးသော စာရွက်စာတမ်းများကို စနစ်တကျ လုံခြုံစွာသိမ်းဆည်းပါ။ မလိုတမာရှိသူများ၊ မရိုးသားသူများ၏ ခိုးယူခြင်း၊ ဖျောက်ဖျက်ခြင်းများ ကြုံတတ်သည်။ ကားမောင်းနှင်ခြင်းနှင့် လမ်းကူးလမ်းဖြတ်များတွင် သတိရှိပါ။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မိမိဆောင်ရွက်သမျှကိစ္စအားလုံးပေါ်တွင် ထင်ရှား၍ နာမည်ဂုဏ်သတင်းကောင်းခြင်းနှင့် ဖြန့်ကြက်တိုးတက်မည့်ကာလဖြစ်သည်။ မိမိရှိရင်းစွဲအဆင့်ထက် ပိုမြင့်သောအလုပ်ကိစ္စများကို လုပ်ကိုင်ရမည့်ကာလဖြစ်သည်။ လုပ်သမျှ အကြောင်းအရာအားလုံးကို လူအများက သဘောကျလက်ခံခြင်းရှိသည့်အပြင် ကိုယ့်ကိုချီးမွမ်းကြမည်။ လုပ်ငန်းအောင်မြင်မှုနှင့် နာမည်ကျော်နေသော်လည်း ငွေမကပ်ကိန်းကြုံမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ငွေဝင်မည်။ အကြံအစည်အောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဥစ္စာပစ္စည်းတိုးပွားမည်။ ရန်အနှောင့်အယှက်များ ကင်းဝေးပြီး ထင်ရှားသည့်တက်လမ်းများ ကြုံတွေ့နိုင်သည်။ လုပ်စရာရှိသည် များရဲရဲရှေ့တိုးဆောင်ရွက်လိုက်ပါ။ တွေဝေဒွိဟဖြစ်ခြင်းမရှိပါနှင့်။ ဆုံးဖြတ်ပြီးပါက ပြတ်သားစွာလုပ်သင့်သည်။ လုပ်အားကြောင့်သာမက ကံကြောင့် ငွေဝင်နိုင်ခြင်းကြုံမည်။ အလုပ်အဆင့် တိုးတက်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်သမျှ အံချော်မည်။ အဆင်ပြေမည်ဟု တစ်ထစ်ချယုံကြည်၍ လုပ်ထားသည့်ကိစ္စများ ထင်သလောက်မဖြစ်၊ မိမိအပေါ် ဒုက္ခပေးသူများနှင့်တွေ့တတ်သည်။ မမှန်ကန်သောအကြံပေးချက်များအပေါ် ယုံစားမိခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပွားနိုင်သည်။ လူလိမ်သတိရှိရမည်။ ခရီးကိစ္စ၊ အလုပ်ကိစ္စမှန် သမျှ အခက်အခဲကြုံပြီးမှ အဆင်ပြေမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

နောက်ဆုံးအချိန်ကာလ အပြီးသတ်ချိန်ရောက်မှ အနှောင့်အယှက်ဝင်တတ်သည်။ မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ပါက အဆုံးသတ်တွင် ကိုယ်တိုင်လုပ်ပါ။ တစ်ပါးသူအား လွှဲ၍မလုပ်သင့်၊ လူယုံလူရင်း သစ္စာမဲ့တတ်သည်။ ခြံမြေနေရာထိုင်ခင်းကိစ္စ စကားပြောရမည်။ အိမ်တွင် ကျန်းမာရေးအညံ့ရှိသူပေါ်မည်။ ခရီးသွားရန် ကြံရွယ်ခြင်းများ ပျက်မလိုဖြစ်ပြီးမှ ပြန်လည်အဆင်ပြေမည်။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012




# အာဖရိက အောင်မြင်မှုဇာတ်လမ်းတစ်ပုဒ်

ကြည်နေဝင်းမင်း

**အီသီယိုပီးယားနိုင်ငံမြို့တော်အဒစ် အဘာဘာမှ တောင်ဘက်သုံးနာရီခန့်ဝေးသောဒေသတွင်မြေယာဟက်တာပေါင်းတစ်သိန်းနှစ်သောင်းရှိသောကြီးမားကျယ်ပြန့်သည့် ဥယျာဉ်ခြံမြေပေါ်တွင်စပျစ်ပင်များကို ခပ်စိပ်စိပ်တန်းထိုး၍စိုက်ပျိုးထားသည်။ အပြာရောင်ဝတ်စုံများနှင့် အလုပ်သမားများက စပျစ်ပင်များကိုပြုပြင်နေပြီး အပင်များတွင် ပိုးကျသည့် လက္ခဏာရှိ၊မရှိ ကြည့်ရှုစစ်ဆေးနေကြသည်။ ထိုအချိန်မှာပင် အချို့အလုပ်သမားများက လေးခွများကိုင်၍ ဆာလောင်နေသော ငှက်များကို မောင်းထုတ်နေသည်။**

ဤကဲ့သို့သော မြင်ကွင်းမျိုးမှာအီသီယိုးပီးယားနိုင်ငံထက်ပြင်သစ်နိုင်ငံဘော်ဒိုးဒေသ(သို့မဟုတ်)အမေရိကန်နိုင်ငံနာပါချိုင့်ဝှမ်းဒေသနှင့် ပို၍ ဆက်စပ်ပါသည်။ အီသီယိုပီးယားနိုင်ငံဟု ဆိုလိုက်လျှင် အစာရေစာ ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှုနှင့် ဖိနှိပ်ချုပ်ခြယ်မှုများသာ စိတ်ထဲပေါ်လာပါသည်။

စပျစ်ခြံအား ပြင်သစ်ဝိုင်ကုမ္ပဏီ Castel ကပိုင်ဆိုင်ပါသည်။ ယခုနှစ်တွင် Castel ကုမ္ပဏီက အီသီယိုပီးယားနိုင်ငံတွင် ထုတ်လုပ်သည့် ဝိုင်ပုလင်းပေါင်း ၇၅၀,၀၀၀ ထဲမှ ထက်ဝက်ကို နိုင်ငံခြားသို့ တင်ပို့ရန် စီစဉ်ထားရာ Castel သည်နိုင်ငံ၏ ပထမဦးဆုံး ဝိုင်အဓိက တင်ပို့သည့် ကုမ္ပဏီ ဖြစ်လာမည် ဖြစ်သည်။

ဝိုင်လုပ်ငန်းမှာ အီသီယိုပီးယားနိုင်ငံ၏ စီးပွားရေးအား ပိုမိုတောင့်တင်းခိုင်မာလာစေသည့် နောက်ဆုံးပေါ် ထွက်လာသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အာဖရိက စီးပွားရေးအလားအလာ အစီရင်ခံစာကလည်း အီသီယိုပီးယားမှာ အာဖရိကတိုက်တွင် အလျင်မြန်ဆုံးစီးပွားရေးတိုးတက်သောနိုင်ငံတစ်နိုင်ငံဟုဖော်ပြသည်။ ချည်မျှင်နှင့် အထည်အလိပ်၊ သားရေလုပ်ငန်းမှသည် ကော်ဖီထုတ်လုပ်ရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လာခဲ့သော စီးပွားရေးကြောင့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာပြီး နိုင်ငံအား အာဖရိက စီးပွားရေးအင်အားကြီးနိုင်ငံ အဖြစ်ပြောင်းလဲလာစေသည်။

“ကျွန်တော်တို့ရဲ့ သဘာဝအရင်းအမြစ်တွေကိုအမှန်တကယ်အဖိုးတန်လာအောင် လုပ်နိုင်လာတာဒါပထမဦးဆုံးအကြိမ်ပါပဲ” ဟုမစ္စတာအဒစ်အလီမာရီဟူးက ဆိုပါသည်။ မစ္စတာအဒစ်မှာ တန်ဖိုးမြင့် ကုန်ပစ္စည်းများ တင်ပို့နိုင်ရေးအမေရိကန်အကူအညီအဖွဲ့ USAID ထောက်ပံ့ငွေဖြင့် လုပ်ဆောင်သည့် စီမံကိန်းများ အရာရှိဟောင်းတစ်ဦးဖြစ်သည်။ “ဒီလိုလုပ်နိုင်တာဟာ ကျွန်တော်တို့စပြီး လမ်းဖောက်ခဲ့လို့ဖြစ်ပါတယ်” ဟု၎င်းက ဆိုသည်။

စက်မှုလုပ်ငန်းများ ထွန်းကားလာသောအထောက်အထားများမှာ လျစ်လျူရှုရန် ခက်ခဲပါသည်။ အထည်အလိပ်နှင့် သားရေထုတ်လုပ်သော စက်ရုံများ နိုင်ငံအနှံ့အပြားပေါ်ထွက်လာခဲ့ပြီးမြို့တော်မှ မြို့ပြင်သို့ ထွက်ရာလမ်းဘေးဝဲယာတစ်လျှောက်တွင် နိုင်ငံခြားသို့ တင်ပို့ရန် ရည်ရွယ်စိုက်ပျိုးထားသော နှင်းဆီခြံများ၊ စတော်ဘယ်ရီခင်းများကို မျက်စိတစ်ဆုံးမြင်တွေ့နိုင်သည်။ ကုန်သွယ်ရေးပြပွဲကြော်ငြာ ဆိုင်းဘုတ်များမှာလည်း ပို၍ဆွဲဆောင်မှုရှိလာနေသည်။ ကိန်းဂဏန်းအချက်အလက်များက မလိမ်ညာပါ။ စက်မှုလုပ်ငန်း ဝန်ကြီးဌာန၏ အဆိုအရ လွန်ခဲ့သော ဆယ်နှစ်အတွင်းအီသီယိုပီးယားနိုင်ငံ၏ အထည်အလိပ်နှင့် သားရေတင်ပို့မှု ၅၀ ရာခိုင်နှုန်းတိုးလာခဲ့သည်။

၂၀၁၀ပြည့်နှစ်တွင် အီသီယိုပီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ၁၁ ဒသမ ၄ ရာခိုင်နှုန်းရရှိသည်ဟု ပင်ဆိုသည်။ (နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကမူ ၇ ဒသမ ၅ ရာခိုင်နှုန်းဟုပြောသည်) ၂၀၁၅ ခုနှစ်တွင် ဝင်ငွေအလယ်အလတ်အဆင့်ရှိသော နိုင်ငံဖြစ်လာရေး အစိုးရက ဦးဆောင်ကြိုးပမ်းနေသည့် မဟာဗျူဟာ ရည်မှန်းချက်ကြောင့်လည်း နိုင်ငံ့စီးပွားရေးဤမျှတိုးတက်လာခြင်း ဖြစ်သည်။

နိုင်ငံခြားသို့ကုန်ပစ္စည်းတင်ပို့မှုအားကောင်းခိုင်မာလာရေးမှာလည်း ယင်းမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အထူးသဖြင့် အီသီယိုပီးယား နိုင်ငံ၏ အဓိကဈေးကွက်များ ဖြစ်သော အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အမေရိကသို့ တန်ဖိုးမြင့်ပစ္စည်းများပိုမိုတင်ပို့နိုင်ရေး ဖြစ်သည်။ ၎င်းရည်မှန်းချက်က နိုင်ငံခြား ငွေများကိုဆွဲဆောင်နိုင်ခဲ့ပြီး အလုပ်အကိုင်များလည်း ဖန်တီးပေးနိုင်လာသည်။ နိုင်ငံ၏ အခြေခံအဆောက်အအုံများ၌ ရင်းနှီးမြှုပ်နှံမှုကို လည်း အစိုးရက အားပေးသည်။

“ဒါဟာ ဆင့်ကဲဖြစ်စဉ် အကျိုးဆက်ပါပဲ။ တန်ဖိုးမြင့်တင်တာကနေ အရင်းအနှီး ဖြစ်ပေါ်လာပြီးအရင်းအနှီးကြောင့်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းလာပါတယ်” ဟု စက်မှုလုပ်ငန်းပြည်ထောင်စုဝန်ကြီး တီဒက်စီဟေလီက ဆိုသည်။

အရည်အသွေးကောင်းသော ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေး အတွက်လည်း အစိုးရက မက်လုံးများပေးထားသည်။ ယင်းတွင် ငါးနှစ်တာအခွန် ကင်းလွတ်ခွင့်၊ အကောက်ခွန်အတွက် အထူးအခွင့်အရေးများနှင့် ၇၀/၃၀ အစီအစဉ်လည်း ပါဝင်သည်။

၇၀/၃၀ အစီအစဉ်ဆိုသည်မှာ ကုန်ပစ္စည်းထုတ်လုပ်၍ နိုင်ငံခြားတင်ပို့မည့် ကုမ္ပဏီများအတွက် အစိုးရက ၇၀ ရာခိုင်နှုန်းအထိကနဦးချေးငွေထုတ်ပေးခြင်းဖြစ်သည်။ ယင်းဆွဲဆောင်မှုများနှင့် အီသီယိုပီးယားနိုင်ငံရှိ ဈေးနှုန်းချိုသာသော လုပ်သားထုပေါင်းစပ်လိုက်သောအခါ ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်လာစေခဲ့ပြီး ၂၀၀၂ ခုနှစ်မှစ၍ နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုကို နှစ်စဉ် ၂၅ ရာခိုင်နှုန်းတိုးတက်လာစေခဲ့သည်။

“ဆယ်နှစ်အတွင်းမှာ နိုင်ငံခြားတင်ပို့မှု မှန်မှန်ကြီးတိုးတက်ခဲ့ပါတယ်။ ဒါဟာ ဒီနိုင်ငံအတွက် တောက်ပတဲ့ အနာဂတ်တစ်ခုပါပဲ” ဟုစက်မှုလုပ်ငန်းဝန်ကြီး တီဒက်စီက ဆိုပါသည်။

သို့သော် အားလုံးတောက်ပနေသည်တော့မဟုတ်။ ရင်းနှီးမြှုပ်နှံသူများက စိတ်မချရသော ဆက်သွယ်ရေးလုပ်ငန်း ပြတ်တောင်းပြတ်တောင်းဖြစ်တတ်သည့် လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေး မလုံလောက်မှုအကြောင်းများကို ငြီးတွားကြသည်။ ထို့အပြင် အာဏာပြတတ်သော ဗျူရိုကရေစီနှင့် အစိုးရ၏ကြားဝင်ကိုင်တွယ်မှုများမှာလည်း အားလျော့စရာကောင်းသည်။ ကုန်းတွင်းပိတ်နိုင်ငံနေဖြင့်လည်း အီသီယိုပီးယားတွင် ဆိပ်ကမ်းမရှိပေ။

အီသီယိုပီးယားနိုင်ငံ၏ စီးပွားရေးမှာ ကင်ညာနှင့်နိုင်ဂျီးရီးယားနိုင်ငံများ၏ အဆင့်အထိ မရောက်ရှိသေးသော်လည်း ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ထင်ထင်ရှားရှားမြင်တွေ့နေရသည်။ အလုပ်အကိုင် ဖန်တီးနိုင်မှု၊ ပညာရေးရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းများ၌ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုနှင့်တစ်ဦးချင်းဝင်ငွေတိုးတက်လာမှုများမှာ ပို့ကုန်စီးပွားရေး လုပ်ငန်းတစ်ဟုန်ထိုးဖွံ့ဖြိုးလာခြင်း၏ ရလဒ်များဟု မစ္စတာ တီဒက်စီက ဆိုပါသည်။

သို့သော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ကျစရိတ်များလည်းရှိပါသည်။ မြေဧက အမြောက်အမြားကိုနိုင်ငံခြားကုမ္ပဏီများကို လွှဲပြောင်းပေးခဲ့ခြင်းအတွက် လူအများအပြား ၎င်းတို့၏ မူလနေရာများမှ ရွှေ့ပြောင်းရမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ အစိုးရကမူ လူများအား အတင်းအကျပ်ရွှေ့ပြောင်းခြင်းများ ရှိသည်ဆိုခြင်းကိုငြင်းဆိုပြီး ဥယျာဉ်ခြံမြေ ကြီးကြီးကျယ်ကျယ် လုပ်ကိုင်ခြင်းနှင့် စက်ရုံများ ပေါ်ထွက်လာခြင်းမှနေ၍ နိုင်ငံသားများသာ အကျိုးကျေးဇူးခံစားရမည်ဟု အခိုင်အမာပြောဆိုပါသည်။

*—Ref: Ethiopia moves to diversify exports*

**ဝန်းထမ်းအလိုရှိသည်။**

**Fashion Designer F/M (1) post**

- အသက် ၂၅-၃၅ နှစ်ကြား၊
- အထည်ချုပ်လုပ်ငန်းအတွေ့အကြုံ (၃)သုံးနှစ်ရှိရမည်၊
- ဆန်းသစ်သော အမျိုးသမီးဝတ် ဒီဇိုင်းများကိုတီထွင်ဖန်တီးနိုင်ရမည်၊
- English (or) Chinese စကားပြောကျွမ်းကျင်ပြီး Passport in Hand ရှိသူဦးစားပေးမည်၊
- စိတ်ဝင်စားသူများ ကြော်ငြာပါသည့်နေ့မှ ၂၃. ၃. ၁၂ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ဆက်သွယ်လျှောက်ထားနိုင်သည်၊

**MK Trading Co., Ltd**
အမှတ်(၁၄)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၁၀၆၄

**TRADEMARK CAUTION**

Nu Skin Enterprises, Inc, a Company incorporated in United States at 75 West Center Street, Provo, UT 84601, United States is the Owner and Sole Proprietor of the following Trademark:-

**THE DIFFERENCE. DEMONSTRATED.**

**Reg: 4/1919/2012**

In respect of : Int'l class 3 : " cosmetics".
Int'l class 5 : " dietary supplements".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
15.March.2012

**TRADEMARK CAUTION**

Rohto Pharmaceutical Co., Ltd.,, a Company incorporated in Japan at 8-1, Tatsuminishi 1-chome, Ikuno-ku, Osaka-shi, Osaka 544-8666, Japan is the Owner and Sole Proprietor of the following Trademark:-

**ဗီရိုတို**

**Reg: 4/1920/2012**

In respect of : Int'l class 5 : "Herbal medicine; eye drops; pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings; material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
15.March.2012


POND'S
clear balance
Unilever
အဆီပြန်ခြင်းကြောင့် သင်ရင်ဆိုင်နေရတဲ့
အသားအရေပြဿနာတွေကို မေ့လိုက်နိုင်ပါပြီ။
NEW
POND'S
clear balance
no blackheads
Deep Cleansing
Facial Foam
Power of Volcanic Clay
POND'S
clear balance
oil control
Skin Mattifying
Facial Foam
Power of Mineral Clay
POND'S
clear balance
clear solutions
Anti-Bacterial
Facial Foam
Power of Herbal Clay
POND'S
clear balance
smooth pores
Pore Tightening
Facial Foam
Power of Glacial Clay
POND'S Clear Balance မျက်နှာသစ်ဆပ်ပြာအသစ် ၄ မျိုး စလုံးကို အဆီစုပ်ယူမှုအား ထူးခြားသာလွန်သည့်
အစွမ်းထက် Clay ဖော်မြူလာများဖြင့် ဖော်စပ်ထားသည့်အတွက် သင်တွေ့ကြုံနေရတဲ့ အသားအရေပြဿနာ
များကို ဖြေရှင်းပေးနိုင်ပါတယ်။
www.facebook.com/pondsmyanmar
"like" us on
facebook

# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.2 · MARCH 15 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 57,652 |
| Intel P4 Dual Core 3.3 GHz (1155,2120) Processor | 96,628 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,280 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 237,916 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,532 |
| MSI H67MA-E35 (1155) | 82,012 |
| ASUS P5G41T-MLX (775) | 50,344 |
| ASUS P8H61-MLX Plus (1155) | 62,524 |
| ASUS P8H67MLE (1155) | 92,568 |
| Gigabyte G41MT-S2(775) | 50,344 |
| Gigabyte H61M-S2 (B3) (1155) | 73,080 |
| Gigabyte H67M-D2 (B3) (1155) | 97,440 |
| **PC Memory** | |
| 1 GB DDR2 (800) Kingston | 16,240 |
| 2 GB DDR2 (800) Kingston | 24,360 |
| 2 GB DDR3 (1333) Kingston | 12,180 |
| 4 GB DDR3 (1333) Kingston | 20,300 |
| **Harddisk** | |
| 500 GB Seagate SATA | 73,892 |
| 1 TB Seagate SATA | 97,440 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 119,364 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,396 |
| MSI N430GT 2GB PCI Express Card | 69,020 |
| ASUS ENGTX520 1GB PCI Express Card | 48,720 |
| ASUS EAH 6850 1GB DDR5 PCI Express Card | 153,468 |
| ASUS EHA 5450 1GB DDR3 PCI Express Card | 38,164 |
| Gigabyte ATI Radeon HDR545SC 1GB PCI Express Card | 56,840 |
| Gigabyte ATI Redeon HD6450 1GB D3 PCI Express Card | 69,020 |
| **Memory Stick** | |
| Kingston 4 GB (101) | 5,500 |
| Silicon Power 4 GB(322) | 5,705 |
| Apacer 4 GB (AH-129) | 7,500 |
| SONY 4 GB | 8,000 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တီဗွီကအဘိဓာန်** | ၁၆၀,၀၀၀ |

Technoland ဆိုင်မှ မတ်လ(၁၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 225,000 |
| Panasonic(LCD) | 32SC4S | 285,000 |
| Sony (LCD) | 32BX | 320,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 26,000 |
| LG | DV276 | 32,000 |
| Toshiba | DV380 | 28,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 175,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 210,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြွယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၃ |
| Posco ကြွယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၈ |
| Posco ကြွယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၃ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၀၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ(၁၀) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး | ၁ သေတ္တာ | ၄,၀၀၀-၆,၀၀၀ |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် (ဗမာ) | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၄၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၁၀)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၇၀၀-၅,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၈၀၀- ၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀- ၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၂,၀၀၀- ၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၆၀၀ |

မတ်လ (၁၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | **၃. ဝအင်ဂျင်ပါဝါ** | ၇၀၊ ၉၀၊ ၁ဃ | ၃၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁၀၊ ၂၀/၃၀ | ၁၈၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇၀/၉၀ | ၃၂၀-၃၂၅ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇၀/၉၀ | ၄၀၀ အောက် |
| ဟိုင်းလပ်ဆပ် (ဝက်ဂွန်) | ၉၆ | ၇၀/၉၀/၁ဃ | ၃၃၀-၃၄၀ |
| ဟိုင်းလပ်ဆပ် (Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇၀/၉၀/၁ဃ | ၄၀၀ အောက် |
| တိုယိုတာဖင်ကောက် (ဒီဇယ်) | ၂၀၀၀-၀၁ | ၇၀/၉၀ | ၃၆၀ |
| တိုယိုတာ (လီမီတက်) | ၈၈-၈၉ | ၂ဃ/၈ဃ | ၁၅၅-၁၆၀ |
| မတ်တူး (2 .0 Grade) | ၂၀၀၂ | ၉၀ | ၂၈၀ ဝန်းကျင် |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉၀ | ၃၀၀ ဝန်းကျင် |

မတ်လ (၁၀)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | March (4) | March (5) | March (6) | March (7) | March (8) | March (9) | March (10) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

## စာ-၁၀၊ ရှမ်းရွာလေးက အဘွားအို မှ

"သူက တော်တော်သိတတ်တယ်။ အားကိုးရတယ်။ လိမ္မာတယ်။ အဘွားက တစ်နေ့ကို ထမင်းခြောက်နပ်စားရင်သူက လေးနပ်စားတယ်။ အခု သူလည်းအသက်ကြီးပြီဆိုတော့ သူ့သွားတွေမကောင်းတော့ဘူး။ ဒါပေမဲ့ အခုထိအားကိုးနေရတုန်းပဲ" ဟု ရှောင်ဝှေ့အမည်ရခွေးဖြူလေးကို ကြည့်ရင်းပြောသည်။

သူ့ကိုအဖော်လုပ်ပေးသည့် အသက်ကြီးနေပြီဖြစ်သော ခွေးဖြူလေးအပြင် ဝက် ၁၃ကောင်နှင့် သီးပင်စားပင်များကိုလည်း သူမွေးမြူစိုက်ပျိုးထားသေးသည်။

သတိရစရာချိန်များစွာကို ထိုခွေးဖြူလေးတစ်ကောင်နှင့် ကျော်ဖြတ်လာသည့် အဘွားအို၏ နိစ္စဓူဝ လှုပ်ရှားမှုများက အိမ်နီးနားချင်းမိတ်ဆွေများအတွက် မထူးခြားသော်လည်း သူ့ကိုမသိသူများအတွက်တော့ သူ၏ လှုပ်ရှားမှုတိုင်းက ထူးခြားနေတော့သည်။

တစ်ရက်လျှင် အိပ်စက်အနားယူချိန် သုံးနာရီ ဝန်းကျင်မျှသာ ပုံမှန်ရှိပြီး အလုပ်လုပ်လွန်းလှသောအဘွားကိုမိသားစုနှင့်မိတ်ဆွေများက ခေါင်းမာလွန်းလှသူ၊ တစ်ပါးသူပေါ်တွင် စေတနာကောင်းလွန်းလှသူဟု ပြောဆိုကြသည်။

ရှမ်းတောင်တန်းများအကြားက ခြံကျယ်ကြီးတစ်ခုတွင် နေထိုင်သည့်အဘွားအိုတစ်ဦးနှင့် အဖော်ခွေးလေးတစ်ကောင်၏ နေ့စဉ်ဘဝဖြတ်သန်းမှုများက ရိုးရှင်းပြီး လွမ်းဆွတ်ဖွယ်ကောင်းလှသည်။

မညီမညာခဲလုံးများဖြင့် ခင်းကျင်းထားသည့် ကတ္တရာအမည်ခံလမ်းလေးထဲကို ဝင်သွားလျှင် ဘယ်ဘယ်အခြမ်းတွင် မြူများဖြင့် မှုန်ဝါးနေသည့် ရှမ်းတောင်တန်းများအကြားတွင် နေထိုင်ရာ အိမ်လေးရှိသည်။

ထိုခြံကျယ်ကြီးအတွင်းရှိ အိမ်လေးသည် နံနက်သုံးနာရီခန့်မှစတင်ကာ အဘွားအိုတစ်ဦးနှင့် ခွေးဖြူလေးတစ်ကောင်ကြောင့် ည ၁၁နာရီဝန်းကျင်အထိ သက်ဝင်လှုပ်ရှားနေသည်။

နံနက် သုံးနာရီထိုးပြီဆိုသည်နှင့် အိပ်မောကျနေရာမှ ထကာ တစ်နေ့တာအတွက်လုပ်ငန်းစဉ်များကို စတင်တော့သည်။

အိမ်နောက်ဘက် မီးဖိုခန်းတွင် ထင်းများဖြင့်မီးမွှေးကာ တစ်နေ့တာစားသောက်ရန်အတွက် အဘွားစတင်ချက်ပြုတ်တော့သည်။ သူ့တစ်ယောက်တည်းစားသာ ချက်ပြုတ်ခြင်းမဟုတ်ဘဲ ခဏတဖြုတ် သူ့ထံလာလည်ကြသော ဧည့်သည်များအတွက်ပါ အပိုချက်ပြုတ်နေခြင်းဖြစ်သည်။

ထမင်းဟင်းများချက်ပြုတ်နေစဉ် ဘုရားဆီမီးများထွန်းပြီး ဘုရားခန်းနှင့် ဧည့်ခန်းကို သန့်ရှင်းရေးပြုလုပ်သည်။

အဘွား၏အိမ်အတွင်းသံမံတလင်းကြမ်းခင်းပေါ်တွင် ကျိုကျိုကြားကြားနေရာများပါမကျန် တံမြက်စည်းလှည်းကျင်းခြင်းကို လုပ်သည်။

တဖြည်းဖြည်းနှင့် အလင်းရောင်ရလာသည့်အချိန်တွင်မူ ရေခဲတမျှအေးစက်နေသည့် ရေများကို ဂရုမမူသည့်အလား အိုးခွက်ပန်းကန်များကို ဆေးကြောသည်။

အသက်ရှူထုတ်လိုက်လျှင် လေထဲတွင် အငွေ့အများအပြားထွက်လာလောက်အောင် အေးခဲလှသည့် နှင်းများအောက် ခြံလေးထဲတွင် အုန်းတံမြက်စည်းသံ တဂျွမ်းဂျွမ်းဖြင့် တံမြက်စည်း လှည်းနေတတ်သည်။

ရေတုံကင်လေးဖြင့် ရေအိုး၊ရေခွက်များကို ရေနှိပ်ကာ ဖြည့်နေသည့် အသွင်သဏ္ဌာန်က ကျန်းမာဖျတ်လတ်နေသည့် သက်လတ်ပိုင်းလူတစ်ဦးကဲ့သို့ထင်မှတ်ရသည်။

နံနက်ခြောက်နာရီခွဲခန့်တွင်တော့ အချစ်တော်ဝက်လေးများကို အဘွားကိုယ်တိုင် ထမ်းပိုးတစ်ခုဖြင့် အိမ်တစ်ကာ လှည့်တောင်းခံထားသည့် ဝက်စာများကျွေးမွေးတော့သည်။

သူ့ထံသို့ ရွာထဲမှ စကားစမြည်လာ ပြောသူများရောက်လာလျှင်တော့ လုပ်လက်စများကိုပစ်ထားလိုက်ပြီး အိမ်ထဲရှိသမျှစားစရာသောက်စရာများကို ချကာ ဧည့်ဝတ်ကျေကျေဧည့်ခံပါတော့သည်။

ဆေးလာဝယ်သည်ဆိုသည်မှာ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပတွင် နာမည်ကြီးသည့် ဗမာဆေးတစ်မျိုးကို အဘွားက ရန်ကုန်နှင့် လားရှိုးအသွားအပြန် အဝေးပြေးကားလိုင်းများမှတစ်ဆင့် မှာယူကာ ရွာလေးထဲတွင် ပြန်လည်ရောင်းချခြင်းဖြစ်သည်။

ရန်ကုန်ဝယ်ဈေးက ဆယ်ထုပ်ပါအထုပ်ကြီးတစ်ထုပ်ကို ကျပ်ရှစ်ရာ။ အဘွားက လမ်းစားရိတ်ကုန်ကျငွေနှင့် ပြန်တွက်ပြီး ကျပ်တစ်ထောင့်ငါးရာနှင့်ပြန်ရောင်းသည်။

တစ်ခါတစ်ရံဆေးဝယ်ပြီးငွေပြန်မရသည့် ဆုံးရှုံးမှုများလည်းရှိသေးသည်။

ထိုခြံထဲတွင်သူတစ်ဦးတည်းနေထိုင်နေသော်လည်း အဘွား၏ သားသမီးအချို့မှာ ထိုရွာထဲတွင်ပင် နေထိုင်ကြသည်။

သို့သော် အဘွားက သားသမီးများနှင့် အခြားမည်သူ့ကိုမျှအားမကိုးခြင်းကို အဘွား၏ပြောစကားများတွင် တွေ့ရသည်။

"တစ်ယောက်တည်းလုပ်နိုင်တယ်။ ဘယ်သူလိုမှာလဲ။ နော့။ ဘယ်သူ့အကူအညီမှလဲမလိုဘူးပဲ လေ။ အဘွားစာမတတ်ဘူး။ ဒါပေမဲ့ ဒီလက်နှစ်ဖက်ကို အားကိုးတယ်" ဟုသူ၏ အက်ကွဲကြောင်းရာများဖြင့် လက်အစုံကို အပြန်အလှန်ပွတ်သပ်ကာ ကြည့်ရင်းပြောလာသည်။

မနက်သုံးနာရီမှသည် တစ်ချက်မျှပင် မထိုင်ပဲတရစပ် မမောပန်းသယောင်အလုပ်များကို လုပ်လာသည်က နေ့လယ်စာ ထမင်းစားချိန်ပြီးသည်နှင့် ဝက်များကို အစာကျွေးပြန်တော့သည်။

ညနေစောင်းလျှင် တစ်ပုံးလျှင်အလေးချိန်ဆယ်ပိဿာ ဆံ့ဝင်သော ဒီဇယ်ပုံးခွံအလွတ်နှစ်ခုကို ထမ်းပိုးဖြင့်ထမ်းကာ ရွာရိုးတစ်လျှောက်ထွက်တော့သည်။

"အဘွား ဘယ်သွားမလဲ။ လိုက်သယ်ပေးမယ်လေ" ဆိုသည့် စကားများ၏ နောက်တွင် "ရတယ်။ မလိုဘူးဘဲ။ အဘွားနိုင်တယ်။ ကိုယ့်ဘာသာအေးဆေးနေ" ဆိုသည့် ဗမာသံ မပီမသဖြင့် တုံ့ပြန်သံက အမြဲတမ်းအဆင်သင့်ရှိနေသည်။

ထိုဆီဂါလန်ပုံး နှစ်ပုံးတွင် တောင်းခံရသမျှ ဝက်စာများကို ပြည့်လုနီးပါးထည့်ကာ သယ်လာသည့် အဘွား၏အသွင်က တက်တက်ကြွကြွရှိသည်။

တစ်ခါတစ်ရံကွယ်လွန်သွားသည့် သားကြီးကိုလွမ်းပြီး မျက်ရည်ကျရသည်။

တစ်ခါတစ်ရံတွင် အကျဉ်းကျခံနေရသည့် သားဖြစ်သူကို သနားပြီးငိုရသည်။

တစ်ခါတစ်ရံတွင်အဝေးတစ်နေရာများဆီရောက်နေကြသည့် ညီအစ်ကိုမောင်နှမများကို သတိရပြီး မျက်ရည်ကျရသည်။

ထိုမျက်ရည်စများသည် သဲအုတ်ခြံစည်းရိုးတစ်ခု၏နောက်ခြံ လေးထဲတွင်မည်သူမျှမသိဘဲ မကြာခဏရှိနေတတ်သည်။

လျှပ်စစ်မီးမရှိသည့် ထိုရွာလေးသည် ညနေငါးနာရီကျော်လာလျှင် မှောင်စပျိုးလာပြီဖြစ်သည်။

ထို့နောက် တဖြည်းဖြည်းချင်း လျှပ်စစ်မီးရောင် စိုးစဉ်းမျှမရှိသော အနေအထားတွင် အဘွား၏ အိမ်တွင်းတွင် ဘုရားမီးပူဇော်ထားသည့် ဖယောင်းတိုင်များနှင့် တစ်လနှစ်ထောင်ဖြင့် ဘေးအိမ်ကုန်စုံဆိုင်မှ ဝယ်ယူထားသည့် မီးတစ်ပွင့်သာရှိနေသည်။ ထိုအချိန်များထိ အဘွားကတော့ အလုပ်နှင့်လက်နှင့်မပြတ်သေး။

ရွာလမ်းမတစ်ခုလုံး မှောင်အတိဖုံးလွှမ်းသွားပြီဖြစ်သည်။

အဘွား၏ ခြံလေးသည်လည်း အလားတူပင်. . . . . .။

သူ၏အချစ်တော်ခွေးဖြူလေးက သူ့သခင်ကြိုတင်ကျကျနနပြင်ဆင်ထားသည့် ခေါင်းတလားကြီး၏ အောက်ရှိ စက္ကူပုံးလေးထဲတွင် ခွေကာအိပ်နေသည်။

ထာဝရလဲလျောင်းမည့်သူ မရှိသေးသည့် ဂုန်နီအိတ်များဖြင့် ဖုံးလွှမ်းထားသည့် အိမ်ရှေ့တံခါးမကြီး၏ ဘယ်ဘက်ဘေးနားရှိ ခေါင်းတလားကြီးကတော့ မြင်နေကြမဟုတ်သည့်သူများအဖို့တော့ ချောက်ချားစရာအတိ ဖြစ်နေသည်။

တစ်ဦးတည်းသာနေရသော်လည်း ကျယ်ဝန်းပြီး အိပ်စရာခုတင်များစွာရှိနေသည့် အိမ်ခန်းအတွင်းက ခုတင်များတွင် အဘွားက တစ်နေ့တစ်နေရာဖြင့် သူ အဆင်ပြေသည့်နေရာများ၌ ည ၁၁နာရီဝန်းကျင်ခန့်တွင် အိပ်စက်အနားယူတော့သည်။

အိမ်၏ပြင်ပ အမှောင်ထုထဲတွင်တော့ ရှမ်းတောင်တန်းများဆီက ဆောင်းလေအေးများက နှင်းစက်များနှင့်တူတူ ခပ်ကြမ်းကြမ်း တိုက်ခတ်နေသည်။

မကြာမီ နောက်တစ်နေ့ ရောက်တော့မည်ဖြစ်သည်။

ဝမ်းနည်းစရာများနှင့် လွမ်းဆွတ်ဖွယ်ရာများဖြင့် ကောင်းလှသည့် ရှမ်းအဘွားအိုကြီး တစ်ဦးကတော့ မည်မျှကျန်သေးသည်ကိုမရေတွက်နိုင်သေးသည့် သူမ၏နေ့ရက်များကို ဒီအတိုင်းသာ လည်ပတ်နေရဦးမည်ဖြစ်သည်။ ။

**TRADEMARK CAUTION**

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

**ORKUT**

Reg:No.4/1934/2006

In respect of: Int'l Class 45 : online social networking services.

In respect of : Int'l Class 25: Clothing; footware; headgear.

In respect of: Int'l Class 42: computer services, namely, providing temporary use of a non-downloadable computer interface in order to create on-line personalized information services; data mining and data analysis services; providing access to a proprietary collection of information; creating searchable indexes of information, web sites and other information sources; providing use of a non-downloadable computer interface in order to provide information concerning a wide range of text, electronic documents, databases, graphics and audiovisual information; electronic mail and workgroup communication services over computer networks; bulletin board and discussion group services; search engine services; consulting in connection with all the above.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 15.March.2012

**နီလာ** အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၄)ညအိပ် (၁၅)ရက်ခရီး - ဗုဒ္ဓဂယာ၊ မိဂဒါဝုန်(တရားဦးဓမ္မစကြာ)၊ သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊ ကုသိနာရုံ၊ ဝေသာလီ၊ ပဋ္ဌနား၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ ကိုလ်ကတ္တား (၉)သိန်း (စရိတ်ငြိမ်း) India Airline

(၁၄)ညအိပ် (၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဋ္ဌမဟာလေးဌာန + နယူးဒေလီ(မဟာသတိပဋ္ဌာန်)၊ တစ်ရုံမဟာ (၉)သိန်း (စရိတ်ငြိမ်း) MAI

ပထမသင်္ကြန်နှစ်သစ်ကူးခရီးစဉ် (၉)ညအိပ် (၁၀)ရက်ခရီး (၈.၅)သိန်း၊ ထွက်ခွာမည့်နေ့(၄.၄.၂၀၁၂)

ဒုတိယသင်္ကြန်နှစ်သစ်ကူးခရီးစဉ် (၇)ညအိပ် (၈)ရက်ခရီး (၈.၅)သိန်း၊ ထွက်ခွာမည့်နေ့(၁၃.၄.၂၀၁၂)

သက်ကြီးရွယ်အိုများရက်ရှည်ခရီးမသွားချင်သူများသကြန်ရုံးပိတ်ရက် အလုပ်နားရက်များမှာ သံဝေဇနီယလေးဌာန (ဗြာဟ္မဏ/မဟာ၈)နေရာစုံရောက်မည့်ရက်တိုခရီးစဉ်ကို (၄.၄.၂၀၁၂)နှင့်(၁၃.၄.၂၀၁၂)ရက်နေ့ထွက်ခွာမည်ဖြစ်ကြောင်း ဘုရားဖူးဓမ္မမိတ်ဆွေ မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

ဝန်ဆောင်မှုနှင့် ဝတ်သက်၍ ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူပါသည်။ ခရီးသည်ခရီးစဉ်မဆို (၁၆)ဦး စုစည်းပြီး စာရင်းပေးပါက (၁)ဦးအခမဲ့လိုက်ပါခွင့်ပြုပါမည်။

ပြည်တွင်း/ပြည်ပတွင်ဝန်ဆောင်မှုများ - နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခြင်း၊ လေယာဉ်လက်မှတ်သွား/ပြန် (အိန္ဒိယ - နီပေါ)ဗီဇာတည်းခိုစားသောက်သွား/လာဝင်ကြေးပါဝင်ပြီးဖြစ်ပါသည်။ နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများကို(၄၀၀၀၀ိ/-ကျပ်)တိတိထပ်မံလျှော့ပေးပါမည်။ ပြည်တွင်း/ပြည်ပမည်သည့်အကြောင်းနှင့်မျှငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း [illegible] DVD [illegible]

ထွက်ခွာမည့်ရက်များ ☞ မတ် - ၁၄၊၁၆၊၁၇၊၁၉၊၂၁၊၂၃၊၂၄၊၂၈၊၃၀၊၃၁။
ဧပြီ - ၂၄၊၆၊၇၊၁၁၊၁၃၊၁၄၊၂၃၊၃၀(ကဆုန်ညောင်ရေသွန်းပွဲတော်)၊ မေ - ၇၊၁၄၊၂၁၊၂၈။

(ရုံးချုပ်) အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ရုံးခွဲ-၁) [illegible]
(ရုံးခွဲ-၂) [illegible]
(ရုံးခွဲ-၃) [illegible]
(ရုံးခွဲ-၄) [illegible]
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၇၃၂၀၂၁၁၀၉-၅၁၂၀၅၂၉

**မန္တလေးမြို့တွင် ရောင်းမည်။**

ဆက်သွယ်ရန် - ဖုန်း - ၀၉-၂၀၄၂၀၂၀၊ ၀၁-၅၅၇၇၁၈

(Show Room) ပြခန်းဖွင့်ရန် ကောင်းသောနေရာ၊
(Office) ရုံးခန်းဖွင့်ရန် ကောင်းသောနေရာ၊
(၇၃) လမ်း၊ (၃၅ × ၃၆) လမ်းကြား၊ (၂၂ × ၆၀) ပေ၊
RC-2 ထပ်၊ Foundation (၅) ထပ်စာချပြီးသား၊
ဘိုးဘွားပိုင်မြေ၊ မန္တလေးမြို့။

**ယာဉ်မောင်း အမြန်အလိုရှိသည်**

၁။ အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
၂။ ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၅)နှစ်ရှိရမည်။
၃။ ရန်ကုန်မြို့တွင်းလမ်းများ ကျွမ်းကျင်စွာ သွားလာနိုင်၍ အော်တိုဂီယာ၊ မော်ဒယ်နိမ့်/အမြင့်ကားမျိုးစုံ ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။

လိုအပ်သော စာရွက်စာတမ်း၊ လိုင်စင်ဓာတ်ပုံ ၁ ပုံနှင့်အတူ (၁) ပါတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၇၉၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊
နေသီဟကုမ္ပဏီ လီမိတက်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၂၃၂၈၈၊ ၂၁၁၆၇၆
(လိုင်းခွဲ- ၂၀၁)

# Environment

7DAY NEWS JOURNAL

Vol.11, No.2 • MARCH 15 , 2012


## စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းကို သဘာဝပတ်ဝန်းကျင် ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်မည်

**မောင်ကံ**

**ဘူးသီးတောင်၊ မတ် - ၂**

စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းထားသည့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို တရုတ်ကုမ္ပဏီစီဒီအိုအိုင်စီမှ လာရောက်လေ့လာခဲ့ပြီး ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများတွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

"ရခိုင်ပြည်နယ်လူထုအတွက် လျှပ်စစ်ဓာတ်အားက အမျိုးသားရေးလိုအပ်ချက်တစ်ခုဖြစ်နေပါတယ်။ လျှပ်စစ်ဓာတ်အားမရှိလို့ ဒေသမဖွံ့ဖြိုးသလို ပညာပိုင်းဆိုင်ရာမှာလည်း အားနည်းနေတာတွေ့ရပါတယ်။ အခုလိုနည်းပညာတိုးတက်နေတဲ့ခေတ်မှာလူသုံးကုန်တွေ တော်တော်များများက လျှပ်စစ်သုံးတွေဖြစ်တဲ့အတွက် လျှပ်စစ်မီးသာ ၂၄ နာရီရမယ်ဆိုရင် အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းမှာ ရခိုင်ပြည်နယ်အတွင်းအကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများအနက်တစ်ခုဖြစ်ပြီး ဘူးသီးတောင်မြို့အရှေ့ဘက်တွင် တည်ရှိသည်။ တရုတ်ကုမ္ပဏီ စီဒီအိုအိုင်စီ၏ လေ့လာမှုအရ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိနေသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

# ရေလမ်းကြောင်းထိန်းသိမ်းရေး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည်



*ချင်းတွင်းမြစ်တစ်နေရာကို ဖေဖော်ဝါရီလလယ်ပိုင်းက တွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၉**

ဧရာဝတီနှင့် ချင်းတွင်းမြစ် ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှသတင်းရရှိသည်။

မြစ်နှစ်စင်းတွင် ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပထမဆုံးအကြိမ် ဖိတ်ခေါ်ခြင်းဖြစ်ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယခုလ ၁၄ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

"၂၀၀၆ ခုနှစ်က ထုတ်တဲ့ ဥပဒေနဲ့အညီ လုပ်ရမှာပါ။ ရေအသွားအလာတော့ ပေါင်းလုပ်မယ်။ အကုန်လုံးလုပ်ရမှာမဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ အကျိုးအမြတ်အတွက် သဘော်ပြေးဆွဲခွင့်တို့လည်းရနိုင်တယ်။ အခု ခေါ်တာကလည်း ကူလုပ်ပေးရမယ့်သဘောပါ"ဟု ရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင်မြစ်နှစ်စင်း၌ ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် ယင်းဦးစီးဌာနမှ လုပ်ကိုင်နေပြီး ရေလမ်းကြောင်းကျယ်ချိန်၌သဲသောင်တူးခြင်း၊ လမ်းကြောင်းပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြစ်နှစ်စင်း၏ရေလမ်းကြောင်းထိန်းသိမ်းရေး ဆောင်ရွက်မည့် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ရေကြောင်းပြုပြင်ခြင်းဆိုင်ရာရေဘက်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများအတွက် ကျွမ်းကျင်သည့်နည်းပညာ၊ ပညာရှင်၊ လုပ်သားအင်အား၊ စက်ယန္တရားပိုင်ဆိုင်မှုများ ပြနိုင်ရမည်ဖြစ်သည်။

ယင်းမြစ်စင်းနှစ်စင်းတွင်မြစ်ကြောင်းထိန်းသိမ်းရေးအတွက် အသုံးပြုမည့် ရေယာဉ်များ တည်ဆောက်သည့် လုပ်ငန်းများကို ၂၀၁၁ မေလ ၆ ရက်တွင် တရုတ်နိုင်ငံ Shandong Puli Construction Engineering ကုမ္ပဏီနှင့်ပို့ဆောင်ရေးဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။

## အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရန် နည်းဥပဒေ ရှေ့နေချုပ်ရုံးသို့တင်သွင်း

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၆**

ဆယ်စုနှစ် တစ်ခုကျော် လမ်းညွှန်ချက်တစ်ခုအနေဖြင့်သာ ထွက်ရှိခဲ့သော ဒေသခံအခြေပြု အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း ပိုမိုအသက်ဝင်ဖွံ့ဖြိုးလာရေး နည်းဥပဒေသတ်မှတ်ရန် ရှေ့နေချုပ်ရုံးသို့တင်ပြထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောသည်။


ဒေသခံအခြေပြု အစုအဖွဲ့ပိုင်သစ်တောကို ဒေသခံများ လုပ်ကိုင်ရာတွင် လွယ်ကူစေရေးအတွက် နည်းဥပဒေသတ်မှတ်ရန် ရှေ့နေချုပ်ရုံးသို့တင်ထားခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၉ရက်က အမျိုးသားလွှတ်တော်တွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသခံအခြေပြု အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း လမ်းညွှန်ချက်သည် ၁၉၉၅ ခုနှစ်တွင် ထွက်ရှိသော လမ်းညွှန်ချက်ဖြစ်သည်။ ယင်းလမ်းညွှန်ချက်တွင်ဒေသခံများပိုင်ဆိုင်သောအစုအဖွဲ့ပိုင်သစ်တောမြေမှာ အခြားမည်သည့်ပုဂ္ဂိုလ်မဆို၊ မည်သည့်လုပ်ငန်းရှင်မဆို သစ်ထုတ်ယူခွင့်မရှိဟု ဖော်ပြထားသော်လည်း ပြစ်ဒဏ်သတ်မှတ်သည့် နည်းဥပဒေမထွက်ရှိခြင်းကြောင့် မြေယာပိုင်ဆိုင်မှုမှာ လုံခြုံမှုမရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသူအချို့က ပြောသည်။

"လမ်းညွှန်ချက်တုန်းက မြေပိုင်ဆိုင်မှုက အားနည်းတာပေါ့။ ညွှန်ကြားချက်ဆိုတော့ ဥပဒေလောက် ဘယ်ခိုင်မာအားကောင်းပါ့မလဲ။ နည်းဥပဒေထွက်လာမယ်၊ ရှိလာမယ်ဆိုရင် ပိုခိုင်မာတာပေါ့။ လုံခြုံမှုလည်းရှိတာပေါ့။ အခြားစီမံကိန်းတွေကြောင့် မြေကို လာသိမ်းတာမျိုးတွေက လွယ်လင့်တကူ မဖြစ်တော့ဘူးပေါ့"ဟု ဒေသခံအခြေပြု အစုအဖွဲ့ပိုင်လမ်းညွှန်ထွက်ရှိလာရေးအတွက် ယခင်က ပါဝင်ဆောင်ရွက်ခဲ့သူ အငြိမ်းစား သစ်တောညွှန်ချုပ် ဦးတင်ထွန်းကပြောသည်။

ဒေသခံအခြေပြုသစ်တောတည်ထောင်ခြင်းကို ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးတည်ထောင်လုပ်ကိုင်ပြီးမန္တလေးတိုင်းဒေသကြီး၊ ကချင်၊ ချင်း၊ မွန်လည်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသခံအခြေပြု အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းကို လုပ်ကိုင်ကြသည်။

## Environment Cartoon



ကျွန်ုပ်တို့ရဲ့လူနေမှုပုံစံကို မပြောင်းရင် သဘာဝပတ်ဝန်းကျင် ပြဿနာရဲ့အဖြေကို ရှာတွေ့မှာ မဟုတ်ဘူး။

Pope John Paul II

## ရေတိမ်ဒေသအချို့တွင် ဆောင်းခိုငှက် လာရောက်မှုများ

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၆**

ရခိုင်ကမ်းရိုးတန်းရှိ ရေတိမ်ဒေသအချို့၌ ယခုနှစ် ဆောင်းခိုငှက်ရာသီတွင် ဆောင်းခိုငှက်လာရောက်မှုများပြားကြောင်း မြေပုံမြို့နယ်ရှိ စောင့်ကြည့်လေ့လာသူသစ်တောဝန်ထမ်းတစ်ဦးကပြောသည်။

မိုးယွန်းကြီးအင်း၊ အင်းလေးကန်ရေတိမ်ဒေသနှစ်ခုနှင့် နှိုင်းယှဉ်၍ ရခိုင်ပြည်နယ်ရှိရေတိမ်ဒေသအချို့တွင်ဆောင်းခိုငှက် အများအပြားကျရောက်သောကြောင့် ယင်းဒေသများထက် နှစ်စဉ်ဆောင်းခိုငှက်လာရောက်မှုများပြားကြောင်း သိရသည်။

ယခုနှစ် လာရောက်သော ဆောင်းခိုငှက်များအနက် မျိုးသုဉ်းပျောက်ကွယ်လုနီးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ရုရှားမှ ဆောင်းခိုသည့် ဘဲရစ်ငှက်နှင့် ခရုစုပ်ခေါင်းမဲကို အမြောက်အမြား တွေ့ရှိရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ မြေပုံမြို့နယ် ကျွန်းအချို့တွင် ရှားပါးငှက်မျိုးစိတ်နှစ်ခုအပြင် တွေ့ရှိရသော ငှက်မျိုးများမှာ စစ္စလီ၊ စနိုက်၊ ဟသ်ာ၊ ဘဲစကစ်၊ စင်ရော်များကိုလည်း အမြောက်အမြားတွေ့ရှိရသည်။ ယင်းငှက်မျိုးများကို မြေပုံမြို့နယ်အတွင်းရှိငမန်းရဲကျွန်း၊ ဇီးကျွန်း၊ နတ်ကျွန်း၊ ကြက်ရစ်ကြီးကျွန်းတို့တွင် အများဆုံးတွေ့ရသည်ဟု ဆိုသည်။ ပင်လယ်ရေစစ်ချိန်တွင် ဒီရေတော၊ ပုစွန်ကန်၊ ငါးကန်နှင့် လတာပြင်များ၌ တွေ့ရှိရကြောင်း ရှားပါးမျိုးနွယ်ဝင်ငှက်မျိုးများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပညာပေးကြော်ငြာဆိုင်းဘုတ်များ စိုက်ထူပေးထားကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။







# Tourism

7 DAY NEWS JOURNAL

Vol.11, No.2 • MARCH 15 , 2012


# ဂျာမနီ – ရန်ကုန် တိုက်ရိုက်လေကြောင်း အပတ်စဉ်အင်္ဂါနေ့တိုင်း ပျံမည်

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၂**

ဂျာမနီနိုင်ငံအခြေဆိုက် Condor လေကြောင်းလိုင်းက နိုဝင်ဘာလ ၁ ရက်မှစ၍ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ရန်ကုန်မြို့သို့ အပတ်စဉ် အင်္ဂါနေ့တိုင်း ပျံသန်းမည်ဟု သတင်းရရှိသည်။




"ဖရန့်ဖတ် - ရန်ကုန် - ဖူးခက်-ဖရန့်ဖတ် ခရီးစဉ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ဘိုရင်း -၇၆၇ နဲ့ ပျံသန်းမယ်လို့ ITB က ပြောသွားတယ်"ဟု ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပနေသော နိုင်ငံတကာ ခရီးသွားပြပွဲ၌ သွားရောက်ပြသနေသော Chatrium ဟိုတယ်မှ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်မေမြတ်မွန်ဝင်းက အီးမေးလ်မှတစ်ဆင့် ပြောသည်။

အဆိုပါ လေကြောင်းလိုင်းသည် ၂၀၁၂ နှစ်ဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံသို့ ပျံသန်းရန် မြန်မာနိုင်ငံမှ EPG ခရီးသွားကုမ္ပဏီနှင့် ဆွေးနွေးမှုများရှိခဲ့သည်။

ထို့အပြင် အရှေ့အလယ်ပိုင်း အခြေစိုက် Qatar လေကြောင်းလိုင်းကလည်း မေလမှစ၍ နောက်ခြောက်လအတွင်း ခရီးစဉ်ငါးခုတိုးချဲ့ရာတွင် မြန်မာနိုင်ငံ ပါဝင်ကြောင်းလည်း ITB ဖွင့်ပွဲနေ့၌ အဆိုပါ လေကြောင်းလိုင်း အကြီးအကဲက ပြောသွားခဲ့သည်ဟု သတင်းရရှိသည်။

Qatar လေကြောင်းလိုင်းက မေလမှစ၍ တိုးချဲ့ပျံသန်းမည့်ခရီးစဉ် ငါးခုတွင် အီရတ်၊ တန်ဇန်းနီးယား၊ ဆားဘီးယားတို့လည်းပါဝင်သည်ဟုအဆိုပါလေကြောင်းလိုင်း၏ ထုတ်ပြန်ချက်ကို ကိုးကား၍ Gulf Time သတင်းစာတွင် ဖော်ပြထား သည်။

Qatar လေကြောင်းလိုင်းသည် ၂၀၀၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ခရီးစဉ်အား ဖျက်သိမ်းခဲ့သည်။ အဆိုပါလေကြောင်းလိုင်း ပျံသန်းစဉ်က ဥရောပမှ မြန်မာနိုင်ငံသို့လာရောက်သောခရီးသွားများအတွက် အဆင်ပြေခဲ့သည်။

ထိုကဲ့သို့ လေကြောင်းလိုင်းများ တိုးချဲ့လာလျှင် ရန်ကုန်လေဆိပ်ဝန်ဆောင်မှုများ အလုပ်ရှုပ်သွားနိုင်ကြောင်းနှင့် ယခုလက်ရှိတွင် လေယဉ်သုံးစီး ဆင်းသက်ချိန်ပါက လေဆိပ်တွင် ပျာယာခတ်နေကြောင်း လေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လေကြောင်းလိုင်းတွေ တိုးလာတာကတော့ ခရီးသွားလုပ်ငန်းပိုကောင်းလာမှာပေါ့။ ဒါပေမဲ့ အခုတောင် နေရာတိုင်းမှာ ဟိုတယ်၊ ကားနဲ့တိုးဂိုက်တွေမလောက်ဖြစ်နေတာ တိုးလာရင် ဘယ်လိုရှင်းမလဲ"ဟု Tour De Myanmar ခရီးသွားလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာမဒါလီက ပြောသည်။

လက်ရှိအခြေအနေတွင်နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လေကြောင်းလိုင်း ကိုးလိုင်း ပျံသန်းနေပြီး ၂၀၁၁ ခုနှစ်တွင် ရန်ကုန် လေဆိပ်မှ နိုင်ငံခြားသား ခရီးသည် ၄၃၈,၀၀၀ ဦး ဝင်ရောက်ခဲ့ပြီး ထိုအထဲတွင် ဂျာမနီ နိုင်ငံသား ၁၃,၂၄၅ ဦး ဝင်ရောက်ခဲ့သည်။

## ကိုရီးယားခရီးသွား အမျိုးသမီးတစ်ဦး လေကြောင်းဝန်ထမ်း မြန်မာအမျိုးသားကို လည်ပင်းညှစ်

**အောင်သူရ**

**ရန်ကုန်၊ မတ်-၈**

ကိုရီးယားနိုင်ငံသား ကမ္ဘာလှည့်ခရီးသွား အမျိုးသမီးကြီးတစ်ဦးက Air Asia လေကြောင်းမှ မြန်မာဝန်ထမ်းအမျိုးသားတစ်ဦးအား လည်ပင်းညှစ်သည့်ဖြစ်ရပ်တစ်ခု မတ် ၄ ရက်က ရန်ကုန်လေဆိပ်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"မတ် ၂၀ ရက် ပြန်မယ့်လက်မှတ်ကို စောပြီးပြန်ချင်တာ ခရီးသည်က ပြည့်နေတော့ မလွယ်ဘူး။ စောင့်နေရတာကြာတယ်ဆိုပြီး လည်ပင်းညှစ်တာ" ဟု အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့လည်ပင်းညှစ်သော အမျိုးသမီးကြီးမှာ အသက် ၇၈ နှစ်ရှိပြီး ပြန်လည်တောင်းပန်သောကြောင့် အညှစ်ခံရသည့် ဝန်ထမ်းက အမှုမဖွင့်တော့ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

မကြာသေးမီက ရန်ကုန်မြို့ရှိ Orchid ဟိုတယ်တွင် လာရောက်တည်းခိုသည့် ဂျပန်နိုင်ငံသားတစ်ဦးကလည်း ဟိုတယ်ဝန်ထမ်းအမျိုးသမီးတစ်ဦးအား ပါးရိုက်သဖြင့် အမှုဖြစ်ပွားလျက်ရှိသည်။

ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုများ၍ ဝန်ထမ်းများ၏ ဝန်ဆောင်မှုမှာလည်း ကျဆင်းလျက်ရှိကြောင်း လာရောက်တည်းခိုသူအချို့က မှတ်ချက်ပြုကြသည်။

## ဗန္ဓုလ သယ်ယူပို့ဆောင်ရေးက အဝေးပြေးယာဉ်လိုင်းတွင် အဆင့်မြင့်ယာဉ်သစ် အစီး ၃၀ အစားထိုး ပြေးမည်

**မေဝင်းမွန်**

**ရန်ကုန်၊ မတ် -၆**

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ လက်ရှိပြေးဆွဲလျက်ရှိသည့် အဝေးပြေးယာဉ်လိုင်းများတွင် အဆင့်မြင့်လေအိတ် ယာဉ်သစ် အစီးရေ ၃၀ ကို ယခုလကုန်ပိုင်းတွင် အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၊ ယူတောင်း(Yu Toung) ကုမ္ပဏီထုတ်ယာဉ်သစ်များကို လက်ရှိပြေးဆွဲနေသည့်အဝေးပြေးယာဉ်များထဲမှ ကြံ့ခိုင်မှုအားနည်းသော ယာဉ်များနေရာတွင် အစားထိုးမည်ဖြစ်သည်။ နေပြည်တော်တွင် ငါးစီး၊ မန္တလေးတွင် ငါးစီး၊ ရန်ကုန်တွင် အစီး ၂၀ ပြောင်းလဲပြေးဆွဲမည်ဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေး မှ မန္တလေး၊ မကွေး၊ တောင်ကြီး၊ ကျောက်ပန်းတောင်း၊ မုံရွာ၊ နေပြည်တော်၊ ပုသိမ်၊ ချောက်၊ မြင်းခြံ၊ တောင်ငူ၊ မော်လမြိုင်၊ ဆွာ၊ မိတ္ထီလာမြို့များသို့ ရန်ကုန်မြို့အခြေပြု၍ ရွှေမန်းသူ၊ ရှမ်းမလေး၊ ပုသိမ်သူ၊ ရွှေမြိုင်သူ အဝေးပြေးယာဉ်လိုင်း ၁၅ လိုင်း ပြေးဆွဲလျက်ရှိသည်။

## လေယာဉ်ဆီဖိုးတိုးရောင်းထားသည့် ကြိုတင်လက်မှတ်များကို ငွေပြန်အမ်း

**အိဖြူမွန်**

**ရန်ကုန်၊ မတ် - ၇**

လေယာဉ်ဆီဈေးနှုန်းအပြောင်းအလဲတွင် လေယာဉ်ဆီဖိုးအဖြစ် လက်မှတ်ခ တိုးကောက်ခံထားသော ပြည်တွင်းလေကြောင်း လေယာဉ် လက်မှတ်များကို ငွေပြန်အမ်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းခရီးစဉ်လက်မှတ်ဈေးနှုန်းများကိုမတ်လ ၁ရက်မှစ၍ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း လက်မှတ်အရောင်းဌာနများအား အသိပေးပြီး မတ်လ ၆ ရက်တွင် လေယာဉ်ဆီကို စွမ်းအင်ဝန်ကြီးဌာနက ယခင်အတိုင်း ပြန်လည်ရောင်းချမည်ဆိုခြင်းကြောင့် ၆ ရက်မတိုင်မီ လက်မှတ်ကြိုတင်ရောင်းချထားသည့် လေကြောင်းလိုင်းများက ငွေပြန်အမ်းခြင်းဖြစ်သည်။


"လေယာဉ်လက်မှတ်ကို ယူပြီး ရုံးချုပ်မှာ လာထုတ်လို့ရပါတယ်"ဟု အဲပုဂံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မတ်လ ၆ ရက်နောက်ပိုင်း လက်မှတ်နှုန်းထားအသစ်ဖြင့် ကြိုတင်ဝယ်ယူခဲ့သော လေယာဉ်လက်မှတ်ခကို လေယာဉ် လက်မှတ်ယူဆောင်ပြီး အချိန်မရွေး ငွေပြန်လည်ထုတ်ယူနိုင်ကြောင်း အဲမန္တလေး၊ ဈေးကွက်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စွမ်းအင်ဝန်ကြီးဌာနမှ လေယာဉ်ဆီ (Jet-AL)ကို ယခုလ ၁ ရက်မှစ၍ တစ်ဂါလန်လျှင် ၃,၀၀၀ ကျပ်ကောက်ယူခဲ့ရာမှ ယခုလ ၆ ရက်မှစ၍ ယခင် တစ်ဂါလန်လျှင် ၂,၅၀၀ ကျပ်ပြန်လည်သတ်မှတ်ခဲ့သည်။




7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012



7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# မဲခေါင်မြစ်တစ်လျှောက်ရှိ ရေအားလျှပ်စစ်စက်ရုံများ ရေအရင်းအမြစ်ကို ပျက်စီးနိုင်ဟု ပညာရှင်များဆို



**ဝါရှင်တန်၊ မတ် - ၆**

အရှေ့တောင်အာရှ၏ အရှည်ဆုံးမြစ်ဖြစ်သော မဲခေါင်မြစ်တစ်လျှောက်တွင် ရေအားလျှပ်စစ်စက်ရုံများ ဆောက်မည့် စီမံကိန်းများသည် ကမ္ဘာ့အကြီးဆုံးကုန်းတွင်းရေလုပ်ငန်းကိုပျက်စီးစေနိုင်သည့် အကျိုးဆက်များရှိနိုင်၍ ပြန်လည်စဉ်းစားသင့်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။ အမေရိကန်အမျိုးသားသိပ္ပံ အကယ်ဒမီ၏စာစောင်တွင် ပုံနှိပ်ဖော်ပြခဲ့သော ယင်းနိုင်ငံတကာလေ့လာမှုတွင် ပညာရှင်များကမဲခေါင်မြစ်တစ်လျှောက်နိုင်ငံများတွင် ဆည်တမံများဆောက်လုပ်ခြင်းကို အထူးပြုလေ့လာခဲ့သည်။

၎င်းတို့က မြစ်သည် ရွှေ့ပြောင်းကျက်စားနေသော ငါးမျိုးစိတ်များစွာ၏ နေရပ်ဖြစ်သောကြောင့်မြစ်ကြောင်းပေါ်တွင် ရေလှောင်တမံများ ဆောက်လုပ်ခြင်းသည် ငါးများသွားလာကူးပြောင်းမှုကို ဟန့်တားနိုင်ပြီး ဇီဝမျိုးစိတ်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်ကြောင်းဆိုသည်။ ယင်းဖြစ်စဉ်များကြောင့် ငါးကိုအဓိကအစားအစာအဖြစ် ဖမ်းယူစားသုံးကာ အသက်မွေးနေရသောမြစ်ကြောင်းတစ်လျှောက်ရှိကျေးလက်မှ ဆင်းရဲသားပြည်သူသန်းပေါင်းများစွာအပေါ် အကျိုးသက်ရောက်နိုင်ကြောင်း ဆိုသည်။

ယခုလေ့လာမှုကို ကမ္ဘောဒီးယားကုန်းတွင်းငါးလုပ်ငန်းသုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၊ အမေရိကန်ရှိစတန်းဖို့ဒ်နှင့် ပရင့်စတန်တက္ကသိုလ်တို့မှ ပညာရှင်များပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သုတေသနတွင်မြစ်ကြောင်းတစ်လျှောက်ရှိမြစ်လက်တက်များပေါ်တွင် ဆည်ပေါင်း ၇၈ ခု အပြီးသတ်နေသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားတို့ကို ဖြတ်သန်းစီးဆင်းသော မဲခေါင်မြစ်သည် ကီလိုမီတာ ၄,၆၀၀ ရှည်လျားပြီး ကမ္ဘောဒီးယားနှင့်ဗီယက်နမ်တွင် ထိုမြစ်မှ နှစ်စဉ်ရေချိုငါးကောင်ရေ တစ်သန်းကျော်ခန့် ဖမ်းမိနေသည်ဟု သိရသည်။

—*Ref: AFP*




# သီရိလင်္ကာ-ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေး ၁၉ နှစ်အတွင်း ဒေါ်လာ ၄၆ သန်း ရှိ

**ကိုလံဘို၊ မတ် - ၇**

၁၉ နှစ်နီးပါးခန့် ကုန်သွယ်ရေးပြတ်တောက်ခဲ့ပြီးနောက် သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်ရေးပမာဏမှာ အမြင့်ဆုံးစံချိန် ဒေါ်လာ ၄၆ သန်း ရခဲ့ကြောင်း သီရိလင်္ကာ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနကပြောသည်။ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးရိရှတ်ဘတ်သီဒင်းသည် ကိုလံဘိုတွင် ပြုလုပ်သော သီရိလင်္ကာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးတွင် ထိုသို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၁၉၉၃ တွင် နောက်ဆုံးအကြိမ်အဖြစ် ကုန်သွယ်ရေးဆွေးနွေးမှု ပြုလုပ်ခဲ့ဖူးသည်။ ထို့နောက် ၂၀၁၁ မှစ၍ နှစ်နိုင်ငံဝန်ကြီးချုပ် နှစ်ဦးကကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

—*Ref: Xinhua*

# အာဏာလွှဲပြောင်းမှု အရေးတွင် နိုင်ငံတကာ ပါဝင်စစ်ဆေးရန် မော်လ်ဒိုက်အတိုက်အခံများ တောင်းဆို

**မာလီ၊ မတ် - ၆**

ယခင်သမ္မတဟောင်း မိုဟမ်မက်နာရှိဒ်ဦးဆောင်သော အတိုက်အခံအဖွဲ့က ဖေဖော်ဝါရီ ၇ ရက်တွင် ဖြစ်ပေါ်ခဲ့သော မော်လဒိုက်ပြည်တွင်းအာဏာလွှဲပြောင်းမှုများကို နိုင်ငံတကာမှ ပါဝင်စစ်ဆေးပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

အတိုက်အခံ မော်လဒိုက် ဒီမိုကရက်တ်ပါတီ MDP ၏ပြောခွင့်ရပုဂ္ဂိုလ်က ပါတီသည် အသစ်တည်ထောင်ထားသော အမျိုးသားစုံစမ်းရေးကော်မရှင်နှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိသည်ကို ပူပန်နေကြောင်း ဆိုသည်။ ၎င်းက "အမ်ဒီပီဟာ အခိုင်အမာပြောခဲ့ပါတယ်။ လွတ်လပ်ပြီး သီးသန့်ဖြစ်ဖို့ဆိုရင် မည်သည့်စုံစမ်းစစ်ဆေးမှုမဆိုဟာ နိုင်ငံတကာရဲ့ အားကောင်းတဲ့ပါဝင်မှု လိုအပ်ပါတယ်။ တရားရေးကျွမ်းကျင်သူတွေ၊ အခြေခံဥပဒေကျွမ်းကျင်သူတွေ၊ စုံစမ်းရေးမှူးတွေနဲ့ လူ့အခွင့်အရေးကျွမ်းကျင်သူတွေ အဲဒီထဲမှာပါဝင်သင့်ပါတယ်" ဟုပြောသည်။

မော်လဒိုက်ကျွန်းနိုင်ငံသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်တွင် သမ္မတနာရှိဒ် နုတ်ထွက်ပြီးနောက်နိုင်ငံရေး မတည်ငြိမ်မှုဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် သမ္မတနာရှိဒ်က ၎င်းသည် ရာထူးမှ နုတ်ထွက်ရန် စစ်တပ်က ပူးပေါင်း ပါဝင်သော အာဏာသိမ်းမှုကြောင့် ဖိအားပေးခံခဲ့ရခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

—*Ref: Xinhua*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.2 ▪ MARCH 15 , 2012



# စင်ကာပူတွင် ရေအရင်းအမြစ်နှင့်ပတ်သက်၍ တစ်နှစ်လျှင်ကန်ဒေါ်လာ တစ်ဘီလီယံကျော် သုံးစွဲနေရ

**စင်ကာပူ၊ မတ် - ၇**

စင်ကာပူ၏ သောက်သုံးရေ ဖြန့်ချိရေးဌာန PUB သည်တစ်နှစ်လျှင် ရေထုတ်လုပ်ရေးနှင့် ဖြန့်ဝေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်များအပါအဝင် စင်ကာပူဒေါ်လာ ၁ ဒသမ ၃ ဘီလျံ (ကန်ဒေါ်လာ ၁ ဒသမ ဝ၃ ဘီလျံ) ခန့်အသုံးပြုနေကြောင်း ဒေသခံ ဘိဇနက်တိုင်းမ်သတင်းစာတွင် ဖော်ပြသည်။ ယင်းဌာနသည် ရေဖိုးငွေ စင်ကာပူဒေါ်လာ ၁ ဒသမ ဝ၄ ဘီလျံကောက်ခံရရှိပြီး ဘဏ္ဍာရေးဝန်ကြီးဌာနက လည်း ရေထိန်းသိမ်းခ အခွန်အဖြစ် စင်ကာပူဒေါ်လာ ၁၇၅ ဒသမ ၆ သန်းကောက်ခံ ရရှိထားကြောင်း သိရသည်။ ထို့ကြောင့် ရေဖြန့်ချိရေးဌာန PUB ၏ဝင်ငွေစုစုပေါင်းမှာ စင်ကာပူဒေါ်လာ ၁ ဒသမ ၂ ဘီလျံ (ကန်ဒေါ်လာ ၉၅၂ သန်း) ဖြစ်ကြောင်း ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဝန်ကြီး ဗိဗီယန် ဘာလက်ခရစ်ရှ်နန်က ပြောသည်။

၎င်းက ပါလီမန်၌ "နှစ် ၅၀ စာ တိုင်းပြည် ရေဖူလုံ ဖြန့်ဝေဖို့ဟာ ဈေးသက်သာတယ်မရှိဘူး" ဟုပြောသည်။ သို့သော် ၎င်းက သုံးရေ ဈေးနှုန်းများကို တိကျစွာ သတ်မှတ်ရောင်းချနေကြောင်းဆိုသည်။ စင်ကာပူသည် မလေးရှားနှင့် ၁၉၆၁ တွင် သုံးရေရယူရေး သဘောတူညီမှု နှစ်ခုလုပ်ခဲ့ပြီး တစ်ခုမှာ ၂၀၁၁ တွင် သက်တမ်းကုန်၍ ကျန်တစ်ခုမှာ ၂၀၆၁ တွင် သက်တမ်းကုန်မည် ဖြစ်သည်။ စင်ကာပူသည် သောက်ရေ၊ သုံးရေဖူလုံရေးအတွက် ကြီးမားစွာ ရင်းနှီးမြှုပ်နှံနေပြီး ၂၀၆၁ ခုနှစ်တွင် မူကိုယ်ပိုင်သုံးရေလုံလောက်စွာ ထုတ်လုပ်နိုင်မည်ဟု သိရသည်။

*—Ref: CNA*

## နောက်ကျောဖုံး - သမ္မတအိုဘားမား တောင်-မြောက်ကိုရီးယားနယ်စပ်သို့ လည်ပတ်မည် မှ

"အိုဘားမားဟာ မြောက်ကိုရီးယားကိစ္စနဲ့ပတ်သက်ပြီး မှတ်ချက်ပေးမယ်လို့ မျှော်လင့်ရပါတယ်။ ဒါ့အပြင် မြောက်ကိုရီးယားနဲ့ပတ်သက်ပြီး ကမ္ဘာ့အသိုင်းအဝိုင်းရဲ့ စိုးရိမ်ပူပန်မှု၊ အမေရိကန်-တောင်ကိုရီးယား မဟာမိတ်ဖွဲ့မှုကို အမေရိကန်က ဆက်လက်ထောက်ခံမှုတွေနဲ့ပတ်သက်လို့လည်း မိန့်ခွန်း ပြောဖို့ရှိပါတယ်" ဟု သံတမန် သတင်းရင်းမြစ်က ပြောသည်။

အစောင့်အကြပ်အများအပြားချထားသည့် စစ်ရေးကင်းမဲ့ဇုန်သို့ အိုဘားမားသွားရောက်လည်ပတ်ဖွယ်ရှိကြောင်း ယွန်ဟပ်သတင်းအေဂျင်စီကလည်းပြောကြားသည်။ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြားရှိ စစ်ရေးကင်းမဲ့ဇုန်အား သံဆူးကြိုးများဖြင့် ကာရံထားပြီး ထိုနေရာတွင် မိုင်းကွင်းများလည်းရှိကာ နှစ်နိုင်ငံကြား ဖြတ်တောက်ထားသောနေရာဖြစ်သည်။

တောင်ကိုရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ အိုဘားမား၏ စစ်ရေးကင်းမဲ့ဇုန် အလည်အပတ်ခရီးမှာ အပြီးသတ် မဆုံးဖြတ်ရသေးကြောင်း ပြောကြားပြီး အမေရိကန်သံရုံး အရာရှိတစ်ဦးကလည်း ယင်းကိစ္စကို မသိကြောင်း ပြောကြားသည်။

*—Ref: AFP*


## နောက်ကျောဖုံး - ဆီးရီးယားအရေးကို အကောင်းဘက်က ရှုမြင်ကြောင်း ကုလအထူးကိုယ်စားလှယ်ပြောကြား မှ

မစ္စတာအာနန်သည် ဆီးရီးယားနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးဖြစ်ပေါ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများအတွက် လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာစေရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်တွေ့တွင်မူ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်းနှင့် အစိုးရတပ်ဖွဲ့များသည် နိုင်ငံအနောက်မြောက်ပိုင်းရှိလွတ်လပ်သော ဆီးရီးယားတပ်ဖွဲ့ဝင်များ ခိုအောင်းရာ အီဒလစ်မြို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်ဟု တက်ကြွလှုပ်ရှားသူများကပြောသည်။

ကုလ အထူးကိုယ်စားလှယ် မစ္စတာကိုဖီအာနန်က ဆီးရီးယားသမ္မတနှင့်တွေ့ဆုံပြီးနောက်သတင်းထောက်များအားစကားပြောကြားရာ၌ ၎င်းအနေဖြင့် အဆိုပြုချက်များကို တင်ပြခဲ့ကြောင်း၊ အကယ်၍ ယင်းအဆိုပြုချက်များအား သဘောတူညီခဲ့ပါက အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို စတင်နိုင်ပြီး မြေပြင်မှ အကျပ်အတည်းကိုလည်း အဆုံးသတ်စေနိုင်ကြောင်း ပြောကြားသည်။

*—Ref: BBC*



# Leader's Profile

## အီဂျစ်ဝန်ကြီးချုပ်

# ကာမယ်လ်ဂန်ဇူရီ

ရဲမင်း

မစ္စတာကာမယ်လ်ဂန်ဇူရီသည် စီးပွားရေးပညာရှင်တစ်ဦးဖြစ်ပြီး ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်မှစ၍ အီဂျစ်ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ကာမယ်လ်ဂန်ဇူရီအား မိုနိုဖီယာဒေသ ဘာဂေါမြို့အနီး ဂါဝမ်ရွာတွင် မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို အီဂျစ်နိုင်ငံ၌ ပင်သင်ယူခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ်မှ စီးပွားရေးပညာ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် အီဂျစ်နိုင်ငံသို့ ပြန်လာခဲ့ပြီး အီဂျစ်တက္ကသိုလ်များတွင် စာသင်ကြားခဲ့သည်။

မစ္စတာကာမယ်လ်သည်၁၉၆၂ မှ ၁၉၆၇ အထိ ဆာဒက်စီမံခန့်ခွဲရေး အကယ်ဒမီတွင် ဘုတ်အဖွဲ့ဝင်အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင်အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာရပ်ဘဏ်တွင် စီးပွားရေးအကြံပေးဖြစ်လာသည်။ ၁၉၇၄/၇၅ တွင် အီဂျစ် စီမံကိန်းများ ဝန်ကြီးဌာန၌ အလုပ်သင်အတွင်းရေးမှူးအဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် နယူးဗယ်လီပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၇၇ ခုနှစ်တွင် အမျိုးသားစီမံကိန်းအင်စတီကျူဒ်၏ ဒါရိုက်တာဖြစ်လာခဲ့သော မစ္စတာကာမယ်လ်သည် ၁၉၈၁ ခုနှစ်တွင် အီဂျစ်နိုင်ငံ၌ မစ္စတာဟို့စနီမူဘာရက်နိုင်ငံ့ခေါင်းဆောင်ဖြစ်လာပြီးနောက်ပိုင်းတွင် စီမံကိန်းများဝန်ကြီးဌာနဝန်ကြီး ဖြစ်လာခဲ့သည်။ ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ ဒုတိယဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် အီဂျစ်ခေါင်းဆောင် မူဘာရက်က မစ္စတာကာမယ်လ်အား ဝန်ကြီးချုပ်တာဝန်ပေးအပ်ခဲ့သည်။ မစ္စတာကာမယ်လ်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားချိန်တွင် အီဂျစ်အစိုးရ အဖွဲ့သည် ယခင်ကနှင့်မတူအောင်အလုပ်လုပ်ခဲ့ပြီးသက်တမ်းလေးနှစ်အတွင်း ၃၈၇ မျိုးကိုပြဋ္ဌာန်းခဲ့ကာ ၎င်းတို့အထဲမှ ၅၇ မျိုးမှာ အီဂျစ်နိုင်ငံတွင် ကြီးမားသောအပြောင်းအလဲများ ဖြစ်ပေါ်လာစေခဲ့သည်။ မစ္စတာကာမယ်လ်ဝန်ကြီးချုပ် လက်ထက်မှာပင် အီဂျစ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၁ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှစ၍ အဆက်ပြတ်နေခဲ့သော နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့နှင့်လည်း ပြန်လည်ဆက်သွယ် အလုပ်လုပ်နိုင်ခဲ့သည်။ သို့သော် မစ္စတာ ကာမယ်လ်မှာ၁၉၉၉ခုနှစ်တွင်ဝန်ကြီးချုပ်အဖြစ်မှ ထုတ်ပယ်ခံခဲ့ရသည်။

ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် မစ္စတာကာမယ်လ်သည် မီဒီယာများနှင့် ဝေးဝေးနေခဲ့ပြီး အစိုးရကလည်း ၎င်း၏အစိုးရလက်ထက် လုပ်ရပ်များကို စုံစမ်းစစ်ဆေးမှု အများအပြား ပြုလုပ်ခဲ့သော်လည်း မည်သည့်ပြစ်ချက်မှ မတွေ့ရှိခဲ့ပေ။

၂၀၁၁ ခုနှစ်တွင် အီဂျစ်တော်လှန်ရေး ဖြစ်ပေါ်ပြီး မစ္စတာမူဘာရက်ရာထူးမှ ဆင်းပေးပြီး နောက်တစ်ရက်မှာပင် ၎င်း၏ ရေငုံနှုတ်ပိတ်နေမှုကို ဖွင့်ဟခဲ့ပြီး "သည်နေ့မှာ အီဂျစ်နိုင်ငံအတွက် နောက်ပြန်လှည့်စရာ မရှိသောနေ့ရက်" ဟု ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် ထိုစဉ်က အီဂျစ်ဝန်ကြီးချုပ် အက်ဆန်ရှာရက်ဖ်ရာထူးမှနုတ်ထွက်သွားပြီးနောက်အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များ ထိပ်သီးကောင်စီက မဟာမိတ်အစိုးရဖွဲ့စည်းရန် မစ္စတာကာမယ်လ်အား တာဝန်ပေးခဲ့သည်။ မစ္စတာကာမယ်လ်ဂန်ဇူရီတွင် သမီးသုံးဦး ရှိသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ဂျပန်နိုင်ငံတွင် ဆူနာမီတစ်နှစ်ပြည့် ဆုတောင်းပွဲများ ကျင်းပ မှ

ဆူနာမီလှိုင်းဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသော နိုင်ငံအရှေ့မြောက်ပိုင်းရှိ မြို့များနှင့်ရွာများတွင် မျက်ရည်တွေတွေကျနေသော မိသားစုများစုဝေးကြပြီး သေဆုံးသူများအတွက်အောက်မေ့သတိရအခမ်းအနားများပြုလုပ်ကြသည်။

ဆူနာမီဖြစ်ပေါ်သည့် မတ်လ ၁၁ ရက် နေ့လယ် ၂ နာရီ ၄၆ မိနစ်အချိန်တွင် ဂျပန်နိုင်ငံတစ်ဝန်း တစ်မိနစ်ကြာ ငြိမ်သက်စွာ ဂုဏ်ပြုခဲ့ကြသည်။ တိုကျိုမြို့တွင် ပြုလုပ်သည့် နိုင်ငံတော်အခမ်းအနား၌ သေဆုံးသူများအတွက် ဝတ်ပြုဆုတောင်းမှုကို ဂျပန်ဝန်ကြီးချုပ်နှင့် ဘုရင် အကီဟီတိုတို့က ဦးဆောင်ခဲ့ကြသည်။ ဘုရင်အကီဟီတိုက ဂျပန်နိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အဆိုးရွားဆုံးခံစားခဲ့ရသည့် ကမ္ဘာပျက်သလိုဘေးဒုက္ခကို မေ့ပျောက်လိမ့်မည်မဟုတ် ကြောင်းပြောကြားသည်။

ဆူနာမီ တစ်နှစ်ပြည့်မြောက်ပြီးချိန်မှာပင် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သူ လူပေါင်း ၃၂၅,၀၀၀ ဦးမှာ ယာယီအိမ်ရာစခန်းများတွင် နေထိုင်ရဆဲဖြစ်သည်။ အပျက်အစီးအမှိုက်သရိုက်များမှာလည်း အစုလိုက်အပြုံလိုက်ရှိနေသေးပြီး ပြန်လည်တည်ဆောက်မှုအနည်းငယ်သာရှိသေးကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ဗဟိုအစိုးရ၊ ပြည်နယ်အာဏာပိုင်များနှင့် ဒေသခံအရာရှိများအကြား ပူးပေါင်းဆောင်ရွက်မှုတွင် နှောင့်နှေးမှုများရှိနေခြင်းကြောင့် လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှေးကွေးနေရကြောင်းသိရသည်။

*—Ref: AFP/AP*

## နောက်ကျောဖုံး - တရုတ်ကုန်သွယ်ရေး လိုငွေပြမှု ကြီးမားလာ မှ

ထိုအတောအတွင်းမှာပင် တရုတ်စီးပွားရေးကို မောင်းနှင်ရန်လိုအပ်သည့် ကုန်ကြမ်းဈေးနှုန်းများမြင့်တက်လာသည်။ ထို့အတွက် တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းဝယ်လိုအားကိုနှိုးဆွပေးရန်တစ်ခုခုလုပ်ဆောင်ရမည်ဟု ဆန်းစစ်လေ့လာသူအများအပြားက ဟောကိန်းထုတ်နေကြသည်။

တရုတ် အစိုးရကလည်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျှော့ချခန့်မှန်းထားပြီး ၂၀၁၂ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှု ၇ ဒသမ ၅ ရာခိုင်နှုန်းသာရှိလိမ့်မည်ဟု ယခင်သီတင်းပတ်က ပြောကြားခဲ့သည်။

*—Ref: BBC*




စားသုံးနိုင်သူများ
➤ မြေဆီမထွက်၊ ဇက်ကြောတက်၊ မျက်စိမှုန်ဝါးသူ၊
➤ ဝမ်းချုပ် ဆီးပူ၊ ရိုးဖြူလိပ်ထွက်၊ လဆက်ရာသီမှန်လိုသူ၊
➤ ဆံပင်ဖြူ/ ပါး၊ အတိုင်များ၊ ညောင်းအားပိုတတ်သူ၊
မျက်ကြည်လူဝ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး Tel: 062 30127, 09 6570957, 09 203 1080.

EAC စားသောက်ကုန်နည်းပညာသင်တန်း
၇၆၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
01-224401, 09 730 71 901, 09 538 55 22
နန်းထိုက်တော်ဝင် - ၂၉ × ၇၂ ထိပ်၊ မန္တလေး ။ 02 -31505, 095134987
ရေခဲမုန့်၊ အအေး၊ ဂျယ်လီ၊ ဖျော်ရည်၊ အချိုရည်၊ နိုင်ငံခြား ကိတ်၊ မုန့်ဖုတ်၊ သစ်သီးယို၊ Jam၊ ငရုတ်ဆော့၊ သစ်သီးသနပ်၊ငါးမုန့်၊ ပဲပြား၊ Snack၊ နို့မလိုင်အခဲ/အလုံး၊ ဆပ်ပြာချောင်း၊ အဆီနှင့်အလှကုန်သင်တန်း
ရေခဲမုန့်စက်၊ တစ်ခါသုံးခွက်၊ အအေးကုန်ကြမ်းများ ရနိုင်သည်။
အဆင့်မြင့် ကိတ်မုန့်၊ ပေါင်မုန့်၊ ပန်းအုပ်နည်းများသီးသန့်သင်ယူနိုင်သည်။
သင်တန်းစရက် - အပတ်စဉ်တနင်္လာ၊ ကြာသပတေးနေ့တိုင်း

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# "ကျွန်တော်တို့က အာရပ်နွေဦးတော်လှန်ရေးကိုစတဲ့ ပထမဆုံးနိုင်ငံပါ"

## တူနီးရှားသမ္မတ မွန်ဆက်မာဇော်ကီနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

အာရပ်နွေဦးရဲ့ ဦးဆောင်နိုင်ငံဖြစ်တဲ့ တူနီးရှားမှာ သမ္မတမွန်ဆက်မာဇော်ကီ အာဏာရလာတာဟာ သုံးလခန့်ပဲရှိပါသေးတယ်။ ဒါပေမဲ့ နုနယ်လွန်းတဲ့ အစိုးရသစ်သက်တမ်းလပိုင်းအတွင်းမှာပဲ သမ္မတသစ်ဟာ စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ဖြေရှင်းနေရတာပါ။ သမ္မတမွန်ဆက်မာဇော်ကီရဲ့ ထိပ်တန်းဦးစားပေးအလုပ်တွေကတော့ နိုင်ငံတွင်းလုံခြုံမှု ပြန်လည်ထိန်းသိမ်းရေး၊ စီးပွားရေးနဲ့ လူမှုရေးပြဿနာတွေကို ဖြေရှင်းရေးပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းဌာနဟာ ကာသေ့မြို့တော်မှာရှိတဲ့ သမ္မတနန်းတော်မှာ သမ္မတဒေါက်တာ မွန်ဆက်ဖ်မာ ဇော်ကီနဲ့ တွေ့ဆုံခဲ့ပြီး ၎င်းရဲ့ တူနီးရှားအနာဂတ်အပေါ် ယုံကြည်မှုအကြောင်း၊ လတ်တလောတူနီးရှားရဲ့ အစိုးရဖွဲ့စည်းပုံ၊ နိုင်ငံရေးအနေအထားနဲ့ ဆီးရီးယားအပေါ် ၎င်းရဲ့သဘောထားတွေကိုပါ သိရအောင် မေးမြန်းခဲ့ပါတယ်။

**သမ္မတကြီးဒေါက်တာမွန်ဆက်မာဇော်ကီခင်ဗျာယခင်သမ္မတဟောင်း ဘင်အလီရဲ့ အတိုက်အခံဟောင်း၊ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးအနေနဲ့ လူကြီးမင်းဟာ ထောင်ဒဏ်၊ နေအိမ်အကျယ်ချုပ်နဲ့ ပြည်ပြေးဘဝတွေကို တွေ့ကြုံခဲ့ရဖူးတယ်။ ဒီနေ့တော့လူကြီးမင်းသမ္မတဖြစ်ခဲ့တာ တူနီးရှားပြည်သူတွေရဲ့တော်လှန်ရေးကို ကျေးဇူးတင်ရပါမယ်။ သမ္မတကြီးရဲ့ နိုင်ငံရေးဘဝဟာ အခက်အခဲတွေရော၊ အကျိုးအမြတ်တွေရော နှစ်ခုစလုံးပြွန်းတီးခဲ့တယ်။ အခုတော့ သမ္မတကြီး ဘယ်လိုနည်းလမ်းတွေနဲ့ ပြောင်းလဲသွားခဲ့ပါပြီလဲ။**

ဘာမှ မပြောင်းလဲသွားပါဘူး။ ပြောင်းလဲသွားတာ ကျွန်တော့်ပတ်ဝန်းကျင်သာပါပဲ။ ကျွန်တော်က မပြောင်းခဲ့ဘူး။ ကျွန်တော်အရင်အတိုင်းရှိနေဆဲပါပဲ။ ကိုယ့်ယုံကြည်မှုတွေ၊ ဒါမှမဟုတ် အကျင့်တွေ၊ အစဉ်အလာတွေကို ကျွန်တော် မပြောင်းလဲခဲ့ဘူး။ အဲဒါတွေအားလုံးကနေ ပြဿနာတွေကို အတိုက်အခံဘက်က (ရှုထောင့်ကနေ) ကျွန်တော်လေ့လာခဲ့ပြီးပြီ။ အခုတော့ အာဏာရထားတဲ့အနေအထားနဲ့ အဲဒါတွေကို ကျွန်တော်ကြိုးစားဖြေရှင်းနေရတယ်။ ဒါကပဲ ပြောင်းလဲသွားတဲ့ပြဿနာတွေရဲ့ သဘာဝနဲ့ အသွင်အပြင်ပဲလေ။ အဲဒါကလွဲလို့က တော့အားလုံးအရင်အတိုင်းပါပဲ။

**ဒီတိုင်းပြည်ရဲ့ နိုင်ငံရေးအနေအထားကိုကျွန်တော်တို့ပြောမယ်ဆိုရင်လတ်တလောမှာအာဏာရ ညွန့်ပေါင်းအဖွဲ့ အတ်တာကတ်တိုလ်ထဲက ပါတီတစ်ခုအတွင်းကွဲပြားမှုတွေ ရှိနေပါတယ်။ Democratic Forum for Labour and Liberties လို့ လူသိများတဲ့ ပါတီတွင်းမှာလည်း မကျေနပ်မှုတွေရှိနေသလား။ ဒီလူတွေက အင်နာဒါပါတီတစ်ခုတည်းကပဲ အာဏာအားလုံးကို ရယူချုပ်ကိုင်ထားဖို့ ကြိုးစားနေတယ်လို့ ယုံကြည်နေတာဆိုတော့လေ။**

အတ်တာကတ်တိုလ် ညွန့်ပေါင်းအဖွဲ့ထဲအပါအဝင် အခြားနိုင်ငံရေးပါတီတွေအတွင်း ဖြစ်ပျက်နေတာကလည်း ကျွန်တော်နဲ့လည်း ဆိုင်သလို လက်ရှိဖြစ်နေတဲ့ အပြောင်းအလဲစိတ်ဓာတ်ရဲ့ တစ်စိတ်တစ်ပိုင်းပါပဲ။ ကျွန်တော်တို့ တွေးကြောက်တာကတော့ ပြန်လည်ဖွဲ့စည်းတည်ဆောက်နေတဲ့ ဒီအဆင့်ဟာ သိပ်ကြာသွားမှာ။ ဒါမှမဟုတ် မလိုလားအပ်တဲ့နိုင်ငံရေးအခြေအနေသစ်တွေဆီ ရောက်သွားမှာကို ကြောက်နေတာပါ။ ကျွန်တော်တို့ လိုချင်နေတာက တိုင်းပြည်ရဲ့ အကျိုးစီးပွားတွေကို ထမ်းဆောင်နိုင်မယ့် တည်ငြိမ်ပြီး ခိုင်မာအားကောင်းတဲ့ နိုင်ငံရေးအခြေအနေဖြစ်ပါတယ်။ အခုပြောနေကြတာအားလုံးဖြစ်တဲ့ ညွန့်ပေါင်းအဖွဲ့အတွင်းကွဲပြားမှုတွေ ရှိနေတယ်ဆိုတာက အခြေအမြစ်မရှိပါဘူး။ ကျွန်တော်တို့ရဲ့ ဒီအစိုးရဟာ လသားသက်တမ်းပဲရှိသေးတယ်။ ဒါ့ကြောင့် သဘောထားကွဲတဲ့စကားတွေ ဆိုတာ သတင်းစာတွေ ရောင်းကောင်းအောင် လုပ်တာပါပဲ။

**သမ္မတကြီးခင်ဗျာ တူနီးရှားလူမျိုးအများစု ယုံကြည်နေတာကတော့ Forum ပါတီနဲ့ အင်နာဒါပါတီတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတွင်းမှာ နိုင်ငံရေးအားမျှခြေတစ်ခု ဖန်တီးနိုင်အောင်စတင်ဖွဲ့စည်းထားသင့်တယ်ဆိုပါတယ်။ ဒါပေမဲ့အခုဆိုအင်နာဒါပါတီကပဲ တကယ့်နိုင်ငံရေးအာဏာကို ကိုင်စွဲထားတယ်။ သမ္မတရဲ့ အကန့်အသတ်နဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို ဒီမှာမြင်တွေ့နေရပါပြီလားခင်ဗျ။**

ဒီညွန့်ပေါင်း အစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့တဲ့ အချိန်အတွင်း ကျွန်တော်တို့ဟာ ခိုင်မာအားကောင်းခဲ့ပြီး အားပျော့မနေခဲ့ပါဘူး။ အင်နာဒါပါတီတစ်ခုထဲက မအုပ်ချုပ်နိုင်ဘူးဆိုတာလည်း ကျွန်တော်တို့သိခဲ့ပါတယ်။ ဒါ့ကြောင့် အာဏာခွဲဝေမှု အပိုင်းတွေကို ကျွန်တော်တို့ဆွေးနွေးတော့ အလွန်ရှင်းလင်းတဲ့နိုင်ငံရေးလမ်းစဉ်တစ်ခုနဲ့ လုပ်ဆောင်ဖို့ ကျွန်တော်တို့သဘောတူညီခဲ့တယ်။ ဒီလမ်းစဉ်က လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးငယ်တွေရဲ့အခွင့်အရေးနဲ့ ဘယ်ပြည်သူ့အခွင့်အရေးကိုမဆို လေးစားဖို့အာမခံထားတယ်။ ဒီနောက် သမ္မတရဲ့ လုပ်ကိုင်ခွင့်အာဏာတွေကို ကျွန်တော်တို့ပြဋ္ဌာန်းခဲ့တယ်။ ဒီကိစ္စတွေဟာအချိန်အများကြီး ယူရမယ့်ကိစ္စတွေလို့ ကျွန်တော်ထင်ပါတယ်။ သမ္မတဟာ အစိုးရအဖွဲ့ရဲ့အကြံပေးမှုကိုကြီးကြပ်ရတယ်။ ဥပဒေတွေ ကြေညာပေးရတယ်။ ဒီတော့ သမ္မတရဲ့ အခွင့်အာဏာတွေနဲ့ ပတ်သက်လို့ ကျွန်တော် အများကြီးစိတ်ကျေနပ်မိပါတယ်လို့ပြောရမယ်။

**တူနီးရှားလူမျိုး တော်တော်များများကလည်း တူနီးရှားအာဏာပိုင်တွေရဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေမှာ နိုင်ငံခြားက ဝင်စွက်ဖက်မှုရှိတယ်လို့ ထင်နေကြပါတယ်။ အထူးသဖြင့် ကာတာနိုင်ငံဆီက လာတာပေါ့လေ။ အဲဒါကို သမ္မတကြီးဘာပြောချင်ပါသလဲ။**

ကျွန်တော်ပြောနိုင်သမျှအားလုံးကတော့ ကျွန်တော်တို့ဟာ ကိုယ့်ဆုံးဖြတ်ချက်တွေကို ကိုယ်ပိုင်အချုပ်အခြာအာဏာအပြည့်နဲ့ လုပ်နေတာပါ။ ဘယ်သူမှ တူနီးရှားရဲ့ကိစ္စတွေကို ဝင်မစွက်ပါဘူး။ ကာတာကလည်း မစွက်ဖက်ပါဘူး။ ကာတာတွေက ကူညီချင်နေကြတယ်လေ။ ဒါပေမဲ့ တခြားလူတွေဆီက ညွှန်ကြားချက်တွေ ကျွန်တော်တို့ရမနေပါဘူး။ အမေရိကန်၊ ပြင်သစ်၊ ကာတာတို့ဆီမရယူသလို ဘယ်သူ့ဆီကမှလည်း ရမနေပါဘူး။

**တိုင်းပြည်ရဲ့ လုံခြုံရေးအခြေအနေကိုလည်း မေးချင်ပါတယ်။ သမ္မတကြီးဘက်က လူမှုတည်ငြိမ်မှုရဖို့တောင်းဆိုထားပေမယ့် ဆန္ဒပြပွဲ၊ သပိတ်မှောက်တာတွေက ဆက်ဖြစ်နေပါတယ်။ အစိုးရဟာ တိုင်းပြည်ကို ခြိမ်းခြောက်နေတဲ့ လုံခြုံရေးပြဿနာတွေကို မဖြေရှင်းနိုင်သေးတာလား။ ပြီးတော့ အစိုးရမှာ တည်ငြိမ်မှုရရှိဖို့ ရှင်းလင်းတဲ့ မဟာဗျူဟာတစ်ရပ်ရှိမနေဘူးလား။**

ဆန္ဒပြပွဲတွေ၊ သပိတ်မှောက်ကြတာတွေနဲ့ ပတ်သက်လို့ လုံခြုံရေးဆိုင်ရာ ပြဿနာတချို့ရှိနိုင်ပါတယ်။ ဆန္ဒပြမှုတွေကလည်း သူတို့ရဲ့ လူမှုအခြေအနေကို ငြီးငွေ့နေကြတဲ့ ပြည်သူတွေရဲ့ ဒုက္ခနဲ့လည်း သက်ဆိုင်နေပါတယ်။ ဒါကို ကျွန်တော်တို့နားလည်ပါတယ်။

တစ်ဖက်မှာလည်း ပြဿနာဖြစ်ချင်ရုံသက်သက်လုပ်နေတဲ့လူတွေရှိပါတယ်။ ဒီအခြေအနေနဲ့ ပတ်သက်လို့တော့ အစိုးရဟာ စည်းကမ်းနဲ့ ကျွမ်းကျင်စွာ ကိုင်တွယ်မှုပေါ်လစီကို လိုက်နာကျင့်သုံးနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ တော်လှန်ရေးက ပေါက်ဖွားလာခဲ့ပြီး ဒါကိုလိုက်နာခြင်းအားဖြင့် လူတွေအနေနဲ့ ဘင်အလီခေတ်က သုံးခဲ့တဲ့ ဖိနှိပ်မှု နည်းလမ်းတွေကို မသုံးနိုင်အောင်လို့ ဖြစ်ပါတယ်။ အဲဒါတွေက နိုင်ငံရဲ့ အချုပ်အခြာအာဏာအတွက်ဆိုပြီး လူတွေကို ပစ်သတ်တာမျိုးပေါ့။ ဒါမျိုးကိုတော့ကျွန်တော်တို့ ငြင်းပယ်ပါတယ်။

**တိုင်းပြည်ရဲ့ စီးပွားရေးနဲ့ပတ်သက်လို့လည်း အစိုးရဟာ စီးပွားရေးမြှင့်တင်ရေးနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်စိတ်ချရမှုပြန်ရရေးအတွက် လက်တွေ့ကျတဲ့ ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ဆောင်နေပါသလဲ။ အထူးသဖြင့် လက်ရှိစီးပွားရေးအရ ထိရောက်အကျိုးရှိမှုမရတဲ့ကိစ္စတွေမှာပေါ့လေ။**

ဒီအစိုးရဟာ အာဏာရတာ နှစ်လသုံးလပဲ ရှိသေးတယ်ဆိုတာလူတွေ နားလည်စေချင်ပါတယ်။ စီးပွားရေးခေတ်သစ်တစ်ခုအတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တည်ဆောက်နိုင်ဖို့ နှစ်နှစ်၊ သုံးနှစ်လောက် လိုတတ်ပါတယ်။ အစိုးရက အခုအခြေခံကျတဲ့ပြုပြင်ပြောင်းလဲမှုတွေအတွက် အခြေခံအုတ်မြစ်တွေ ချမှတ်ပေးနေပြီးလာမယ့် ငါးနှစ်အတွင်း ရလဒ်တွေမြင်ရမှာပါ။ ဒါကိုပြည်သူတွေ နားလည်ဖို့ လိုတာပါ။

**နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ ခရစ်စတင်းလာဂတ်ဟာ တူနီးရှားကိုငွေထုတ်ချေးဖို့ အဆိုပြုခဲ့ပါတယ်။ သမ္မတကြီးတို့ဟာ နောက်တစ်ကြိမ်အိုင်အမ်အက်ဖ်ရဲ့ လက်သပ်မွေးသတ္တဝါလေးထပ်ဖြစ်တော့မလား။ ဒါကပဲ တော်လှန်ရေးတိုင်းပြည် တူနီးရှားကို စီးပွားရေးအကျပ်အတည်းက လွတ်မြောက်ဖို့ အရေးပေးရမယ့် တန်ဖိုးလား။**

တူနီးရှားပြည်သူတွေကလွဲလို့ ဘယ်သူမှ သမ္မတကို အမိန့်တွေပေးပိုင်ခွင့်မရှိပါဘူး။ တူနီးရှားပြည်သူတွေကလွဲလို့ ဘယ်သူမှလည်း အစိုးရကို မဖန်တီးနိုင်ပါဘူး။ ဘဏ္ဍာရေးပြဿနာတချို့ အသေအချာရှိနေပေမယ့် ကျွန်တော်တို့က တော်လှန်ရေးတိုင်းပြည်တစ်ခုပါ။ စီးပွားရေးက ပြည်သူတွေကိုပဲ အကျိုးပြုရပါမယ်။ ကျွန်တော်တို့ကိုယ်တိုင် ဆုံးဖြတ်ချက်တွေကို အချုပ်အခြာအာဏာအပြည့်နဲ့ ဖန်တီးနေပြီး တူနီးရှားပြည်သူတွေရဲ့ အကျိုးစီးပွားတွေကိုပဲ ထမ်းဆောင်ဖို့ လုပ်နေပါတယ်။

**သမ္မတကြီးဟာ ပြည်သူတွေကို ဖိနှိပ်တဲ့ ဆီးရီးယားရဲ့ မူဝါဒကို ကန့်ကွက်တဲ့အနေနဲ့ ဆီးရီးယားသံအမတ်ကို နှင်ထုတ်ဖို့ဆုံးဖြတ်ခဲ့တယ်။ အာရပ်နိုင်ငံတွေလည်း လုံခြုံရေးကောင်စီမှာ ဆီးရီးယားကို ရှုတ်ချကြောင်း ဆုံးဖြတ်ချက်မူကြမ်းကို တင်ခဲ့ပေမယ့် ဘယ်အာရပ်နိုင်ငံကမှ ဒီလိုအရေးယူတာမလုပ်ခဲ့ဘူး။ ဘယ်သူမှ သူတို့နိုင်ငံကနေ ဆီးရီးယားသံအမတ်ကို နှင်မထုတ်ဖူးဘူး။**

ဆီးရီးယားအစိုးရရဲ့ ကြမ်းကြုတ်မှုနဲ့ ဖိနှိပ်မှုကို ကြုံရတဲ့အခါမေးခွန်းက တူနီးရှားရဲ့ အကျိုးစီးပွားမဟုတ်တော့ဘူး။ နိုင်ငံရဲ့ ဂုဏ်သိက္ခာဖြစ်လာတယ်။ ကျွန်တော်တို့က အာရပ်နွေဦးတော်လှန်ရေးကိုစတဲ့ပထမဆုံးနိုင်ငံပါ။ ကျွန်တော်တို့မှာ ကိုယ့်အမျိုးသားဂုဏ်မာနရှိသလို ဒီတိုင်းပြည်ကို ကူညီရမယ့်တာဝန်လည်းရှိတယ်။ ဒီဆုံးဖြတ်ချက်ကို တူနီးရှားတော်လှန်ရေးနဲ့ တူနီရှားနိုင်ငံရဲ့ ဂုဏ်သိက္ခာအတွက် လုပ်ခဲ့တယ်။ ဒါဟာ ဆီးရီးယားက ကျွန်တော်တို့ညီအစ်ကိုတော်တွေကို သူတို့ကို ကျွန်တော်တို့ထောက်ခံကြောင်း သတင်းစကားပဲ ဖြစ်ပါတယ်။

*—Ref: Tuni Sia's Marzouki: "We want no baath flag over our conutry*





7 DAY NEWS JOURNAL

# Entertainment

Vol.11, No.2 • MARCH 15 , 2012



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## "လူကုန်ကူးမှုပပျောက်ဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့သူတွေအားလုံး လူသားချင်းစာနာပြီး တစ်တပ်တစ်အား ပါဝင်ဖို့တိုက်တွန်းပါတယ်

### Rဇာနည်နှင့် တွေ့ဆုံခြင်း

ကြူကြူဟာန်

**အောင်မြင်မှုများစွာကို ပိုင်ဆိုင်ထားပြီး City FMတွင်လည်း နှစ်စဉ်ဆုများ ရရှိနေသူ တစ်ဦးဖြစ်သည့် အဆိုတော် Rဇာနည်ကို လူကုန်ကူးမှုနှင့်သက်ဆိုင်သော မှတ်တမ်းရုပ်ရှင်တင်ဆက်သူအဖြစ် MTV Exit က ရွေးချယ်ထားသည့်အတွက် လူကုန်ကူးမှုတားဆီးပညာပေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုများကို သိရှိရန် စာဖတ်ပရိသတ်များအား ဖော်ပြပေးလိုက်ပါသည်။**

**MTV Exit က မြန်မာနိုင်ငံမှာ ဒုတိယအကြိမ် ပြုလုပ်တဲ့ လူကုန်ကူးမှုနဲ့ဆိုင်တဲ့ မှတ်တမ်းတင်ရုပ်ရှင်ကို တင်ဆက်သူအဖြစ် Rဇာနည်ကိုရွေးချယ်တဲ့အခါလက်ခံဖြစ်တဲ့ အကြောင်းလေးကို သိပါရစေ။**

လက်ခံဖြစ်တဲ့ အကြောင်းရင်းကတော့ လူမှုရေးအလုပ်ကို တတ်စွမ်းတဲ့ အနုပညာနဲ့ တစ်တပ်တစ်အားပါဝင်တဲ့ သဘောပါပဲ။

**ဒီမှတ်တမ်းခွေမှာ ပရိသတ်စိတ်ဝင်စားလာအောင် ဘယ်လိုတင်ဆက်ထားလဲ။**

ဒီဟာက တကယ့် ဒီအဖြစ်အပျက်လေးကို ကိုယ်ကပြန်ပြောပြတဲ့ ဇာတ်လမ်းလေးပါ။ ပြည်သူလူထုက ဒီဇာတ်လမ်းလေးကို ကြည့်ပြီးတော့ ကျွန်တော်ပြောပြတဲ့ဟာကို ဥပမာ-ဒီဇာတ်လမ်းမျိုးလေးကို နားထောင်ပြီးတော့ သူတို့တွေ နားလည်လွယ်အောင် ပြောပြတဲ့သဘောပါ။

**ဒီအစီအစဉ်က ထူးခြားတယ်လေ။ အစ်ကိုက လူကုန်ကူးမှတ်တမ်းရုပ်ရှင်မှာ ဘာကြောင့်ပါဝင်ဖြစ်ခဲ့တာလဲ။**

ကျွန်တော်က ဘာကြောင့်ပါဝင်ဖြစ်လဲဆိုတော့ ဒီကိုကောင်းဇန်တို့လာပြီး ကမ်းလှမ်းတဲ့အခါမှာ ပြီးခဲ့တဲ့နှစ်ကလည်း ဒီလိုပဲ တခြားအနုပညာရှင်တစ်ယောက်က ဒီလိုလုပ်ဖူးတယ်ပေါ့နော်။ ဒီလို အနုပညာရှင်တွေက ဝိုင်းပြီး လုပ်ကြတဲ့ကိစ္စမို့ လုပ်ပေးစေချင်တယ်ပြောလို့ ပါဝင်ဖြစ်တာပါ။

**နာမည်ကျော် အဆိုရှင်တစ်ယောက်က အစီအစဉ်တင်ဆက်သူအနေနဲ့ လုပ်ပေးလိုက်တဲ့အခါ လူကုန်ကူးတဲ့ကိစ္စမှာ ပြည်သူလူထုအပေါ် ဘယ်လောက်ထိ သက်ရောက်မှုရှိနိုင်မလဲ။**

ဘယ်လောက်ထိ အကျိုးသက်ရောက်မှု ရှိမလဲဆိုတော့ ကျွန်တော်တို့ဒီဇာတ်လမ်းလေးကို မပြသေးဘူး။ ပြပြီးလို့ရှိရင် အကျိုးသက်ရောက်မှု တစ်ခုကတော့ ရှိမယ်။ ဘယ်အတိုင်းအတာထိ ရှိမယ်လို့တော့ အတိအကျ မပြောတတ်ဘူး။ ဒီဇာတ်လမ်းကို လူတွေ ကြည့်ပြီး ပြုမူတယ်ဆိုရင် သူတို့ရဲ့ ခေါင်းထဲမှာ အသိဉာဏ်တစ်ခုဝင်သွားမယ်ပေါ့။ ငါတို့ ဒီလိုလူမျိုးတွေလို ငါတို့အဖြစ် မခံဘူး။ အဲလို အသိဉာဏ်လေးတစ်ခုဝင်သွားမယ်ဆိုရင် ဘာပဲပြောပြော အကျိုးရှိမှာပါ။ ဘယ်လောက်ထိလဲဆိုတော့ တိုင်းပြည်တစ်ပြည်လုံး ကြည့်မိတယ်ဆိုရင် တိုင်းပြည်တစ်ပြည်လုံး အကျိုးရှိမှာပေါ့နော်။ တိုင်းပြည်တစ်ဝက်ပဲကြည့်မိတယ်ဆိုရင် တစ်ဝက်ပဲ အကျိုးရှိမယ်။

စာ(၄၉)သို့

## ပါရီမှာ ဖျော်ဖြေမယ့် စူပါဂျူနီယာ

**ဆိုးလ်၊ မတ် - ၇**

ကိုရီးယားပေ့ါပ်ဂီတအဖွဲ့ စူပါဂျူနီယာသည် လာမည့် နိုဝင်ဘာလတွင် ဆိုးလ်မြို့တော်မှစတင်ကာ ၎င်းတို့၏ကမ္ဘာလှည့် ဖျော်ဖြေပွဲကိုလှည့်လည်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ အဖွဲ့သည်ဖျော်ဖြေပွဲ၏ အစိတ်အပိုင်းအဖြစ်ပါရီရှိ LeZenith de Paris ကွင်းတွင် ဧပြီ ၆ ရက်၌ Super Junior Super Show 4 in Paris ကိုပြုလုပ်မည်ဖြစ်သည်။ ထိုပါရီပွဲသည် ပြင်သစ်တွင် ပထမဆုံး ဖျော်ဖြေသော ကိုရီးယားဂီတအဖွဲ့၏ပွဲဖြစ်လာမည်ဟုသတင်းကဆိုသည်။ ပါရီဖျော်ဖြေပွဲအတွက် လက်မှတ်များကိုမတ် ၉ ရက်မှစ၍ Live Nation France ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ စူပါဂျူနီယာအဖွဲ့သည်မတ်၉၊၁၀ ရက်တွင်လည်းမကာအို၌ဖျော်ဖြေမည် ဖြစ်သည်။ —Ref: Koreaboo





## လေဒီဂါဂါ၏ တွစ်တာဝက်ဘ်ဆိုက် ပရိသတ်သန်း ၂၀ ကျော်စံချိန်တင်

**လော့စ်အန်ဂျလိစ်၊ မတ် - ၆**

အမေရိကန်ပေ့ါပ်အဆိုတော် လေဒီဂါဂါသည် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွစ်တာတွင်ပရိသတ်သန်း ၂၀ကျော်ရှိသည့်ပထမဆုံးပုဂ္ဂိုလ်ဖြစ်လာကြောင်း သိရသည်။ နောက်လိုက်ပရိသတ် သန်း ၂၀ ပြည့်ခဲ့သည့်အချိန်တွင် လေဒီဂါဂါက သူမ၏ တွစ်တာဝက်ဘ်ဆိုက်စာမျက်နှာ၌ ဝမ်းမြောက်ကြောင်းဖော်ပြခဲ့သည်။

ထို့နောက် သူမသည် မတ် ၅ ရက်တွင် ပရိသတ် ၂၀ ဒသမ ၁၂ သန်းအထိရရှိခဲ့သည်။ လေဒီဂါဂါနောက်တွင် တွစ်တာ၏ဒုတိယပရိသတ်အများဆုံး အနုပညာရှင်မှာ ဂျက်စတင်ဘီဘာဖြစ်ကာ ပရိသတ် ၁၈ ဒသမ ၁၁သန်းရှိသည်။ ၎င်းတို့နောက်တွင် ကေတီပယ်ရီက၁၅ ဒသမ ၇၅သန်း၊ ရှကီရာ ၁၄ဒသမ၅၆သန်းနှင့် ရီဟာန်းနားက၁၄ ဒသမ ၄၉ သန်းတို့အသီးသီးရပ်တည်နေကြသည်။ သမ္မတ အိုဘားမားမှာ တွစ်တာ ပရိသတ်၁၂ ဒသမ ၈၄ သန်းရှိပြီး အဆင့်ရှစ်နေရာရခဲ့သည်။

—Ref: AFP

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# အင်န်အယ်ဒီပါတီအောင်နိုင်ရေးခရီးစဉ်တွင် လိုက်ပါမည့် ရဲတိုက်

**အေးသူစံ**

**ရန်ကုန်၊ မတ်-၁၀**


သရုပ်ဆောင်ရဲတိုက်သည် အင်န်အယ်ဒီပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ပါတီအောင်နိုင်ရေးခရီးစဉ်အဖြစ် ထွက်ခွာမည့် ဂီတနှင့် ရုပ်ရှင်မှ အနုပညာရှင်များ ပူးပေါင်းကာ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွင် လိုက်ပါရန်ရှိကြောင်း ပြောသည်။

"ပထမ ဒီခရီးစဉ်က မတ်လ ၁၁ ကနေ ၁၅ ဆိုပြီး လုပ်ထားတာ။ ခုရက်ကရွှေ့သွားတော့ သွားမယ့်ရက်ကိုတော့မသိရသေးဘူး။ သွားဖြစ်ရင်တော့ ကျွန်တော်လည်း လိုက်ပါဖျော်ဖြေမှာပါ။ ဒီခရီးစဉ်မှာပြည်သူတွေမဲပေးမမှားဖို့ မဲတစ်ပြားရဲ့တန်ဖိုး စတာတွေကို ပညာပေးအနေနဲ့ ပြဇာတ်လေးကဖို့လည်းရှိပါတယ်။ အနုပညာသမားတစ်ယောက်အနေနဲ့ ဘယ်လိုကဏ္ဍကဖြစ်ဖြစ် ကျွန်တော်တတ်နိုင်သလောက် ဆောင်ရွက်သွားမှာပါ"ဟု ရဲတိုက်ကပြောသည်။

တောင်ကြီးမြို့သား ရဲတိုက်သည် ဒေါ်အောင်ဆန်းစုကြည်၏ရှမ်းပြည်နယ်ခရီးစဉ်တွင်လည်း မြို့ခံတစ်ဦးအနေဖြင့် ဟဲဟိုးမြို့သို့ သွားရောက်ကာ ဒေါ်အောင်ဆန်းစုကြည်ကိုကြိုဆိုခဲ့ပြီး အောင်ပန်း၊ ဟဲဟိုး၊ ကလောမြို့ခရီးစဉ်တစ်လျှောက်တွင်လည်းဒေါ်အောင်ဆန်းစုကြည်နှင့်အတူ လိုက်ပါခဲ့သူဖြစ်သည်။ ရဲတိုက်သည် ဒေါ်အောင်ဆန်းစုကြည်၏ကျန်ရှိသော ခရီးစဉ်များထဲမှ လားရှိုးခရီးစဉ်များတွင်လိုက်ပါရန် ရှိမရှိမေးမြန်းရာ "ရက်အတိ အကျမသိရသေးတဲ့အတွက် ပြောလို့တော့မရသေးပါဘူး" ဟုပြောသည်။ ရဲတိုက်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတွင်ပါတီဝင်ရန် လျှောက်လွှာကိုဖေဖော်ဝါရီ၁၆ရက်ကတင်ထားပြီး ပါတီဘက်မှ အကြောင်းပြန်ကြားခြင်း မရှိသေးကြောင်း သိရသည်။








# သီချင်းစာသားများကို ဆင်ခြင်ရေးသားတော့မည်ဟု အဆိုတော်ဩရသပြော

**အေးသူစံ**

**ရန်ကုန်၊ မတ်- ၄**

တေးရေးတေးဆို ဩရသက ယခုလတ်တလောတွင် ရေပန်း စားနေသော ၎င်းရေးသားထားသည့် ‘အိမ်ကွင်းအဝေးကွင်း’ သီချင်းစာသားများနှင့် ပတ်သက်ပြီး ယခုကဲ့သို့ ပြောကြားခဲ့သည်။

“အိမ်ကွင်းအဝေးကွင်း သီချင်းကို ‘အပြာသီချင်းလား’လို့ ပြောကြပါတယ်။ ကျွန်တော် အဲဒီသီချင်းထဲမှာ ညစ်ညမ်းတဲ့စာသားတစ်လုံးမှ မထည့်ထားပါဘူး။ ကျွန်တော် တွေးလိုက်တာကတော့ထမင်းစားရင်စားလို့ကောင်းလား၊ ကောင်းရင် ကောင်းတယ်ပေါ့။ စုံတွဲဆိုမှာမို့ ‘အစ်ကို’ဆိုတာကို ထည့်လိုက်တာ။ အိမ်ကွင်း အဝေးကွင်းဆိုတာက ကျွန်တော် က ဘောလုံးပွဲအရမ်းကြည့်တယ်။ ယောကျ်ားလေးဆိုတော့ အိမ်ကွင်းရိုးရင် အဝေးကွင်းပြောင်းကြည့်မယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ဒါပေမဲ့ ပရိသတ်က တစ်မျိုးမြင်တယ်ဆိုရင် ကျွန်တော်တောင်းပန်ပါတယ်။ လောလောဆယ် အဲဒီ့သီချင်းက အရမ်းပေါက်နေပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် ညစ်ညမ်းတာ ကျွန်တော် မရေးပါဘူး။ ဒါပေမဲ့ ကျွန်တော်ရေးတဲ့သီချင်းတွေက အများကြီး စဉ်းစားလို့ရတဲ့ စကားလုံးတွေ ပါနေတယ်။ တွေးတဲ့သူတွေကို အပြစ် ပြောတာမဟုတ်ပါဘူး။ နောက်ဆို ကျွန်တော် ဆင်ခြင်ပြီးရေးမှာပါ။ ခုဆို စာသားတစ်ခုရေးပြီးရင် ရှုထောင့်မျိုးစုံက စဉ်းစားပြီးရေးပါတယ်။ နောက်ဆို ဒီလိုစာသားမျိုး မရေးလောက်တော့ဘူးလို့ ထင်ပါတယ်”ဟု ဩရသကပြောသည်။

အဆိုပါသီချင်းသည် အဆိုတော်စောသက်၏ တတိယမြောက်စီးရီးဖြစ်သည့် ‘ရင်ဘတ် ကြီးက တောင်းဆိုလို့’ အခွေတွင် ထည့်သွင်းထားသည်။ ယင်းသီချင်းတွင် အဓိပ္ပာယ်များစွာ သက်ရောက်သော စာသားများကြောင့် ပရိသတ်များအကြား လှုပ်ခတ်မှုရှိနေသည့် သီချင်းလည်းဖြစ်သည်။

## စာ၄၇၊ R ဇာနည်နှင့် တွေ့ဆုံခြင်း မှ

ဒါပေမဲ့ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတော့ သူတို့ရဲ့ ဆုံးဖြတ်ချက် အိုင်ဒီယာတွေ တူကြမှာ မဟုတ်ဘူး။ များသောအားဖြင့် လူကုန်ကူးမှုဖြစ်တယ်ဆိုတာကလည်း ခုနက ပြောခဲ့သလိုပဲ စားဝတ်နေရေးမပြေလည်မှုတွေရယ်၊ ပညာမတတ်လို့ရယ်၊ သူများပြောတာ ယုံမယ်။ အဲဒါတွေပါတယ်။ ဒီဇာတ်လမ်းလေးထဲမှာပါတယ်၊ သူများပြောတာ ယုံမယ်။ ယုံစားမိတာကနေ ကိုယ့်ရဲ့ စားဝတ်နေရေး အကျပ်အတည်း အကြောင်းအရ သွားပြီးတော့ ဖြစ်မယ်။ ပြီးတော့ ပြဿနာတွေတက်မယ်။ ဒုက္ခတွေရောက်မယ်။ ဒါပဲပေါ့။ အဲဒါတွေ မရှိတော့ ဘူးဆိုလို့ရှိရင်၊ ဒီဇာတ်လမ်းလည်း ကြည့်မိတယ်။ သတိပြုမိတယ်ဆိုရင်တော့ဘာပဲပြောပြော အကျိုးရှိမှာပေါ့။

**လူကုန်ကူးခံရတဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကို ဘယ်လို အကြံဉာဏ်မျိုးပေးချင်ပါလဲ။**

လူကုန်ကူးခံထားရတဲ့ ပြည်သူတွေကို ခုနကပြောသလိုပဲ သူတို့ကို ဘာပြောရမလဲ။ သူတို့ မသိလို့ လုပ်လိုက်တဲ့ ကိစ္စဆိုတော့လေ။ အစ်ကို့အနေနဲ့ကျတော့ သူတို့မသိလို့မှားမိတဲ့ အမှားဆိုတော့ အခုသိပြီဆိုရင် ဆင်ခြင်မှ ရမယ်။ လွတ်မြောက်နိုင်မယ့် အကြံဉာဏ်ကတော့ ဒီမှာ အခုလက်ရှိသူက အခိုင်းအစေဖြစ်နေတယ်ဆိုလို့ ရှိရင်တော့ နီးစပ်ရာသူရောက်နေတဲ့ နေရာရဲ့ လူမှုဝန်ထမ်းဌာနတို့ရဲ့ စခန်းတို့ဘာတို့တော့ရောက်အောင် သူသွားရမှာပေါ့။ သွားမှပဲ အဆင်ပြေမှာပေါ့။ ပတ်ဝန်းကျင်က သိပြီး သူကို ကယ်နိုင်မယ့် လူဆီ သိအောင်ပြောရမှာပေါ့။ တကယ် ဒုက္ခရောက်နေရင် မတူဘူးနော်။ နားလည်မှုလွဲမှာစိုးလို့ သူများဆီမှာ ငွေရေး၊ ကြေးရေး၊ အခကြေးငွေယူပြီး အလုပ်လုပ်တာနဲ့ သူများက ကိုယ့်ကို ရောင်းစားခံရတာနဲ့ မတူဘူး။ အဲဒါလေးတော့ ကွာသေးတယ်။

**MTV Exit က ပြုလုပ်တာ နှစ်ကြိမ်ရှိပြီပေါ့။ နှစ်ကြိမ်လုံးက အဆိုတော်တွေပဲ ရွေးထား တယ်လေ။ အဲဒါ ဘာကြောင့် ဖြစ်မလဲ။ အဆိုတော်တစ်ယောက်အနေနဲ့ ပြောပေးပါလား။**

ကျွန်တော် ထင်တာတော့ မပြောတတ်ဘူးဗျ။ ယိုးဒယားမှာလဲ ယိုးဒယားလူဆိုရင် ရုပ်ရှင်မင်းသားနဲ့စီစဉ်တာ။ သူတို့ဒီမှာက ဘာဖြစ်လို့ အဆိုရှင်နဲ့လုပ်လဲဆိုတာတော့ ကျွန်တော်အတိအကျ ပြောမပြတတ်ဘူး။ ကျွန်တော် ထင်တာပေါ့နော်။ ကျွန်တော်တို့က ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ရတာတော့ ရှိတာပေါ့နော်။ ပရိသတ်နဲ့နင်လား၊ ငါလား၊ ဆဲလည်းခံရတာပဲ။ ချီးမွမ်းလည်း ခံရတာပဲ။ အဲဒါမျိုးတော့ ရှိတာပေါ့နော်။ ကိုယ်ကမြင်နေရတယ်လေ။ ရုပ်ရှင်မင်းသား၊ မင်းသမီးကျတော့ သူတို့ကတော့ သူတို့မကြိုက်လည်း သူတို့ဆဲတာ ဘာမှ မကြားရဘူး။ ဘာဖြစ်လို့လဲဆို သူတို့ကို တီဗီပေါ်ကနေ ကြည့်ရတာ၊ မြင်ရတာဆိုတော့လေ။ အဲတော့ ပိုပြီးတော့အကျိုးသက်ရောက်မှုအများကြီးမဟုတ်တောင် နည်းနည်းလေးကွာမှာပေါ့နော်။ အဲဒါကြောင့် အဆိုတော်တွေကို ရွေးဖြစ်တယ်လို့ထင်တယ်။

**ဟိုတစ်နေ့က ဖေ့စ်ဘွတ်ခ်မှာ ဒေါ်အောင်ဆန်းစုကြည်၊ သားသားနဲ့ အစ်ကိုပုံ တွေ့လိုက်တယ်။ ဘာအကြောင်းနဲ့ တွေ့ဖြစ်တာပါလဲ။**

ဒီလိုပဲ၊ ကိုယ်က ဘာကိစ္စနဲ့တွေ့လဲဆိုတော့ကိုယ်တို့အနုပညာရှင်တွေနဲ့ အခွေလုပ်ထားတာရှိတယ်။ အဲဒီအခွေလေးတွေရဲ့အခြေအနေလေးခေါ်ပြီး ပြောတာပေါ့။

**အင်န်အယ်လ်ဒီရဲ့ စည်းရုံးရေး မှာ အနုပညာရှင်တွေ ပါဝင်မယ် လို့ သိရပါတယ်။ အစ်ကိုရောပါဝင်ဖို့ရှိလား။**

ကိုယ်ကတော့ အင်န်အယ်လ်ဒီရဲ့ စည်းရုံးရေးမှာ မပါဝင်ဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မရှိဘူး။ ခရီးသွားမှာမို့။ စည်းရုံးရေးမှာ ကိုယ်မရှိနိုင်တော့ဘူး။ ဩစတြေးလျသွားမှာ။ ခြောက်ရက် သူတို့တွေက တစ်ပတ်၊ နှစ်ပတ်အလိုမှာ အဲဒီစည်းရုံးရေးတွေက ရပ်မှာ။

**ပြောစရာလေးတွေရှိရင် နောက်ထပ်ဖြည့်စွက်ပြီး ပြောပေးပါလား။**

လူကုန်ကူးမှု ပပျောက်ဖို့အတွက် ဒီကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ လူတွေအားလုံး တစ်တပ်တစ်အား ပါဝင်ပြီးတော့ နီးစပ်ရာတွေကို လူသားချင်းစာနာကြဖို့ပေါ့နော်။ တစ်တပ်တစ်အား ပါဝင်ဖို့ တိုက်တွန်းပါတယ်။




**အေးသူစံ၊ ကြူကြူဟန်**

■မြန်မာသံအဆိုတော်အများစုဖြင့် စီစဉ်တင်ဆက်မည့် ‘ရွှေဂန္ထဝင်ဂီတပွဲတော်’ ဖျော်ဖြေပွဲကို မတ်လ ၁၈ရက်တွင် မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်သည်။ အလက်ာဝတ်ရည်တီးဝိုင်းဖြင့်တီးခတ်မည့် အဆိုပါဖျော်ဖြေပွဲတွင် ဟသ်ာတထွန်းရင်၊ ရာဇာဝင်းတင့်၊ ရန်ပိုင်စိုး၊ မောင်သိန်းဝင်း၊ မောင်မောင်အေး၊ ကေတုဝင်းထွဋ်၊ ဖိုးသောကြာ၊ ဗညားဟန်၊ မိုးသက်နိုင်၊ ထားချိုပြုံး၊ ခင်ညွှန့်ရီ၊ ပိုးအိစံ၊ စိုးစန္ဒာထွန်း၊ ပန်းအိဖြူ၊ အိအိချွန်၊ ယဉ်ဝေယံထွန်း၊ ရွှေယမင်းဦးနှင့် ညော့်သည်အဆိုတော်များပါဝင်သည်။ လက်မှတ်များကို ၁၀,၀၀၀ ကျပ်နှင့် ၅,၀၀၀ ကျပ်သတ်မှတ်ထားပြီး မကြာမီကျရောက်တော့မည့်သင်္ကြန်ပွဲတော်အတွက်မြန်မာသံသင်္ကြန် သီချင်းများကိုနာမည်ကြီးမင်းသမီးများ၏ အက၊ အလှများ၊ ယိမ်းအကများဖြင့် တင်ဆက်မည်ဟု သိရသည်။

■ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ဂီတနှင့်ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်များပူးပေါင်းကာ ဒေါ်အောင်ဆန်းစုကြည်မသွားရောက်နိုင်သော ဒေသများဖြစ်သည့် ပြင်ဦးလွင်၊ စစ်ကိုင်း၊ ပုလဲ၊ ပခုက္ကူစသည့်မြို့များသို့ အနုပညာလှုပ်ရှားမှု၊ ဖျော်ဖြေမှုများ သွားရောက် ပြုလုပ်ရန် စီစဉ်ထားကြောင်း စီစဉ်မှုထဲတွင် ပါဝင်သူ Metal Zone တီးဝိုင်းမှ ဦးဇော်ဝင်းက ပြောသည်။ ယင်းခရီးစဉ်တွင် ဂီတဘက်မှ ဇော်ဝင်းထွဋ်၊ ရင်ဂို၊ ဆောင်းဦးလှိုင်၊ မာရဇ္ဇ၊ လင်းလင်း၊ သအို၊ ဂျီလတ်၊ အောင်အောင်၊ စိုးထက်၊ ထွန်းအိန္ဒြာဗို၊ ချစ်သုဝေ၊ သံသာဝင်း၊ သျှီ၊ အိမ့်ချစ်၊ ရှင်ဖုန်းတို့ပါဝင်မည်ဖြစ်ပြီး ရုပ်ရှင်ဘက်တွင် ဒါရိုက်တာဝိုင်း၏ စုစည်းမှုဖြင့် လူမင်း၊ ဝေဠုကျော်၊ ရဲတိုက်၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သည်။ မူလက မတ် ၁၀ ရက်ဟုစီစဉ်ထားသော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲကြောင့် မတ်လ ၂၆ ရက်သို့ လတ်တလောရွှေ့ဆိုင်းထားကြောင်း ဦးဇော်ဝင်းက ပြောသည်။

■ဒါရိုက်တာကြည်ဖြူသျှင်သည် နာဂတိုင်းရင်းသားအကြောင်း ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ကမ်းလှမ်းခံထားရပြီး လတ်တလောတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးအဖွဲ့တွင် ပါဝင်တာဝန်ယူဆောင်ရွက်နေခြင်းကြောင့် အဆိုပါ ဇာတ်ကားကြီးအား ၂၀၁၄ ခုနှစ်ရောက်မှသာ ရိုက်ကူးနိုင် တော့မည်ဖြစ်ကြောင်း ကြည်ဖြူသျှင် ကပြောသည်။ လတ်တလောတွင် သူမ၏ ထုတ်လုပ်ရေး ‘မဟာထွန်း’ အတွက် ဗီဒီယိုဇာတ်ကားများကိုလည်း ဩဂုတ်လရောက်မှသာရိုက်ကူးနိုင်မည်ဟု ပြောသည်။

■ဝိုင်းမင်းစီစဉ်သည့်‘စီးဆင်းချင်တယ်’စီးရီးကို မိုးပုလဲတေးသံသွင်းက ဧပြီလတွင် ဖြန့်ချိမည်ဖြစ်သည်။ ဝိုင်းမင်း၊ မင်းသျှင်သွေး၊ KO ကိုး၊ ဇက်တီ၊ ဟန်ဇင်၊ ရှီမင်းကို၊ နူသွဲ့၊ ချူးချူး၊ TL ဇမ်၊ အဆိုင်း၊ Kသောင်း၊ မေစပယ်တို့က သီဆိုထားပြီး ဝိုင်းမင်း၊ ဇေယျာဖြိုး၊ ဟန်ဇင်၊ ကျင်ခမ်းဖုန်း၊ ဒိုးဒယ်၊ စစ်သီ၊ GL စွမ်းနိုး၊ ဇက်တီ၊ အဆိုင်းတို့ရေးသားထားသော တေးသီချင်းများပါဝင်သည်။

■ပန်းလရောင်စီစဉ်သည့် ‘ရေပွဲတော်’သင်္ကြန်တေးစီးရီးကို မန်းသီရိ တေးသံသွင်းက မတ်လထဲတွင် ဖြန့်ချိမည်ဖြစ်သည်။ တေးရေး စိုးလင်း၊ ဩရသ၊ နောင်နောင် (S.P)၊ Lsoul၊ ကိုသူရတို့က တေးသီချင်းများ ရေးသားထားပြီး ဩရသ၊ သားကြီး၊ ရဲနိုင်၊ ဥက္ကာမင်းသား၊ Lsoul၊ ဖိုက်တာ၊ အက္ခရာဟိန်း၊ မျိုးဇာနည်၊ Soul၊ အေသင်ချိုဆွေ၊ နီနီခင် ဇော်၊ ပွင့်၊ ပန်းလရောင်၊ ထက်အိကလျာ၊ ကေကေမိုးမြင့်၊ မေဖြူဖြူ၊ ကြယ်စင်၊ ဖြိုးဇာခြည်၊ ခိုင်လေး၊ ဖြိုးလေး၊ ရှင်နွေး၊ သိမ့်သိမ့်တုံတို့ ပါဝင်သီဆိုထားသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Dr. Seuss' The Lorax | Universal Pic. | ၇၀,၂၁၇,၁၀၀ | ၁ |
| ၂။ | Project X | Warner Bros. Pic. | ၂၁,၀၅၁,၄၀၀ | ၁ |
| ၃။ | Act of Valor | Relativity Media | ၄၅,၁၁၁,၉၀၀ | ၂ |
| ၄။ | Safe House | Universal Pic. | ၁၀၈,၃၅၅,၀၀၀ | ၄ |
| ၅။ | Tyler Perry's Good Deeds | Lionsgate | ၂၅,၇၉၁,၇၀၀ | ၂ |
| ၆။ | Journey 2: The Mysterious Island 3D | Warner Bros. Pic. | ၈၅,၂၃၃,၉၀၀ | ၄ |
| ၇။ | The Vow | Screen Gems & Sony Pic. | ၁၁၁,၆၂၃,၀၀၀ | ၄ |
| ၈။ | This Means War | 20th Century Fox | ၄၁,၄၀၀,၀၀၀ | ၃ |
| ၉။ | Ghost Rider: Spirit of Vengeance 3D | Sony Pictures | ၄၄,၈၂၆,၄၀၀ | ၃ |
| ၁၀။ | Wanderlust | Universal Pic. | ၁၂,၄၈၄,၇၀၀ | ၂ |

## Movie Review

### 21 Jump Street




ရှမစ်နှင့် ဂျန်ကိုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်သည်။ နိုပျိုသောသူတို့၏ ရုပ်သွင်များမှာ ဆယ်ကျော်သက်များဟုပင်ထင်ရသည်။ ထို့အတွက် အထက်တန်းကျောင်းတစ်ကျောင်းတွင် မူးယစ်ဆေးဝါးဂိုဏ်းတစ်ခုအကြောင်း စုံစမ်းဖော်ထုတ်ရန်ရှိလာသောအခါ ၎င်းတို့နှစ်ဦးမှာ ကျောင်းသားများအယောင်ဆောင်ပြီး မူးယစ်ဂိုဏ်းကို ဖြိုခွင်းရန်ကြိုးစားသည်။ သို့သော် လူငယ်များပုံဟန်ဆောင်သောအခါဆယ်ကျော်သက်အရွယ်ကျောင်းသားများ၏ ဒုက္ခ သုက္ခများကို ပြန်လည်ခံစားရပြီး. . . ။

Jonah Hill၊ Channing Ta Tum၊ Brie Larson၊ Ice Cube တို့ပါဝင်သရုပ်ဆောင်ထားသည့် စွန့်စားမှု၊ ဟာသဇာတ်လမ်းအား Phil Lord နှင့် Christopher Miller တို့က ရိုက်ကူးထားပြီး Columbia Tristar က မတ်လ ၁၆ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.11, No.8 • MARCH 15 , 2012

## မြန်မာဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် သုံးဆင့်ထပ်ကျ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မတ် - ၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ မတ်လအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လထက် အဆင့်သုံးဆင့်ထပ်မံကျဆင်းခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲများနှင့် ဝေးကွာနေသော မြန်မာအသင်းအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလက ကမ္ဘာ့အဆင့်-၁၇၄ ဖြင့် သမိုင်းတစ်လျှောက် အဆင့်ရပ်တည်မှုအနိမ့်ကျဆုံးရှိနေရာမှ ယခုလတွင် အဆင့်သုံးဆင့်ထပ်မံကျဆင်းကာ ကမ္ဘာ့အဆင့်-၁၇၇ ၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ယခုလ ၇ ရက်က ထုတ်ပြန်ခဲ့သည့် အဆိုပါထုတ်ပြန်ချက်တွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်-၉၈ ဖြင့် အာဆီယံနိုင်ငံများ၌ ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ထိုင်း ၁၃၉၊ အင်ဒိုနီးရှား ၁၄၇၊ စင်ကာပူ ၁၅၀၊ မလေးရှား ၁၅၂၊ ဖိလစ်ပိုင် ၁၅၆၊ ကမ္ဘောဒီးယား ၁၆၆၊ လာအို ၁၇၃၊ ဘရူနိုင်း ၂၀၁နှင့် တီမောအသင်းက ကမ္ဘာ့အဆင့်-၂၀၄ ၌ ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်-၁နေရာတွင်မူ စပိန်အသင်းက ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်တွင် နယ်သာလန်၊ ဂျာမနီ၊ ဥရုဂွေး၊ ဘရာဇီး၊ အင်္ဂလန်၊ ပေါ်တူဂီ၊ အာဂျင်တီးနား၊ အီတလီ၊ ခရိုအေးရှားအသင်းများက အစဉ်လိုက်ရပ်တည်နေသည်။ တောင်ကိုရီးယားအသင်းမှာ ကမ္ဘာ့အဆင့် -၃၀ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံး၌ ဦးဆောင်ထားပြီး ဂျပန်အသင်းမှာမူ ကမ္ဘာ့အဆင့်-၃၃ ဖြင့် ဒုတိယနေရာရောက်ရှိသွားသည်။

## ဘရူနိုင်းဘုရင့်ဖလားတွင် မြန်မာလူငယ်အသင်း ပူးတွဲတတိယဆုရ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မတ်-၇**


Photo - Reuters

ဘရူနိုင်းဘုရင့် ဖလားပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဆင့်တွင် မြန်မာလူငယ်အသင်းသည် အိမ်ရှင် ဘရူနိုင်းအသင်းအား ရှုံးနိမ့်ခဲ့သည့်အတွက် ပူးတွဲတတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

၎င်းပြိုင်ပွဲ၏အကြိုဗိုလ်လုပွဲစဉ်များကို ယခုလ ၇ ရက်ကကျင်းပခဲ့ရာ ပထမပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို ၂-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဒုတိယပွဲစဉ်တွင် ဘရူနိုင်းအသင်းက မြန်မာအသင်းကို ၃-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘရူနိုင်းနှင့် ပွဲစဉ်တွင် မြန်မာအသင်းက ပထမပိုင်း၌ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ပွဲအပြီးတွင် ၂-၃ ဂိုးဖြင့် ရှုံးနိမ့်ကာ ဗီယက်နမ်အသင်းနှင့်အတူ ပူးတွဲ တတိယသာရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းအနေဖြင့် ဗိုလ်လုပွဲစဉ်သို့ မတက်ရောက်နိုင်ခဲ့သော်လည်း ပြိုင်ပွဲတစ်လျှောက် အသန့်ရှင်းဆုံးဆုကိုရရှိခဲ့ကြောင်း သိရသည်။ မြန်မာလူငယ်အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းအနေဖြင့်လည်း သွင်းဂိုးခြောက်ဂိုးဖြင့် ဂိုးသွင်းအများဆုံးဖြစ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ဘရူနိုင်းအသင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းအား (၂-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်စွဲခဲ့သည်။



## စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မတ် - ၁၀**

မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အဌမအကြိမ် စွန်အလှနှင့်စွန်ဖြတ်ပြိုင်ပွဲကို လာမည့် ဧပြီလပထမပတ်အတွင်း ရန်ကုန်မြို့၌ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် အဆိုပါပြိုင်ပွဲကို ဧပြီလ ၃ ရက်မှ ၈ ရက်အထိ အား/ကာသိပွဲ(ရန်ကုန်)၊ ကျိုက္ကဆံကွင်း၌ကျင်းပမည်ဖြစ်သည်။

ရှုံးထွက်စနစ်ဖြင့် ကျင်းပမည့် ယင်းပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့်အသင်းလိုက် စွန်ဖြတ်ပြိုင်ပွဲ၊ စွန်အလှပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကာ ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နှစ်စဉ် ပြုလုပ်တဲ့ ဒီပြိုင်ပွဲမှာ အရင်နှစ်တွေက စွန်အလှပွဲတော်အနေနဲ့ ကျင်းပခဲ့တာပါ။ ဒီနှစ်မှာတော့ စွန်အလှပြိုင်ပွဲအနေနဲ့ပြိုင်ပွဲအသွင် စည်းမျဉ်းစည်းကမ်းတွေနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အဖွဲ့ချုပ်ရုံး(အောင်ဆန်းကွင်း)တွင် လျှောက်လွှာပုံစံများ လာရောက်ဝယ်ယူနိုင်ပြီး မတ်လ ၂၉ ရက်နောက်ဆုံးထားစာရင်း ပေးသွင်းရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

## အလေးမလက်ရည်စမ်းပြိုင်ပွဲတွင် နယ်မှ ပြိုင်ပွဲဝင်များကို ကုန်ကျစရိတ်ပေးမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မတ် - ၇**

အလေးမလက်ရည်စမ်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နယ်မှပြိုင်ပွဲဝင် အားကစားသမားများ၏ ကုန်ကျစရိတ်များကို အဖွဲ့ချုပ်မှ ကျခံပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် အလားအလာရှိသော အလေးမအားကစားသမားများ ပေါ်ထွက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည့် အဆိုပါ အလေးမလက်ရည်စမ်းပြိုင်ပွဲကို မတ်လ ၂၆ ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း၊ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်သည်။

"ဒီလက်ရည်စမ်းပြိုင်ပွဲကို နယ်က ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားသမားတွေရဲ့ အသွား၊ အပြန်ခရီးစရိတ်၊ စားစရိတ်၊ နေထိုင်ရေးတွေကို အဖွဲ့ချုပ်ကကျခံပေးမှာပါ" ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြိုင်ပွဲဝင်မည့် အားကစားသမားများသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသော ဒုတိယတန်းအဆင့်စံချိန်နှင့်အထက် ရရှိထားသည့် အားကစားသမားများဖြစ်ရမည်ဖြစ်ကြောင်း အဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

"အသက်ကန့်သတ်ချက်တော့မရှိပါဘူး။ စံချိန်ကိုကြည့်မှာပါ။ တစ်ယောက်တည်း လာပြိုင်လည်း စံချိန်ကောင်းရင်ရွေးချယ်သွားမှာပါ။ စံချိန်ပေါ်မူတည်ပြီး ဆုကြေးလည်း ချီးမြှင့်သွားမှာပါ။ ရွေးချယ်ခံရတဲ့ အားကစားသမားတွေကို အဖွဲ့ချုပ်မှာစခန်းသွင်းလေ့ကျင့်သွားဖို့စီစဉ်ထားပါတယ်" ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ပြိုင်ပွဲဝင်မည့် အလေးမအားကစားသမားများသည် မတ်လ ၂၂ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံး(အောင်ဆန်းကွင်း)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၈၈၁၆၀ သို့ ဆက်သွယ် စာရင်းပေးနိုင်ပြီး ဝင်ကြေးမရှိကြောင်း သတင်းရရှိသည်။



# အာရှအမျိုးသမီးကလပ် ဘော်လီဘောပြိုင်ပွဲသို့ မြန်မာလက်ရွေးစင်အသင်းဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၁၀**

၂၀၁၂ အာရှအမျိုးသမီးကလပ် ဘော်လီဘောပြိုင်ပွဲသို့ မြန်မာလက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ Nakhonratchasmia မြို့တွင် လာမည့်ဧပြီလ ၂၁ရက်မှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်ကာ အာရှနိုင်ငံ ၁၀ နိုင်ငံမှပြိုင်ပွဲဝင် အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ အီရန်နိုင်ငံများမှ အသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စု(ခ)၌ တရုတ်၊ ကာဂျစ်စတန်၊ ကူဝိတ်၊ မလေးရှား၊ သီရိလင်္ကာအသင်းများပါဝင်ကြောင်းသိရသည်။

ယခုပြိုင်ပွဲသို့ မြန်မာအမျိုးသမီးဘော်လီဘောအသင်းအနေဖြင့် ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ပပြိုင်ပွဲများတွင် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြိုင်ပွဲဝင် အသင်းတွေဟာ မြန်မာအသင်းထက် လက်ရည်အဆင့်မြင့်တဲ့ အသင်းတွေဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေရရှိစေမှာပါ"ဟု မြန်မာလက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်း နည်းပြချုပ် ဦးသိန်းဆွေကပြောသည်။

ယင်းပြိုင်ပွဲသို့ မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် အေးရှားဝေါလ်ကလပ်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# AFC ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်များတွင် ရန်ကုန်နှင့် ရောဝတီယူနိုက်တက် အသီးသီး သရေကျ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၇**

အာရှဘောလုံးအဖွဲ့ချုပ်ဖလား (AFC Cup)သို့ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့သည် အဖွင့်ပွဲစဉ်များ၌ သရေရလဒ်များရရှိခဲ့ကြသည်။

ယခုလ ၇ ရက်က အင်ဒိုနီးရှား၌ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(H)ပွဲစဉ် ရောဝတီယူနိုက်တက်အသင်းနှင့် အရီမာ(အင်ဒိုနီးရှား)တို့ပွဲစဉ်တွင် တစ်ဂိုးစီသရေကျခဲ့ကြောင်း သိရသည်။

၎င်းရက်၌ပင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(G)ပွဲစဉ်၌လည်း ရန်ကုန်ယူနိုက်တက်နှင့်ချောင်ဘူရီ(ထိုင်း)တို့ တစ်ဂိုးစီသရေကျခဲ့သည်။

ထို့ကြောင့် ၎င်းပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်များ အပြီးတွင် မြန်မာကလပ်အသင်းနှစ်သင်းမှာ အမှတ်တစ်မှတ်စီ ရရှိခဲ့ကြသည်။ အုပ်စု(G)၏ အခြားပွဲစဉ်တွင် ဟုမ်းယူနိုက်တက်(စင်ကာပူ)က စီတီဇင်(ဟောင်ကောင်) ကို ၃-၁ ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စု (H) အခြားပွဲစဉ်ဖြစ်သည့် ကယ်လန်တန်(မလေးရှား)နှင့် ဆိုင်ဂွန်(ဗီယက်နမ်) အသင်းတို့မှာ ဂိုးမရှိသရေကျခဲ့သည်။

အုပ်စုဒုတိယပွဲစဉ်အဖြစ် လာမည့် မတ် ၂၁ ရက်တွင် ရန်ကုန်ယူနိုက်တက်က အဝေးကွင်း(ဟောင်ကောင်)တွင် စီတီဇင် အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရောဝတီယူနိုက်တက်အသင်းမှာ အိမ်ကွင်း(သုဝဏ္ဏ)တွင် ကယ်လန်တန်(မလေးရှား)အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# စုစုပေါင်း ကျပ်သိန်း ၆၀ ကျော် ချီးမြှင့်မည့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၁၀**

စုစုပေါင်း ဆုကြေးငွေကျပ်သိန်း ၆၀ ကျော်ချီးမြှင့်မည့် DOUBLE STRONG CHAMPIONSHIP ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ဧပြီလ ၂၅ရက်မှ ၂၉ ရက်အထိ၊ မန္တလေးမြို့တွင် မေလ ၂၃ ရက်မှ ၂၇ရက်အထိနှင့် မော်လမြိုင်မြို့တွင် ဇူလိုင်လ ၉ရက်မှ ၁၅ ရက်အထိကျင်းပသွားမည်ဖြစ်သည်။

နှစ်ယောက်တွဲ (အမျိုးသား) အလွတ်တန်းနှင့် လူသစ်တန်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည့် အဆိုပါပွဲစဉ်များကို ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များ၌ ယှဉ်ပြိုင်ကာ ပထမ၊ ဒုတိယ၊ တတိယရရှိသည့်အသင်းများသည်မော်လမြိုင်မြို့၌ တစ်ဆက်တည်း နောက်ဆုံးအဆင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

ယင်းမြို့သုံးမြို့တွင် ကျင်းပသည့် ပြိုင်ပွဲများ၌ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့်တတိယဆု ကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်ကာ ခြေစစ်ပွဲအောင်အသင်းများ၏ ခရီးစရိတ်၊ စားသောက်စရိတ်များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲတွင်မူ အမျိုးသား(အလွတ်တန်း)ပြိုင်ပွဲ၌ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်း၊(လူသစ်တန်း)ပြိုင်ပွဲ၌ပထမဆုကျပ်လေးသိန်း၊ဒုတိယဆု ကျပ်သုံးသိန်း၊တတိယဆု ကျပ်နှစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် အမျိုးသမီး(အလွတ်တန်း)ပြိုင်ပွဲလည်း ပါဝင်လာမည်ဖြစ်ကာ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ယင်းပြိုင်ပွဲများကိုမြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဘရူဝါရီလီမိတက်က အဓိကပံ့ပိုးခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများသည် အဖွဲ့ချုပ်ရုံး ဖုန်း -၀၁-၅၇၇၄၆၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။


## အထက(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း) အာစရိယပူဇော်ပွဲ

အထက(၂)ကမာရွတ်တွင် ၁၉၇၅ မှ ၂၀၁၂ အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၅-၃-၂၀၁၂ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် M3 Food Centre ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ အမြန်ဆုံးဆက်သွယ်၍ အလှူငွေများ လှူဒါန်းနိုင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန် -**

- ဦးကျော်တင့်(နေပြည်တော်၊ ပျဉ်းမနား) ၀၉၄၉၂၀၀၅၄၁ (-၇၆)
- Dr. သန့်ဇင်စိုး ၀၉၇၃၁၇၀၀၈၄ (-၈၂)
- ဦးရဲကျော်သူ ၀၉၇၃၀၈၆၁၃၇ (-၈၃)
- ကိုသန့်ဇော်ဦး ၀၉၅၁၃၃၁၅၆ (-၈၄)
- ကိုရဲနိုင်အေး ၀၉၅၁၀၃၅၂၉ (-၈၅)
- ခွန်ပြည်အေး ၀၉၅၁၆၉၇၂၈ (-၉၀)
- အောင်နန္ဒ ၀၉၅၁၆၀၉၀၅ (-၉၀)
- ကောင်းငြိမ်းစိုး ၀၉၄၃၀၉၄၃၁၇ (-၉၂)
- သက်မောင်မောင်လွင် ၀၉၅၄၀၈၂၈၂ (-၉၃)
- သက်လင်းဦး ၀၉၅၁၅၀၀၈၅ (-၉၃)
- မျိုးမင်းသူကျော် ၀၉၇၃၁၈၆၈၆၁ (-၉၅)
- ဝင့်အောင် ၀၉၅၁၄၄၉၅၈ (-၉၇)
- စိုင်းဇေယျာလွင် ၀၉၄၃၃၃၉၉၉၀ (-၉၇)
- တေဇာလှိုင် ၀၉၅၀၆၀၁၆၆ (-၉၈)
- အောင်ညီညီမော် ၀၉၅၀၃၆၆၇၅ (-၉၉)
- ညကျော်မြင့်ထွန်း ၀၉၇၃၄၉၂၅၀၈ (-၀၂)
- ကျော်ဆုသွေး ၀၉၅၀၇၈၂၃၂ (-၀၄)



**TRADEMARK CAUTION**

GALERIE DE POP CO., LTD, a Company incorporated in Japan at No. 9-19, Ebisuminami 3-chome, Shibuya-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

pou dou dou

Reg: 4/1689/2012

In respect of : Int'l class 25 : " Clothing; Suits; Jackets; Skirts; Trousers; Overcoats; Topcoats; Raincoats; Cardigan jackets; Sweaters; Waistcoats; Blouses; Sport shirts; T-shirts; Hosiery; Socks and stockings; Shawls; Scarves; Mufflers; Belts for clothing; Footwear; Shoes; Caps; Hats [headwear]; headgear for wear".

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

15.March.2012



**ကုန်အမှတ်တံဆိပ်သတိပေးကြေငြာချက်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ အမှတ်-၇၄ (အီး)၊ ပိုင်ပြည့်စုံရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်ဇော် (၁၂/သလန (နိုင်) ၀၃၃၁၀၃)မှ မိမိတစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂-၂-၂၀၁၂)ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၂၄၃ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား

PETRO STAR

၄/၁၂၄၃/၂၀၁၂

အထက်ပါ PETRO STAR ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဒီဇယ်၊ ဓါတ်ဆီ၊ OCTANE စက်သုံးချောဆီနှင့် ရေနံထွက်ပစ္စည်းအမျိုးမျိုးကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိတို့ ပိုင်ပြည့်စုံရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ မှာယူတင်သွင်း ဖြန့်ဖြူးရောင်းချ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက ပိုင်ပြည့်စုံရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဝင်းနိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ
ဒေါ်သွယ်သွယ်ဇ (LL.B,LL.M) ၊ဒေါ်ဝတ်ရည်ထွန်း (LL.B,LL.M)၊ဦးနိုင်လင်းထွန်း (LL.B)
အထက်တန်းရှေ့နေများ
**Win & Associates Legal Practitioner Group**
(၈၃/အခန်း-၁၂ )၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၃၈၇၉၊ ၀၉- ၅၁၄၃၁၇၀၊ ၀၉- ၅၀၃၅၄၇၆၊ ၀၉- ၇၃၀၄၅၁၆၅၊ P.C No.11182

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# မန်စီးတီး-ချယ်လ်ဆီး ရင်ဆိုင်အားစမ်းရမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၂၉)ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၂၉)ကိုတော့ စနေ၊ တနင်္ဂနွေနှစ်ရက်အပြင် အင်္ဂါ၊ ဗုဒ္ဓဟူးကြားရက်တွေမှာပါကစားသွားမှာပါ။ ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာ ဇယားထိပ်က မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ တွေ့ဆုံအားစမ်းမယ့်ပွဲကတော့ အဓိကပွဲကြီးတစ်ရပ်ဖြစ်လာမှာပါ။ မန်ယူ အဝေးကွင်းကစားရမယ့် ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာ မန်စီးတီးတို့ ဇယားကို ဆက်လက်ဦးဆောင်နိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မတ် ၂၁ ရက် နံနက်အထိကန်မယ့် ပွဲစဉ်ခုနစ်ပွဲကို ရွေးထုတ်ခန့်မှန်းပေးလိုက်ပါတယ်။

**မတ် ၁၇၊ စနေ။**

**ည ၉း၃၀ နာရီ**

**ဖူလ်ဟမ်-ဆွမ်းဆီး**

**ပထမအကျော့ရလဒ် ဝ-၂**

ဖူလ်ဟမ်ဟာ အိမ်ကွင်းရှုံးပွဲနည်းပြီး မာကျောတဲ့အသင်းတစ်သင်းပါပဲ။ ပွဲစဉ် ၂၇ အထိ အိမ်ကွင်းရှုံးပွဲသုံးပွဲပဲရှိသေးတဲ့ ဖူလ်ဟမ်တို့ ပထမအကျော့ရလဒ်ကို ပြောင်းပြန်လှန်နိုင်စွမ်းရှိပါတယ်။ ဖူလ်ဟမ်ကို ဂိုးအနည်းနဲ့ ရွေးထားသင့်တယ်။ ဆွမ်းဆီးနိုင်ခြေနည်းနေတယ်။

**ဝီဂန်-ဝက်စ်ဘရွန်း**

**ပထမအကျော့ရလဒ် ၂-၁**

ယှဉ်ပြိုင်တွေ့တိုင်း ခြေညီတဲ့နှစ်သင်းဖြစ်ပါတယ်။ ဒါပေမဲ့လက်ရှိမှာ ဝီဂန်တို့ ခြေစွမ်းအနိမ့်ဆုံးရောက်နေပြီး ဇယားအောက်ခြေရောက်နေတယ်။ ညှော်သည်ဝက်စ်ဘရွန်းရဲ့ နောက်ဆုံးပွဲတွေမှာ ခြေစွမ်းတက်လာတာကို ကြည့်ပြီး ညှော်သည်ဘက်က အနိမ့်ဆုံး တစ်ဂိုးအသာနဲ့ နေကြည့်သင့်တဲ့ပွဲပါ။



© AFP/GETTY IMAGES




**မတ် ၁၈၊ တနင်္ဂနွေ။**

**ည ၈း၀၀ နာရီ**

**ဝုလ်-မန်ယူ**

**ပထမအကျော့ရလဒ် ၁-၄**

မန်ယူတို့နိုင်ခြေများပေမယ့် ပေါ့ဆလို့မရပါဘူး။ ယူရိုပါလိဂ်ခြေစွမ်းမျိုးနဲ့ ထပ်ယှဉ်ရင်တော့ အခန့်မသင့်ဘဲ ရှုံးတောင်ရှုံးနိုင်ပါတယ်။ သတိထားရမယ့်ပွဲဖြစ်ပြီး မန်ယူ ဂိုးအနည်းနဲ့နိုင်မယ်လို့ထင်ပါတယ်။

**ည ၁၀း၃၀ နာရီ**

**နယူးကာဆယ်-နော့ဝစ်ချ်**

**ပထမအကျော့ရလဒ် ၂-၄**

နယူးကာဆယ်ဟာ နော့ဝစ်ချ်ကို အနိုင်မရတာကြာနေပါပြီ။ ဒါက မှတ်တမ်းအရဖြစ်ပြီး လက်ရှိခြေစွမ်းအရတော့ အနိုင်မျှော်လင့်ချက်ရှိပါတယ်။ ဒါပေမဲ့ သရေပွဲများနေတဲ့ နယူးကာဆယ်တို့ အိမ်ကွင်းအစဉ်အလာနဲ့ပဲ နိုင်သွားနိုင်ပြီး ဂိုးနည်းမယ့်ပွဲ ဖြစ်လာနိုင်တယ်။

**မတ် ၂၀၊ အင်္ဂါ။**

**နံနက် ၂း၃၀ နာရီ**

**မန်စီးတီး-ချယ်လ်ဆီး**

**ပထမအကျော့ရလဒ် ၁-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ မန်စီးတီး သုံးကြိမ်နိုင်ပြီး ချယ်လ်ဆီးနှစ်ကြိမ်နိုင်ထားတယ်။ လက်ရှိမှာ နည်းပြဒီမတ်တီယိုရဲ့ ဦးဆောင်မှုနဲ့ ပွဲထွက်လာမယ့် ချယ်လ်ဆီးတို့ အဝေးကွင်းနိုင်ပွဲရဖို့ ခက်မှာပါ။ မန်စီးတီးရဲ့ အိမ်ကွင်းနိုင်ပွဲကိုပဲ မြင်တွေ့ရဖွယ်ရှိပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ အိမ်ရှင်နိုင်သွားလောက်တယ်။ သွင်းဂိုးနည်းမယ်။

**မတ် ၂၁၊ ဗုဒ္ဓဟူး။**

**နံနက် ၂း၁၅ နာရီ**

**ဗီလာ-ဘော်လ်တန်**

**ပထမအကျော့ရလဒ် ၂-၁**

ဗီလာတို့ အိမ်ကွင်းနိုင်ပွဲနည်းနေတာမို့ ဇယားအောက်က ဘော်လ်တန်တို့အခွင့်အရေးရှိနေပါတယ်။ ဘော်လ်တန်ဟာ အဝေးကွင်းသရေမရှိသေးဘဲ နိုင်ပွဲနဲ့ ရှုံးပွဲပဲရှိတာလည်း ထူးခြားတယ်။ ဗီလာကို ပိုကြိုက်ပေမယ့် သရေပွဲလည်းဖြစ်နိုင်တယ်။ နှစ်သင်းပေါင်းသွင်းဂိုးများနိုင်တယ်။

**နံနက် ၂း၃၀ နာရီ**

**ဘလက်ဘန်း-ဆန်းဒါးလန်း**

**ပထမအကျော့ရလဒ် ၁-၂**

ဘလက်ဘန်းတို့ အခြေအနေမကောင်းသလို ဆန်းဒါးလန်းလည်း ခြေအကျဘက်ရောက်နေတယ်။ ဒါပေမဲ့ ပထမအကျော့ရလဒ်ကို ဘေးဖယ်ပြီး ဒီအကြိမ်မှာ အိမ်ရှင် ဘလက်ဘန်းဘက်က တစ်ဂိုးအသာနဲ့ နေကြည့်ချင်တယ်။

## ပိုဒေါ်စကီး အာဆင်နယ်သို့ ပြောင်းရွှေ့မည်ဟု ဂျာမန်မီဒီယာများဆို

**ဘာလင်၊ မတ် - ၁၀**

ဂျာမန်ပထမတန်းကိုလုံးအသင်းမှ တိုက်စစ်မှူး လူးကပ်စ်ပိုဒေါ်စကီးသည် ယခုဘောလုံးရာသီတွင် အာဆင်နယ်သို့ ပြောင်းရွှေ့ကြေးယူရို ၁၃ သန်းဖြင့် ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ဂျာမန်မီဒီယာများကဖော်ပြနေကြသည်။

လက်ရှိ ဂျာမန်ကလပ်ကိုလုံးဘက်မှ အတည်ပြုခြင်းမရှိသေးသော်လည်း ဂျာမန် နေ့စဉ်သတင်းစာ Bild က ပိုဒေါ်စကီးသည် အာဆင်နယ်နှင့် ညှိနှိုင်းမှုအပြီးသတ်ခဲ့ပြီဖြစ်ကြောင်း၊ ၎င်းဘက်မှ နောက်ဆုံးလက်မှတ်ထိုးရန်သာ ကျန်ရှိကြောင်းဆိုသည်။

သတင်းစာက ပိုဒေါ်စကီးသည် အာဆင်နယ်နှင့် လေးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကာ တစ်နှစ်လုပ်ခ ယူရိုခုနစ်သန်းပတ်ဝန်းကျင်ရရှိမည်ဖြစ်ကြောင်းဖော်ပြသည်။ သို့သော် အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးကမူ ပိုဒေါ်စကီးကိုခေါ်ယူရန် ယခုအချိန်ထိ မဖြစ်နိုင်သေးကြောင်းပြောကြားထားသည်။

ပိုဒေါ်စကီးသည် ၂၀၀၉ တွင် ဘေယန်မြူးနစ်မှ ကိုလုံးသို့ ပြောင်းရွှေ့လာခဲ့သည်။ အသက် ၂၆ နှစ်အရွယ်ရှိယင်းတိုက်စစ်မှူးသည် ဂျာမနီအသင်းအတွက် ၉၅ ပွဲကစားထားပြီးဖြစ်သည်။

—*Ref: AP*

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012



# အမေရိကန်ကျောင်းများတွင် လူမျိုးရေးခွဲခြားမှု နက်ရှိုင်းလာ

**ဝါရှင်တန်၊ မတ် - ၈**

အမေရိကန်နိုင်ငံ ပညာရေးဝန်ကြီးဌာနလူ့အခွင့်အရေးရုံးမှထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ အမေရိကန်ကျောင်းများတွင် လူမည်းနှင့် လက်တင်နွယ်ဖွား ကျောင်းသားများသည် လူဖြူကျောင်းသားများထက် ကျောင်းမှဆိုင်းငံ့ထားခြင်း ပိုမိုကြုံတွေ့ရနိုင်ပြီး သေသေချာချာလေ့ကျင့်ပေးသည့် ကောလိပ်အကြိုတန်းများသို့လည်း တက်ရောက်ခွင့်ရရှိမှုနည်းကြောင်း သိရသည်။

ယခုအချက်အလက်များကို နိုင်ငံ၏ ကျောင်းသား ၈၅ ရာ ခိုင်နှုန်းအား ပညာသင်ကြားပေးနေသည့် အထက်တန်းကျောင်းပေါင်း ၇၂,၀၀၀ မှ ကောက်ယူစုဆောင်းထားခြင်းဖြစ်ပြီး အမေရိကန်အစိုးရကျောင်းများ၌ဖြစ်ပေါ်နေသည့် လူနည်းစုကျောင်းသားများနှင့် လူဖြူကျောင်းသားများအကြားအကြီးအကျယ်ကွာဟမှုရှိနေခြင်းကိုဖော်ထုတ်ထားသည်။

ခြုံကြည့်ပါက အာဖရိကန်အမေရိကန် ကျောင်းသားများသည် လူဖြူကျောင်းများထက် ကျောင်းမှ ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ထုတ်ပယ်ခြင်းခံရရန် အလားအလာ သုံးဆပိုများသည်။ ထို့အပြင် ဖမ်းဆီးခံရသော (သို့မဟုတ်) ရဲတပ်ဖွဲ့သို့လွှဲပြောင်းပေးခဲ့သောကျောင်းသား ၇၀ ရာခိုင်နှုန်းမှာလူမည်းကျောင်းသားများ(သို့မဟုတ်)လက်တင်နွယ်ဖွားကျောင်းသားများဖြစ်ကြောင်း လေ့လာမှုအရတွေ့ရှိခဲ့သည်။

ယခုအချက်အလက်များကြောင့် ပညာရေးအရာရှိများအနေဖြင့် နိုင်ငံတွင်ဖြစ်ပေါ်နေသည့် မညီမျှမှုများနှင့် ပတ်သက်၍ မှားယွင်းမှုများကို သုံးသပ်မှုများရှိလာလိမ့်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်ပညာရေးဝန်ကြီး အန်းဒန်ကန်က ပြောကြားသည်။ *—Ref: Reuters*

# အာရှတွင် မိမိတို့၏ အကျိုးစီးပွားများကို လေးစားရန် အမေရိကန်အား တရုတ် တိုက်တွန်း

**ဘေဂျင်း၊ မတ် - ၆**

အမေရိကန်အစိုးရသည် အာရှပစိဖိတ်ဒေသအတွင်း ၎င်း၏ဩဇာလွှမ်းမိုးမှု တိုးပွားရန် ကြိုးစားနေသော်လည်း ဒေသတွင်းရှိ မိမိတို့၏ အကျိုးစီးပွားများကို လေးစားရန်လိုအပ်ကြောင်း တရုတ်အစိုးရက ပြောကြားလိုက်သည်။ တရုတ်နိုင်ငံသည် ဂျပန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နှင့်ဗီယက်နမ်အပါအဝင်အိမ်နီးချင်းနိုင်ငံများနှင့် နယ်မြေပိုင်နက် အငြင်းပွားနေပြီး တရုတ်သည် အင်အားသုံးရန်ကြိုးစားနေကြောင်းယင်းနိုင်ငံများက စွပ်စွဲထားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ယဉ်ကျီးချီက "ကျွန်တော်တို့ဟာ အာရှပစိဖိတ်ဒေသတွင်းပိုတည်ငြိမ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိဖို့ အခြားနိုင်ငံတွေနဲ့ရော၊ အမေရိကန်နဲ့ပါ ပူးတွဲလုပ်ဆောင်ဖို့ အဆင့်သင့်ရှိနေပါတယ်။ တစ်ချိန်တည်းမှာပဲအမေရိကန်ဟာတရုတ်ရဲ့အကျိုးစီးပွားနဲ့စိုးရိမ်ပူပန်မှုတွေကို လေးစားလိမ့်မယ်လို့မျှော်လင့်ပါတယ်" ဟုပြောသည်။

အမေရိကန်သမ္မတအိုဘားမားသည် ပြီးခဲ့သည့် ဇန်နဝါရီမှစ၍ ဒေသတွင်း တရုတ်၏အင်အားကြီးထွားလာမှုကို တန်ပြန်ရန်ရည်ရွယ်သော အမေရိကန်ကာကွယ်ရေး မဟာဗျူဟာသစ်ကိုထုတ်ဖော်ပြသခဲ့သည်။ သို့သော်တရုတ်ဘက်ကမူ ၎င်းတို့သည်အခြားမည်သည့် နိုင်ငံကိုမှ ခြိမ်းခြောက်မှု ပြုမနေကြောင်း ပြန်လည်ဝေဖန်ထားသည်။

ဝန်ကြီးယန်က အမေရိကန်တရုတ်ဆက်ဆံရေးသည် တိုးတက်နေပြီး ဒေသတွင်း၌ အမေရိကန်၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကိုလည်း ဘေဂျင်းကကြိုဆိုကြောင်းပြောသည်။ ၎င်းကတရုတ်နှင့် အခြားနိုင်ငံများအကြားတောင်တရုတ်ပင်လယ်ကျွန်းများ အငြင်းပွားမှုကို စေ့စပ်ဆွေးနွေးမှုဖြင့်သာ ဖြေရှင်းသင့်ကြောင်းဆိုခဲ့သည်။

*—Ref: AFP*

# အိမ်များကို ငလျင်ဒဏ်ခံစေနိုင်မည့် လေအိတ်စနစ် ဂျပန်ကုမ္ပဏီတစ်ခု တီထွင်

**တိုကျို၊ မတ် - ၅**

ဂျပန်နည်းပညာကုမ္ပဏီတစ်ခုသည် ပြင်းထန်သည် ငလျင်ဒဏ်ကြောင့် အဆောက်အအုံများလှုပ်ခါပြိုကျမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် အိမ်များကို ဧရာမလေအိတ်ကြီးများနှင့် ကာကွယ်ပေးမည့် စနစ်တစ်ခုကို တီထွင်လိုက်ကြောင်း သိရသည်။ အဆိုပါအဲယားဒန်ရှင်ကုမ္ပဏီသည် ယခုအခါ နိုင်ငံတစ်ဝန်းရှိ အိမ်ခြံမြေပေါင်း ၁၀၀ ခန့်တွင် ၎င်းတို့တီထွင်ထားသော ငလျင်ဒဏ်ခံလေအိတ်စနစ်ကို တပ်ဆင်ပေးနေပြီဖြစ်ကြောင်း ကုမ္ပဏီပြောခွင့်ရပုဂ္ဂိုလ်ကဆိုသည်။

ထိုစနစ်မှာ အဆောက်အအုံမြေနေရာအောက်တွင် အာရုံခံကိရိယာကို တပ်ဆင်ထားပြီး ကွန်ပရက်ဆာမှ အဆောက်အအုံများအောက်ရှိလေအိတ်ကြီးများကို တစ်စက္ကန့်အတွင်း လေဖြည့်သွင်းကာငလျင်လှုပ်နေစဉ် အဆောက်အအုံကို ထိန်းပေးထားမည်ဖြစ်သည်။ လေအိတ်များထဲရှိလေထုမှာ ၎င်း၏ အဆောက်အအုံကို ငလျင်လှုပ်နေစဉ်အမြင့် ၃ စင်တီမီတာ (၁ ဒသမ ၂ လက်မ)၌ ရှိနေအောင် ပင့်တင့်ပေးထားနိုင်သည်။

ငလျင်လှုပ်ခါမှု ပြီးဆုံးသွားလျှင်မူ လေအိတ်များမှ လေလျော့သွားမည်ဖြစ်ကာ အိမ်မှာလည်း နဂိုအုတ်မြစ်များပေါ်တွင် ပြန်လည်တည်ရှိသွားမည်ဖြစ်သည်။ ယင်းငလျင်ဒဏ်ခံ လေအိတ်ကိရိယာမှာ အဆောက်အအုံ၏ အရွယ်အစားအပေါ် မူတည်၍ ယန်းသုံးသန်း (ပေါင် ၂၃,၃၇၅) ခန့် ကျသင့်မည်ဖြစ်ကာ အခြားငလျင်ကာကွယ်ရေးစနစ်များထက် ပို၍ဈေးသက်သာကြောင်းဆိုသည်။

စက်ကိုတစ်ကြိမ်တပ်ဆင်ပြီးလျှင် ပြင်ဆင်ထိန်းသိမ်းမှု အနည်းငယ်သာလုပ်ရပြီး ၁၀ နှစ်အာမခံပေးကြောင်း ကုမ္ပဏီကဆိုသည်။ ကုမ္ပဏီသည် ယခုအခါ ပိုကြီးမား၍ အရေးပါသော အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများနှင့် ဆေးရုံများကိုလည်း ၎င်း၏စနစ်တပ်ဆင်နိုင်ရန်မျှော်လင့်နေကြောင်းသိရသည်။

*—Ref: Telegraph*






Photo - AFP

## ပူတင်အနိုင်ရရှိမှုကို ဆန့်ကျင်သူများ ကန့်ကွက်

**ရုရှား၊ မတ် - ၈**

မစ္စတာပူတင်၏ ရွေးကောက်ပွဲအောင်မြင်မှုမှာ ရုရှားပြည်သူများအတွက် စော်ကားမှုတစ်ရပ်ဖြစ်ကြောင်း ဗလာဒီမာပူတင်ကို ဆန့်ကျင်သူများက ပြောကြားလိုက်ကြောင်း သိရသည်။

ကန့်ကွက်ဆန္ဒပြမှုများကို စည်းရုံးလှုပ်ရှားသူများ၏ ကြေညာချက်မှာ မစ္စတာပူတင်၏ ရွေး ကောက်ပွဲ အောင်မြင်မှုနှင့် နောက်တစ်ရက်ဆန္ဒပြမှုများတွင် လူအများအပြား ထိန်းသိမ်းခံရမှုများနောက်ပိုင်း ပေါ်ထွက်လာခြင်းဖြစ်ပြီး ကန့်ကွက်မှုများပြုလုပ်မည့် ၎င်းတို့၏ စိတ်ပိုင်းဖြတ်ထားမှုကို ပြသနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသည့် နောက်ခံအကြောင်းအရာများကြောင့် ၂၀၁၂ ရုရှားသမ္မတ ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုရန်မဖြစ်နိုင်ကြောင်း League of Voters အဖွဲ့က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကြေညာခဲ့သည်။

ရွေးကောက်ပွဲ ဗဟိုကော်မရှင်က ရွေးကောက်ပွဲတွင် မဲပေးမှုမှုမမှန်ခြင်းများ ကြီးကြီးမားမားမရှိခဲ့ကြောင်း ပြောကြားခဲ့ပြီး မစ္စတာပူတင်ကလည်း ၎င်းအနေဖြင့် သန့်သန့်ရှင်းရှင်း အနိုင်ရရှိခဲ့ကြောင်း ပြောသည်။

မစ္စတာပူတင်၏ ပြောခွင့်ရပုဂ္ဂိုလ် ဒီမီထရီပက်စ်ကော့ဗ်ကလည်း အတိုက်အခံများ၏ ဝေဖန်မှုများကို ပယ်ချလိုက်ပြီး ယင်းကိုထည့်သွင်း စဉ်းစားတော့မည် မဟုတ်ကြောင်း အရိပ်အမြွက်မျှပြောကြားသည်။ "အဖက်ဖက်ကကြည့်ရှုသုံးသပ်ပြီးပါပြီ။ ဒီကိစ္စကိုပိတ်လိုက်ပြီ"ဟု ၎င်းကအင်တာဖက်စ်သတင်းအေဂျင်စီအားပြောသည်။

—*Ref: Reuters*

## ဆစ်ဒနီမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်


Photo - Getty Images

**ဆစ်ဒနီ၊ မတ် - ၈**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ငါးနှစ်အတွင်း အသည်းထန်ဆုံးမိုးရွာသွန်းမှု ကြုံတွေ့နေရာ လမ်းပန်းဆက်သွယ်ရေးစနစ်များ ပြတ်တောက်သွားခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများလည်း လုပ်ဆောင်နေရသည်။

ဆစ်ဒနီမြို့ဗဟိုစီးပွားရေးခရိုင်တွင် မိုးရေချိန် ၁၂၀ မီလီမီတာရွာသွန်းခဲ့ပြီး ယင်းမှာ ၂၀၀၇ နောက်ပိုင်း အမြင့်ဆုံးမိုးရွာသွန်းမှုနှုန်းဖြစ်သည်ဟု မိုးလေဝသစောင့်ကြည့်လေ့လာရေး ဗျူရိုက ပြောကြားသည်။

"မိုးရွာတာက တော်တော်လေးကို သည်းထန်ပြီး လေတိုက်နှုန်းလည်းပြင်းထန်နေပါတယ်" ဟု မိုးလေဝသဗျူရိုမှ ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။ ယင်းအတွက် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ရထားလမ်းများကိုလည်း ပိတ်ခဲ့ရသည်။ ကားလမ်းများလည်း ပြတ်တောက်သွားခဲ့ရာ အနည်းဆုံး လူနေအိမ်ခြေအဆောက်အအုံ အလုံးပေါင်းသုံးရာ၏ သွားလာမှုပြတ်တောက်သွားခဲ့သည်။

ဆစ်ဒနီဆိပ်ကမ်းတွင် လှေအများအပြား နစ်မြုပ်မည့် အန္တရာယ်ရှိနေပြီး မိုးရွာသွန်းမှုပြင်းထန်၍ လှေ၊ သင်္ဘော ၆၀၀၀ ခန့် ရေများပြည့်၍ နစ်မြုပ်နိုင်ခြေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ဆစ်ဒနီမြို့လေဆိပ်တွင်လည်း လေယာဉ်ခရီးစဉ်များ ဆိုင်းငံ့ထားခြင်း၊ ဖျက်သိမ်းခြင်းများ ရှိခဲ့ပြီး Quatas လေကြောင်းမှလေယာဉ်တစ်စီးကို နယူးကာဆယ်မြို့သို့ လမ်းကြောင်း ပြောင်းပေးခဲ့ရသည်။

—*Ref: AFP*











Oramin-G
အော်ရာမင်-ဂျီ
အဆင့်မြင့်ဂျင်ဆင်းအားဆေး
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့ " အော်ရာမင်-ဂျီ " ကိုသောက်ကြပါစို့
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50
MEDICAL
Manufactured by
DAEWON PHARM. CO., LTD.
Seoul Korea




Code - 2811
16,000 ks
Code - 0612
18,000 ks
(Slimfit)
Code - 4821
16,500 ks
Code - 6312
21,000 ks
Double Button at Neck
New Arrival
MARK®
WILLIAMS
Excellence through passion
100% COTTON
100% STRONG
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618

7 DAY NEWS JOURNAL

# International

Vol.11, No.2 • MARCH 15 , 2012

## တရုတ်ကုန်သွယ်ရေး လိုငွေပြမှု ကြီးမားလာ

**ဘေဂျင်း၊ မတ် - ၁၂**

ကုမ္ပဏီများက ကုန်ပစ္စည်းများစုဆောင်းနေသောကြောင့် တရုတ်နိုင်ငံသို့ နိုင်ငံခြားမှ ကုန်ပစ္စည်းတင်သွင်းမှု များပြားလာပြီးနောက်ပြီးခဲ့သည့်ဖေဖော်ဝါရီလတွင် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ ၁၀ နှစ်အတွင်း အကြီးမားဆုံးဖြစ်ခဲ့ကြောင်း သိရသည်။


Photo - AFP

ကုန်ပစ္စည်းတင်သွင်းမှုမှာ ပြီးခဲ့သည့်နှစ်ကနှင့်နှိုင်းယှဉ်ပါက ၃၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာသည်။ ပို့ကုန်မှာ ၁၈ ဒသမ ၄ ရာခိုင်နှုန်းသာတိုးတက်ခဲ့ကြောင်း အကောက်ခွန်ဗျူရိုက ပြောကြားခဲ့ပြီး ကုန်သွယ်ရေးလိုငွေပြမှုကန်ဒေါ်လာ ၃၁ ဒသမ ၅ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကြီးမားသောသွင်းကုန်၊ ပို့ကုန်ကွာဟမှုမှာ စီးပွားရေးတွင် နက်ရှိုင်းသောပြဿနာများရှိနေသည်ကို ပြသနေခြင်းဖြစ်ပြီး ယင်းကို တရုတ်အစိုးရက ကိုင်တွယ်ရန်လိုအပ်မည်ဖြစ်ကြောင်း ဆန်းစစ်လေ့လာသူများက ပြောကြားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးမှာ ပို့ကုန်ဦးဆောင်သော စီးပွားရေးလုပ်ငန်းဖြစ်သော်လည်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာမူ နှေးကွေးနေဆဲဖြစ်သည်။ တရုတ် ပို့ကုန်များ၏ အဓိကဦးတည်ရာ အရပ်ဖြစ်သော အမေရိကန်နှင့်ဥရောပ၌စီးပွားရေးနာလန်ထမှု မှာနှေးကွေးနေသေးသည်။

စာ(၄၅)သို့

NEWSANALYSIS

### အာဖရိက အောင်မြင်မှု ဇာတ်လမ်းတစ်ပုဒ်

စာ(၃၆)သို့


Photo - AFP

## ဂျပန်နိုင်ငံတွင် ဆူနာမီတစ်နှစ်ပြည့် ဆုတောင်းပွဲများ ကျင်းပ

**တိုကျို၊ မတ် - ၁၂**

လွန်ခဲ့သောတစ်နှစ်ကဖြစ်ပွားခဲ့သည့် ကြီးမားသောမြေငလျင်နှင့် ဆူနာမီကြောင့် သေဆုံးခဲ့သည့် လူပေါင်း ၁၉,၀၀၀ ကျော်အတွက် အောက်မေ့သတိရဆုတောင်းပွဲများကို မတ်လ ၁၁ ရက်တွင် ဂျပန်နိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

စာ(၄၅)သို့


Photo - Reuters

## သမ္မတအိုဘားမား တောင်-မြောက် ကိုရီးယားနယ်စပ်သို့ လည်ပတ်မည်

**ဆိုးလ်၊ မတ် - ၁၂**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ကိုရီးယားနှစ်နိုင်ငံအကြား စစ်ရေးအရ တင်းမာနေသည့် နယ်စပ်ဒေသသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယခုလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် အိုဘားမားက မြောက်ကိုရီးယားနိုင်ငံအကြောင်းမိန့်ခွန်းတွင်ထည့်သွင်းပြောဆိုသွားလိမ့်မည်ဟု ချိုဆန်အီဘိုသတင်းစာက ဖော်ပြသည်။

အမေရိကန်သမ္မတအိုဘားမားသည် မတ်လ ၂၆ နှင့် ၂၇ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် နျူကလီးယားလုံခြုံရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရင်း ကိုရီးယားနှစ်နိုင်ငံနယ်စပ် စစ်ရေးကင်းမဲ့ဇုန် (DMZ) သို့ သွားရောက် လှည့်လည်ကြည့်ရှုမည်ဟု သံတမန်အရင်းအမြစ်တစ်ခုအား ကိုးကား၍ ချိုဆန်အီဘိုသတင်းစာကရေးသားဖော်ပြသည်။

စာ(၄၅)သို့

## ဆီးရီးယားအရေးကို အကောင်းဘက်ကရှုမြင်ကြောင်း ကုလအထူးကိုယ်စားလှယ်ပြောကြား


**ဒမတ်စကပ်စ်၊ မတ် - ၁၂**

ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်နှင့် ဒုတိယအကြိမ်မြောက်တွေ့ဆုံဆွေးနွေးပြီးနောက် ၎င်းအနေဖြင့် (ဆီးရီးယားကိစ္စကို)အကောင်းမြင်လာခဲ့ကြောင်း ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ် အထူးကိုယ်စားလှယ် ကိုဖီအာနန်ကပြောကြားသည်။

သွေးထွက်သံယိုမှုများ အဆုံးသတ်ရေးအတွက် ခိုင်မာသောအဆိုပြုချက်များ ပေးအပ်ခဲ့ကြောင်း မစ္စတာကိုဖီအာနန်က ပြောကြားသော်လည်း သဘောတူညီမှုတစ်ရပ်မရရှိသေးကြောင်း ကုလအထူးကိုယ်စားလှယ်က ဝန်ခံပြောကြားသည်။

မတ်လ ၁၀ ရက်က ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတွင် ဆီးရီးယားနိုင်ငံ၌ လက်နက်ကိုင်အကြမ်းဖက်အုပ်စုများ၏ လှုပ်ရှားမှုများရှိနေစဉ်အတွင်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေးကို သမ္မတအာဆတ်ကပယ်ချခဲ့သည်။

စာ(၄၅)သို့


Photo - AFP



ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.2 • MARCH 15 , 2012

# ကြားဖြတ်ရွေးကောက်ပွဲတွင် ဝန်ကြီးဌာနများ ဘက်မလိုက်ရန် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ပြောကြား

**အားမာန်**

**ရန်ကုန်၊ မတ် - ၉**

**လာမည့် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဘက်မလိုက်ကြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးကပြောသည်။**

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ မိမိတို့၏ ဂုဏ်သိက္ခာနှင့်အညီ ၂၀၁၂ ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကြီးကြပ်ကျင်းပပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကြွရောက်လာကြသောပြည်ထောင်စုဝန်ကြီးဌာနအသီးသီး အနေဖြင့်လည်း မိမိတို့ဂုဏ်သိက္ခာနှင့်အညီ ဘက်မလိုက်ဘဲ မျှမျှတတ ပါဝင်ပူးပေါင်းကြီးကြပ် ဆောင်ရွက်ပေးကြစေလိုပါကြောင်း" မတ်လ ၈ ရက်ထုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ပြုလုပ်သောကော်မရှင်နှင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ တွေ့ဆုံပွဲ၌ ဦးတင်အေးက ပြောကြားခဲ့ကြောင်း မတ်လ ၉ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

ထို့အပြင် ကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ စောင့်ကြည့်လေ့လာရေးနှင့်ပတ်သက်၍လည်း "ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ မဲရုံများတွင် စောင့်ကြည့်လေ့လာရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲနည်းတူ မြန်မာနိုင်ငံရှိ သံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနအကြီးအကဲများနှင့် ကိုယ်စားလှယ်များကို ဖိတ်ကြား၍ လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း" ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ၂၃ ရက်အလိုတွင် ပြောကြားခဲ့သည်။ သို့သော် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများနှင့် ပတ်သက်၍မူ ပြောကြားခဲ့ခြင်းမရှိပေ။

၂၀၁၀ ရွေးကောက်ပွဲကျင်းပခဲ့စဉ်က လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲစာရင်း တစ်မျက်နှာလျှင် ၂၀၀ ကျပ်နှုန်းဖြင့် ကူးယူခွင့်ပြုထားရာမှ ယခုအကြိမ်တွင် ကိုယ်စားလှယ်လောင်းတစ်ဦးလျှင်၎င်းနှင့်သက်ဆိုင်သောမဲဆန္ဒနယ်၏မဲစာရင်းတစ်စုံအခမဲ့ကူးယူခွင့်ပြုထားကြောင်း ဦးတင်အေးက ပြောသည်။ မဲစာရင်းများကို ဖေဖော်ဝါရီ ၂၉ ရက်မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားကြောင်း သတင်းရရှိသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်နှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာသည့်နေ့မှ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ တစ်ရက် (မတ်လ ၃၁ ရက်) အထိ ခွင့်ပြုထားကြောင်းလည်း ၎င်းကပြောသည်။ မဲစာရင်းများမှာမူ ၂၀၁၀ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မူလမဲစာရင်းကို အခြေခံပြီး ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ မှန်ကန်ပြည့်စုံသော မဲစာရင်းများ ပြုစုရန် ညွှန်ကြားထားကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကဆိုသည်။

## ကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၁၆၇ဦး ဝင်ပြိုင်မည်

**အားမာန်**

**ရန်ကုန်၊ မတ်-၁၂**

ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၁၆၈ဦးရှိကြောင်းပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလှိုင်က ပြောသည်။

ကိုယ်စားလှယ်လောင်း ၁၆၈ ဦးတွင် ၁၆၀ ဦးမှာ နိုင်ငံရေးပါတီများ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၈ ဦးမှာ တစ်သီးပုဂ္ဂလိက ကိုယ်စားလှယ်များဖြစ်သည်။

လာမည့် ဧပြီ ၁ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီ ၁၇ ခုရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကသာ လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာလုံး၊ နေရာအပြည့် ဝင်ရောက်ယှဉ်ပြိုင်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှာ မဲဆန္ဒနယ် ၂၇နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းဦးရေ တတိယအများဆုံး ဝင်ရောက်ယှဉ်ပြိုင်သောပါတီဖြစ်သည်။

မဲဆန္ဒနယ်ပေါင်း ၁၁၅၉ဖြင့် ကျင်းပခဲ့သော ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်နှင့်တစ်သီးပုဂ္ဂလကိုယ်စားလှယ် စုစုပေါင်း၃၀၇၁ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



## မော်တော်ယာဉ်လုပ်ငန်း မူဝါဒတစ်ရပ် ပေါ်ပေါက်လာဖွယ်ရှိ

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်-၁၁**

ပြည်တွင်းမော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာ ရန် မော်တော်ယာဉ်လုပ်ငန်းမူဝါဒ (Auto Policy) တစ်ရပ်ပေါ် ပေါက်လာရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆောင်ရွက်သွားရန်ရှိကြောင်း မြန်မာနိုင်ငံမော်တော်ယာဉ်နှင့် မော်တော်ယာဉ် ဆိုင်ကယ် ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဦးစီးမှုအောက်တွင် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်ဖွံ့ဖြိုးမှုဆပ်ကော်မတီက ကျင်းပသည့် အစည်းအဝေးတွင် မော်တော်ယာဉ်လုပ်ငန်းပေါ် လစီကို တင်ပြပြီးဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံမှ JETRO (Japan Extra Trade Organization) အထွေထွေအတွင်းရေးမှူး နှင့်ညှိနှိုင်းပြီး မြန်မာနိုင်ငံအတွက် မော်တော်ယာဉ်မူဝါဒတစ်ရပ်ကို မူကြမ်းရေးဆွဲပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

"နိုင်ငံခြားက ရင်းနှီးမြှုပ်နှံ မယ့် အဖွဲ့အစည်းတွေလာပါတယ်။ TAN CHONG (မလေး ရှားကားထုတ်လုပ်သည့် ကုမ္ပဏီ)၊ နစ်ဆန်း၊ တိုယိုတာတို့လာပါတယ်။ အကုန်လာတဲ့အခါမှာ မြန်မာနိုင်ငံမှာ Auto Policy ရှိလားလို့ မေးပါတယ်။ အခုချိန်ထိ မရှိသေးပါဘူး။ နိုင်ငံခြားအဖွဲ့ အစည်းတွေက အခုချိန်ထိ ရင်းနှီး မြှုပ်နှံဖို့ အများကြီး အခက်အခဲ ဖြစ်နေပါတယ်" ဟု ယင်းတာဝန် ရှိသူက ပြောသည်။

သက်ဆိုင်ရာက ပုဂ္ဂလိက လုပ်ငန်းရှင်များအား ပြီးခဲ့သည့်နှစ်မှစတင်ပြီး ကားတင်သွင်းခွင့်ပြုပြီးနောက်တွင် တင်သွင်းပြီးကားများအား ရောင်းချသည့် ကားအရောင်းပြခန်းပေါင်း ၅၀ ကျော်ရှိပြီဖြစ်သည်။

## လယ်သမားများ ငွေကျပ်နေသောကြောင့် အကျိုးဆောင်ကုမ္ပဏီများ ချေးငွေအပြည့်အဝပြန်မရ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မတ် - ၁၂**

လယ်သမားများ ငွေကြေးအခက်အခဲဖြစ်နေခြင်းကြောင့် အထူးပြုကုမ္ပဏီများ ယခုအချိန်ထိ စိုက်ပျိုးစရိတ်ချေးငွေ အပြည့်အဝပြန်လည်မရရှိသေးကြောင်း စုံစမ်းသိရသည်။

မိုးစပါးစိုက်ချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုများနှင့်ကြုံတွေ့ခဲ့သည်။ စပါးပေါ်ချိန်တွင် စပါးဈေးမကောင်းခြင်း၊ ဆောင်းသီးနှံများတွင်လည်း ပိုးမွှားအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခြင်းများရှိခဲ့သည်။ ထို့ကြောင့် အထူးပြု ကုမ္ပဏီများက ချေးငွေပြန်သိမ်းချိန်တွင် လယ်သမားများအချိန် အမီပြန်ပေးနိုင်ခြင်းမရှိကြောင်း စုံစမ်းသိရသည်။

"ချေးငွေပေးတာကိုတော့ ရပ်လိုက်လို့မဖြစ်ဘူး။ အကျပ်အတည်းက သိပ်ဖြစ်နေကြတယ်။ အဖြေတစ်ခုတော့ စဉ်းစားရမယ်" ဟုကဥ္စနကျွန်းသာအထူးပြုကုမ္ပဏီမှ ဥက္ကဋ္ဌဦးချစ်ခိုင်ကဆိုသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ချေးငွေပြန်လည်ရရှိမှုသည် ဒေသတစ်ခုနှင့်တစ်ခု မတူပေ။ အချို့ဒေသများတွင် မိုးစပါး၌ ချေးငွေပြန်ရမှု ၂၀ ရာခိုင်နှုန်းခန့် ကျန်သော်လည်း အချို့ဒေသများတွင် ၅၀ ရာခိုင်နှုန်းထိ ကျန်ရှိနေသေးကြောင်းစုံစမ်းသိရသည်။ အထူးပြုကုမ္ပဏီများသည် ယခင်နှစ်က မတ်လအတွင်းတွင်ချေးငွေ ၉၅ ရာခိုင်နှုန်းကျော်ပြန်ရပြီဖြစ်သည်။

"ရှေ့နှစ် မိုးစပါးမှာ ချေးငွေပေးဖို့ကိုတော့ ပြန်သုံးသပ်ရမယ်" ဟု ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဒေါက်တာစိုးထွန်းကဆိုသည်။

အထူးပြုကုမ္ပဏီ အများစုသည် လယ်သမားများသို့ ချေးငွေပေးရာတွင် နှစ်စဉ် ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းဝန်းကျင်သာ ပြန်လည်ရရှိကြောင်းလည်း သိရသည်။

အထူးပြုကုမ္ပဏီများကို ၂၀၀၉ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိအချိန်တွင် ကုမ္ပဏီအရေအတွက် ၅၇ ခုထိ တိုးတက်လာသည်။ သို့သော် ယခုနှစ် တောင်သူလယ်သမားများထံ စိုက်ပျိုးစရိတ်ထောက်ပံ့ပေးငွေမှာ ယခင်နှစ်ကထက် ကျပ်ငွေသုံးဘီလီယံ လျော့နည်းခဲ့သည်။ ယခင်နှစ်က ကျပ်ငွေ ၁၉ ဘီလီယံပေးနိုင်ခဲ့သော်လည်း ၂၀၁၁မိုးစပါးတွင်ကျပ်ငွေ ၁၆ ဘီလီယံသာရှိကြောင်း စုံစမ်းသိရသည်။

7DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# ဒေါ်အောင်ဆန်းစုကြည်ဟောပြောချက် ရုပ်မြင်သံကြားမှ မလွှင့်မီ အင်တာနက်ပေါ်တွင် ပျံ့နှံ့

အိဖြူလွင်

**ရန်ကုန်၊ မတ်-၁၃**

ယခုလ ၁၄ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ နိုင်ငံရေးပါတီများ ဟောပြောချက်အဖြစ် ထုတ်လွှင့်မည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို ရုပ်သံမလွှင့်မီကပင် အင်တာနက်ပေါ်မှတစ်ဆင့်နားထောင်ခဲ့ကြသူများ များပြားခဲ့ သည်ဟု သိရသည်။

ယခင်က တစ်ကြိမ်မှမပြောဘူးသူ ပြောမည်ဆိုခြင်းကြောင့် စိတ်ဝင်စား၍နားထောင်ခဲ့ခြင်းဖြစ်သည်ဟု နားထောင်ပြီးသူ လူငယ်များကပြောသည်။

မိန့်ခွန်းတွင် ပါရှိသော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပတ်သက်သော သဘောထားနှင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများအပေါ်ပြောကြားချက်များသည်လက်တွေ့ကျသည်ဟု အသက်(၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦး က ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မည့်ကိစ္စမှာကြီးကျယ်သည်ဟု မြင်ပြီး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်နိုင်ငံရေးသမားအားလုံး ကိုကစားကွင်းထဲတွင် Line up ဝင်သည့် ဖော်ဆောင်သူများဟု မြင်ပြီး မိမိတို့ ပြည်သူများသည် အရန်ခုံ၌ ထိုင်နေသော ဒုတိယဖော်ဆောင်သူများအဖြစ် မြင်ကြောင်း အသက် ၂၇ နှစ်အရွယ်နိုင်ငံရေးစိတ်ဝင်စားသူတစ်ဦးကပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည် ၏ ယခုမိန့်ခွန်းကို ယေဘုယျအားဖြင့်ကောင်းသည်ဟုမြင်ပြီး မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း အချိန်ယူပြီးလုပ်ဆောင်မည်ဆိုပါက လုပ်နိုင်မည်ဟု မြင်ပါကြောင်းလည်း အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးကပြောသည်။

အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးက မိန့်ခွန်းကိုယေဘုယျအားဖြင့်သဘောကျပြီး တပ်မတော်သားကိုယ်စားလှယ်များအပေါ် သဘောထားနှင့် တပ်မတော်အပေါ် သဘောထားများမှာ ပြတ်သား မှုမရှိဟု ထင်မြင်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် လယ်ယာပိုင်ဆိုင်ခွင့်၊ ဖွဲ့စည်းပုံအရ တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းစသည်တို့မှာ လက်ရှိအခြေအနေနှင့်ကိုက်ညီမှု မရှိဟု ထင်မြင်ပြီး၊ အင်ဒိုနီးရှားကဲ့သို့နိုင်ငံမျိုးတွင် တပ်မတော်သားများအပေါ် နေရာပေးထားခြင်းရှိသည်ဟု ၎င်းကပြောကြားခဲ့သည်။



ရုပ်သံထုတ်လွှင့်မှုဗီဒီယိုဖိုင်တွင်တွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်

နိုင်ငံတကာ သတင်းအယ်ဒီတာတစ်ဦးက ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် ပညာရေး၊ ကျန်းမာရေးအကြောင်းများကို ပြောကြားခဲ့သော်လည်း စီးပွားရေးနှင့် ဆက်စပ်နေသော အခြေခံအဆောက်အဦများကို မည်ကဲ့သို့ ထူထောင်မည်ဆိုသော အချက်များပါဝင်သည်ကို မတွေ့ရကြောင်း ပြောကြားခဲ့သည်။

မတ်လ ၇ ရက်မှစ၍ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် နိုင်ငံရေးပါတီများ၏ ၁၅ မိနစ်ကြာ မူဝါဒရေးရာ ဟောပြောချက်များကို စတင်ထုတ်လွှင့်နေပြီဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌဒေါ်အောင် ဆန်းစုကြည်၏ ဟောပြောချက်မှာ ယခုလ၁၄ ရက်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

# ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် နိုင်ငံ၏အခြေခံ အဆောက်အအုံများကို အဆင့်မြှင့်တင်ရန်လို

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်-၁၃**

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင်လိုအပ်သည့် ပြင်ဆင်မှုများအပြင် နိုင်ငံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များ (Infrastructure)ကိုလည်း အဆင့်မြှင့်တင် သွားရန်လိုအပ်ကြောင်း ကိုရီးယားသံရုံး၊ စီးပွားရေးသံမှူးဒေါက်တာ PARK Chulho က ပြောသည်။

ယခုလ ၁၃ ရက် ကုန်သည်ကြီးများဟိုတယ်တွင် KOTRA (Korea Trade-Investment Promotion Agency) နှင့်မြန်မာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် ကိုရီးယား-မြန်မာ စီးပွားရေးဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"ပြည်ပနိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေ လာရောက်ဖို့ဆိုတာ အစစအရာရာအဆင်ပြေနေဖို့လည်း လိုပါတယ်။ ရင်းနှီးမြှုပ်နှံဖို့လာဖို့ စီးပွားရေးနဲ့ဆိုင်တဲ့ ဥပဒေတွေပဲ အရေးကြီးတာမဟုတ်ပါဘူး။ အခြေခံလိုအပ်တဲ့ အဆောက်အအုံပိုင်းလည်းအရေးကြီးပါတယ်"ဟု ၎င်းကပြောသည်။

ကိုရီးယားမှ လျှပ်စစ်စွမ်းအင်ပေါ် အခြေခံပြီး လည်ပတ်လုပ်ကိုင်မည့် စက်ရုံတစ်ရုံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခက်အခဲတစ်ရပ်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်က "ပြည်ပရင်းနှီးမြှုပ်နှံမှုက ဥပဒေ(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ) တစ်ခုတည်းကြည့်လို့မရပါဘူး။ အများကြီးကြည့်ရပါမယ်။ အခြေခံလိုအပ်ချက်တွေ ပြည့်ပြည့်စုံစုံမရှိတာကြောင့်လည်း ရင်းနှီးမြှုပ်နှံမှုတွေ လာဖို့ခက်ပါတယ်။ အခြေခံလိုအပ်ချက်တွေ ပြည့်စုံဖို့အတွက် ODA (Official Development Assistance) တွေ ရမှဖြစ်မှာ"ဟု ပြောသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ပါဝင်သည့် မြေယာအသုံးပြုခွင့်၊ ငွေကြေးလဲလှယ်နှုန်း၊ အခွန်နှုန်းထားသတ်မှတ်ချက် အစရှိသည့်၁၀ ချက်ကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းရန် စီစဉ်နေကြောင်း သိရသည်။

# ဦးဝင်းတင် ဖောင်ဒေးရှင်းမှ အကျဉ်းကျခံနေရသူများနှင့် လွတ်မြောက်လာသူများအား ထောက်ပံ့

အိဖြူလွင်

ရန်ကုန်၊မတ်-၁၂

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ ၈၂နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းမှ အကျဉ်းကျခံနေရသူများနှင့် အကျဉ်းမှ လွတ်မြောက်လာသော ယုံကြည်ချက် အကျဉ်းသား ၈ ဦး အားထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့တော်ဝင်နှင်းဆီတွင် ပြုလုပ်ခဲ့သည်။

ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးအပ်မည့်သူများမှာ လက်ရှိအကျဉ်းကျခံနေရဆဲ ယုံကြည်ချက်အကျဉ်းသားများ၊ ယင်းတို့၏ မိသားစုများ၊ ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် မိသားစုများ၊ စာနယ်ဇင်းသမားများအနက် ကျန်းမာရေးအတွက် ထောက်ပံ့ရန်လိုအပ်သူများ၊ ယင်းတို့၏ မိသားစုများအနက် ပညာရေးအထောက်အပံ့လို အပ်သူများ စသည့် သူများဖြစ်သည်ဟုဖောင်ဒေးရှင်းမှ သိရသည်။

ယနေ့ဖောင်ဒေးရှင်း၏ ပထမဆုံးအကြိမ်အဖြစ် ထောက်ပံ့ ငွေ ၃၄ သိန်းကို ပေးအပ်ခဲ့သည်။ ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို ယခုလ ၈ ရက်မှ စတင်ဖွဲ့စည်းခဲ့ပြီး မတည်ငွေအဖြစ် ကျပ်သိန်းတစ်ရာလှူထားခဲ့သည်။

ဟံသာဝတီ ဦးဝင်းတင်က ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေပေးအပ်မည့်သူများကို မည်သူကမည်သည့်အတွက်ကြောင့် မည်မျှပေးအပ်မည်ဆိုသည်ကို အဖွဲ့များ၏ ထောက်ခံချက်များညှိနှိုင်းဆွေးနွေးချက်များအရ ဆုံးဖြတ်သွားမည်ဟု ဖောင်ဒေးရှင်းနာယကဖြစ်သော ဟံသာဝတီဦးဝင်းတင်က ပြောကြားခဲ့သည်။

ဦးဝင်းတင်က ၎င်းကိုယ်တိုင် အကျဉ်းကျခံခဲ့ရပြီးလက်ရှိအချိန်တွင်လည်း အကျဉ်းကျခံနေရသူ အကျဉ်းသားများအား စာနာသော၊ မမေ့မလျော့သောအားဖြင့် ထောက်ပံ့မှုများကို တစ်နိုင်တစ်ပိုင်ပြုလုပ်နေရာမှ ယခုအလှူရှင်များ၏ လှူဒါန်းငွေများကို စုပေါင်းပြီး ဖောင်ဒေးရှင်း ထူထောင်ခဲ့ခြင်း ဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

# ဒဂုံမြို့သစ်အရှေ့ပိုင်း ပယ်ဖျက်ထားသော ဝန်ထမ်းမြေကွက်များ တစ်ကွက်ကျပ်နှစ်သိန်းဖြင့် အရောင်းအဝယ်ဖြစ်

**ပြည့်သိမ်၊ ကိုကိုကြီး**

**ရန်ကုန်၊ မတ်-၁၂**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ပယ်ဖျက်လိုက်သော ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ ဝန်ထမ်းမြေကွက်များကို တစ်ကွက်လျှင် ကျပ်နှစ်သိန်းဖြင့် ဝယ်ယူမှုများရှိနေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ စုံစမ်းသိရသည်။

"ဝယ်တဲ့လူက ရှိတယ်။ သူက တစ်ရက်ခြား နှစ်ရက်ခြားလာတယ်"ဟု မြောက်ဒဂုံ ၅/၈ လမ်းဆုံရှိ ကောင်းမွန်ကျော် လက်ဖက်ရည်ဆိုင်မှ ပွဲစားတစ်ဦးကဆိုသည်။

အဆိုပါ မြေကွက်များကို ဝယ်ယူကြခြင်းမှာ ကံစမ်းမဲနှိုက်သကဲ့သို့ငွေကြေးတတ်နိုင်သူများက ပြုလုပ်ကြခြင်းဖြစ်ကြောင်းလည်း သိရသည်။ ပယ်ဖျက်မှုသတင်းမထွက်ခင်က ၎င်းမြေကွက်များသည် ကျပ်ခုနစ်သိန်းမှ ဆယ့်ငါးသိန်းကြား ဈေးရှိသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ပယ်ဖျက်လိုက်သော မြေကွက်များကိုမူလသွင်းခဲ့သည့်ဈေးကျပ်တစ်သောင်းနှစ်ထောင်ကို သာ မတ် ၈ ရက်မှ ၃၁ ရက်ကြားတွင် ပြန်ထုတ်ပေးရန် ကြေငြာထားသည်။

"အိုးအိမ်က ပယ်ဖျက်ပြီးသားကို ကျပ်နှစ်သိန်းနဲ့ဝယ်တယ်ဆိုတာ သိပ်မရိုးသားဘူးထင်တယ်"ဟု လယ်ဆည်ဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ခေတ်မီစက်မှုလယ်ယာစံပြ အထူးစိုက်ပျိုးရေးဇုန်အဖြစ် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ ဝန်ထမ်းများ ချပေးထားသည့် မြေကွက်ဖြစ်သည့် မြေတိုင်းရပ်ကွက် အမှတ်-၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀ တို့ကို ပြန်လည်သိမ်းယူခြင်းဖြစ်သည်။ ယခုပြန်လည်သိမ်းယူမှုတွင် မြေတိုင်းရပ်ကွက် ၁၁ ကွက်မှ အနံပေ ၄၀၊ အလျားပေ ၆၀ မြေကွက် ၁၂၁၁၉ ကွက်ဖြစ်ကြောင်း သိရသည်။

# မဲဆန္ဒနယ် ၄၈ နေရာသို့ ပြင်ပမှ မဲစာရင်း ရွှေ့ပြောင်းထည့်ခြင်း လက်မခံ

**အိဖြူလွင်**

**ကောလင်း၊ မတ်- ၁၃**

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များ၌ မဲပေးနိုင်သူများစာရင်းတွင်ပါဝင်ရန်အတွက် မဲစာရင်း ပြောင်းရွှေ့ထည့်သွင်းခြင်းကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များတွင် နေထိုင်သူများဖြစ်မှသာ ပြုလုပ်ခွင့်ရှိသည်ဟု သိရသည်။

အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေသော နည်းဥပဒေ ၁၀ ပါ အခြားမဲဆန္ဒရှင်များသည် မိမိ တို့လက်ရှိရောက်ရှိနေသော မဲဆန္ဒနယ်၏ မူလမဲစာရင်း(၂၀၁၀ မဲစာရင်း)တွင်မပါဝင်ပါက မူလမဲစာရင်းပါရှိရာ မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေးကောက်ပွဲရှိမှသာ လက်ရှိရောက်ရှိနေသော မဲဆန္ဒနယ်၏ မဲစာရင်းတွင် ထည့်သွင်းပေးရန် လျှောက်ထားခွင့်ရှိမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖေဖော်ဝါရီ ၂၇ ရက် ရက်စွဲပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့သို့ မိမိတို့၏ အမြဲတမ်းနေရပ်သည် ယခုကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်မဲဆန္ဒနယ် ၄၈ နေရာတွင် ပါဝင်ခြင်းမရှိပါက မဲစာရင်းရွှေ့ပြောင်းထည့်သွင်းခွင့်မရရှိခြင်းဖြစ်သည်ဟု မိုးညှင်းခရိုင်ကော်မရှင်မှ သိရသည်။

ယခင်ရွေးကောက်ပွဲသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပသောရွေးကောက်ပွဲ ဖြစ်ခြင်းကြောင့် မြို့နယ်အားလုံးတွင် နေထိုင်သူများ အားလုံးသည် မဲပေးနိုင်သော်လည်း ယခုကြားဖြတ်ရွေးကောက်ပွဲသည် လစ်လပ်သွားသော သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင်သာပြုလုပ်သည့်အတွက် အဆိုပါမြို့နယ်များတွင်နေထိုင်ခဲ့သူများသာ မဲစာရင်းပြောင်းရွှေ့ထည့်သွင်းခွင့်ရှိခြင်း ဖြစ်သည်။

မိုးညှင်းခရိုင်အတွင်းရှိ ဖားကန့်မြို့နယ်တွင် ကုမ္ပဏီများနှင့် ပြောင်းရွှေ့လုပ်သားများ များပြားသောကြောင့် နည်းဥပဒေ ၁၀ အရ မဲစာရင်းထည့်သွင်းခြင်းများလည်း များပြားပြီးအဆိုပါမဲစာရင်းများကိုစိစစ်ရာတွင်ဝန်ထမ်းလစာပေးဖြတ်ပိုင်းများကိုကြည့်၍ ရက်ပေါင်း ၁၈၀ ကိုစိစစ်ခြင်းနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောမြို့နယ်များမှ ဟုတ် မဟုတ်ကိုပါ စိစစ်သည်ဟု မိုးညှင်းခရိုင်ကော်မရှင် ဥက္ကဋ္ဌက ပြောကြားသည်။

# ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင် မြန်မာနိုင်ငံသို့ လာရောက်

**အေးမြကျော်**

**ရန်ကုန်၊ မတ်-၁၃**

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် ရန်ကုန်မြို့သို့မတ်လ ၁၂ ရက်တွင်ရောက်ရှိလာပြီး တစ်ညတာထိုင်းနိုင်ငံသားပိုင် ချက်ထရီယမ်ဟိုတယ်တွင် တည်းခိုကာ မတ်လ ၁၃ ရက်နံနက်ပိုင်းတွင်ဟိုတယ်မှပြန်လည်ထွက်ခွာသွားကြောင်း စုံစမ်းသိရသည်။

သက်ဆင်နဲ့အဖွဲ့သည် မတ်လ ၁၃ ရက် နံနက် ၁၀ နာရီ ဝန်းကျင်တွင် ကားအနက် ၄ စီးနှင့် ချက်ထရီယမ်ဟိုတယ်မှ ထွက်ခွာသွားကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့ရသူတစ်ဦးက 7Day News သို့ ပြောသည်။

သက်ဆင်ရှင်နာဝပ်မြန်မာနိုင်ငံသို့လာရောက်သည့်ကိစ္စနှင့် ပတ်သက်ကာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးကို ဖုန်းဆက်မေးမြန်းရာ “သံရုံးနဲ့ဆက်စပ်ပြီး လာတာ မဟုတ်တဲ့အတွက် မသိပါဘူး”ဟု တာဝန်ရှိသူတစ်ဦးကဖြေကြားသည်။



ပြီးခဲ့သည့်နှစ်ဆန်းပိုင်းကလည်း ၎င်းလာရောက်ခဲ့ကြောင်း ကောလာဟလများ ထွက်ခဲ့သည်။

နက်ပြာရောင်ဂျင်းဘောင်းဘီအနက်နှင့်တီရှပ်အဖြူအကွက်စိပ်ကိုကုတ်အင်္ကျီအနက်ကိုလွတ်လပ်စွာတွဲဖက်ဝတ်ဆင်ထားသော ဝန်ကြီးချုပ်ဟောင်းသည် မြန်မာနိုင်ငံခရီးစဉ်ကိုအသိပေးကြေငြာခြင်းမရှိဘဲလာရောက်ခဲ့ပြီး မည်သည့်အကြောင်းနှင့် လာရောက်သည်ကို မသိရှိရပေ။

မစ္စတာသက်ဆင်ရှင်နာဝပ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိ ထိုင်းဝန်ကြီးချုပ် မစ္စယင်လတ်ရှင်နာဝပ်၏ အစ်ကိုအရင်းတော်စပ်သူဖြစ်သည်။

လက်ရှိထိုင်းဝန်ကြီးချုပ်ယင်လတ်ရှင်နာဝပ်သည် မြန်မာနိုင်ငံသို့ ၂၀၁၁ခုနှစ်အတွင်းကအောက်တိုဘာ ၅ ရက်တွင်ပထမဆုံးအကြိမ်လာရောက်ခဲ့ပြီးဒီဇင်ဘာလ ၁၉တွင်ကျင်းပသော မဲခေါင်ဒေသတွင်းနိုင်ငံများထိပ်သီးအစည်းအဝေးကိုနေပြည်တော်တွင် တက်ရောက်ကာ သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ပြီး ၂၀ ရက်တွင် ရန်ကုန်မြို့၌ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သည်။

# ဘတ်ဂျက်ရေးဆွဲရာတွင် တစ်ဒေါ်လာလျှင် ၈၀၀ ကျပ်ဖြင့် တွက်ချက်

**အားမာန်**

**ရန်ကုန်၊ မတ်-၁၃**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း(ဘတ်ဂျက်)ကို ရေးဆွဲရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးကို မြန်မာကျပ်ငွေ ၈၀၀ ကျပ်ဖြင့် စတင်တွက်ချက်ထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရရုံးအစည်းအဝေးခန်းမ၌ပြုလုပ်သော အစည်းအဝေးတွင်လည်း လာမည့်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ဒေါ်လာကို တွက်ချက်ရာ၌ တစ်ဒေါ်လာလျှင် ၈၀၀ ကျပ်နှုန်း သတ်မှတ်တွက်ချက်ထားကြောင်း ပြောကြားခဲ့သည်။

ယခင် ဘတ်ဂျက်များရေးဆွဲရာတွင် ဒေါ်လာတန်ဖိုးကို ၆ ကျပ်ဖြင့် သတ်မှတ်တွက်ချက်လေ့ရှိရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင်မူ တစ်ဒေါ်လာကို ၈၀၀ ကျပ်ဖြင့် တွက်ချက်ထားသည်ကို တွေ့ရကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းက ပြောသည်။

မြန်မာနိုင်ငံနိုင်ငံတွင် တရားဝင်ငွေလဲနှုန်းကို ၁၉၇၇ ခုနှစ်မှ စတင်၍ တစ်ဒေါ်လာလျှင် ၆ ကျပ်နှုန်း သတ်မှတ်ခဲ့သည်။ သို့သော် လက်တွေ့စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်မူ ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်းမှာ သုံးမျိုးထိ ရှိလာသည်။ တရားဝင်သတ်မှတ်သော တစ်ဒေါ်လာ ၆ ကျပ်နှုန်း၊ အကောက်ခွန်မှ တွက်ချက်သောနှုန်းနှင့် ငွေလဲလှယ်ရေးဈေးကွက်တွင် ပေါက်သော ပေါက်ငွေဈေးနှုန်းတို့ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ အစိုးရလက်ထက်တွင် ခေတ်ကာလနှင့်လျော်ညီပြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြင်ပပေါက်ဈေးနှင့် နီးစပ်သည့် တစ်ခုတည်းသော ငွေ လဲနှုန်းကို သတ်မှတ်ရန် ပြည်တွင်း၊ပြည်ပပညာရှင်များကတိုက်တွန်းထားသည်။ အစိုးရကလည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ ကမ္ဘာ့ဘဏ်အပါအဝင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များထံမှ အကြံဉာဏ်နှင့် နည်းပညာများရယူကာ တစ်ခုတည်းသောငွေလဲနှုန်း သတ်မှတ်ရန် ဆောင်ရွက်နေသည်။

ထိုကြောင့် ၁၉၇၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့သော တစ်ဒေါ်လာ ၆ ကျပ်နှုန်းမှာ ဧပြီ ၁ ရက်မှ စတင်၍ ဖျက်သိမ်းမည်ဖြစ်ပြီး၊ အစိုးရက တရားဝင်သတ်မှတ်မည့်နှုန်းကို စီးပွားရေးပညာရှင်၊ လုပ်ငန်းရှင်များက စိတ်ဝင်စားနေသည်။

ဘတ်ဂျက်တွက်ချက်ရာတွင် တစ်ဒေါ်လာလျှင် ၈၀၀ ကျပ်ဖြင့် တွက်ချက်ထား၍ တရားဝင်သတ်မှတ်မည့်နှုန်းမှာ ၈၀၀ ကျပ်ဝန်းကျင်ရှိနိုင်ကြောင်း ခန့်မှန်းမှုများလည်း ရှိသည်။ ထိုသို့မဟုတ်ဘဲ ငွေလဲနှုန်းကိုဈေးကွက်ပေါက်ဈေးအတိုင်း နှုန်းရှင်သတ်မှတ်နိုင်ကြောင်းလည်း စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်အချို့က ခန့်မှန်းနေကြသည်။

ထပ်မံရရှိသော သတင်းများအရ အစိုးရက ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြန်လည်ပြင်ဆင်ရေးဆွဲနေပြီးဖြစ်ကြောင်းလည်း သိရသည်။

မူလရေးဆွဲထားသော ဘတ်ဂျက်တွင်ဝန်ကြီးဌာနအချို့၏ စီမံကိန်းများထဲမှ ပြည်သူလူထုအတွက် အကျိုးမရှိသော စီမံကိန်းများနှင့် လတ်တလော ဆောင်ရွက်ရန် မလိုအပ်သော စီမံကိန်းအချို့ကို ရွှေ့ဆိုင်းခြင်း၊ ရပ်နားခြင်းများပြုလုပ်ရန် လွှတ်တော်၌ တင်ပြဆွေးနွေးမှုများ ရှိသည်။

လွှတ်တော်ဆွေးနွေးတင်ပြသည့်အတိုင်း ဘတ်ဂျက်ကို ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပါက အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ ပိုမိုအသက်ဝင်ပီပြင်လာခြင်းပင်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

# နိုင်ငံတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများ ထိရောက်သောချဉ်းကပ်မှုများဖြင့်လုပ်ဆောင်ရန် ကင်တားနားတိုက်တွန်း

**အေးမြကျော်**

**ဂျနီဗာ၊ မတ်- ၁၂**

မြန်မာနိုင်ငံအနေနှင့် နိုင်ငံတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများကို ထိရောက်သော ချဉ်းကပ်မှုများဖြင့် လုပ်ဆောင်သွားရန် နိုင်ငံတွင်း ငြိမ်းချမ်းရေးဖော်ဆောင်ရာနှင့် အမျိုးသားပြန်လည်စည်းလုံးရေးဆောင်ရွက်ရာတွင် အာမခံထားသည့်အတိုင်းပြီး မြောက်အောင်ဆောင်ရွက်ရန် ဂျနီဗာတွင်ပြုလုပ်လျက်ရှိသော ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကောင်စီသို့ တင်ပြသော အစီအရင်ခံစာတွင် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ကင်တားနားတိုက်တွန်းလိုက်သည်။

အစီရင်ခံစာတွင် မစ္စတာကင်တားနားက သူ့အနေနှင့် နိုင်ငံတွင်း အပြုသဘောဆောင်သော အစိုးရ၏ ပြောင်းလဲမှုများကို ကြိုဆိုကြောင်းပြောကြားပြီး ကျန်ရှိနေသေးသည့်စိုးရိမ်ရသော လူ့အခွင့် အရေးချိုးဖောက်မှုများကိုလည်း ကိုင်တွယ်ဖြေရှင်းရန် တိုက်တွန်းလိုက်ပြီး ဥပဒေရေးရာဆိုင်ရာ မူဝါဒများ၊ ကျန်ရှိနေသော အကျဉ်းသားများ၊ တိုင်းရင်းသားအရေးကိစ္စများပါဝင်ကြောင်း ယင်းကပြောကြားလိုက်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ်က အစိုးရသစ်တက်လာပြီးနောက်ပိုင်း လေးကြိမ်ရှိပြီဖြစ်သော ယုံကြည်ချက်အကျဉ်းသားများအပါအဝင် အကျဉ်းသားလွှတ်ပေးခြင်းကို ကြိုဆိုကြောင်းလည်း ပြောကြားခဲ့သည်။

မစ္စတာကင်တားနားသည် သူ၏အစီအရင်ခံစာအတွင်းတွင် မြန်မာအစိုးရအနေနှင့်နိုင်ငံတွင်းမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိရောက်သော တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်သွားကာ အချိန်ကာလရှည်ကြာလာနေသော မပြေလည်မှုများကိုလည်း အဖြေရှာသွားရန်လည်း တိုက်တွန်းထားပြီး ယင်းအချက်သည်နိုင်ငံတွင်း အမျိုးသားပြန်လည်စည်းလုံးရေးအတွက် အဓိကကျသော အခန်းကဏ္ဍဖြစ်ကြောင်း မစ္စတာကင်တားနားက ပြောကြားခဲ့သည်။

Ref: UN News Center

# တောင်သူစုဆောင်းငွေများ ပြန်ထုတ်ပေးရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြောကြား

**ထူးသန့်**

**နေပြည်တော်၊ မတ်-၈**

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေ ပြည်သူလူထုကိုထင်ဟပ်သည့်နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများ၏ စုဆောင်းငွေများကို ပြန်လည်ထုတ်ပေးရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ယနေ့ပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအုန်းသန်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ တင်ပြတောင်းခံလာသော တောင်သူလယ်သမား ၂၇၉၉ ဦး၏ စုဆောင်းငွေ ၁၁၀၅ ဒသမ ၆၃ သန်းကို ထုတ်ပေးပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဦးခင်မောင်မြင့်က “စုငွေဆိုတာ ငွေပိုငွေလျှံရှိမှ စုနိုင်တာ။ ငွေပိုငွေလျှံမရှိဘဲစုခိုင်းတာ အဓိပ္ပာယ်မရှိဘူး။ ဒီစနစ်ကို ဆက်သုံးရန်သင့်၊ မသင့်ဆိုတာလည်း စဉ်းစားရမယ်”ဟု စုဆောင်းငွေအပေါ် မှတ်ချက်ပေးပြောကြားခဲ့ခြင်းဖြစ်သည်။

စုဆောင်းထားသူ ၃ သန်းကျော်ရှိသည့် အနက် ၂၀၀၀ ကျော်ကိုသာ ပြန်ထုတ်ပေးထားခြင်းမှာ အလွန်နည်းကြောင်း၊ ယခုကဲ့သို့ တောင်သူလယ်သမားများ ရုန်းကန်နေရသောအခြေအနေတွင် သတင်းစာ၌ ကြေငြာ၍ဖြစ်စေ၊အိမ်တိုင်သာရောက်ဖြစ်စေ ထုတ်ပေးသင့် ထုတ်ပေးရမည်ဖြစ်ကြောင်း အိမ်နီးချင်း နိုင်ငံများနှင့် ယှဉ်လျှင်ဓာတ်မြေဩဇာအသုံးပြုမှု အလွန်နည်း၍ မြေဩဇာဝယ်ယူသုံးစွဲရန် မည်သို့ပင် ပညာပေးစေကာမူ ဝယ်ယူရန် ငွေမရှိကြောင်း၊ ယင်းအခြေအနေတွင် စုငွေစုခိုင်းခြင်းမှာမဖြစ်သင့်ကြောင်းလည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကပင် ထပ်မံ၍ပြောကြားခဲ့သည်။

နေပြည်တော် ပျဉ်းမနားမြို့မှ လယ်သမားကြီး ဦးကိုကိုကလည်း “စုငွေကို တချို့ကတော့ ဖြတ်ငွေလို့ပြောကြတယ်။ ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း မထင်ထားတဲ့အတွက် စာအုပ်ကို ပြီးပြီးရောထားရင်း ပျောက်ကုန်ကြတာ ရှိတယ်။ နောက်လယ်တွေ ရောင်းပစ်လို့၊ စီမံကိန်းထဲပါသွားလို့ စာအုပ်တွေပျောက်ပျက်သွားကြတာလည်း ရှိတယ်။ ဒီငွေကို ပြန်ထုတ်လို့ရမှန်းမသိလို့ အခြားရှိတာတွေ ပေါင်နှံရောင်းချပြီး ဖြေရှင်းနေရတဲ့ လယ်သမားတွေ ဒုနဲ့ဒေးပဲ” ဟူ၍ ထင်ဟပ်ပြောဆိုသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ၁၉၉၃ ခုနှစ်မှ စတင်၍ တောင်သူတစ်ဦးချင်းစီထံမှ စိုက်စရိတ်ချေးငွေ၏ ၁၀ ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ် ဖြတ်တောက်စာရင်းထားရှိခဲ့ရာ ယနေ့တွင် တောင်သူလယ်သမားဦးရေ ၃ သန်းကျော် ၃၀၃၇၃၇၇ ဦးမှ ငွေကျပ် ၆၄၃၃၇ ဒသမ ၁၂ သန်းကို စုဆောင်းထားပြီဖြစ်သည်။ ထိုငွေကြေးများကို ပြန်ထုတ်ပေးရန် ဆန္ဒရှိသည့်အပြင် ယင်းစနစ်ကို စိတ်ဝင်စားခြင်း မရှိတော့ကြောင်းလည်း ပျဉ်းမနားမြို့နယ်မှ လယ်သမားတစ်ဦးဖြစ်သူ ဦးနေလင်းက မှတ်ချက်ပေးပြောကြားသည်။

7 DAY NEWS JOURNAL
Vol.11, No.2 • MARCH 15 , 2012

# အလုပ်သမားအဖွဲ့အစည်းများ မှတ်ပုံတင်လျှောက်ထားနိုင်ပြီ

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၁၂**

မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်လိုက်သဖြင့် အလုပ်သမားအဖွဲ့အစည်းများမှတ်ပုံတင်ခြင်း စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မှတ်ပုံတင်အရာရှိချုပ် ဦးချစ်ရှိန်ကပြောကြားသည်။

"မြို့နယ်နဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအဖွဲ့တွေကတော့ သက်ဆိုင်ရာမြို့နယ်တွေကမြို့နယ်မှတ်ပုံတင်အရာရှိချုပ်ထံမှာ လျှောက်ရမယ်။ အဖွဲ့ချုပ်တွေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအဖွဲ့တွေကတော့ မှတ်ပုံတင်အရာရှိချုပ်ထံကို လျှောက်ရမယ်"ဟု ဦးချစ်ရှိန်က ပြောကြားသည်။

နိုင်ငံတော်သမ္မတက မှတ်ပုံတင်အရာရှိချုပ်အဖြစ် လက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ခန့်အပ်ခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းဥပဒေကို မတ်လ ၉ ရက်မှစ၍ အာဏာတည်သည်ဟု သတ်မှတ်ပေးခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့သည်။

ထို့အပြင် မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရှိ ဦးစီးမှူးများအား မြို့နယ် မှတ်ပုံတင်အရာရှိချုပ်အဖြစ် မတ်လ ၉ ရက်က စတင်ခန့်အပ်ခဲ့သည်။

အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းအား ဩဂုတ်လ ၂၆ ရက်တွင် စတင်ထုတ်ပြန်ခဲ့ပြီး ထိုဥပဒေကြမ်း၌ အလုပ်သမားဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်း၊ ကျောင်းဆရာနှင့် အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိတို့လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုလိုသည်ဟုဖော်ပြထားသည်။

"အလုပ်သမား ၁,၄၃၈ ဦးပါတဲ့ တိုင်ရီအလုပ်သမားအဖွဲ့အစည်းကိုမှတ်ပုံတင်ဖို့စီစဉ်နေပါတယ်"ဟု ရှေ့နေကိုဖိုးဖြူကပြောသည်။

အလုပ်သမားအဖွဲ့အစည်းဖွဲ့ရာတွင် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံး ၃၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး စုစုပေါင်း အလုပ်သမားများ၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသူများကထောက်ခံရမည်ဟု အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းတွင်ဖော်ပြထားသည်။

ယခုခန့်အပ်လိုက်သောမှတ်ပုံတင်အရာရှိချုပ်မှာ မတ်လကုန်ပြီးနောက် ပင်စင်သွားတော့မည်ဟု ကာယကံရှင်က ပြောကြားသည်။

# တရုတ်နိုင်ငံသို့ တရားဝင်ပို့သည့်ဆန်များ ဖမ်းဆီးခံနေရ

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၈**



မြန်မာနိုင်ငံမှ တရားဝင်တင်ပို့နေသောဆန်များအား တရုတ်နိုင်ငံဘက်မှ မတ်လ ၆ ရက်တွင် စတင်ဖမ်းဆီးနေကြောင်း သတင်းရရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မူဆယ်နန့်ခမ်းကုန်သည်အသင်းမှဒုဥက္ကဌဦးဌေးဦးက"လေးငါးရက် ရှိနေပြီ။ ဖမ်းနေတာ"ဟု အတည်ပြုပြောကြားသည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုများသဖြင့် တရုတ်နိုင်ငံမှ လယ်သမားက သက်ဆိုင်ရာ တာဝန်ရှိသူများအား တိုင်ကြားသဖြင့် ဖမ်းဆီးရခြင်းဖြစ်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရွှေလီမှာဖမ်းတာ။ အဲဒီမှာ ဖမ်းတဲ့အတွက် မူဆယ် ၁၀၅ မိုင်ကို တရုတ်ကုန်သည်တွေ လာတဲ့လူ တော်တော်နည်းသွားတယ်"ဟု မူဆယ်ဒေသမှ ဆန်တင်ပို့ရောင်းချနေသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအစိုးရက ယခုနှစ် လဆန်းပိုင်းမှစ၍ နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတင်ပို့ခြင်းအားပြန်လည် ခွင့်ပြုသော်လည်း တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံမှ လယ်ယာထွက်သီးနှံများအား အခွန်မြင့်မားစွာ ကောက်သဖြင့် ကုန်သည်များ တရားဝင် မတင်သွင်းနိုင်ပေ။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်နှင့် ပြောင်းတို့အား အခွန် ၆၅ ရာခိုင်နှုန်း ကောက်ခံပြီး၊ သကြားအား ၆၀ ရာခိုင်နှုန်း၊ ရာဘာ ၂၀ ရာခိုင်နှုန်းနှင့် သစ်မာနှင့် အင်ကြင်းကျောက်များအား ၁၇ရာခိုင်နှုန်းဝန်းကျင်သာ ကောက်ခံသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ဆန်းက တရုတ်နိုင်ငံ ရွှေလီမြို့တွင်ပြုလုပ်သော စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက လယ်ယာထွက် ကုန်သီးနှံများအား တင်သွင်းခွင့်ကန့်သတ်ထားချက်အား ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။

ထိုကဲ့သို့ဖမ်းဆီးမှုများ ရှိလာသဖြင့် ကုန်သည်များမှာ လက်ရှိဝယ်ထားသောဆန်များ ကုန်ပါကထပ်မံတင်ပို့ရန်စဉ်းစားနေကြောင်း မူဆယ်ဒေသခံကုန်သည်တစ်ဦးကဆိုသည်။

ထိုကြောင့်ယခုရက်ပိုင်းတွင် မူဆယ် ဈေးကွက်ဆန်ဈေးမှာ တစ်တန်လျှင် ၄၅၀ ဒေါ်လာသာ ဈေးရှိခဲ့ပြီး ဘုရင့်နောင်ဈေးကွက်တွင် အရောင်းအဝယ် ပြန်ငြိမ်သွားသော်လည်း ဈေးနှုန်းမှာမူ ကျသွားခြင်းမရှိကြောင်း သတင်းရရှိသည်။

ဇန်နဝါရီလဆန်းမှ ဖေဖော်ဝါရီလလယ်ထိ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၄၆,၀၀၀ ကျော်တင်ပို့ခဲ့ပြီး ဆန်တစ်တန်လျှင် ၄၇၇ ဒေါ်လာထိ ဈေးတက်ခဲ့သည်။

# ငါးကန်များအတွင်း ကပ်ပါးပိုးကျသဖြင့် ငါးများသေဆုံး

**သန်းဌေး**

**ရန်ကုန်၊ မတ်-၇**

မွေးမြူရေးငါးကန်များအတွင်း ကပ်ပါးရောဂါပိုးများ ကျရောက်ခံရသောကြောင့် ငါးသေဆုံးမှုများ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

"သေဆုံးတဲ့ငါးကတော့ ငါးလုပ်ငန်းဦးစီးဌာန၊ ငါးရောဂါဌာနရဲ့ စစ်ဆေးမှုအရ ဒီတိုင်နိုဗိုင်းရပ်စ်ကပ်ပါးပိုးတွေ တွယ်ကပ်ပြီး သေဆုံးရတာလို့သိရပါတယ်"ဟု ၎င်းကပြောသည်။

ထိုသို့ဖြစ်ရသောအကြောင်းရင်းမှာ ငါးသေဆုံးမှု စတင်ဖြစ်ပွားသော ကန်အတွင်းမှရေကို နီးစပ်ရာ ချောင်းများအတွင်းသို့ ခပ်ထုတ်ခြင်း၊ ငါးသေများအား ချောင်းများအတွင်း လက်လွတ်စပယ်စွန့်ပစ်ခြင်း၊ ငါးဆားနယ်များလုပ်ရာတွင် ကလီစာများနှင့် အကြေးခွံများအား ရေထဲသို့ လွယ်လင့်တကူစွန့်ပစ်ခြင်းနှင့် ငါးသေများအား အကောင်လိုက် ရေထဲ မျှောချခြင်းများကြောင့် ရေအရည်အသွေးကျဆင်းခဲ့ရကြောင်း ၎င်းကပြောသည်။

ရာသီကူးပြောင်းကာလဖြစ်သည့် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် အအေးလွန်ကဲခြင်း၊ အပူချိန် ရုတ်တရက်မြင့်မားခြင်းနှင့် ကန်ရေနည်းပါးလာခြင်းတို့ကြောင့် မွေးမြူရေးကန်များတွင် ရေအရည်အသွေး ကျဆင်းကာ မွေးထားသည့်ငါးများ အများအပြားသေဆုံးခြင်းများ ဖြစ်တတ်ကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ ထုတ်ဝေသော မြန်မာ့ငါးသတင်းလွှာတွင်ဖော်ပြထားသည်။

ထို့ကြောင့် ရေကိုစွန့်ပစ်ပါက စနစ်ကျရန်နှင့် ကလီစာနှင့် စားမရသောငါးများအား မြေမြှုပ်ရန် ငါးရောဂါပညာရှင်များက အကြံပြုထားကြောင်း သတင်းရရှိသည်။

## မော်တော်ယာဉ် ထုတ်လုပ်တင်သွင်းသူများအသင်း ဖွဲ့စည်းနိုင်ရန် စီစဉ်နေ

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် - ၁၁**

ပြည်တွင်းမော်တော်ယာဉ်လုပ်ငန်း အသီးသီးတွင် လုပ်ကိုင်နေသူများပါဝင်သည့် မော်တော်ယာဉ်ထုတ်လုပ်တင်သွင်းသူများအသင်း ဖွဲ့စည်းနိုင်ရန်စီစဉ်နေကြောင်း ယင်း အသင်းဖြစ်မြောက်ရေးကော်မတီကို ဦးဆောင်သည့် ဦးဌေးအောင်က 7Day News အား ပြောသည်။

"အသင်းမဖြစ်သေးဘူး။ တစ်ပြည်လုံးအတိုင်းအတာနဲ့ လူစုဦးမှာ။ ဘယ်တော့လောက်ဖြစ်မယ်ဆိုတာ ပြောလို့မရသေးဘူး"ဟု၎င်းကပြောသည်။

မော်တော်ယာဉ်လုပ်ငန်းနယ်ပယ်တွင်မော်တော်ယာဉ်ဆက်စပ်ပစ္စည်းနှင့် အပိုပစ္စည်းရောင်းချသူများ၊ ပြုပြင်ထိန်းသိမ်း ရေးလုပ်ကိုင်နေသူများ၊ ကားအရောင်းစင်တာ ဖွင့်လှစ်သူများ၊ ကားတင်သွင်းသူများ ပူးပေါင်းပြီး မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် စနစ်ကျသည့်လုပ်ငန်းရပ်များ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းရခြင်းဖြစ်ကြောင်းသိရသည်။

အသင်းဖွဲ့စည်းပြီးပါကမော်တော်ယာဉ်လုပ်ငန်းဆိုင်ရာအများပိုင်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းကပြောသည်။

## ကိုရီးယား-မြန်မာစီးပွားရေးဖိုရမ် ဧပြီလတွင် ကျင်းပမည်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် - ၁၀**

ကိုရီးယား-မြန်မာ နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို တိုးမြှင့်နိုင်ရန် ဧပြီ ၆ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတကာကွန်ဗင်းရှင်းစင်တာ၌ နှစ်နိုင်ငံမှ စီးပွားရေးဆွေးနွေးရေးပွဲဖိုရမ်ကို ကျင်းပမည်ဖြစ်ကြောင်း ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီက ထုတ်ပြန်သည့်သတင်းတစ်ရပ်အရ သိရသည်။

ယင်းစီးပွားရေးဖိုရမ်ကို မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)နှင့်ကိုရီးယားမှ Ministry of Knowledge and Economy (MKE)တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။

ယင်းဖိုရမ်သို့ ကိုရီးယားနိုင်ငံမှ အကြီးစားနှင့် အလတ်စားကုမ္ပဏီများမှ လုပ်ငန်းရှင် ၃၀ နီးပါးနှင့် ပြည်တွင်းလုပ်ငန်းရှင် ၆၀ နီးပါး တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

## ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ကားအတွက် ဇာတ်ညွှန်း ပညာရှင်သုံးဦးကို ထည့်သွင်း

**အေးသူစံ**

**ရန်ကုန်၊ မတ်- ၇**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ညွှန်းရေးသားရန်အတွက် ဇာတ်ညွှန်းအဖွဲ့တွင် ပြည်တွင်းမှ ပညာရှင်သုံးဦးကို ရွေးချယ်ထည့်သွင်းလိုက်ကြောင်း ဗိုလ်ချုပ်ရုပ်ရှင် ဇာတ်ကားအတွက် ပြန်ကြားရေး တာဝန်ယူထားသူ ဒါရိုက်တာ ကြည်ဖြူသျှင်ကပြောသည်။

"ဗိုလ်ချုပ်ရုပ်ရှင်ကား ဖြစ်မြောက်ဖို့အတွက် ပထမဆုံးအဆင့်ဖြစ်တဲ့ ဇာတ်ညွှန်းဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့ရပါတယ်။ ဒီအဖွဲ့ထဲမှာ ဆရာချစ်ဦးညိုရယ်၊ ဆရာဦးကြည်စိုးထွန်းရယ်၊ ဆရာငြိမ်းမင်းရယ် သုံးယောက်ကို ထည့်သွင်းထားတယ်။ ဆရာငြိမ်းမင်းဆိုရင် ဇာတ်ညွှန်းမှာအကယ်ဒမီတွေ အများဆုံးရထားတဲ့သူတစ်ဦးပါ။ ဒီအဖွဲ့ ထဲမှာ ပါဝင်တဲ့သူတွေဟာ အထူးသဖြင့် ပရိသတ်တွေ ရင်ထဲမှာ တကယ်ရှိတဲ့ ပညာရှင်တွေကို အားလုံးတိုင်ပင်ပြီး ခေါ်ယူထားတာပါ"ဟု ဒါရိုက်တာကြည်ဖြူသျှင်ကပြောသည်။

ယင်းအပြင် ဇာတ်ညွှန်းအဖွဲ့ဖွဲ့ပြီးပါက ဇာတ်ကားရုပ်လုံးပေါ်စေရန်ပထမအဆင့် Film Analysis ပြုလုပ်ရာ၌ဇာတ်ကားဖြစ်မြောက်ရေးအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်ဒါရိုက်တာများ အပါအဝင် ပြင်ပမှ ရုပ်ရှင်ကြည့်အားကောင်းသော ပညာရှင်ဒါရိုက်တာများနှင့် ဗိုလ်ချုပ်ရုပ်ရှင်ကားတွင်မည်သည့်ကဏ္ဍကပါသင့်သည်၊မည်သည့်ကဏ္ဍကိုချန်လှပ်ထားနိုင်သည် စသည့်အချက်များအတွက် သမိုင်းပညာရှင်များကိုလည်းဖိတ်ခေါ် ဆွေးနွေးသွားမည်ဖြစ်သည်။ တတိယ အဆင့်တွင်ဇာတ်ညွှန်းကို စတင်ရေးသားမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပမှ အနုပညာရှင် အတတ်ပညာရှင်များ ပူးပေါင်းရိုက်ကူးကြမည်ဖြစ်ကြောင်းသိရသည်။